အဘိဓမ္မာ နှင့် ပထမပြန်စာမေးပွဲများအတွက်
အခြေခံရနိုင်သော

# သင်္ဂြိုဟ်သင်နည်းသစ်

ဒေါ်ဉာဏောသီ
ပထမကျော် ဓမ္မာစရိယ ( B.Ed )
မဟာဂန္ထဝါစကပဏ္ဍိတ

ကောဇာ - ၁၃၇၅ သာသနာ - ၂၅၅၇ ခရစ်နှစ် - ၂၀၁၃

ကိုကျော်အတွက်..
[illegible]...

From, Rose
May 2022..

Rose Canada မှ စာအုပ်လှူဒန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဉာဏသီအား
ကျေးဇူးဂါဝရပြုလှူဒန်းလိုပါကလှူဒန်းနိုင်ပါသည်။

*May you be liberated in this very life. Ko Kyaw*

အဘိဓမ္မာနှင့် ပထမပြန်စာမေးပွဲများအတွက်
အခြေခံရနိုင်သော

# သဒ္ဒါပြုပ်သင်နည်းသစ်


ဒေါ်ညာဏသီ
ပထမကျော် ဓမ္မာစရိယ (B.Ed)
မဟာဂန္ထဝါစကပဏ္ဍိတ



ကောဇာ ၁၃၇၅ သာသနာ ၂၅၅၇ ခရစ် ၂၀၁၃

Rose Canada မှ စာအုပ်လှူဒန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဘဏေသီအား
ကျေးဇူးဂါဝရပြုလှူဒန်းလိုပါကလှူဒန်းနိုင်ပါသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ▸▸ | ၃၂၀၄၆၅၀၇၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ▸▸ | ၃၂၀၃၉၉၀၇၀၇ |
| အကြိမ် | ▸▸ | စတုတ္ထအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ▸▸ | ၁၀၀၀ |
| တန်ဖိုး | ▸▸ | |
| မျက်နှာဖုံးဒီဇိုင်း | ▸▸ | နယူးဒေးဗလင်ကာလာခွဲ |
| ကွန်ပျူတာစာစီ | ▸▸ | လွဲလွဲဆွေ |
| ပုံနှိပ်သူ | ▸▸ | ဦးကျော်စန်းလင်း(ယာယီ-၈၆၉)<br>EVER GREEN Offset<br>အမှတ် (၁၉၉)၊ လမ်း(၅၀)ထက်၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ▸▸ | ဦးတင်ကိုဦး(ရွှေရည်မြင့်မြတ်စာပေ)<br>၁၈၀/ခ၊ အောင်ရတနာလမ်း၊<br>သဃ်န်းကျွန်း၊ ရန်ကုန်။ |


## ဤစာအုပ်ကို ရနိုင်သော ဖြန့်ချိရေးဌာနများ

၁။ ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊သမိဒ္ဓါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်။
☎ ၀၉-၄၂၀၀၄၂၆၉၃

၂။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်၊ သမိဒ္ဓါဒယ သီလရှင်စာသင်တိုက်။ ☎ ၀၇၄-၂၃၀၅၀

၃။ ရွှေတိဂုံဘုရား တောင်ဘက်မုခ်စောင်းတန်း ပိဋကတ်ဆိုင်များ

Rose Canada မှ စာအုပ်လှူဒန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဘာဏောသီအား
ကျေးဇူးဂါဝရပြုလှူဒန်းလိုပါကလှူဒန်းနိုင်ပါသည်။

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ယောဆရာတော်၏ နိဒါန်း | -------- | က |
| အင်းစိန်ရွာမဆရာတော်၏ နိဒါန်း | -------- | စ |
| စာရေးသူ၏ အမှာ | -------- | ဆ |
| ပရမတ္ထတရား ၄ ပါး | -------- | ၃ |
| ၁။ **စိတ်ပိုင်း** | -------- | ၄ |
| စိတ်အကျဉ်း ၄ မျိုး | -------- | ၄ |
| အကုသိုလ်စိတ် ၁၂ ပါး | -------- | ၅ |
| အဟိတ်စိတ် ၁၈ ပါး | -------- | ၆ |
| ကာမသောဘနစိတ် ၂၄ ပါး | -------- | ၉ |
| ရူပါဝစရစိတ် ၅ ပါး | -------- | ၁၂ |
| အရူပါဝစရစိတ် ၄ ပါး | -------- | ၁၃ |
| မဟဂ္ဂုတ်စိတ် ၂၇ ပါး | -------- | ၁၄ |
| လောကီစိတ် ၈၁ ပါး | -------- | ၁၄ |
| လောကုတ္တရာစိတ် ၈ ပါး | -------- | ၁၅ |
| လောကုတ္တရာစိတ် အကျယ် ၄၀ | -------- | ၁၆ |
| လောကီ၊ လောကုတ္တရာ ရောနှစ်စိတ်များ | -------- | ၁၆ |
| ဘေဒ ၅ မျိုးဖြင့် ခွဲခြားခြင်း | -------- | ၁၈ |
| ၂။ **စေတသိက်ပိုင်း** | -------- | ၂၀ |
| စေတောယုတ္တ လက္ခဏာ ၄ ပါး | -------- | ၂၀ |
| အညသမာန်းစေတသိက် ၁၃ ပါး | -------- | ၂၀ |
| အကုသိုလ်စေတသိက် ၁၄ ပါး | -------- | ၂၃ |
| သောဘနစေတသိက် ၂၅ ပါး | -------- | ၂၅ |
| သမ္ပယောဂနည်း | -------- | ၂၉ |
| အနိယတယောဂီစေတသိက် ၁၁ ပါး | -------- | ၃၃ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| သင်္ဂဟနည်း | -------- | ၃၄ |
| စိတ်ချင်းထူးအောင်ပြုသော စေတသိက်များ | -------- | ၃၉ |
| ၃။ **ပကိဏ်းပိုင်း** | -------- | ၄၀ |
| သင်္ဂဟ ၆ မျိုး | -------- | ၄၀ |
| ဝေဒနာ သင်္ဂဟ | -------- | ၄၀ |
| ဟေတု သင်္ဂဟ | -------- | ၄၁ |
| ကိစ္စ သင်္ဂဟ | -------- | ၄၂ |
| ကိစ္စ ၁၄ ပါး | -------- | ၄၂ |
| ဌာနကြီး ၁၀ ပါး | -------- | ၄၃ |
| ကိစ္စ သင်္ဂဟ ဇယား | -------- | ၄၄ |
| ဒွါရ သင်္ဂဟ | -------- | ၄၅ |
| ဒွါရ သင်္ဂဟ ဇယား | -------- | ၄၆ |
| အာရမ္မဏ သင်္ဂဟ | -------- | ၄၈ |
| အာရမ္မဏ သင်္ဂဟ ဇယား | -------- | ၅၀ |
| ဝတ္ထု သင်္ဂဟ | -------- | ၅၂ |
| ဘုံအားဖြင့် ရထိုက်သောဝတ္ထုများ | -------- | ၅၃ |
| ဝတ္ထု သင်္ဂဟ ဇယား | -------- | ၅၄ |
| ၄။ **ဝီထိပိုင်း** | -------- | ၅၅ |
| ဆ ဆက္က ၆ မျိုး | -------- | ၅၅ |
| ဆဓာ ဝိသယပ္ပဝတ္တိ | -------- | ၅၆ |
| စိတ်အသက်၊ ရုပ်အသက် | -------- | ၅၇ |
| ပဉ္စဒွါရဝီထိခန်း | -------- | ၅၈ |
| မနောဒွါရဝီထိခန်း | -------- | ၆၂ |
| ကာမဇောနောင် အပ္ပနာဇောနောင်းပုံ | -------- | ၆၄ |
| တဒါရမ္မဏနိယာမ | -------- | ၆၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာဂန္တုကဘဝင် | -------- | ၆၉ |
| ဇဝနနိယာမ | -------- | ၇၀ |
| ပုဂ္ဂလဘေဒ | -------- | ၇၂ |
| ပုဂ္ဂိုလ်စိတ်ရ | -------- | ၇၃ |
| ၅။ **စိတ်ထိမှတ်ပိုင်း** | -------- | ၇၈ |
| စတုက္က ၄ ပါး | -------- | ၇၈ |
| ဘူမိစတုက္က | -------- | ၇၉ |
| ၃၁ ဘုံ | -------- | ၈၀ |
| ဘုံ၌ ပုဂ္ဂိုလ်ရ | -------- | ၈၁ |
| ပဋိသန္ဓိစတုက္က | -------- | ၈၂ |
| ၃၁ ဘုံ၌ ပုဂ္ဂိုလ်တို့၏ သက်တမ်း | -------- | ၈၅ |
| ကမ္မစတုက္က | -------- | ၈၆ |
| ကိစ္စစတုက္က | -------- | ၈၆ |
| ဒုစရိုက် ၁၀ ပါး | -------- | ၈၉ |
| သုစရိုက် ၁၀ ပါး | -------- | ၉၁ |
| ပုညကြိယာဝတ္ထု ၁၀ ပါး | -------- | ၉၁ |
| ကံ ၄ မျိုး၏ အကျိုးပေးရာ ဘုံဌာနများ | -------- | ၉၃ |
| မရဏုပ္ပတ္တိစတုက္က | -------- | ၉၆ |
| မရဏာသန္နဝီထိ | -------- | ၉၈ |
| ပဋိသန္ဓေစိတ် ဖြစ်ပုံ | -------- | ၉၉ |
| စုတိနောင် ပဋိသန္ဓေ ဖြစ်ပုံ | -------- | ၁၀၂ |
| သံသရာစက်ပြတ်ပုံ | -------- | ၁၀၃ |
| ၆။ **ရုပ်ပိုင်း** | | |
| | -------- | ၁၀၄ |
| ရုပ် ၂၈ ပါး သရုပ်များ | -------- | ၁၀၅ |

**အကြောင်းအရာ** **စာမျက်နှာ**


| | | |
|---|---|---|
| | သဘာဝရုပ် စသည် အမည်ရကြခြင်း -------- | ၁၀၈ |
| | ရူပဝိဘာဂ -------- | ၁၀၉ |
| | ရူပသမုဋ္ဌာန -------- | ၁၁၂ |
| | စိတ်တို့က စိတ္တဇရုပ် အမျိုးမျိုးကို ဖြစ်စေပုံ -------- | ၁၁၄ |
| | ရုပ် ၂၈ ပါး၏ ဖြစ်ကြောင်းများ -------- | ၁၁၅ |
| | ရူပကလာပ -------- | ၁၁၆ |
| | ရုပ် ကလာပ် ၂၁ စည်း -------- | ၁၁၇ |
| | ရူပပဝတ္တိက္ကမ -------- | ၁၁၈ |
| | ပုဂ္ဂိုလ်လေးမျိုး -------- | ၁၁၈ |
| | ပုဂ္ဂိုလ်အလိုက် ရုပ် ကလာပ်များရကြပုံ -------- | ၁၂၀ |
| | ရုပ် လေးမျိုးတို့၏ ဖြစ်စဉ်နှင့် ချုပ်စဉ် -------- | ၁၂၂ |
| | နိဗ္ဗာန် -------- | ၁၂၄ |
| | နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ -------- | ၁၂၆ |
| ၇။ | **သမုစ္စည်းပိုင်း** -------- | ၁၂၇ |
| | သလက္ခဏာ ဝတ္ထုဓမ္မာတရား -------- | ၁၂၇ |
| | အကုသလသင်္ဂဟ -------- | ၁၂၈ |
| | တရားကိုယ်အရကောက် -------- | ၁၃၆ |
| | မိဿကသင်္ဂဟ -------- | ၁၃၇ |
| | တရားကိုယ်အရကောက် -------- | ၁၄၅ |
| | ဗောဓိပက္ခိယသင်္ဂဟ -------- | ၁၄၅ |
| | တရားကိုယ်အရကောက် -------- | ၁၅၁ |
| | သဗ္ဗသင်္ဂဟ -------- | ၁၅၁ |
| ၈။ | **ပစ္စည်းပိုင်း** -------- | ၁၆၀ |
| | နည်း နှစ်နည်းနှင့် ထူးခြားပုံ -------- | ၁၆၀ |
| | ပဋိစ္စသမုပ္ပါဒ်နည်း -------- | ၁၆၁ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ပဋိစ္စသမုပ္ပါဒ်နည်း၌ သိဖွယ်များ | -------- | ၁၆၇ |
| အဝိဇ္ဇာ၏ အကြောင်း | -------- | ၁၇၁ |
| ပဋ္ဌာန်းနည်း | -------- | ၁၇၂ |
| ၂၄ ပစ္စည်း | -------- | ၁၇၂ |
| ကျေးဇူးပြုပုံ ၆ မျိုး | -------- | ၁၈၈ |
| မျိုးပစ္စည်း ၉ မျိုး | -------- | ၁၉၂ |
| ၄ ပစ္စည်းဖြင့် သိမ်းကျုံးပုံ | -------- | ၁၉၉ |
| ရုပ် ၊ နာမ် ၊ ပညတ် အခွဲ | -------- | ၂၀၁ |
| အတ္ထပညတ် | -------- | ၂၀၂ |
| သဒ္ဒပညတ် | -------- | ၂၀၃ |
| ၉။ **ကမ္မဋ္ဌာန်းပိုင်း** | -------- | ၂၀၆ |
| သမထကမ္မဋ္ဌာန်း | -------- | ၂၀၇ |
| သပ္ပါယဘေဒ | -------- | ၂၁၂ |
| ဘာဝနာဘေဒ | -------- | ၂၁၃ |
| ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ | -------- | ၂၁၄ |
| ဂေါစရဘေဒ | -------- | ၂၁၅ |
| ဘာဝနာနှင့် နိမိတ်ကို တွဲစပ်ခြင်း | -------- | ၂၁၆ |
| အရူပဈာန်ဖြစ်ပုံ | -------- | ၂၁၉ |
| အဘိညာဉ်ခန်း | -------- | ၂၂၀ |
| ဝိပဿနာကမ္မဋ္ဌာန်း | -------- | ၂၂၂ |
| ဝိသုဒ္ဓိဘေဒ | -------- | ၂၂၄ |
| ဝိမောက္ခဘေဒ | -------- | ၂၃၇ |
| ပုဂ္ဂလဘေဒ | -------- | ၂၃၉ |
| သမာပတ္တိဘေဒ | -------- | ၂၄၀ |
| နိရောဓသမာပတ္တိ | -------- | ၂၄၀ |

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# ယောဆရာတော်၏
# နိဒါန်း

## အဘိဓမ္မာ သိစရာ

- ကြီးပွားတိုးတက် ၊ တရားနက် ၊ မိန့်မြွက် ဘိဓမ္မာ။
- အမှတ်အသား ၊ မြတ်တရား ၊ ဟောကြား ဘိဓမ္မာ။
- ပူဇော်ထိုက်ပေ ၊ တရားတွေ ၊ ဟောလေ ဘိဓမ္မာ။
- ပိုင်းခြားသတ်မှတ် ၊ တရားမြတ် ၊ ဟောအပ် ဘိဓမ္မာ။
- ထူးခြားကဲလွန် ၊ တရားမွန် ၊ ဟောညွှန် ဘိဓမ္မာ။

အဘိဓမ္မာဟူသည် တွေးတောကြံဆရုံမျှဖြင့် သိရသည့် အတွေးအခေါ်ပညာမျိုးလည်း မဟုတ်။ လောကီသိပ္ပံနည်းမျိုးစုံဖြင့် လက်တွေ့စမ်းသပ်၍ ရနိုင်သော ပညာလည်း မဟုတ်ဘဲ ခေတ်မီကွန်ပျူတာဖြင့် တွက်ချက်၍ပင် မရနိုင်သော ခက်ခဲနက်နဲသည့် အမှန်တကယ်ရှိနေသော သဘာဝပညာထူး ဖြစ်ပေသည်။ တရားအလုံးစုံ အကုန်အစင် သိမြင်တော်မူသည့် သဗ္ဗညုဘုရားရှင်သာ မပွင့်ထွန်း မပေါ်ပေါက်ခဲ့လျှင် အဘိဓမ္မာ ရှိသည်ကိုပင် သိခွင့်ရမည် မဟုတ်ပါပေ။ ရေအိုးတစ်လုံးထဲ၌ မြစ်ပေါင်းစုံ ၊ ချောင်းပေါင်းစုံမှ ရေများကို ထည့်၍ မွှေပြီး ခွက်ထဲ လက်ထဲတွင် ထည့်ကာ ခွဲခြားကြည့်လျှင် ဤကား ဧရာဝတီမြစ်ရေ ၊ ဤကာ ချင်းတွင်းမြစ်ရေ စသည်ဖြင့် ခွဲခြားသိနိုင်ရန် မလွယ်ကူသကဲ့သို့ ၊ ထို့အတူ ထို့ထက် အဆများစွာ ခက်ခဲနက်နဲလှသည့် အတူဖြစ် ၊ အတူချုပ် ၊ အတူအာရုံပြုကာ အဖြစ်အပျက် အပြောင်းအလဲ မြန်လွန်းလှသော စိတ် ၊ စေတသိက် (နာမ်) တရားတို့ကို ဤကား ဖဿ ၊ ဤကား ဝေဒနာ စသည်ဖြင့် ခွဲခြားသိရန်မှာ သဗ္ဗညုတဉာဏ်မှ တစ်ပါး အခြားဉာဏ်များ၏ အရာမဟုတ်ချေ။ ထိုနက်နဲလှစွာသော အဘိဓမ္မာတွင် ...

(၁) မေတ္တာစသော ကြီးပွားတိုးတက် မြင့်မားစေသည့် တရားထူးများကိုလည်း ဟောကြား ထားသည်။
(၂) အာရုံ၊ သမ္ပယုတ်စသော အမှတ်အသားတရားများကိုလည်း ညွှန်ပြထားသည်။
(၃) လောကုတ္တရာစသော ပူဇော်ထိုက်သည့် အထက်တန်းစားတရားများကိုလည်း ဖော်ညွှန်း ထားသည်။
(၄) ဖဿ၊ ဝေဒနာ စသော သဘာဝ အပိုင်းအခြားတရားများကိုလည်း ဝေဖန်ခွဲခြား ဟောပြ ထားသည်။
(၅) မဟဂ္ဂုတ်၊ လောကုတ္တရာစသော ထူးခြားကဲလွန် တရားမွန်များကိုလည်း ဟောညွှန် ထားသည်။

ထို့ကြောင့်ပင် အဘိဓမ္မာဟု ခေါ်ရလေသည်။

## အဘိဓမ္မာ လူလိမ္မာ

- နာမ် မလိမ္မာ၊ လူ့ခန္ဓာ၊ နစ်နာတတ်ချေသည်။
- နာမ်လိမ္မာမှ၊ လူ့ဘဝ၊ မုချ သက်သာမည်။
- နာမ်တွင် မအေး၊ မယဉ်ကျေး၊ ရပ်ဘေးသင့်တတ်သည်။
- နာမ်ယဉ်ကျေးမှ၊ စိတ်အေးရ၊ မုချ ချမ်းသာမည်။
- အဘိဓမ္မာ၊ လူ့ခန္ဓာ၊ လိမ္မာ ယဉ်ကျေး နစေသည်။

လူတိုင်း လူတိုင်း (၁) လုပ်ပိုင်ခွင့်၊ (၂) ခံစားခွင့် ဟူသော လူ့အခွင့်အရေး နှစ်ရပ်ကို ရရှိထားကြသည်။ လူတိုင်းပင် ကိုယ်ကြိုက်တာကို ကိုယ်လုပ်နေကြပေသည်။ လူ၏ လုပ်ငန်းကလည်း သိသင့်သည့်အရာတို့ကို သိအောင်လေ့လာ၍ မိမိနားလည် သိရှိထားသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရခြင်းပေတည်း။ အသိမှန်မှ အလုပ်မှန်၍ အသိမှားလျှင် အလုပ်လည်း လွဲမှားရတော့သည်။ အသိမှားလျှင် နာမ် မလိမ္မာတော့ဘဲ အကြံအစည် အပြောအဆို အလုပ်အကိုင်များ တိမ်းပါးချွတ်ချော်ကာ လူ့ဘဝ ခန္ဓာ နစ်နာရပေသည်။ အသိမှား၍ နာမ် မယဉ်ကျေး မအေးချမ်းလျှင် မိမိဆိုင်ရာ သက်ရှိသက်မဲ့ ရပ်ပစ္စည်းများ ဘေးသင့်ရောက်တတ်ပေသည်။ အသိမှန်၍ နာမ် လိမ္မာယဉ်ကျေးမှ လူ့ဘဝ

ခန္ဓာကို သက်သာအောင် ထမ်းဆောင်နိုင်ပြီး စိတ်အေးစရာ စွမ်းအားများ ရရှိကာ မုချဧကန် ချမ်းသာရပေမည်။ အဘိဓမ္မာသည် လူကို အသိအမြင် မှန်ကန်စေ၍ လိမ္မာယဉ်ကျေးနူးညံ့ သိမ်မွေ့စေသည်။ အဘိဓမ္မာကျမ်း၌ စိတ် ၊ စေတသိက်ဖြစ်ပုံ ၊ ကြောင်းကျိုးဆက်သွယ်ပုံ ၊ အဆိုးအကောင်း ခွဲခြားပုံ၊ အဆိုးကိုရှင်း၍ အကောင်းကိုသွင်းကာ ပြုပြင်ပုံ၊ နာမ်နှင့် ရုပ် ဆက်စပ်နေပုံ ၊ လိမ္မာယဉ်ကျေးအောင် အဆင့်ဆင့်မြှင့်၍ ကျင့်သုံးပုံ ၊ အကျင့်မှန်ကန် မြင့်မားသလောက် လွတ်ငြိမ်းချမ်းသာရပုံ စသည်တို့ကို အတိအကျ အပြည့်အဝ ညွှန်ပြထား ပေသည်။ ထို့ကြောင့် အဘိဓမ္မာသည် မှန်ကန်သော လုပ်ပိုင်ခွင့်နှင့် ကောင်းမွန်သော ခံစားခွင့်ကို ရရှိကာ လူလိမ္မာဖြစ်ရေးအတွက် ဦးတည်ပေသည်။

## အဘိဓမ္မာ သင်စရာ

- သဒ္ဓါရှိမှု ၊ စိတ်ကြည်ဖြူ ၊ ကောင်းသူခေါ်ရပါ။
- ပညာရှိသူ ၊ စွမ်းအားယူ ၊ တော်သူ ခေါ်ရပါ။
- တော်လဲတော်စေ ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ။
- ကောင်းကျိုးသုခ ၊ အစုံရ ၊ မုချ မြဲသေချာ။
- တော်လဲတော်ဖို့ ၊ ကောင်းလာဖို့ ၊ သင်စို့ ဘိဓမ္မာ။

လောက၌ လူတော်လူကောင်းများကို များစွာလိုအပ်ပေသည်။ လူတော်ဖြစ်ရန် အတွက် အသိပညာတိုးပွားအောင် လေ့လာသင်ယူရသည်။ အသိပညာတွင်လည်း မျက်မှောက်တစ်ဘဝ ခန္ဓာ ထမ်းဆောင်ရေးအတွက် လောကီအသိပညာမျှကိုသာမက ကံအကြောင်း၊ ဘဝခန္ဓာအကြောင်း၊ တမလွန်နောင်ရေးအကြောင်း၊ အမှန်တရားအကြောင်း၊ ရုပ်နာမ်အကြောင်း စသည်ကို ဖော်ပြသည့် နှစ်ဖက်မြင် အသိပညာကိုပါ တတ်သိနားလည် ထားမှ ပြည့်ဝစုံလင်သော လူတော်တစ်ယောက် ဖြစ်ခွင့်ရပေမည်။ အဘိဓမ္မာသည် ဧကန်သင်ယူ လေ့လာမှတ်သားရမည့် နှစ်ဖက်မြင် သဘောတရားရေးဆိုင်ရာ ပညာမျိုး ဖြစ်ပေသည်။ သဘောတရားပိုင်မှ အမြင်ရှင်းပြီး ဘဝအခက်အခဲကို အမှန်အတိုင်း ကိုင်တွယ်ဖြေရှင်းတတ်ပေမည်။ ရှင်း၍ မရနိုင်လောက်အောင် အလွန်ရှုပ်ထွေးလှသည့် လူမှုရေး ပြဿနာတွေကြားထဲတွင် အမြင်ကြည်လင်စွာဖြင့် အပူကင်းအောင် နေထိုင်

တတ်ပေမည်။ အခက်အခဲတိုင်းကို ကျော်လွှန်အောင် ဖြေရှင်းနိုင်မှ၊ ဘဝခရီးကို အေးမြကြည်လင် တည်ငြိမ်ရင့်ကျက်စွာ ဖြောင့်ဖြောင့်တန်းတန်း သယ်ဆောင်သွားနိုင်မှ တကယ်စစ်မှန်သော လူတော်တစ်ယောက်ဟု ခေါ်ဆိုရသည်။ လူတော်တစ်ယောက်ဖြစ်ရေး အတွက် အဘိဓမ္မာက လုံးဝ တာဝန်ယူပေသည်။

လူကောင်းတစ်ယောက်ဖြစ်ရန်အတွက် ယုံကြည်ချက် သဒ္ဓါတရားရှိအောင် လုပ်ရသည်။ သဒ္ဓါတရားရှိလာလျှင် စိတ်ကြည်လင်သန့်ရှင်း ဖြူစင်လာပြီး ကောင်းတာကို ချည်းသာ လုပ်လိုသဖြင့် လူကောင်း ဖြစ်လာရသည်။ သဒ္ဓါတရားဟူသည် လူတစ်ယောက်၏ သဘောထား ခံယူချက်ပေတည်း။ ယုံကြည်စိတ်ချမှု၊ သဘောတူညီ လက်ခံမှု၊ ကျေနပ် အားရမှု၊ ခံယူချက် ပြတ်သားမှု၊ အာမခံ တာဝန်ယူနိုင်မှု သဘောမျိုးလည်း ဖြစ်သည်။ စွမ်းအားကောင်းများရအောင် လှမ်းယူချိမ သယ်ဆောင်ပေးနိုင်သော တရားလည်းဖြစ်၍ စိတ်ကို အပူအညစ်ကင်းအောင် သန့်စင်ဆေးကြောပေးသော တရားလည်းဖြစ်သည်။ ယုံကြည်လက်ခံမှု ရှိသလောက် ကောင်းသောလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ ကောင်းမှုရှိသလောက် ချမ်းသာမှုအစုံကို ရရှိနိုင်လေသည်။ လူကောင်းတစ်ယောက်ဖြစ်လာ ရေးအတွက်ကိုလည်း အဘိဓမ္မာက လုံးဝ တာဝန်ယူပေသည်။

တော်လည်းတော် ၊ ကောင်းလည်းကောင်းသည့် လူတော်လူကောင်း ဖြစ်ခွင့်ရမှ ဘက်စုံ အကွက်စုံ စေ့စပ်သေချာအောင် ကောင်းကျိုးပြုလုပ်ငန်းများကို ပြုလုပ်နိုင်မည် ဖြစ်ပေသည်။ ထိုသို့ စွမ်းအားပိုင်ရှင် အဆင့်မြင့်လူ ဖြစ်ရေးအတွက် အဘိဓမ္မာကို မချွတ်ဧကန် သင်ယူလေ့လာသင့်ပေသည်။

## အဘိဓမ္မာ သင်တန်းစာ

- အဘိဓမ္မာ ၊ ကျယ်ဝန်းပါ ၊ သူငါမမီ ဝေးကွာလွန်း။
- အနှစ်ချုပ်ကို ၊ ထုတ်၍ဆို ၊ သင်္ဂြိုဟ် ဤသည့်ကျမ်း။
- ခြုံမိ ငုံမိ ၊ အားလုံးထိ ၊ အသိ လက်တစ်ကမ်း။
- ဆရာကောင်းများ ၊ လမ်းထွင်ထား ၊ အသွားလွယ်၍ မပင်ပန်း ။
- အခွင့်ကြုံခိုက် ၊ လုံ့လစိုက် ၊ သင်လိုက် ကြစတမ်း။

ဆရာလေး ဒေါ်ဉာဏောသီ (ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအီးဒီ) က ဤကျမ်းစာအတွက် နိဒါန်းအမှာစာ ရေးသားပေးပါရန် မိမိအား လျှောက်ထားတောင်းဆိုခဲ့သည်။ သူကိုယ်တိုင် လက်တွေ့သင်ယူခဲ့ရသော အဘိဓမ္မာ သင်နည်းလမ်းစဉ်သည် စနစ်ကျ၍ လွယ်ကူရှင်းလင်းသဖြင့် မိမိနည်းတူ သူတစ်ပါးတို့လည်း စနစ်တကျ လွယ်ကူရှင်းလင်းစွာ သင်ယူလေ့လာနိုင်စေရန် ရည်သန်၍ ကျမ်းစာအုပ် ဖြစ်မြောက်အောင် ကြိုးစားခြင်း ဖြစ်ပါသည်။ အဘိဓမ္မာသည် သာမန်လူတို့၏ အသိဉာဏ်ဖြင့် လက်လှမ်း မမှီနိုင်လောက်အောင် ကျယ်ဝန်းနက်နဲ များပြားလှသည်။ ထိုကျယ်ဝန်းများပြားလှသည့် အဘိဓမ္မာကျမ်းကြီး၏ အနှစ်ချုပ်ကို ထုတ်ယူ၍ အရှင်အနုရုဒ္ဓါဆရာတော်က အဘိဓမ္မတ္ထ သင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်းကြီးကို ကြိုးပမ်းစီရင် တီထွင်တော်မူခဲ့သဖြင့် အချိန်တိုတိုဖြင့် အဘိဓမ္မာသဘောကို လိုရင်းခြုံငုံထိမိအောင် သင်ယူလေ့လာခွင့် ရရှိလာသည်။ အရှင်အနုရုဒ္ဓါ၏ စွမ်းရည်နှင့် ကျေးဇူးကား ကြီးမားလှပေစွ။ ပါဠိဘာသာဖြင့် ရှိနေသော ထိုသင်္ဂြိုဟ်ကျမ်းကို မြန်မာစကားဖြင့် ပညာရှင်များ ဆရာကောင်းများက သင်နည်းအဖုံဖုံ ဇယားအစုံစုံတို့ဖြင့် နည်းလမ်းတီထွင် စီရင်ကြရာတွင် ဤကျမ်းလည်း အပါအဝင် ဖြစ်ပေသည်။ ဤကျမ်းတွင် လူငယ်ကလေးများပင် နားလည်လွယ်အောင် ဇယားစုံများ၊ သဘောရှင်းလင်းချက် မှတ်ဖွယ်များ၊ ဆောင်ဖွယ်များဖြင့် ရှင်းလင်းပြတ်သားစွာ စီစဉ်ထားသဖြင့် အဘိဓမ္မာ အခြေခံ လေ့လာသူတိုင်း လက်သုံးပြုသင့်သောကျမ်း ဖြစ်သည်။

အားလုံးချမ်းသာကြပါစေ။

**တိပိဋကဓရ အရှင်သီရိန္ဒာဘိဝံသ (ယော)**
မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်
ဗဟန်း၊ ရန်ကုန်မြို့။

Rose Canada မှ စာအုပ်လှူဒါန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဉာဏောသီအား
ကျေးဇူးဂါဝရပြုလှူဒါန်းလိုပါကလှူဒါန်းနိုင်ပါသည်။

# အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်
# ဆရာတော်အရှင်တိလောကာဘိဝံသ
# မိမိအမြင်

## နည်းစနစ် နှင့် ဘာသာဝေါဟာရ

ဗုဒ္ဓအဘိဓမ္မာ နက်နဲကြောင်း မသိလျှင် မဖြစ်လောက်အောင် အရေးကြီးကြောင်းမှာ အထူးပင်ပြောဖွယ် မလိုပါ။ နက်နဲခက်ခဲသည့် ဘာသာရပ်ဖြစ်သော်လည်း စနစ်ကောင်း ဆရာကောင်းဖြင့် လေ့လာလျှင် တတ်သိနားလည်ဖို့ မခက်ပေ။ ကလျာဏမိတ္တဖြစ်သည့် ဘုရားရှင်တည်းဟူသော အမှီကောင်းကို ရရှိခြင်းကြောင့် နက်နဲခက်ခဲသည့် သစ္စာတရားကိုပင် မဂ်ဉာဏ်တိုင်ရောက် ထွင်းဖောက်သိနိုင်ကြသည် မဟုတ်ပါလော။ တကယ်အရေးကြီးသည်မှာ ဆရာကောင်း နှင့် နည်းစနစ်ကောင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာ လွယ်ကူစွာ တတ်သိနိုင်အောင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းက နည်းစနစ်ကောင်းများကို ညွှန်ပြပေးခဲ့သည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ စနစ်များကြောင့် မရေမတွက်လောက်အောင်သော လူသားတို့ ဗုဒ္ဓအဘိဓမ္မာ၏ အရသာကို ခံစားခွင့် ရရှိခဲ့ကြသည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ နည်းစနစ်များသည် သက်သာလွယ်ကူစွာ တတ်သိစေနိုင်သည့် စနစ်ကောင်းများ ဖြစ်သော်လည်း ပါဠိဘာသာဝေါဟာရဖြင့် တည်ရှိနေခြင်းကြောင့် ပါဠိဘာသာ မကျွမ်းကျင်သူများ အလွယ်တကူ ယူငင် မသုံးစားနိုင်ကြပါ။ ခေတ်မီစနစ်ကောင်းများ အင်္ဂလိပ်စာပေ၌ မြောက်မြားစွာ ရှိနေသည်။ သို့သော် အင်္ဂလိပ်စာမတတ်သူများအတွက် အသုံးမဝင်သကဲ့သို့တည်း။

## မြန်မာ့နည်း မြန်မာ့ဟန်

မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ ရောက်ရှိချိန်မှစ၍ ရှေးပညာရှင်များက ကာလ , ဒေသ အလိုက် ပုံစံအမျိုးမျိုးဖြင့် အဘိဓမ္မာ သင်နည်းစနစ်များကို တီထွင်ပေးခဲ့ကြသည်။

ထိုသင်နည်းစနစ်တို့သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ စနစ်များကို အခြေခံသည်ချည်း ဖြစ်ကြသည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ စနစ်များကို အသုံးပြုရာ၌ ရှေးခေတ်က ...

၁။ ပါဠိ ကျက်မှတ်သော အဆင့်

၂။ အနက်ပြန်ဆိုသော အဆင့်

၃။ ဆိုလိုချက် ရှင်းပြသော အဆင့်

၄။ သရုပ်ခွဲသော အဆင့်

ဤသို့ အဆင့်ဆင့် ဖြတ်ကျော်ကြရသည်။ ရဟန်းသာမဏေများလောက၌ အဆိုပါ အဆင့်ဆင့် သင်ကြားနည်းစနစ်ဖြင့် လေ့လာသင်ကြားကြသည်။ ဤစနစ်အရ ပါရဂူမြောက် တတ်မြောက်သူများ ရှိသလို ဆုံးခန်းမရောက်သူများလည်း မြောက်မြားစွာ ရှိကြသည်။ ရဟန်း၊ သာမဏေ၊ သီလရှင်များသည် မူလတန်းမှ ငယ် . လတ် . ကြီး ပြီးသည်အထိ အနည်းဆုံး သုံးလေးနှစ်ခန့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို လေ့လာသင်ကြားကြသော်လည်း ယခုခေတ်၌ သရုပ်ကွဲသူ အတော်ပင် ရှားသွားပေပြီ။

ပါဠိဘာသာဖြင့် မလေ့လာနိုင်ကြသော ယခုခေတ် လူဝတ်ကြောင်များကား ဆိုခဲ့ပြီးသော ...

၁။ ပါဠိ ကျက်မှတ်သော အဆင့်

၂။ အနက်ပြန်ဆိုသော အဆင့်

၃။ ဆိုလိုချက် ရှင်းပြသော အဆင့်

၄။ သရုပ်ခွဲသော အဆင့်

ဤအဆင့်လေးဆင့်တွင် ၁ . ၂ . ၃ အဆင့်များကို ခုန်ကျော်လျက် နံပါတ် ၄ သရုပ်ခွဲအဆင့်ဖြင့်ပင် အဘိဓမ္မာ စာမေးပွဲများကို ဖြေဆိုနိုင်ရုံမက အဘိဓမ္မာ သဘော ကျွမ်းကျင်သော အဆင့်သို့ပင် ရောက်ရှိနေကြသည်။ ဖော်ပြပါ အဆင့်လေးဆင့်တွင်လည်း နံပါတ် ၄ အဆင့် သရုပ်သဘောသိဖို့သာ အဓိက ဖြစ်ပါသည်။

၁ . ၂ . ၃ အဆင့်များကား နံပါတ် ၄ အဆင့်၏ အထောက်အကူမျှသာ ဖြစ်သည်။ နံပါတ် ၄ အဆင့် အတွက် လမ်းခရီးမျှသာဖြစ်သည်။ အထောက်အကူမျှဖြင့်သာ (ဝါ) လမ်းခရီးမျှဖြင့်သာ အချိန်ကုန်ပြီး ပန်းတိုင်မရောက်လျှင် သက်ဆိုင်ရာအကျိုး ခံစားရမည် မဟုတ်ပေ။ အနစ်မရောက် အကာလောက်မျှဖြင့် အချိန်မဖြုန်းသင့်ပေ။

## သင်္ဂြိုဟ်သင်နည်းသစ်

ဤသင်္ဂြိုဟ်သင်နည်းသစ်ကျမ်းကား အဘိဓမ္မာ၏ အဆီအနှစ်ဖြစ်သည့် သရုပ်သဘောကို အမြန်ဆုံးသိအောင် ညွှန်ပြထားသောကျမ်း ဖြစ်သည်။ ဤစနစ်အတိုင်း သင်ကြားလျှင် အများဆုံးခြောက်လ သို့မဟုတ် နှစ်လ ၊ သုံးလ မျှဖြင့်ပင် အဘိဓမ္မာ၏ သရုပ်သဘောများကို နှောကျေနိုင်သည်။ သရုပ်သဘောပိုင်နိုင်ပြီးမှ ပါဠိအနက်သင်လျှင် အခက်အခဲတွေ့ရတော့မည်မဟုတ်။ ထို့ကြောင့် သင်္ဂြိုဟ်ဘာသာ အခက်အခဲမရှိ လွယ်ကူစွာ တတ်မြောက်စေနိုင်သည့် နည်းစနစ်များကို ဤသင်္ဂြိုဟ်သင်နည်းသစ်စာအုပ်က ညွှန်ပြထားကြောင်း ဖော်ပြရင်း မိမိအမြင်ကို နိဂုံးသတ်အပ်ပါသည်။

**အရှင်တိလောကာဘိဝံသ**
အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်
၁၃.၁၂.၉၆၊ သောကြာနေ့
၁၃၅၈၊ နတ်တော်လဆန်း ၄ ရက်။

*May you be liberated in this very life. Ko Kyaw*

Rose Canada မှ စာအုပ်လှူဒါန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဉာဏသီအား
ကျေးဇူးဂါဝရပြုလှူဒါန်းလိုပါကလှူဒါန်းနိုင်ပါသည်။

## ပူဇော်ခြင်း

ဤစာအုပ်ဖြင့် ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဆရာများအား ပူဇော်ပါ၏။

(၁) စစ်ကိုင်းမြို့ ရွှေစေတီသာသနာ့ရိပ်သာ ဆရာတော်ဘုရား။

(၂) တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ။

(၃) မန္တလေးမြို့မှ ဆရာတော်များဖြစ်သော ဦးကောဝိဒါဘိဝံသ၊ ဦးရာဇဓမ္မဘိဝံသ၊ ဦးသြဒါတသီရိဘိဝံသ၊ ဦးသုစိတ္တာဘိဝံသ၊ ဦးကောဏ္ဍညာဘိဝံသ၊ ဦးနာရဒဝံသ။

(၄) ရန်ကုန်မြို့မှ ဆရာတော်များဖြစ်သော ဦးတိလောကာဘိဝံသ (အင်းစိန်ရွာမ)၊ ဦးပဏ္ဍိတာဘိဝံသ၊ ဦးအဘယာလင်္ကာရ၊ ဦးကုမာရ၊ ဦးတိလောက၊ ဦးနာယက၊ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်။

(၅) ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ် မှ ဆရာတော်များဖြစ်သော ဦးသောဘန၊ ဦးဇနိတ၊ ဦးတေဇနိယ။

(၆) ရန်ကုန် သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီမြန်အောင်ကျောင်းတိုက်မှ တိုက်အုပ်ဆရာကြီး ဒေါ်ဇယဝတီ နှင့် နာယကဆရာကြီးများ။

(၇) စစ်ကိုင်းတောင်ရိုး သာသနာ့ပါလချောင်မှ စာချဆရာကြီးများ။

(၈) မုံရွာမြို့ သေုဝတီစာသင်တိုက်မှ ဆရာကြီးနှင့် စာချဆရာများ။

(၉) သင်္ဂြိုဟ်အခြေခံ ပိုင်နိုင်စေရန် အထူးသဖြင့် နည်းလမ်းပေးခဲ့သော ဆရာကြီး ဦးထွန်းတင် (သာသနာ့ရောင်ခြည်အဖွဲ့များ၏ နာယက) နှင့် ဆရာကြီးဦးထွန်းတင် (မစိုးရိမ်)၊ လက်ခုပ်ပင်ရွာဆရာမဒေါ်ကြင်မြိုင်။

(၁၀) ရန်ကုန်မြို့ ဆရာကြီး ဦးကျော်ထွန်း ၊ ပါဠိဆရာကြီး ဦးအောင်တင်၊ ဆရာကြီး ဦးလှမောင်၊ ဆရာ ဦးအေးနိုင်၊ ဆရာ ဦးဉာဏ်လင်း၊ ဆရာ ဦးအေးကျော်။

## ပူဇော်ခြင်း

ဤစာအုပ်ကို ရေးသားခြင်းဖြင့်
ကချင်ပြည်နယ်၊ နမ္မတီးမြို့မှ မိဘများဖြစ်သော
ခမည်းတော်ကြီး ဦးဖေစိန်၊ မယ်တော်ကြီး ဒေါ်ခင်ဦးတို့အား ပူဇော်ပါ၏။

## မေတ္တာရပ်ခံခြင်း

ဤစာအုပ်ကို အမှားအယွင်း မရှိအောင် တတ်စွမ်းသရွေ့
ကြိုးစားပြုစုထားပါသော်လည်း
ခက်ခဲနက်နဲသောကျမ်းဖြစ်သဖြင့်
မိမိဉာဏ်၏ မထောက်တည်နိုင်ခြင်း၊ အမှတ်တမဲ့ဖြစ်ခြင်းတို့ကြောင့်
အမှားအယွင်းများရှိခဲ့ပါလျှင်
မေတ္တာဖြင့် ပြင်ဆင်ဖတ်ရှုကြပါရန်နှင့်
အကြံဉာဏ်များ ပေးကြပါရန် ပန်ကြားအပ်ပါသည်။

## မှတ်တမ်းပြုခြင်း

ဤစာအုပ်ကို ပုံနှိပ်စာအုပ်ဖြစ်အောင် အစအဆုံးဆောင်ရွက်ပေးခဲ့ကြသော
ညီမဖြစ်သူ မလဲ့လဲ့ဆွေ (အင်ဂျင်နီယာ)နှင့် ကျန်ညီမများအား
ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုပါသည်။

Rose Canada မှ စာအုပ်လှူဒါန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဉာဏသီအား
ကျေးဇူးဂါဝရပြုလှူဒါန်းလိုပါကလှူဒါန်းနိုင်ပါသည်။

## စာရေးသူ ဒေါ်ဉာဏသီ၏ အတ္ထုပ္ပတ္တိ

- ၁၃၁၆ ခုနှစ်၊ တပေါင်းလ (၁၉၅၅ ခုနှစ်)တွင် ကချင်ပြည်နယ်၊ နမ္မတီးမြို့ မြို့မရပ်၌ ခမည်းတော် ဦးဖေစိန်၊ မယ်တော် ဒေါ်ခင်ဦးတို့မှ ဖွားမြင်သည်။
- ၁၉၆၁ ခုနှစ် မှ ၁၉၇၁ ခုနှစ် အထိ နမ္မတီး အ.ထ.က တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် အ.ထ.က (၂) စမ်းချောင်း၊ ရန်ကုန်မြို့ မှ ဆယ်တန်းအောင်မြင်ခဲ့သည်။
- ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ (B.Ed) ဘွဲ့ကိုရရှိခဲ့သည်။
- ၁၉၇၉ ခုနှစ်တွင်စစ်ကိုင်းရွှေစေတီဆရာတော်ဘုရားကြီးကို ဥပဇ္ဈယ်ပြု၍ မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ (အငြိမ်းစား) ဆရာကြီးဦးကိုလေး(ဇေယျာမောင်) နှင့် ဒေါ်သန်းခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။
- ထို့နောက် မအူပင်မြို့နယ်၊ လက်ခုပ်ပင်ရွာ၌ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် ကျမ်းစာများကို လေ့လာသင်ကြားခဲ့သည်။
- ပါဠိပထမပြန် နှင့် ဓမ္မာစရိယ စာပေများကို ရန်ကုန် သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက် ဆရာကြီးများထံမှ သင်ကြားခဲ့ပါသည်။
- အောင်မြင်ခဲ့သော စာမေးပွဲများနှင့် ရရှိခဲ့သော ဘွဲ့များ

| | | |
|---|---|---|
| ၁၉၈၀ ခုနှစ်တွင် | အဘိဓမ္မာစာမေးပွဲ | တစ်ပြည်လုံးပထမ |
| ၁၉၈၁ ။ | ဝိသုဒ္ဓိမဂ်စာမေးပွဲ | ရန်ကုန်တိုင်း ဒုတိယ |
| ၁၉၈၃ ။ | ပထမငယ်တန်း | တစ်ပြည်လုံး (သီလရှင်) ပထမ |
| ၁၉၈၄ ။ | ပထမလတ်တန်း | တစ်ပြည်လုံး (သီလရှင်) ပထမ |
| ၁၉၈၆ ။ | ပထမကြီးတန်း | တစ်ပြည်လုံး (သီလရှင်) ပထမ (ပထမကျော်) |
| ၁၉၉၁ ။ | သာသနဓဇ ဓမ္မာစရိယဘွဲ့ | |
| ၂၀၀၂ ။ | မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ | |

- ယခုအခါ မြစ်ကြီးနားမြို့၊ ယုဇနရပ် ရှိ သမိဒ္ဓေါဒယသီလရှင်ကျောင်းတိုက်၌ ပဓာနနာယကဆရာကြီးအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ကာ သီတင်းသုံး နေထိုင်လျက်ရှိသည်။

## စာရေးသူ၏အမှာ

**ဂုဏ်ထူးများဖြင့် အောင်သောရွာကလေးသို့ ရောက်ခဲ့ခြင်း။**

စာရေးသူသည် ၁၉၇၉ ခုနှစ်တွင် စစ်ကိုင်းရွှေစေတီဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ဖြင့် သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် အဘိဓမ္မာ စာပေများကို စိတ်ပါဝင်စားစွာ လေ့လာသင်ကြားနေစဉ် မအူပင်မြို့နယ်၊ လက်ခုပ်ပင်ရွာ ဆရာကြီးဦးထွန်းတင်အမှူးပြုသော သာသနာ့ရောင်ခြည်အဖွဲ့မှ အဘိဓမ္မာသင်တန်းပြဆရာမ ဒေါ်ကြင်မြိုင်၏ ဖိတ်ခေါ်မှုကြောင့် ထိုရွာကလေးသို့ ရောက်ခဲ့ပါသည်။

ထိုစဉ်အခါက လက်ခုပ်ပင်ရွာကလေးသည် အဘိဓမ္မာစာမေးပွဲများ ၊ ဝိသုဒ္ဓိမဂ်၊ ဋီကာကျော် ၊ သံယုတ် စာမေးပွဲများတွင် ပထမဂုဏ်ထူး၊ ဒုတိယဂုဏ်ထူး စသည်ဖြင့် အောင်မြင်ခဲ့မှုကြောင့် ဘာသာရေးစာပေလောကတွင် နာမည်ကျော်ကြားလှပါသည်။ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ကိုယ်တိုင် ထိုရွာသို့ နှစ်စဉ်ကြွရောက်၍ တရားဓမ္မများ ချီးမြှင့်ကာ ထိုရွာ၏ ပရိယတ္တိ သာသနာရေးကို အားပေးခဲ့ပါသည်။

**ခေတ်မီလွယ်ကူသော သင်နည်း**

စာရေးသူသည် ဆရာကြီးတို့၏ ခေတ်မီ၍ မှတ်သားလွယ်သော သင်္ဂြိုဟ်သင်နည်း ကြောင့် အဘိဓမ္မာသဘောကို ပိုမို၍ စိတ်ဝင်စားမိပါသည်။ ပရိယတ္တိ အဘိဓမ္မာသဘောတရား ကို အခြေခံ၍ ပဋိပတ္တိ ကျင့်စဉ်ကိုလည်း ဆရာကြီးတို့က အားထုတ်စေခဲ့ပါသည်။

ထိုသင်္ဂြိုဟ်သင်နည်းစနစ်သည် အဘိဓမ္မာစာမေးပွဲများအတွက်သာမက၊ အစိုးရ ပထမပြန် စာမေးပွဲများ၏ အဘိဓမ္မာဆိုင်ရာ ဘာသာရပ်များအတွက်ပါ များစွာ အထောက်အကူ ရခဲ့ပါသည်။

စာရေးသူသည် ထိုရွာသို့ ရောက်သည့်နှစ်တွင်ပင် အဘိဓမ္မာစာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ တစ်ပြည်လုံး၌ ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

**မောင်နှမများကို အဘိဓမ္မာသင်ပေးခြင်း**

စာရေးသူသည် အဘိဓမ္မာစာပေများကို ဆရာကြီးတို့ထံမှ နည်းစနစ်အတိုင်း မောင်နှမများကို တစ်ဆင့် ပြန်၍ သင်ပေးခဲ့ရာ ...

| | | | |
|---|---|---|---|
| ညီမ မခင်ဝင်းဆွေမှာ | ၁၉၈၄ ခုနှစ်တွင် | | အဘိဓမ္မာ တစ်ပြည်လုံး တတိယ |
| (B.Ed) | ၁၉၈၉ | ,, | ဝိသုဒ္ဓိမဂ် တစ်ပြည်လုံး ပထမ |
| ညီမ မကြည်ကြည်ဆွေမှာ | ၁၉၈၅ | ,, | အခြေပြုမူလတန်း အမျိုးသမီး ပထမ |
| (B.Sc) | ၁၉၈၉ | ,, | ပထမကြီးတန်း အမျိုးသမီး ပထမ (ပထမကျော်) |

(ယခု ဒေါ်ဉာဏိသာရီ ၊ သမိဒ္ဓေါဒယ ဓမ္မနာဒကျောင်း ဟိုပင်မြို့၏ တိုက်အုပ်ဆရာ)

| | | | |
|---|---|---|---|
| မောင်လေးမောင်ကျော်ဆွေမှာ | ၁၉၈၉ | ,, | အဘိဓမ္မာသုံးဆင့် နှစ်ချင်းစွဲ |
| (M.B.B.S) | | | |
| ညီမ မလှဲ့လှဲ့ဆွေ (B.E) မှာ | ၁၉၉၀ | ,, | အဘိဓမ္မာသုံးဆင့် နှစ်ချင်းစွဲ |
| ညီမ မသစ်သစ်ဆွေမှာ | ၁၉၈၉ | ,, | အဘိဓမ္မာဂုဏ်ထူးဆောင်တစ်ပြည်လုံး ပထမ |
| (B.Com) | ၁၉၉၀ | ,, | ဝိသုဒ္ဓိမဂ် တစ်ပြည်လုံး ပထမ |
| | ၂၀၀၃ | ,, | သာသနဓဇ ဓမ္မာစရိယဘွဲ့ |
| | ၂၀၀၆ | ,, | ဝိနယဝိဒူဘွဲ့ |
| ညီမ မနှစ်နှစ်ဆွေမှာ | ၁၉၈၈ | ,, | အဘိဓမ္မာ တစ်ပြည်လုံး ပထမ |
| (B.Com) | ၁၉၉၀ | ,, | အဘိဓမ္မာဂုဏ်ထူးဆောင်တစ်ပြည်လုံး ဒုတိယ |
| | ၂၀၀၇ | ,, | ပထမကြီးတန်း အမျိုးသမီး ပထမ (ပထမကျော်) |

ရရှိကာအောင်မြင်ခဲ့ကြပါသည်။

**ဓမ္မဒါနပြု၍ အဘိဓမ္မာသင်ပေးခြင်း**

စာရေးသူသည် ဤနည်းစနစ်ဖြင့် ဓမ္မမိတ်ဆွေများ၊ သီလရှင်ဆရာလေးများနှင့် ကျောင်းသူများအား ဓမ္မဒါနအဖြစ် သင်ကြားပေးခဲ့ရာ အလွယ်တကူ တတ်မြောက်သွားကြပြီး စာမေးပွဲများတွင်လည်း ထူးချွန်စွာ အောင်မြင်သူများပါ ရှိလာခဲ့သည်။

ဤသို့ သင်ကြားပေးရာ၌ အဘိဓမ္မာမှတ်စုများကို တစ်ဆင့်ပြန်လည်ကူးယူနေရမှုကြောင့် အချိန်နှောင့်နှေးရသည့်အတွက် လည်းကောင်း၊ မှတ်စုများ မပျောက်ပျက်ဘဲ တစ်စုတစ်စည်းတည်း ဖြစ်နေစေရန်အတွက်လည်းကောင်း၊ ပုံနှိပ်၍ စာအုပ်တစ်အုပ်အဖြစ် စီစဉ်ရန် လိုအပ်လာပါသဖြင့် မိဘဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများ၏ မ ,တည် လှူဒါန်းငွေဖြင့် ယခုကဲ့သို့ ပုံနှိပ်ခဲ့ရပါသည်။

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များသည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ အားဖြင့် သုံးမျိုး သုံးစားရှိရာ .....

**ဝိနည်း** တရားတော်သည် ရဟန်းသံဃာတော်များအတွက် မပြုမကျင့် ရှောင်ကြဉ်ရမည့်အချက်များကို ပြထား၍၊ ပြုကျင့်မိလျှင် မည်သည့် အပြစ်များ သင့်မည်ဟု စည်းမျဉ်း ဥပဒေများ ထုတ်ပြန်ထားသော တရားတော်ကြီးဖြစ်ပေသည်။

**သုတ္တန်** တရားတော်သည် တရားတော်ကို နာယူမည့် ဝေနေယျာ၏ အလိုဆန္ဒ ဣန္ဒြေ အနအရင့်ကို ကြည့်၍ သင့်တင့်လျောက်ပတ်စွာ ဟောကြားတော်မူသော ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသော တရားတော်ကြီးဖြစ်ပေသည်။

**အဘိဓမ္မာ** တရားတော်ကား... ဓမ္မဟူသော အမည်သည် သုတ္တန်၊ အဘိဓမ္မာနှစ်မျိုးလုံးနှင့် သက်ဆိုင်နေ၍ သုတ္တန်မဟုတ်သော တရားကို အဘိဟု အထူးပြု၍ "အဘိဓမ္မာ" ဟု ခေါ်ရသည်။ (သုတ္တန်၌ ခန္ဓာ ငါးပါးအကြောင်းကို အကျဉ်းမျှသာ ဟော်တော်မူ၍ အဘိဓမ္မာ၌ကား ခန္ဓာငါးပါးအကြောင်းကို နည်းသုံးမျိုးဖြင့် ချဲ့ထွင်၍အကျယ်ဟော်တော်မူ၏။) ဤသို့ တရားချင်းတူလျှင် သုတ္တန်ထက် ထူးကဲကျယ်ဝန်း၍ " အဘိ = သုတ္တန်ထက် သာလွန်ထူးကဲသော၊ ဓမ္မ = တရားတော်" ဟုအမည်ထူးပြုကာ အဘိဓမ္မာ ဟု ခေါ်ဆိုရသော တရားတော် ဖြစ်ပါသည်။ ဤအဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာ၌လည်း ဖဿ၊ ဝေဒနာ စသော ပရမတ္ထ အမည်များကိုသာ သုံးနှုန်း၍ ပရမတ္ထတရားတို့၏ သဘော၊ သဘာဝ စွမ်းရည်သတ္တိတို့ကို မြတ်စွာဘုရား၏ ဉာဏ်တော်ဖြင့် ထင်ရှားစွာ ဟောတော် မူခဲ့ပေသည်။

ဤသို့လျှင် မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဟောကြားတော်မူသော အဘိဓမ္မာ တရားတော်သည် နက်နဲကျယ်ဝန်းရကား အရှင်အနုရုဒ္ဓါ မထေရ်သည် နောင်လာနောက်သားတို့ အကျိုးများစေခြင်း အလို့ငှါ အဘိဓမ္မာ ဒေသနာတော်၏ အနက် အဓိပ္ပါယ်အကျယ်များကို အကျဉ်းချုံး၍ ယူရာဖြစ်သော ကျမ်းဟု အမည်ရသော **"အဘိဓမ္မတ္ထသင်္ဂဟကျမ်း"** ကို အောက်ပါအတိုင်း(၉)ပိုင်းခွဲ၍ စီရင်ရေးသားတော်မူခဲ့လေသည်။

| | | |
|---|---|---|
| ၁။ စိတ်ပိုင်း | } | ပထမဆင့် |
| ၂။ စေတသိက်ပိုင်း | | |
| ၃။ ပကိဏ်ကပိုင်း | | |
| ၄။ ဝီထိပိုင်း | } | ဒုတိယဆင့် |
| ၅။ ဝီထိမုတ်ပိုင်း (ဘုံပိုင်း) | | |
| ၆။ ရုပ်ပိုင်း | | |
| ၇။ သမုစ္စည်းပိုင်း | } | တတိယဆင့် |
| ၈။ ပစ္စည်းပိုင်း | | |
| ၉။ ကမ္မဋ္ဌာန်းပိုင်း | | |

Rose Canada မှ စာအုပ်လှူဒါန်းပြီးကိုကျော် ကနေဒါ Scan လုပ်ပေးပါသည်။
အခမဲ့ပေးဝေပါသည်၊စာအုပ်ပြုစုရေးသားသူဒေါ်ဘဏ္ဍာဝတီအား
ကျေးဇူးဂါဝရပြုလှူဒါန်းလိုပါကလှူဒါန်းနိုင်ပါသည်။

- **ပရမတ္ထ** = စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် အားဖြင့် တရား (၄) ပါး။
- **အဘိဓမ္မတ္ထ** = ပရမတ္ထတရား ၄ ပါး နှင့် ပညတ် အားဖြင့် တရား (၅) ပါး။

# အဘိဓမ္မတ္ထသင်္ဂဟကျမ်း

## ကျမ်းပြု အရှင်အနုရုဒ္ဓါဆရာတော်၏ ရတနတ္တယ ပဏာမ

သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သ သဒ္ဓမ္မ ဂဏုတ္တမံ
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထ သင်္ဂဟံ။

ပြိုင်ဘက်ရည်တူ ရှိတော်မမူထသော၊ သုံးပါးသော သဒ္ဓမ္မ မြတ်သော အရိယာဂိုဏ်းနှင့် တကွလည်း ဖြစ်တော်မူထသော မြတ်စွာဘုရားအား အထူးအားဖြင့် ရှိခိုးပါ၏။ အထူးအားဖြင့် ရှိခိုးပြီး၍ အဘိဓမ္မာ ဒေသနာတော်၏ အနက်တို့ကို အကျဉ်းချုံး၍ ယူရာဖြစ်သောကြောင့် **အဘိဓမ္မတ္ထသင်္ဂဟ** ဟု အမည်ရသော ကျမ်းကို စီရင်ပေအံ့။

## ပရမတ္ထတရား (၄) ပါး

မြတ်သော သဘောတရား၊ မိမိတို့ဆိုင်ရာ သဘောလက္ခဏာများမှ မဖောက်မပြန် မှန်ကန် တည့်မတ်သော သဘောတရားသည် ပရမတ္ထ မည်၏။

▸▸ ဆောင်။ ။ မဖောက် မပြား၊ အမြတ်အားဖြင့်၊ ဓာတ်သားဆတ်ဆတ်
ဉာဏ်မြတ်အာရုံ၊ လေးပါးစုံ ခေါ်ပုံ ပရမတ်။

(၁) စိတ် = အာရုံ ကို သိခြင်း သဘောတရား။

(၂) စေတသိက် = စိတ်၌ မှီသော သဘောတရား။

(၃) ရုပ် = အပူအအေး စသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ရှေးအစဉ်နှင့် နောက်အစဉ်မတူအောင်ထင်ရှားဖောက်ပြန်တတ်သော သဘောတရား။

(၄) နိဗ္ဗာန် = ဒုက္ခ ခပ်သိမ်း၏ ချုပ်ငြိမ်းရာ သဘောတရား။

### သင်္ခတ၊ အသင်္ခတ

စိတ်၊ စေတသိက်၊ ရုပ်တရား တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား (၄)ပါး တို့က ပြုပြင် ဖန်တီး၍ ရသောကြောင့် **သင်္ခတ** တရားမည်၏။ နိဗ္ဗာန်ကား ထိုအကြောင်းတရား (၄)ပါးတို့၏ ပြုပြင် ဖန်တီး၍မှု ကင်းသောကြောင့် **အသင်္ခတ** တရားမည်၏။

# စိတ်ပိုင်း

## စိတ်အကျဉ်း (၄) မျိုး

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကာမာဝစရစိတ် | (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်) | = | ၅၄ | ပါး |
| ၂။ | ရူပါဝစရစိတ် | (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်) | = | ၁၅ | ပါး |
| ၃။ | အရူပါဝစရစိတ် | (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်) | = | ၁၂ | ပါး |
| ၄။ | လောကုတ္တရာစိတ် | (လောကသုံးပါးမှ လွတ်မြောက်သောစိတ် ဝါ-လောကသုံးပါးထက် လွန်ကဲမြင့်မြတ်သောစိတ်) | = | ၈ | ပါး |
| | | စုစုပေါင်း စိတ် | = | ၈၉ | ပါး |

**စိတ် အကျယ် (၁၂၁) ပါး**

လောကုတ္တရာစိတ် (၈)ပါးကို ဈာန် (၅) ပါး ဖြင့် အကျယ်ပွားသော် လောကုတ္တရာစိတ် အကျယ် (၄၀)ပါး ဖြစ်၍ စုစုပေါင်းစိတ်အားဖြင့်လည်း (၁၂၁)ပါး ဖြစ်၏။

▸▸ ဆောင် ။ ။ ကာမ, ရူပ၊ အရူပ၊ လောက ဥတ္တရာ။

## စိတ်၌ယှဉ်သော ဝေဒနာများ

| သင်္ကေတ | ဝေဒနာ(၅)မျိုး | |
|---|---|---|
| + | သောမနဿ ဝေဒနာ | ရွှင်လန်းဝမ်းမြောက်သာယာဖွယ် ခံစားခြင်းသဘော။ |
| > | ဒေါမနဿ ဝေဒနာ | မသာယာဖွယ် ခံစားခြင်းသဘော။ |
| ^ | သုခ ဝေဒနာ | ကိုယ်၌ဖြစ်သော ချမ်းသာခြင်းသဘော။ |
| v | ဒုက္ခ ဝေဒနာ | ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းသဘော။ |
| — | ဥပေက္ခာ ဝေဒနာ | လစ်လျူရှု၍ ခံစားခြင်းသဘော။ |

## ၁။ ကာမာဝစရစိတ် (၅၄) ပါး

| | | | | |
|---|---|---|---|---|
| (က) | အကုသိုလ်စိတ် | = | ၁၂ | ပါး |
| (ခ) | အဟိတ်စိတ် | = | ၁၈ | ပါး |
| (ဂ) | ကာမသောဘနစိတ် | = | ၂၄ | ပါး |
| | ပေါင်း ကာမစိတ် | = | ၅၄ | ပါး |

## (က) အကုသိုလ်စိတ် ၁၂ ပါး

**အကုသိုလ်စိတ်** ။ ။ မလိမ္မာသော၊ အပြစ်နှင့် တကွဖြစ်သော၊ မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော (ဝါ) ကုသိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်သောစိတ်။ (ပဟာတဗ္ဗ = ပယ်အပ်သော တရား)

| | သံ | ဝိ | သံ | ဝိ | သံ | သံ | သံ |
|---|---|---|---|---|---|---|---|
| အ | + | + | − | − | > | − | − |
| သ | + | + | − | − | > | | |

▸▸ ဆောင် ။ ။ လော ရှစ်, ဒေါ နှစ်၊ မောလည်း နှစ်၊ ဆယ့်နှစ် အကုသိုလ်။

| | | | | |
|---|---|---|---|---|
| ဝေဒနာဘေဒအားဖြင့် - | သောမနဿ သဟဂုတ်စိတ် | --- | ၄ | ပါး |
| | ဥပေက္ခာ သဟဂုတ်စိတ် | --- | ၆ | ပါး |
| | ဒေါမနဿ သဟဂုတ်စိတ် | --- | ၂ | ပါး |
| ယောဂဘေဒအားဖြင့် - | သမ္ပယုတ်စိတ် | --- | ၈ | ပါး |
| | ဝိပ္ပယုတ်စိတ် | --- | ၄ | ပါး |
| သင်္ခါရဘေဒအားဖြင့် - | အသင်္ခါရိကစိတ် | --- | ၅ | ပါး |
| | သ သင်္ခါရိကစိတ် | --- | ၅ | ပါး |

(မောဟမူစိတ်၌ သင်္ခါရအပြားအားဖြင့် အထူးဆိုထားခြင်းမရှိ။)

| | | | | |
|---|---|---|---|---|
| လောဘမူ (၈)ပါး | ၁ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် ၁ ပါး |
| | ၂ | ။ | ။ | သ ။ |
| | ၃ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အ ။ |
| | ၄ | ။ | ။ | သ ။ |
| | ၅ | ဥပေက္ခာ သဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အ ။ |
| | ၆ | ။ | ။ | သ ။ |
| | ၇ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အ ။ |
| | ၈ | ။ | ။ | သ ။ |
| ဒေါသမူ (၂)ပါး | ၉ | ဒေါမနဿ သဟဂုတ် | ပဋိဃ သမ္ပယုတ် | အ ။ |
| | ၁၀ | ။ | ။ | သ ။ |
| မောဟမူ (၂)ပါး | ၁၁ | ဥပေက္ခာ သဟဂုတ် | ဝိစိကိစ္ဆာ သမ္ပယုတ် | (မောဟမူ၌ အ. သ အထူးမဆိုထား။) |
| | ၁၂ | ။ | ဥဒ္ဓစ္စ သမ္ပယုတ် | |

## (ခ) အဟိတ်စိတ် ၁၈ ပါး

**အဟိတ်စိတ်** ။ ။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော ဟိတ်(၆)ပါးမှ တစ်ပါးပါးနှင့်မျှ မယှဉ်နိုင်သောစိတ်။

— — — — ∨ — — = အကုသလဝိပါက်စိတ် ၇ ပါး

— — — — ∧ — + — = အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး

— — + = အဟိတ်ကြိယာစိတ် ၃ ပါး

## အကုသလဝိပါက်စိတ် ၇ ပါး (အကုသိုလ်ကံ၏ အကျိုးစိတ်)

| | | | |
|---|---|---|---|
| ၁ | ဥပေက္ခာ သဟဂုတ် | စက္ခုဝိညာဏ်စိတ် | ၁ ပါး |
| ၂ | ။ | သောတဝိညာဏ်စိတ် | ၁ ပါး |
| ၃ | ။ | ဃာနဝိညာဏ်စိတ် | ၁ ပါး |
| ၄ | ။ | ဇိဝှါဝိညာဏ်စိတ် | ၁ ပါး |
| ၅ | ဒုက္ခ သဟဂုတ် | ကာယဝိညာဏ်စိတ် | ၁ ပါး |
| ၆ | ဥပေက္ခာ သဟဂုတ် | သမ္ပဋိစ္ဆိုင်းစိတ် | ၁ ပါး |
| ၇ | ။ | သန္တီရဏစိတ် | ၁ ပါး |

## အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး (ကုသိုလ်ကံ၏ အကျိုးဖြစ်သော အဟိတ်စိတ်)

| | | | | |
|---|---|---|---|---|
| ၈ | ဥပေက္ခာ သဟဂုတ် | ကုသလဝိပါက် | စက္ခုဝိညာဏ်စိတ် | ၁ ပါး |
| ၉ | ။ | ။ | သောတဝိညာဏ်စိတ် | ၁ ပါး |
| ၁၀ | ။ | ။ | ဃာနဝိညာဏ်စိတ် | ၁ ပါး |
| ၁၁ | ။ | ။ | ဇိဝှါဝိညာဏ်စိတ် | ၁ ပါး |
| ၁၂ | သုခသဟဂုတ် | ။ | ကာယဝိညာဏ်စိတ် | ၁ ပါး |
| ၁၃ | ဥပေက္ခာ သဟဂုတ် | ။ | သမ္ပဋိစ္ဆိုင်းစိတ် | ၁ ပါး |
| ၁၄ | သောမနဿ သဟဂုတ် | ။ | သန္တီရဏစိတ် | ၁ ပါး |
| ၁၅ | ဥပေက္ခာ သဟဂုတ် | ။ | သန္တီရဏစိတ် | ၁ ပါး |

## အဟိတ်ကြိယာစိတ် ၃ ပါး (ပြုကာမတ္တမျှသာဖြစ်သော အဟိတ်စိတ်)

| | | | |
|---|---|---|---|
| ၁၆ | ဥပေက္ခာ သဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ ပါး |
| ၁၇ | ။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ ပါး |
| ၁၈ | သောမနဿ သဟဂုတ် | ဟသိတုပ္ပါဒ်စိတ် | ၁ ပါး |

| | | |
|---|---|---|
| ■ စက္ခုဝိညာဏ်စိတ် | = | မြင်သိစိတ် |
| သောတဝိညာဏ်စိတ် | = | ကြားသိစိတ် |
| ဃာနဝိညာဏ်စိတ် | = | နံ့သိစိတ် |
| ဇိဝှါဝိညာဏ်စိတ် | = | စားသိစိတ် |
| ကာယဝိညာဏ်စိတ် | = | ထိသိစိတ် |
| သမ္ပဋိစ္ဆိုင်းစိတ် | = | အာရုံကို လက်ခံသကဲ့သို့ဖြစ်သောစိတ် |
| သန္တီရဏစိတ် | = | အာရုံကို စုံစမ်းသကဲ့သို့ဖြစ်သောစိတ် |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ပဉ္စဒွါရ၌ ဆင်ခြင်သောစိတ် |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | မနောဒွါရ၌ ဆင်ခြင်သောစိတ် |
| ဟသိတုပ္ပါဒ်စိတ် | = | ဘုရား၊ ရဟန္တာတို့ ပြုံးရယ်သောစိတ် |

| | | |
|---|---|---|
| ■ ဒွေးပဉ္စဝိညာဏ် (၁၀)ပါး | = | စက္ခုဝိညာဏ်ဒွေး မှ ကာယဝိညာဏ်ဒွေးအထိ။ |
| မနောဓာတ် (၃) ပါး | = | သမ္ပဋိစ္ဆိုင်းဒွေး + ပဉ္စဒွါရာဝဇ္ဇန်း |
| အာဝဇ္ဇန်းဒွေး | = | ပဉ္စဒွါရာဝဇ္ဇန်း + မနောဒွါရာဝဇ္ဇန်း |

| | |
|---|---|
| ■ **အသောဘနစိတ်** | ၃၀ ပါး = အကုသိုလ်စိတ် ၁၂ + အဟိတ်စိတ် ၁၈ |
| ■ **သောဘနစိတ် (အကျဉ်း)** | ၅၉ ပါး = စိတ်အကျဉ်း ၈၉ - အသောဘန ၃၀ |
| ■ **သောဘနစိတ် (အကျယ်)** | ၉၁ ပါး = စိတ်အကျယ် ၁၂၁ - အသောဘန ၃၀ |

သောဘနစိတ် = သဒ္ဓါ၊ သတိ စသော သောဘနစေတသိက်တို့နှင့်ယှဉ်၍ ဖြစ်သော စိတ်များ။

အသောဘနစိတ် = သောဘနစိတ်မှ တစ်ပါးသောစိတ်များ (ဝါ) သဒ္ဓါ၊ သတိ စသော သောဘန စေတသိက်တို့နှင့် မယှဉ်သောစိတ်များ။

## (ဂ) ကာမသောဘာနစိတ် ၂၄ ပါး

| | သံ | ဉ | သံ | ဉ | |
|---|---|---|---|---|---|
| အ | + | + | − | − | မဟာကုသိုလ်စိတ် (ဝါ) |
| သ | + | + | − | − | ကာမာဝစရကုသိုလ်စိတ် (၈) ပါး |
| | + | + | − | − | မဟာဝိပါက်စိတ် (ဝါ) |
| | + | + | − | − | သဟိတ်ကာမာဝစရဝိပါက်စိတ် (၈) ပါး |
| | + | + | − | − | မဟာကြိယာစိတ် (ဝါ) |
| | + | + | − | − | သဟိတ်ကာမာဝစရကြိယာစိတ် (၈) ပါး |

| | | | |
|---|---|---|---|
| ၁ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက စိတ် ၁ ပါး |
| ၂ | ။ | ။ | သ ။ |
| ၃ | ။ | ဉာဏဝိပ္ပယုတ် | အ ။ |
| ၄ | ။ | ။ | သ ။ |
| ၅ | ဥပေက္ခာ သဟဂုတ် | ဉာဏသမ္ပယုတ် | အ ။ |
| ၆ | ။ | ။ | သ ။ |
| ၇ | ။ | ဉာဏဝိပ္ပယုတ် | အ ။ |
| ၈ | ။ | ။ | သ ။ |

## ကုသိုလ်စိတ်

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အနာကင်းခြင်း၊ ကိလေသာ အပြစ်ကင်းခြင်း၊ လိမ္မာစေခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိသောကြောင့် ကုသိုလ်စိတ်မည်၏။ (တစ်နည်း) စက်ဆုပ်ဖွယ်ဖြစ်သော၊ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို လှုပ်စေ၊ ငုတ်စေ၊ ပြုတ်အောင် ဖျက်ဆီးစေတတ်သောကြောင့် ကုသိုလ်စိတ်မည်၏။ (ပဟာယက = ပယ်တတ်သော တရား)

▶▶ ဆောင် ။ ။ အနာကင်းလစ်၊ အပြစ်ကင်းကွာ၊ အလိမ္မာနှင့်၊ ချမ်းသာကောင်းကျိုး၊ လေးမျိုး အချက်၊ ကုသိုလ်အနက်။

**ဝိပါက်စိတ်** ။ ။ ကံကြောင့်ရင့်ကျက်၍ ဖြစ်ပေါ်လာသော အကျိုးတရားစိတ်။

**ကြိယာစိတ်** ။ ။ ပြုကာမတ္တမျှသာ ဖြစ်သောစိတ်။

## မဟာကုသိုလ်

ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာ ကုသိုလ်တို့တွင် ကာမကုသိုလ်က အရေအတွက်များသောကြောင့် ကာမကုသိုလ်ကို မဟာကုသိုလ် ဟုလည်း ခေါ်ကြသည်။

( **မဟာဝိပါက်၊ မဟာကြိယာ** လည်း ဤနည်းတူ မှတ်ပါ။)

## ကုသိုလ်ဖြစ်ရခြင်း အကြောင်းရင်း

နှလုံးသွင်း သဘောထား လိမ္မာယဉ်ကျေးသော "ယောနိသော မနသိကာရ" သည် ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ အာရုံတစ်ခု၌ နှလုံးသွင်းသဘောထား ကောင်းသူသည် **"ယောနိသော မနသိကာရ"** ရှိခြင်းကြောင့် ကုသိုလ်ဖြစ်၏။ ထို့အတူ ထိုအာရုံ၌ နှလုံးသွင်းသဘောထား မကောင်းသူသည် **"အယောနိသော မနသိကာရ"** ဖြစ်ခြင်းကြောင့် အကုသိုလ်ဖြစ်လေ၏။

## ကာမသောဘနစိတ် ၂၄ ပါး ၌

| | | | |
|---|---|---|---|
| ဝေဒနာဘေဒအားဖြင့် - | သောမနဿ သဟဂုတ်စိတ် | -- | ၁၂ ပါး |
| | ဥပေက္ခာ သဟဂုတ်စိတ် | -- | ၁၂ ပါး |
| ယောဂဘေဒအားဖြင့် - | သမ္ပယုတ်စိတ် | -- | ၁၂ ပါး |
| | ဝိပ္ပယုတ်စိတ် | -- | ၁၂ ပါး |
| သင်္ခါရဘေဒအားဖြင့် - | အသင်္ခါရိကစိတ် | -- | ၁၂ ပါး |
| | သ သင်္ခါရိကစိတ် | -- | ၁၂ ပါး |

## ကာမစိတ် ၅၄ ပါး ၌

| | | | | | |
|---|---|---|---|---|---|
| ဇာတိဘေဒအားဖြင့် - | အကုသိုလ် စိတ် | | -- | ၁၂ ပါး | ကာမစိတ် ၅၄ ပါး |
| | ကာမကုသိုလ်စိတ် | | -- | ၈ ပါး | |
| | ကာမဝိပါက်စိတ် | | -- | ၂၃ ပါး | |
| | ကာမကြိယာစိတ် | | -- | ၁၁ ပါး | |
| ဝေဒနာဘေဒအားဖြင့် - | သောမနဿ သဟဂုတ်စိတ် | + | -- | ၁၈ ပါး | ကာမစိတ် ၅၄ ပါး |
| | ဥပေက္ခာ သဟဂုတ်စိတ် | − | -- | ၃၂ ပါး | |
| | ဒေါမနဿ သဟဂုတ်စိတ် | > | -- | ၂ ပါး | |
| | သုခ သဟဂုတ်စိတ် | ∧ | -- | ၁ ပါး | |
| | ဒုက္ခ သဟဂုတ်စိတ် | ∨ | -- | ၁ ပါး | |

ကာမဝိပါက် ၂၃

အကုသလဝိပါက် ၇ + အဟိတ်ကုသလဝိပါက် ၈ + မဟာဝိပါက် ၈

ကာမကြိယာ ၁၁

အဟိတ်ကြိယာ ၃ + မဟာကြိယာ ၈

ကာမသောမနဿ ၁၈

လောဘမူသောမနဿ ၄ + အဟိတ်သောမနဿ ၂ + ကာမသောဘနသောမနဿ ၁၂

ကာမဥပေက္ခာ ၃၂

အကုသိုလ်ဥပေက္ခာ ၆ + အဟိတ်ဥပေက္ခာ ၁၄ + ကာမသောဘနဥပေက္ခာ ၁၂

## ၂။ ရူပါဝစရစိတ် ၁၅ ပါး

| | ကု | ဝိ | ကြိ |
|---|---|---|---|
| ပ | + | + | + |
| ဒု | + | + | + |
| တ | + | + | + |
| စ | + | + | + |
| ပဉ္စ | — | — | — |

| | | | | |
|---|---|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်စိတ် | = | ၅ | ပါး |
| ၂။ | ရူပါဝစရဝိပါက်စိတ် | = | ၅ | ပါး |
| ၃။ | ရူပါဝစရကြိယာစိတ် | = | ၅ | ပါး |
| | ရူပါဝစရစိတ်ပေါင်း | = | ၁၅ | ပါး |

| | | | |
|---|---|---|---|
| ၁ | ဝိတက်၊ ဝိစာရ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော | ပထမဈာန်စိတ် |
| ၂ | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော | ဒုတိယဈာန်စိတ် |
| ၃ | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော | တတိယဈာန်စိတ် |
| ၄ | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော | စတုတ္ထဈာန်စိတ် |
| ၅ | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော | ပဉ္စမဈာန်စိတ် |

ဈာန်အင်္ဂါ ။ ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ (ဥပေက္ခာ)၊ ဧကဂ္ဂတာ ဟူသော စေတသိက် တစ်ပါး တစ်ပါးကို ဈာန်အင်္ဂါ ဟုခေါ်၏။

ဈာန် ။ ။ ထိုစေတသိက် တရားအပေါင်းကို ဈာန် ဟုခေါ်၏။

ဈာန်စိတ် ။ ။ ထိုစေတသိက် တရားအပေါင်းဖြစ်သော ဈာန် နှင့် ယှဉ်သောစိတ်ကို ဈာန်စိတ် ဟုခေါ်၏။

▸▸ ဆောင် ▸ စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန် ဟု ခေါ်သတတ်။

▸ စူးစိုက်သမှု၊ အာရုံပြုတောင်း၊ တရားပေါင်းကို၊ ဈာန်ခေါ်ဆိုဘိ။

▸ ထို၏အင်္ဂါ၊ အစိတ်မှာမူ၊ ဈာနင်ဟူ၊ မှတ်ယူ အမြဲခေါ်။

**ရူပဈာန်စိတ်များပြားရခြင်း**

ယှဉ်ဘက်ဖြစ်သော ဈာန်အားဖြင့် ကွဲပြားသောကြောင့် ရူပဈာန်စိတ်များလည်း (၅)မျိုး

ကွဲပြားရပေသည်။ ထိုဈာန်စိတ် ၅ မျိုးတွင်လည်း ကုသိုလ်၊ ဝိပါက်၊ ကြိယာ ၃ မျိုးစီ ပြားသောကြောင့် ရူပစိတ်တို့ ၁၅ ပါး ပြားရခြင်း ဖြစ်ပါသည်။

▸▸ ရူပစိတ်များမှာ ဈာန်အားဖြင့် ပြားသော စိတ်တို့တည်း။ (ဈာနဘေဒေန)

## ၃။ အရူပါဝစရစိတ် ၁၂ ပါး

| | က | ဝိ | ကြိ |
|---|---|---|---|
| အာ | — | — | — |
| ဝိ | — | — | — |
| အာကိ | — | — | — |
| နေဝ | — | — | — |

| | | | | |
|---|---|---|---|---|
| ၁။ | အရူပကုသိုလ်စိတ် | = | ၄ | ပါး |
| ၂။ | အရူပဝိပါက်စိတ် | = | ၄ | ပါး |
| ၃။ | အရူပကြိယာစိတ် | = | ၄ | ပါး |
| | အရူပစိတ်ပေါင်း | = | ၁၂ | ပါး |

၁။ **အာကာသာနဉ္စာယတနစိတ်** = ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်။

၂။ **ဝိညာဏဉ္စာယတနစိတ်** = ပဌမာရုပ္ပဝိညာဏ် (အာကာသာနဉ္စာယတနစိတ်) ကို အာရုံပြုသောစိတ်။

၃။ **အာကိဉ္စညာယတနစိတ်** = နတ္ထိဘာဝပညတ် (ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း ဟူသော အာရုံ) ကို အာရုံပြုသောစိတ်။

၄။ **နေဝသညာနာသညာယတနစိတ်** = တတိယာရုပ္ပဝိညာဏ် (အာကိဉ္စညာယတနစိတ်) ကို အာရုံပြုသောစိတ်။

**အရူပဈာန်စိတ်များပြားရခြင်း**

ကောင်းကင်ပညတ်စသော အာရုံအားဖြင့် ကွဲပြားသောကြောင့် အရူပဈာန်စိတ်များလည်း (၄)မျိုး ကွဲပြားရပေသည်။ ထိုဈာန်စိတ် ၄ မျိုးတွင်လည်း ကုသိုလ်၊ ဝိပါက်၊ ကြိယာ ၃ မျိုးစီ ပြားသောကြောင့် အရူပစိတ်တို့ ၁၂ ပါး ပြားရခြင်း ဖြစ်ပါသည်။

- အရူပစိတ်များသည် အာရုံအားဖြင့်သာ ပြားသောစိတ်တို့တည်း။ (အာလမ္ဗနဘေဒေန)
- ဈာန်အားဖြင့်ကား ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးချင်း တူသောကြောင့် ပဉ္စမဈာန် ဟု သွင်း၏။

မဟဂ္ဂုတ်စိတ် ။ ။ မြတ်သည့်၏အဖြစ်သို့ ရောက်သောစိတ် (ဝါ)ကြီးမြတ်သောအာနုဘော် ရှိသောကြောင့်လည်းကောင်း၊ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ရောက်အပ် ရအပ်သောကြောင့်လည်းကောင်း **မဟဂ္ဂုတ်စိတ်** ဟုခေါ်သည်။

▸▸ **မဟဂ္ဂုတ်စိတ် ၂၇ ပါး** = ရူပါဝစရစိတ် ၁၅ + အရူပါဝစရစိတ် ၁၂

**လောကီစိတ်** ။ ။ ပျက်တတ်သော သင်္ခါရလောက၌ အကျုံးဝင်သောစိတ် (ဝါ) လောက၌ ထင်ရှားရှိသော စိတ်များဖြစ်၍ **လောကီစိတ်**ဟုခေါ်သည်။

▸▸ **လောကီစိတ် ၈၁ ပါး** = ကာမစိတ် ၅၄ + မဟဂ္ဂုတ်စိတ် ၂၇

## လောကီစိတ် ၈၁ ပါး ၌

**ဝေဒနာဘေဒအားဖြင့် -**

သောမနဿ သဟဂုတ်စိတ် -- ၃၀ ပါး
ဥပေက္ခာ သဟဂုတ်စိတ် -- ၄၇ ပါး
ဒေါမနဿ သဟဂုတ်စိတ် -- ၂ ပါး
သုခ သဟဂုတ်စိတ် -- ၁ ပါး
ဒုက္ခ သဟဂုတ်စိတ် -- ၁ ပါး

**ဇာတိဘေဒအားဖြင့် -**

အကုသိုလ်စိတ် -- ၁၂ ပါး
လောကီ ကုသိုလ်စိတ် -- ၁၇ ပါး
လောကီ ဝိပါက် -- ၃၂ ပါး
ကြိယာစိတ် -- ၂၀ ပါး

## ကြိယာ (၂) မျိုး

| | | | |
|---|---|---|---|
| ၁ | ကိစ္စနှင့် မူလအခြေခံ အားနည်း၍ ဖြစ်ရသောကြိယာမျိုး (ပုထုဇဉ်တို့၌လည်း ဖြစ်၏။) | အာဝဇ္ဇန်းဒွေး | ၂ |
| ၂ | အနုသယရေသောက်မြစ် ကင်းပြတ်၍ဖြစ်ရသောကြိယာမျိုး (ဘုရား၊ ရဟန္တာ တို့၌သာ ဖြစ်၏။) | ဟသိတုပ္ပါဒ် ၁<br>မဟာကြိယာ ၈<br>မဟဂ္ဂုတ်ကြိယာ ၉ | ၁၈ |
| | | ပေါင်းကြိယာ | ၂၀ |

## ၄။ လောကုတ္တရာစိတ် ၈ ပါး

| | | | |
|---|---|---|---|
| သောတာပတ္တိမဂ်စိတ် | ၁ | သောတာပတ္တိဖိုလ်စိတ် | ၁ |
| သကဒါဂါမိမဂ်စိတ် | ၁ | သကဒါဂါမိဖိုလ်စိတ် | ၁ |
| အနာဂါမိမဂ်စိတ် | ၁ | အနာဂါမိဖိုလ်စိတ် | ၁ |
| အရဟတ္တမဂ်စိတ် | ၁ | အရဟတ္တဖိုလ်စိတ် | ၁ |
| မဂ်(ဝါ)လောကုတ္တရာကုသိုလ်စိတ် | ၄ | ဖိုလ်(ဝါ)လောကုတ္တရာဝိပါက်စိတ် | ၄ |

**မဂ်စိတ်** ॥ ॥ ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်သို့အာရုံပြုသောအားဖြင့် သွားရောက်တတ်သောကြောင့် မဂ်စိတ် ဟုခေါ်သည်။

**ဖိုလ်စိတ်** ॥ ॥ မဂ်၏ အကျိုးဖြစ်သော စိတ်ကို ဖိုလ်စိတ် ဟုခေါ်သည်။

**မဂ်လေးပါးပြားရပုံ** ॥ ॥ ဣန္ဒြေတို့၏ အနု၊ အရင့်၊ ရင့်သည်ထက်ရင့်၊ အရင့်ဆုံး အချိုးအစားအားဖြင့် မဂ်လေးပါး ပြားရပါသည်။

**မဂ်စိတ်လေးပါးပြားရပုံ** ॥ ॥ မဂ် လေးပါးပြားခြင်းကြောင့် မဂ်နှင့် ယှဉ်သော စိတ် လေးပါး ပြားရပါသည်။

**ဖိုလ်စိတ်လေးပါးပြားရပုံ** ॥ ॥ မဂ်စိတ် လေးပါးပြားခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်လည်း လေးပါး ပြားရပါသည်။

▸▸ ဆောင် ॥ ॥ ဣန္ဒြေတွက်၊ ထက်, မထက်ကြောင့်၊ လေးချက်မဂ်ပြား၊
စိတ်လည်းခြား၊ လေးပါး မြတ်ကုသိုလ်။

## လောကုတ္တရာစိတ်အကျယ် (၄၀)

| သော | သက | အနာ | အရ | | | | | |
|---|---|---|---|---|---|---|---|---|
| + | + | + | + | ပဈာန် | + | + | + | + |
| + | + | + | + | ဒုဈာန် | + | + | + | + |
| + | + | + | + | တဈာန် | + | + | + | + |
| + | + | + | + | စဈာန် | + | + | + | + |
| – | – | – | – | ပဥ္စဈာန် | – | – | – | – |

**မဂ်စိတ် (၂၀)** **ဖိုလ်စိတ် (၂၀)**

- ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမဈာန် သောတာပတ္တိမဂ်စိတ် (၁) ပါး စသည်ဖြင့် ရေတွက်ပါ။

လောကုတ္တရာစိတ်အကျယ် ၄၀ = မဂ်စိတ် အကျယ် ၂၀ + ဖိုလ်စိတ် အကျယ် ၂၀

- ► မဂ် ၄-ပါး × ဈာန် ၅-ပါး = မဂ်စိတ်အကျယ် ၂၀
- ► ဖိုလ် ၄-ပါး × ဈာန် ၅-ပါး = ဖိုလ်စိတ်အကျယ် ၂၀

### လောကီ၊ လောကုတ္တရာ ဈာန်စိတ်များ

ပထမဈာန်စိတ်ပေါင်း ၁၁ = လောကီပထမဈာန် ၃ + လောကုတ္တရာပထမဈာန် ၈
ဒုတိယဈာန်စိတ်ပေါင်း ၁၁ = လောကီဒုတိယဈာန် ၃ + လောကုတ္တရာဒုတိယဈာန် ၈
တတိယဈာန်စိတ်ပေါင်း ၁၁ = လောကီတတိယဈာန် ၃ + လောကုတ္တရာတတိယဈာန် ၈
စတုတ္ထဈာန်စိတ်ပေါင်း ၁၁ = လောကီစတုတ္ထဈာန် ၃ + လောကုတ္တရာစတုတ္ထဈာန် ၈
ပဉ္စမဈာန်စိတ်ပေါင်း ၂၃ = လောကီပဉ္စမဈာန် ၁၅ + လောကုတ္တရာပဉ္စမဈာန် ၈

# စိတ် ၈၉/ ၁၂၁ ပါး

+ + − − > − −
+ + − − >
} အကုသိုလ် ၁၂

− − − − ∨ − −
− − − − ∧ − + −
− − +
} အဟိတ် ၁၈

(အကုသိုလ် ၁၂ + အဟိတ် ၁၈) } အသောဘန ၃၀

+ + − −
+ + − −
} မဟာကုသိုလ် ၈

+ + − −
+ + − −
} မဟာဝိပါက် ၈

+ + − −
+ + − −
} မဟာကြိယာ ၈

(မဟာကုသိုလ် ၈ + မဟာဝိပါက် ၈ + မဟာကြိယာ ၈) } ကာမသောဘန ၂၄

(အသောဘန ၃၀ + ကာမသောဘန ၂၄) } ကာမစိတ် ၅၄

+ + +
+ + +
+ + +
+ + +
} ရူပစိတ် ၁၅
− − −

− − −
− − −
− − −
− − −
} အရူပစိတ် ၁၂

ရူပ + အရူပ = မဟဂ္ဂုတ် ၂၇

← လောကီစိတ် ၈၁

+ + + +    + + + +
+ + + +    + + + +
+ + + +    + + + +
+ + + +    + + + +
− − − −    − − − −

လောကုတ္တရာစိတ် ၄၀

## စိတ် ၈၉ / ၁၂၁ ပါးကို ဘေဒ(၅)မျိုးအားဖြင့် ခွဲခြားခြင်း။

### ၁။ ဘူမိဘေဒ (ဘုံ)အားဖြင့်

| | | | |
|---|---|---|---|
| ကာမဘုံ၌ ဖြစ်သောစိတ် | -- | ၅၄ | ပါး |
| ရူပဘုံ၌ ဖြစ်သောစိတ် | -- | ၁၅ | ပါး |
| အရူပဘုံ၌ ဖြစ်သောစိတ် | -- | ၁၂ | ပါး |
| လောကုတ္တရာအဝတ္ထာဘုံ၌ ဖြစ်သောစိတ် | -- | ၄၀ | ပါး |
| ပေါင်း | -- | ၁၂၁ | ပါး |

### ၂။ ဇာတိဘေဒ (ဇာတ်)အားဖြင့်

| | | | | | | | |
|---|---|---|---|---|---|---|---|
| အကုသိုလ်စိတ် | -- | ၁၂ | ပါး | အကုသိုလ်စိတ် | -- | ၁၂ | ပါး |
| ကုသိုလ်စိတ် | -- | ၂၁ | ပါး | ကုသိုလ်စိတ် | -- | ၃၇ | ပါး |
| ဝိပါက် | -- | ၃၆ | ပါး | ဝိပါက် | -- | ၅၂ | ပါး |
| ကြိယာစိတ် | -- | ၂၀ | ပါး | ကြိယာစိတ် | -- | ၂၀ | ပါး |
| (အကျဉ်း) ပေါင်း | -- | ၈၉ | ပါး | (အကျယ်) ပေါင်း | -- | ၁၂၁ | ပါး |

### ၃။ ယောဂဘေဒ အားဖြင့်

- အကုသိုလ် ၁၂ ပါး၌ သမ္ပယုတ်စိတ် (၈) ပါး၊ ဝိပ္ပယုတ်စိတ် (၄) ပါး။
- ကာမသောဘန ၂၄ ပါး၌ သမ္ပယုတ်စိတ် (၁၂) ပါး၊ ဝိပ္ပယုတ်စိတ် (၁၂) ပါး။
- မဟဂ္ဂုတ် နှင့် လောကုတ္တရာစိတ်များသည် ဉာဏ်နှင့် ယှဉ်သောကြောင့် သမ္ပယုတ်စိတ်များသာဖြစ်သည်။
- အဟိတ်စိတ်များသည် ဒိဋ္ဌိ၊ ပဋိဃ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဉာဏ် ဟူသော စေတသိက်အထူးများနှင့် မယှဉ်သောကြောင့် ဝိပ္ပယုတ်စိတ်များသာဖြစ်သည်။

## ၄။ သင်္ခါရဘေဒ အားဖြင့်

- ▶ အကုသိုလ် လောဘမူ + ဒေါသမူ ၌ အသင်္ခါရိက (၅) ပါး၊ သသင်္ခါရိက (၅) ပါး။
- ▶ ကာမသောဘန ၂၄ ပါး ၌ အသင်္ခါရိက (၁၂) ပါး၊ သသင်္ခါရိက (၁၂) ပါး။
- ■ အချို့ဝါဒများ၌.......
- ▶ မောဟမူဒွေး နှင့် အဟိတ်စိတ်တို့ကို အသင်္ခါရိက၊
- ▶ မဟဂ္ဂုတ် နှင့် လောကုတ္တရာစိတ်တို့ကို သသင်္ခါရိက တို့၌ ထည့်သွင်းရေတွက်ကြသည်။

## ၅။ ဝေဒနာဘေဒ အားဖြင့်

| | | | | |
|---|---|---|---|---|
| သောမနဿဝေဒနာ | + | -- | ၆၂ | ပါး |
| ဥပေက္ခာဝေဒနာ | — | -- | ၅၅ | ပါး |
| ဒေါမနဿဝေဒနာ | > | -- | ၂ | ပါး |
| သုခဝေဒနာ | ∧ | -- | ၁ | ပါး |
| ဒုက္ခဝေဒနာ | ∨ | -- | ၁ | ပါး |
| | ပေါင်း | -- | ၁၂၁ | ပါး |

- ▶ လောကုတ္တရာစိတ် အကျဉ်း (၈)ပါးသည် ဝေဒနာအားဖြင့် သုခသဟဂုတ်လည်း ဖြစ်သည်။ ဥပေက္ခာသဟဂုတ်လည်း ဖြစ်သည်။

**စိတ်ပိုင်းပြီး၏။**

# စေတသိက်ပိုင်း

**စေတသိက်** ။ ။ ဧကုပ္ပါဒ စသော လက္ခဏာလေးပါးနှင့် ပြည့်စုံ၍ စိတ်နှင့် ယှဉ်လျက် ဖြစ်ကြသော (၅၂) ပါးသော သဘောတရားတို့ကို စေတသိက်ဟု ခေါ်၏။

## စေတသိက်လက္ခဏာ ၄ ပါး (ဝါ) စေတောယုတ္တလက္ခဏာ ၄ ပါး

၁။ စိတ်နှင့် အတူဖြစ်ခြင်း။ (ဧကုပ္ပါဒ)
၂။ စိတ်နှင့် အတူချုပ်ခြင်း။ (ဧကနိရောဓ)
၃။ စိတ်နှင့် မှီရာတူခြင်း။ (ဧကဝတ္ထုက)
၄။ စိတ်နှင့် အာရုံတူခြင်း။ (ဧကာလမ္ဗဏ)

▶▶ ဆောင် ။ ။ ဖြစ်, ချုပ်, မှီ, အာ၊ တူ လေးဖြာ၊ အင်္ဂါယှဉ် နိမိတ်။
စိတ်၌ မှီတွယ်၊ စိတ် ကိုခြယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်။

## (၁) အညသမာန်းစေတသိက် ၁၃ ပါး

### (က) သဗ္ဗစိတ္တသာဓာရဏ ၇ ပါး

အလုံးစုံသောစိတ်တို့နှင့် ယှဉ်သောစေတသိက်များ ဖြစ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်မည်၏။

၁။ **ဖဿ** = အာရုံကို တွေ့ထိခြင်းသဘော။
(ချဉ်သီးစားသူအား မြင်ခိုက် လျှာရည်တို့ ထွက်လာသကဲ့သို့)

၂။ **ဝေဒနာ** = အာရုံ၏ အရသာကို ခံစားခြင်းသဘော။
(ဘောဇဉ်၏ အရသာကို အပြည့်အဝ ခံစားသော ဘုရင်မင်းကဲ့သို့)

၃။ **သညာ** = အာရုံကို မှတ်သားခြင်းသဘော။
(လက်သမား၏ အမှတ်အသားပြုသကဲ့သို့)

# စေတသိက် ၅၂ ပါး

- ၁။ အညသမာန်း စေတသိက် ၁၃ ပါး
  - (က) သဗ္ဗစိတ္တသာဓာရဏ ၇ = I I I I I I I
  - (ခ) ပကိဏ်း ၆ = I I I I I I
- ၂။ အကုသိုလ် စေတသိက် ၁၄ ပါး
  - သဗ္ဗာကုသလသာဓာရဏ ၄ (မောစတုတ်) = I I I I
  - အကုသိုလ် ပကိဏ်း (၁၀)
    - လောဘတြိ ၃ = I I I
    - ဒေါစတုက် ၄ = I I I I
    - ဆုံးတြိ ၃ = I I I
- ၃။ သောဘန စေတသိက် ၂၅ ပါး
  - သောဘနသာဓာရဏ ၁၉ = ၁၉
  - သောဘန ပကိဏ်း (၆)
    - ဝိရတီ ၃ = I I I
    - အပ္ပမညာ ၂ = I I
    - ပညိန္ဒြေ ၁ = I

၄။ **စေတနာ** = ယှဉ်ဖက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ရန် စေ့ဆော်ခြင်း သဘော။(တပည့်ကြီး၊ လယ်ပိုင်ရှင်ကြီး၊ စစ်ဗိုလ်ချုပ်ကြီး၊ လက်သမားကြီးတို့၏ မိမိနှင့်ဆိုင်ရာအမှုကိစ္စ၌ ကိုယ်တိုင်လည်း ပြုလုပ်၊ အခြားသူတို့ ပြုလုပ်စေရန်လည်း စေ့ဆော်သကဲ့သို့)

၅။ **ဧကဂ္ဂတာ** = အာရုံတစ်ခု၌ တည်ကြည်ခြင်းသဘော။ (လေငြိမ်ရာ၌ ဆီမီးလျှံ၏ တည်ငြိမ်ပုံကဲ့သို့)

၆။ **ဇီဝိတိန္ဒြေ** = ယှဉ်ဖက်တရားတို့ကို စောင့်ရှောက်ခြင်းသဘော။ နာမ်တရားတို့၏အသက် (ကြာစောင့်ရေ၊ နို့ထိန်းသည်၊ လှေလှော်သူတို့၏ စောင့်ရှောက်သကဲ့သို့)

၇။ **မနသိကာရ** = စိတ်၌ အာရုံပေါ်လာအောင် နှလုံးသွင်းခြင်းသဘော။ (ရထားထိန်း၏ မြင်းတို့ကို လိုရာသို့ ဖြောင့်တန်းစွာ သွားစေသကဲ့သို့)

►► ဆောင် ။ ။ ဖသ်, ဝေ, သညဉ်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗ စိတ်တိုင်းဖြစ်။

►► ဝေဒနာနှင့် သညာသည် သမ္ပယုတ်တရားတို့နှင့် မဆိုင်၊ သီခြားခံစားခြင်းနှင့် မှတ်သားခြင်း သဘော ရှိ၏။ (ခန္ဓာဖွဲ့ရာ၌ သီးခြားခန္ဓာဖွဲ့ရသည်ကို ကြည့်ပါ။)

## (ခ) ပကိဏ်းစေတသိက် ၆ ပါး

အချို့သောစိတ်တို့၌သာ ပြိုးပြွမ်းသောအားဖြင့် ယှဉ်တတ်သော စေတသိက်များဖြစ်၍ ပကိဏ်းစေတသိက်မည်၏။

၁။ **ဝိတက်** = ယှဉ်ဖက်တရားတို့ကို အာရုံသို့ တင်ပေးခြင်း(ကြံစည်ခြင်း)သဘော။ (မင်းကျွမ်းဝင်သူသည် ကျေးတောသားအား မင်း၏အိမ်သို့ ခစားဝင်ရောက်နိုင်ရန် ပို့ဆောင်ပေးသကဲ့သို့၊
အစဦးစွာ မြည်သော ခေါင်းလောင်းကြေးစည်သံ ကဲ့သို့၊
ကောင်းကင်သို့ ပျံတက်လိုသော ငှက်၏ တောင်ပံခတ် သကဲ့သို့၊
ပဒုမ္မာကြာဆီသို့ ထိုးဆင်းလာသော ပျားပိတုန်းကဲ့သို့)

၂။ **ဝိစာရ** = အာရုံကို သုံးသပ်ခြင်း (ထပ်၍၊ ထပ်၍) ယူခြင်းသဘော။ (ကြေးညည်းသံကဲ့သို့၊ ကောင်းကင်၌ ငှက်၏ တောင်ပံ ဖြန့်တန်းကာ ဝဲပျံနေသကဲ့သို့၊ ကြာ၌ ရစ်ဝဲနေသော ပျားပိတုန်းကဲ့သို့)

၃။ **အဓိမောက္ခ** = အာရုံကို ဆုံးဖြတ်ချက်ချခြင်း သဘော။
(နိုင်မာသော တံခါးတိုင်၊ ကျောက်စာတိုင်ကဲ့သို့)

၄။ **ဝီရိယ** = သမ္ပယုတ်တရားတို့ကို ထောက်ပံ့နိုင်စေခြင်း (အားထုတ်ခြင်း)သဘော။
(အိမ်အိုကြီးကို မပြိုလဲအောင် ထောက်ကန်ထားသော ကျားကဲ့သို့)

၅။ **ပီတိ** = အာရုံကို နှစ်သက်ခြင်းသဘော။
(တောလမ်းခရီး၌ ပမ်းနေသူ၏ တောစခန်းတွင် ရေကို မြင်ရသကဲ့သို့)

၆။ **ဆန္ဒ** = အာရုံကို လိုလားတောင့်တခြင်း သဘော။
(ပစ်အပ်သောမြားကို ကောက်ယူလိုသော လေးသမားကဲ့သို့)

▸▸ ဆောင် ။ ။ တက်. စာ. ဝီ. ပီ၊ ဆန်. အဓိ၊ ပွမ်းဘိ ပကိဏ်းခြောက်။

**အညသမာန်း** ။ ။ သောဘနစိတ်တို့၌လည်းကောင်း၊ အသောဘနစိတ်တို့၌လည်းကောင်း၊ နှစ်ဖက်လုံး၌ ယှဉ်နိုင်သောကြောင့် အညသမာန်း မည်၏။
(အည = တစ်ပါးသော တရားတို့နှင့် ၊ သမာန = သဘောတူသော စေတသိက်များ)

▸▸ ဆောင် ။ ။ ကောင်းဆိုးနှစ်တန်၊ ခတ်တိုင်းငန်၊ သမာန်အည၊ တေရသ။

## (၂) အကုသိုလ်စေတသိက် ၁၄ ပါး

အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်ကြသောကြောင့် အကုသိုလ်စေတသိက်မည်၏။

၁။ **မောဟ** = အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်ခြင်းသဘော။
(အင်္ဂါလေးပါးရှိသော အမိုက်မှောင်ကဲ့သို့)

၂။ **အဟိရိက** = မကောင်းမှု ဒုစရိုက်မှ မရှက်ခြင်းသဘော။
(ရွာဝက်၏ မစင်ကို မစက်ဆုပ်သကဲ့သို့)

၃။ **အနောတ္တပ္ပ** = မကောင်းမှု ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။
(ပိုးဖလံ၏ မီးကို မကြောက်လန့်သကဲ့သို့)

၄။ **ဥဒ္ဓစ္စ** = ပျံ့လွင့်ခြင်းသဘော။
(ကျောက်ခဲပစ်ချမှုကြောင့် ပြာများအထက်သို့လွင့်သကဲ့သို့၊
လှိုင်းကြက်ခွပ်၊ တံခွန် ကုက္ကားတို့ကဲ့သို့)

၅။ **လောဘ** = လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်ကပ်ငြိ တပ်မက်ခြင်းသဘော။
(မျောက်နဲ့စေး၏ ကပ်ငြိသကဲ့သို့)

၆။ **ဒိဋ္ဌိ** = မှားမှားယွင်းယွင်း သိမြင်ခြင်း၊ (အယူမှားခြင်း) သဘော။
(မျက်စိလည် လမ်းမှားသူကဲ့သို့)

၇။ **မာန** = ထောင်လွှား တက်ကြွခြင်းသဘော။
(အထက်၌သာ ဝင့်ကြွားလိုသော တံခွန်၊ မှန်ကင်းတို့ကဲ့သို့)

၈။ **ဒေါသ** = ခက်ထန်ကြမ်းတမ်းခြင်းသဘော။ (တုတ်ဖြင့် ပုတ်ခတ်ခံရသော မြွေပွေး မြွေဟောက်တို့ကဲ့သို့၊ မိုရာတောကိုပါ လောင်ကျွမ်းစေသော တောမီးကဲ့သို့)

၉။ **ဣဿာ** = သူတစ်ပါး၏ ဂုဏ်သိရ် စည်းစိမ်ချမ်းသာကို ငြူစူစောင်းမြောင်း မနာလိုခြင်းသဘော။ (မီးလျှံကဲ့သို့)

၁၀။ **မစ္ဆရိယ** = ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်းသဘော။
(ခါးစပ်သော အရသာသည် စားသူကို နောက်တွန့်စေသကဲ့သို့)

၁၁။ **ကုက္ကုစ္စ** = ဒုစရိုက်ကို ပြုမိပြီး၍လည်းကောင်း၊ သုစရိုက်ကို မပြုမိခဲ့၍လည်းကောင်း နောင်တ တစ်ဖန် ပူပန်ခြင်းသဘော။
(တာဝန်မကျေသော ကျွန်၏ ပူပန်သကဲ့သို့)

၁၂။ **ထိန** = စိတ်၏ ထိုင်းမှိုင်းခြင်းသဘော။
(နေထိသော ကြာ ကဲ့သို့၊ ဝီရိယမဲ့သည့် ပျင်းရိနေသူကဲ့သို့)

၁၃။ **မိဒ္ဓ** = စေတသိက်၏ ထိုင်းမှိုင်းခြင်းသဘော။
(မီးထိသော ကြာ ကဲ့သို့၊ အားအင်ချိနဲ့သည့် လူမမာကဲ့သို့)

၁၄။ **ဝိစိကိစ္ဆာ** = ဘုရား၊ တရားစသည်များ၌ ယုံမှား သံသယ ဖြစ်ခြင်းသဘော။
(လမ်းနှစ်ခွ၌ ရောက်နေသူကဲ့သို့)

▸▸ ဆောင် ။ ။ မော, ဟိ, နောတ်, ဥဒ် --- **မောစတုက်**။
လော, မာန်, ဒိဋ္ဌိ --- **လောတို**။
ဒေါ, ဣဿ်, မစ်, ကုက် --- **ဒေါစတုက်**။
ထိ, မိဒ်, ဝိစိ --- **ဆုံးတို**။
ယုတ်မာ ညစ်ကြေး၊ မိုက်မဲမှေး၊ ဆယ့်လေး အကုသိုလ်။

## သဗ္ဗာကုသလသာဓာရဏ (သဗ္ဗ + အကုသလသာဓာရဏ)

**မောစတုက် (၄)** ပါးသည် အလုံးစုံသော အကုသိုလ်စိတ်၌ ယှဉ်သောကြောင့် သဗ္ဗာကုသလသာဓာရဏ မည်၏။

**ပပဥ္စတရား** ။ ။ **လောဘ၊ ဒိဋ္ဌိ၊ မာန** ဟူသော တရားတို့ကား သံသရာကို ချဲ့တတ်သော ကြောင့် ပပဥ္စတရား မည်၏။

## လောဘနှင့် ဆန္ဒ အထူး

အစေးဖြင့် ကပ်သကဲ့သို့ အာရုံ၌ ငြိကပ်တွယ်တာခြင်းသဘောပါသော လိုချင်မှုသည် လောဘတည်း။ ငြိကပ်တွယ်တာခြင်း မရှိဘဲ အာရုံတစ်ခုကို ရလိုရုံမျှသည် ဆန္ဒတည်း။

▶ ငြိကပ်တွယ်တာ၊ အစေးပါ၍၊ ဆိုင်ရာအာရုံ၊ စုံစုံမက်မက်၊ နှစ်သက်တောင့်တ၊ လိုချင်က လောဘ သဘောတည်း။

▶ ငြိကပ်တွယ်တာ၊ စေးမပါဘဲ၊ ဆိုင်ရာအာရုံ၊ ပြုလိုရုံမျှ၊ လိုချင်က၊ ဆန္ဒ သဘောတည်း။

## (၃) သောဘနစေတသိက် ၂၅ ပါး

အပြစ်မရှိ တင့်တယ်သောကြောင့်လည်းကောင်း၊ သောဘနစိတ်တို့၌သာ ထိုက်သင့် သလို ယှဉ်ကြသောကြောင့်လည်းကောင်း သောဘနစေတသိက်မည်၏။

## (က) သောဘနသာဓာရဏစေတသိက် ၁၉ ပါး

သောဘနစိတ် ၅၉ ပါးလုံး၌ ယှဉ်သောကြောင့် သောဘနသာဓာရဏမည်၏။

၁။ **သဒ္ဓါ** = ရတနာသုံးပါးနှင့် ကံ၊ ကံ၏ အကျိုး စသည်ကို ကြည်ညိုမှု၊ ယုံကြည်မှု။ (နောက်သောရေကို ကြည်စေသော စကြာဝတေးမင်း၏ ပတ္တမြား ရတနာ ကဲ့သို့)

၂။ **သတိ** = ဘုရား၊ တရားစသော ကုသိုလ်နှင့်ဆိုင်ရာကိုအမှတ်ရမှု။ (မမေ့လျော့မှု) (မြို့တံခါးကို စောင့်သော တံခါးမှူး၏ မမေ့ မလျော့သကဲ့သို့)

၃။ **ဟိရီ** = မကောင်းမှု ဒုစရိုက်မှ ရှက်မှု။ (မိမိ၏သီလ,ဂုဏ်စသည်ကိုလေးစားသောအမျိုးကောင်းသမီးကဲ့သို့)

၄။ **ဩတ္တပ္ပ** = မကောင်းမှု ဒုစရိုက်မှ ကြောက်လန့်မှု။
(သူတစ်ပါးတို့အား လေးစားသောအားဖြင့် မကောင်းမှု ပြုလုပ်ရန် ကြောက်လန့်သောသူကဲ့သို့)

၅။ **အလောဘ** = လောကီအာရုံ၊ ကာမဂုဏ်ကို မလိုချင်မှု၊ မစုံမက်မှု။
(ရဟန္တာပုဂ္ဂိုလ်၏ ကပ်ငြိမှု ကင်းသကဲ့သို့)

၆။ **အဒေါသ** = မခက်ထန်၊ မကြမ်းတမ်းမှု။ (**မေတ္တာ** လည်းမည်၏)
(အကျိုးလိုလားသော မိတ်ဆွေကောင်းကဲ့သို့၊ ကြည်လင်အေးမြစေသော လဝန်းကဲ့သို့)

၇။ **တတြမဇ္ဈတ္တတာ** = စိတ်၊ စေတသိက်တို့ကို မိမိတို့ ကိစ္စမှ အပိုအလွန် မရှိစေရအောင် အလယ်အလတ်၌ တည့်မတ်မှု၊ လျစ်လျူရှုမှု။
(မြင်းနှစ်ကောင်ကသော ရထားကို မောင်းသည့် ရထားထိန်း၏ အညီအမျှ သွားနေသော မြင်းနှစ်ကောင်၌ ဗျာပါရမပြုပဲ သင့်တော်သော အားဖြင့် ရှုနေသကဲ့သို့)

၈။ **ကာယပဿဒ္ဓိ** = စေတသိက်အပေါင်း၏ ငြိမ်းအေးမှု။

၉။ **စိတ္တပဿဒ္ဓိ** = စိတ်၏ ငြိမ်းအေးမှု။
(အေးမြသော စမ်းရေ၌ ချအပ်သော ငါးကဲ့သို့)

၁၀။ **ကာယလဟုတာ** = စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးမှု။

၁၁။ **စိတ္တလဟုတာ** = စိတ်၏ လျင်မြန်ပေါ့ပါးမှု။
(လေ၌လွင့်သော ဝါဂွမ်းကဲ့သို့)

၁၂။ **ကာယမုဒုတာ** = စေတသိက်အပေါင်း၏ နူးညံ့မှု။

၁၃။ **စိတ္တမုဒုတာ** = စိတ်၏ နူးညံ့မှု။
(အညစ်အကြေးမှန်သမျှ ကုန်စင်အောင်ဦးပြီးသော ရွှေစင်ကဲ့သို့)

၁၄။ **ကာယကမ္မညတာ** = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားမှု။

၁၅။ **စိတ္တကမ္မညတာ** = စိတ်၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားမှု။
(မပျော့မမာ လော်ပြီး ဦးပြီးသော ရွှေ၏ လက်ဝတ်တန်ဆာ လုပ်ရာ၌ ကောင်းမွန်ခံ့ညားသကဲ့သို့)

၁၆။ **ကာယပါဂုညတာ** = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာမှု။
၁၇။ **စိတ္တပါဂုညတာ** = စိတ်၏ ပြွမ်းတီးလေ့လာမှု။ (ကျွန်းမာခြင်း)
(နက်သောရေ၌ ချအပ်သော မိကျောင်းကဲ့သို့)
၁၈။ **ကာယုဇုကတာ** = စေတသိက်အပေါင်း၏ ဖြောင့်မတ်မှု။
၁၉။ **စိတ္တုဇုကတာ** = စိတ်၏ ဖြောင့်မတ်မှု။
(လေးသည်ကျော် ပစ်အပ်သော မြားကဲ့သို့)

▶▶ ဆောင် ။ ။ သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တတာ။
ပဿဒ္ဓိ, လဟု၊ မုဒု, ကမ္မည်၊ ပါဂုညဉ်နှင့်၊ ထို့ပြင် ဥဇုကာ၊ ခြောက်ဝမ္မ၊
ကာယ, စိတ်နှင့်နှော။

## (ခ) ဝိရတီစေတသိက် ၃ ပါး

မကောင်းမှု ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းကို ဝိရတီဟု ခေါ်၏။

၁။ **သမ္မာဝါစာ** = အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်မှု။
(ရဲရဲတောက်နေသော သံတွေခဲကို မကိုင်ဝံ့သကဲ့သို့)
၂။ **သမ္မာကမ္မန္တ** = အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်မှု။
(မစင်လူးနေသော သံတွေခဲကို မကိုင်ဝံ့သကဲ့သို့)
၃။ **သမ္မာအာဇီဝ** = အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါး တို့မှ ရှောင်ကြဉ်မှု။
(အဆိပ်သီးကို မစားဝံ့သကဲ့သို့)

## (ဂ) အပ္ပမညာ ၂ ပါး

ဤ၌ ဤမျှဟု အတိုင်းအရှည် ပမာဏမထားဘဲ၊ သတ္တဝါပညတ်၌ဖြစ်သော (အာရုံပြုသော) တရားကို "အပ္ပမညာ" ဟုခေါ်၏။

၁။ **ကရုဏာ** = ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု။
(အနာရောဂါရောက်သော သားအား မြင်ရသော မိဘတို့၏
သောကမဖက်သော သနားခြင်းကဲ့သို့)

၂။ **မုဒိတာ** = သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှု။
(အရွယ်အဆင်းနှင့် ပြည့်စုံသော သားသမီးအား မြင်ရသော မိဘ
တို့၏ ဝမ်းမြောက်မှုကဲ့သို့)

## (ဃ) ပညိန္ဒြေ

အနိစ္စစသော အစွမ်းအားဖြင့် ထိုးထွင်း၍ သိပြီး၊ ထိုသို့သိခြင်း၌ အစိုးရခြင်း လက္ခဏာ ရှိသောကြောင့် ပညိန္ဒြေ မည်၏။ (အမိုက်မှောင်ကို ပယ်ခွင်းနိုင်သော ဆီမီးတန်ဆောင်ကဲ့သို့)

**ပညာ၏ အမည်များ** -- အသိ. အလိမ္မာ၊ ဉာဏ်. ပညာ၊ ဝိဇ္ဇာ. အမောဟ။

## သညာ၊ ဝိညာဏ် နှင့် ပညာတို့အထူး

၁။ သူငယ် လက်သမား၊ မှတ်မိလားသို့၊ အများလည်းရှိ၊ အမှန်ရှိ၍၊
မှတ်မိရုံသာ၊ သိသည်မှာလျှင်၊ သညာတွင်၏။ (သဉ္ဇာနာန)
►**သညာသိ** သည် ရွှေကို ကလေးသူငယ်တို့ သိသကဲ့သို့ မြင်ရသော အညို၊ အရွှေစသော အဆင်းမျှကိုသာ သိပြီး အနိစ္စ စသော အခြင်းအရာတိုင်အောင်ကား မသိနိုင်ပေ။

၂။ ဝိညာဏတုံ၊ စိတ်သိပုံကား၊ အာရုံယူမှု၊ ရအောင်ပြု၏။ (ဝိဇာနာန)
►**ဝိညာဏ်သိ** သည် ရွှေကို လူကြီးများသိသကဲ့သို့ အဆင်းနှင့်တကွ အနိစ္စစသော အခြင်းအရာ တိုင်အောင် သိ၏။ သို့သော် တိုးတက်အားထုတ်၍ မဂ်ဖိုလ်ရအောင်ကား မစွမ်းနိုင်ပေ။

၃။ အစဉ်ပိုင်နင်း၊ ထိုးထိုးထွင်းလျက်၊ ရှင်းလင်းသေချာ၊ သိပညာတည်း။ (ပဇာနာန)
►**ပညာသိ** သည် ရွှေကို ပန်းထိမ်သည် သိသကဲ့သို့ အာရုံ၏အဆင်း၊ အနိစ္စစသော အခြင်းအရာ နှင့် မဂ်ဖိုလ်ပေါ်လာသည့်တိုင်အောင် အလုံးစုံ သိနိုင်ပေသည်။

## သမ္ပယောဂနည်း (အကျဉ်း ၄-နည်း၊ အကျယ် ၁၆-နည်း)

စေတသိက်ကို မှတည်၍ စိတ်ပေါင်းမည်မျှနှင့် ယှဉ်နိုင်သည်ကို ပြဆိုသော နည်း ဖြစ်သည်။

| အကျဉ်း ၄ နည်း | အကျယ် ၁၆ နည်း | စေတသိက်များ | ယှဉ်နိုင်သောစိတ် |
|---|---|---|---|
| ၁။ သဗ္ဗစိတ္တနည်း -- | ၁ နည်း | I I I I I I I | = အလုံးစုံစိတ် ၈၉/ ၁၂၁ |
| ၂။ ပကိဏ္ဏကနည်း | ၁ -- | (မယှဉ်) ၆၆ I ၅၅ (ယှဉ်) | |
| | ၁ -- | ၅၅ I ၆၆ | |
| | ၁ -- | ၁၁ I ၇၈ | |
| | ၁ -- | ၁၆ I ၇၃ | |
| | ၁ -- | ၇၀ I ၅၁ | |
| | ၁ -- | ၂၀ I ၆၉ | |
| ၃။ အကုသိုလ်နည်း | ၁ -- | I I I I | = အကုသိုလ် ၁၂ |
| | ၁ -- | I | = လောဘမူ ၈ |
| | | I | = လောဘမူ ဒိဋ္ဌိသမ် ၄ |
| | | I | = လောဘမူ ဒိဋ္ဌိဝိပ် ၄ |
| | ၁ -- | I I I I | = ဒေါသမူ ၂ |
| | ၁ -- | I I | = အကုသိုလ်သသင်္ခါ ၅ |
| | ၁ -- | I | = ဝိစိကိစ္ဆာ ၁ |
| ၄။ သောဘနနည်း | ၁ -- | ၁၉ | = သောဘနစိတ် ၅၉/၉၁ |
| | ၁ -- | I I I | = မဟာကု ၈၊ လောကုတ် ၈ |
| | ၁ -- | I I | = မဟာကု ၈၊ မဟာကြိ ၈ ရူပ + ၁၂ |
| | ၁ -- | I | = တိဟိတ်စိတ် ၄၇ |

## ၁။ သဗ္ဗစိတ္တသာဓာရဏ သမ္ပယောဂနည်း

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးသည် အလုံးစုံသော စိတ် (၈၉/၁၂၁) ပါးတို့နှင့် ယှဉ်ပါသည်။

## ၂။ ပကိဏ်ဏက သမ္ပယောဂနည်း (၆)နည်း

| ဝိတက် | ယှဉ်စိတ် | | မယှဉ်စိတ် |
|---|---|---|---|
| ဒွေးပဉ္စဝိညာဏ်ကြဉ် ကာမစိတ် | ၄၄ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| ပထမဈာန် | ၁၁ | ဒုတိယဈာန် | ၁၁ |
| | | တတိယဈာန် | ၁၁ |
| | | စတုတ္ထဈာန် | ၁၁ |
| | | ပဉ္စမဈာန် | ၂၃ |
| | ၅၅ | | ၆၆ |

| ဝိစာရ | ယှဉ်စိတ် | | မယှဉ်စိတ် |
|---|---|---|---|
| ဒွေးပဉ္စဝိညာဏ်ကြဉ် ကာမစိတ် | ၄၄ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| ပထမဈာန် | ၁၁ | တတိယဈာန် | ၁၁ |
| ဒုတိယဈာန် | ၁၁ | စတုတ္ထဈာန် | ၁၁ |
| | | ပဉ္စမဈာန် | ၂၃ |
| | ၆၆ | | ၅၅ |

| အဓိမောက္ခ | ယှဉ်စိတ် | | မယှဉ်စိတ် |
|---|---|---|---|
| ဒွေးပဉ္စဝိညာဏ်၊ ဝိစိကြဉ်ကာမစိတ် | ၄၃ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| မဟဂ္ဂုတ် | ၂၇ | ဝိစိကိစ္ဆာ | ၁ |
| လောကုတ္တရာ | ၈ | | |
| | ၇၈ | | ၁၁ |

| **ဝီရိယ** ယှဉ်စိတ် | | မယှဉ်စိတ် | |
|---|---|---|---|
| အကုသိုလ် | ၁၂ | မနောဒွါရာဝဇ္ဇန်း + ဟသိတုပ္ပါဒ် ကြဉ် အဟိတ်စိတ် (ပ + ၁၀ + သံ + ဏ) | ၁၆ |
| မနောဒွါရာဝဇ္ဇန်း + ဟသိတုပ္ပါဒ် | ၂ | | |
| ကာမသောဘန | ၂၄ | | |
| မဟဂ္ဂုတ် + လောကုတ္တရာ | ၃၅ | | |
| | ၇၃ | | ၁၆ |

| **ပီတိ** ယှဉ်စိတ် | | မယှဉ်စိတ် | |
|---|---|---|---|
| ကာမသောမနဿ | ၁၈ | ဥပေက္ခာစိတ်ပေါင်း | ၅၅ |
| ပဌမဈာန် | ၁၁ | ဒေါသမူဒွေး | ၂ |
| ဒုတိယဈာန် | ၁၁ | ကာယဝိညာဏ်ဒွေး | ၂ |
| တတိယဈာန် | ၁၁ | စတုတ္ထဈာန် | ၁၁ |
| | ၅၁ | | ၇၀ |

| **ဆန္ဒ** ယှဉ်စိတ် | | မယှဉ်စိတ် | |
|---|---|---|---|
| မောဟမူဒွေးကြဉ် အကုသိုလ် | ၁၀ | မောဟမူဒွေး | ၂ |
| ကာမသောဘန | ၂၄ | အဟိတ်စိတ် | ၁၈ |
| မဟဂ္ဂုတ် + လောကုတ္တရာ | ၃၅ | | |
| | ၆၉ | | ၂၀ |

## ၃။ အကုသိုလ်စေတသိက် သမ္ပယောဂနည်း (၅) နည်း

အကုသိုလ်စေတသိက်တို့သည် အကုသိုလ်စိတ် (၁၂) ပါးတို့၌သာ ထိုက်သင့်သလို ယှဉ်ကြပါသည်။

| | | | |
|---|---|---|---|
| (၁) သဗ္ဗာကုသလသာဓာရဏ(မောစတုက်)သည် | အကုသိုလ်စိတ် | ၁၂ ပါး | နှင့်ယှဉ်၏။ |
| (၂) လောဘ ။ | လောဘမူစိတ် | ၈ ပါး | နှင့်ယှဉ်၏။ |
| ဒိဋ္ဌိ ။ | ဒိဋ္ဌိဂတသမ္ပယုတ် | ၄ ပါး | နှင့်ယှဉ်၏။ |
| မာန ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | ၄ ပါး | နှင့်ယှဉ်၏။ |
| (၃) ဒေါသစတုက် ။ | ဒေါသမူဒွေး | ၂ ပါး | နှင့်ယှဉ်၏။ |
| (၄) ထိန၊ မိဒ္ဓ ။ | အကုသိုလ်သသင်္ခါရိက | ၅ ပါး | နှင့်ယှဉ်၏။ |
| (၅) ဝိစိကိစ္ဆာ ။ | ဝိစိကိစ္ဆာစိတ် | ၁ ပါး | နှင့်ယှဉ်၏။ |

## ၄။ သောဘနစေတသိက် သမ္ပယောဂနည်း (၄) နည်း

သောဘနစေတသိက်တို့သည် သောဘနစိတ် (၅၉) ပါးတို့၌သာ ထိုက်သင့်သလို ယှဉ်ကြပါသည်။

(၁) **သောဘနသာဓာရဏ ၁၉ ပါး**သည် သောဘနစိတ် ၅၉/၉၁ ပါးလုံးနှင့် ယှဉ်၏။

(၂) **ဝိရတီ ၃ ပါး**သည် လောကုတ္တရာစိတ် ၈ ပါး၌ ဒုစရိုက်၊ ဒုရာဇီဝတို့ကို ပယ်ခြင်း၏ အစွမ်းအားဖြင့် အမြဲတစ်ပေါင်းတည်းယှဉ်၍ မဟာကုသိုလ်စိတ် ၈ ပါး၌မူ ရံခါသာ အသီးသီး တစ်ပါးစီ ယှဉ်၏။ ပေါင်း (၁၆) ပါးသောစိတ်တို့နှင့် ယှဉ်၏။

(၃) **အပ္ပမညာ ၂ ပါး** သည် မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈၊ ရူပါဝစရသောမနဿ စိတ် ၁၂၊ ပေါင်း (၂၈) ပါးသောစိတ်တို့နှင့် ယှဉ်၏။
(ယှဉ်ရာ၌လည်း ရံခါသာ အသီးသီးတစ်ပါးစီ ယှဉ်ကြ၏။)
ကေစိဝါဒအရ မဟာကုသိုလ် နှင့် မဟာကြိယာတို့မှ ဥပေက္ခာသဟဂုတ်စိတ်များ၌ အပ္ပမညာဒွေး မယှဉ်နိုင်ဟု ဆိုကြသည်။

(၄) **ပညိန္ဒြေ** သည် ကာမာဝစရဉာဏသမ္ပယုတ် ၁၂၊ မဟဂ္ဂုတ် ၂၇၊ လောကုတ္တရာ ၈ ပေါင်း (၄၇) ပါးသော စိတ်တို့နှင့် ယှဉ်၏။

## အနိယတယောဂီ စေတသိက် ၁၁ ပါး

မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ ရံခါသာ ယှဉ်နိုင်သော ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ ၃၊ အပ္ပမညာဒွေး၊ ထိန, မိဒ္ဓ၊ မာန ဟူသော စေတသိက် ၁၁ ပါးတို့သည် **အနိယတယောဂီ** စေတသိက် မည်ကြ၏။ ကြွင်းသော စေတသိက် ၄၁ ပါးကား မိမိ၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်လျက်ရှိသောကြောင့် **နိယတယောဂီ** စေတသိက်မည်ကြ၏။

## အနိယတယောဂီ စေတသိက် ၁၁ ပါးတို့၏ ရံခါသာ ယှဉ်ပုံများ

**ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ** တို့သည် ၎င်းတို့၏ယှဉ်ဖက်စိတ်ဖြစ်သော ဒေါသမူစိတ်ဖြစ်တိုင်း ယှဉ်ခြင်းမဟုတ်ပါ။ ၎င်းဒေါသစိတ်တို့တွင် ဣဿာသည် သူတစ်ပါးစည်းစိမ်ချမ်းသာစသည်ကို ငြူစူခိုက်သာ ယှဉ်၏။ မစ္ဆရိယ သည် မိမိစည်းစိမ်ချမ်းသာ စသည်ကိုဝန်တိုမှယှဉ်၏။ ကုက္ကုစ္စ ကား ပြုပြီးသော ဒုစရိုက်၊ မပြုမိလိုက်သော သုစရိုက်တို့ကို အာရုံပြု၍ ဝိပ္ပဋိသာရ (စိတ်နှလုံး မသာမယာ) ဖြစ်မှ ယှဉ်ပေသည်။ သာမာန်ဒေါသစိတ်များ၌မူ မယှဉ်ကြပါ။

ဤကား ရံခါသာ (ကဒါစိ) ယှဉ်ပုံတည်း။ ထိုသို့ယှဉ်ရာ၌လည်း ၃ ပါးစုံ ပြိုင်မယှဉ်မူ၍ တစ်ပါးယှဉ်ခိုက် ကျန်နှစ်ပါး မယှဉ်ဘဲ သီးခြားစီသာ ယှဉ်ကြ၏။ ဤကား အသီးသီး (နာနာ) ယှဉ်ပုံတည်း။ (နာနာကဒါစိ)

**ဝိရတီ ၃ ပါး**သည်လည်း မဟာကုသိုလ်စိတ် ၈ ပါး၌ အယှဉ်မမြဲပါ။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ ဒုရာဇီဝ (ဒု = မကောင်းသော + အာဇီဝ = အသက်မွေးမှု) တို့မှ ရှောင်ကြဉ်ခိုက်သာ ယှဉ်၍ ဘုရားဖူး၊ တရားနာ စသော မဟာကုသိုလ်စိတ်များ၌ကား ရှောင်ကြဉ်စရာ ဒုစရိုက် မရှိသောကြောင့် ဝိရတီတို့ မယှဉ်ကြပေ။ ထိုသို့ ရံခါသာ ယှဉ်ရာ၌လည်း ၃ ပါးစုံ မယှဉ်မူ၍ သီးခြား သီးခြား တစ်ပါးစီသာ ယှဉ်ကြ၏။ (နာနာကဒါစိ)

**အပ္ပမညာဒွေး**လည်း ယှဉ်ဖက်စိတ်များ၌ အယှဉ်မမြဲပါ။ သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု၊ ဝမ်းမြောက်မှု ဖြစ်ခိုက်သာ ယှဉ်၏။ ဤ၌လည်း သီးခြား တစ်ပါးစီသာ ယှဉ်ကြ၏။ (နာနာကဒါစိ)

**ထိန၊ မိဒ္ဓ** ကား အကုသိုလ် သသင်္ခါရိကစိတ် ၅ ပါးတို့၌ စိတ်၊ စေတသိက်တို့ ပျင်းရိ ထိုင်းမှိုင်းမှသာ ယှဉ်၏။ မပျင်းရိ၊ မထိုင်းမှိုင်းလျှင် မယှဉ်ပေ။ ထိုသို့ယှဉ်ရာ၌မူ (သဟ) အမြဲတစ်ပေါင်းတည်းသာ အတူတကွ ယှဉ်ကြ၏။ (သဟကဒါစိ)

**မာန** သည်လည်း လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ပါး၌ ထောင်လွှားတက်ကြွမှု သဘောပါမှ ယှဉ်ပေသည်။ ဤကား ရံခါသာ ယှဉ်ပုံတည်း။ (ကဒါစိ)

▶▶ ဆောင်။ ။ မာ. ဣဿ. မစ်. ကု၊ ထိ. မိဒ် စု၊ သုံးခု ဝိရတီ။
နစ်ခု ပ မညာ၊ ဆယ့်တစ်ဖြာ၊ ရံခါ ယှဉ်ကြဘိ။
အာရုံ မတူ၊ ကွဲကြမူ၊ အတူ မဖြစ်ဘိ။

## သင်္ဂဟနည်း (အကျဉ်း ၅-နည်း၊ အကျယ် ၃၃-နည်း)

စိတ်ကို မူတည်၍ စေတသိက်ပေါင်းမည်မျှနှင့် ယှဉ်နိုင်သည်ကို ပြဆိုသော နည်းဖြစ်သည်။

### (၁) အကုသိုလ်စိတ် သင်္ဂဟနည်း ၇ ပါး

| အကုသိုလ် စိတ် | အညသမာန်းစေတသိက်များ | | အကုသိုလ်စေတသိက်များ | | | | ပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | အညသမာန်း | ၁၃ | မော ၄ | လောဘ | ဒိဋ္ဌိ | | ၁၉ |
| ၂ | ။ | ၁၃ | ၄ | လောဘ | ဒိဋ္ဌိ | ထိနမိဒ္ဓ | ၂၁ |
| ၃ | ။ | ၁၃ | ၄ | လောဘ | မာန | | ၁၉ |
| ၄ | ။ | ၁၃ | ၄ | လောဘ | မာန | ထိနမိဒ္ဓ | ၂၁ |
| ၅ | (ပီတိ ကြဉ်) ။ | ၁၂ | ၄ | လောဘ | ဒိဋ္ဌိ | | ၁၈ |
| ၆ | ။ ။ | ၁၂ | ၄ | လောဘ | ဒိဋ္ဌိ | ထိနမိဒ္ဓ | ၂၀ |
| ၇ | ။ ။ | ၁၂ | ၄ | လောဘ | မာန | | ၁၈ |
| ၈ | ။ ။ | ၁၂ | ၄ | လောဘ | မာန | ထိနမိဒ္ဓ | ၂၀ |
| ၉ | ။ ။ | ၁၂ | ၄ | ဒေါ ၄ | | | ၂၀ |
| ၁၀ | ။ ။ | ၁၂ | ၄ | ဒေါ ၄ | | ထိနမိဒ္ဓ | ၂၂ |
| ၁၁ | (ဆန္ဒ.ပီတိ.အဓိကြဉ်)။ | ၁၀ | ၄ | ဝိစိကိစ္ဆာ | | | ၁၅ |
| ၁၂ | (ဆန္ဒ.ပီတိကြဉ်) ။ | ၁၁ | ၄ | | | | ၁၅ |

| သင်္ဂဟနည်း အကျဉ်း ၅ နည်း | အကျယ် ၃၃ နည်း | စိတ်တို့၌ စေတသိက်များယှဉ်ကြပုံ |
|---|---|---|
| ၁။ **အကုသိုလ်စိတ်** (၁၉, ၂၁, ၁၈, ၂၀, ၂၀, ၂၂, ၁၅) | ၇ နည်း | ၁၉ ၁၉ ၁၈ ၁၈ ၂၀ ၁၅ ၁၅<br>+ + − − > − −<br>၂၁ ၂၁ ၂၀ ၂၀ ၂၂<br>+ + − − > |
| ၂။ **အဟိတ်စိတ်** (၇, ၁၀, ၁၁, ၁၂) | ၄ နည်း | ၇ ၇ ၇ ၇ ၇ ၁၀ ၁၀<br>− − − − ∨ − −<br>၇ ၇ ၇ ၇ ၇ ၁၀ ၁၁ ၁၀<br>− − − − ∧ − + −<br>၁၀ ၁၁ ၁၂<br>− − + |
| ၃။ **ကာမသောဘနစိတ်** | ၁၂ နည်း | + + − −<br>၃၈ ၃၇ ၃၇ ၃၆<br>+ + − −<br><br>+ + − −<br>၃၃ ၃၂ ၃၂ ၃၁<br>+ + − −<br><br>+ + − −<br>၃၅ ၃၄ ၃၄ ၃၃<br>+ + − − |
| ၄။ **မဟဂ္ဂုတ်စိတ်** | ၅ နည်း | + + + ၃၅<br>+ + + ၃၄<br>+ + + ၃၃<br>+ + + ၃၂<br>− − − ၃၀ − − −<br>− − −<br>− − −<br>− − − |
| ၅။ **လောကုတ္တရာစိတ်** | ၅ နည်း | + + + + ၃၆ + + + +<br>+ + + + ၃၅ + + + +<br>+ + + + ၃၄ + + + +<br>+ + + + ၃၃ + + + +<br>− − − − ၃၃ − − − − |

## အကုသလယောဂီ စေတသိက် (၁၄) ပါး

ဆန္ဒ၊ ပီတိ၊ အဓိမောက္ခ တို့ကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါးနှင့် မောစတုက် ၄ ပါး၊ ပေါင်း (၁၄)ပါးသော စေတသိက်တို့သည် အကုသိုလ်စိတ်တိုင်း၌ ယှဉ်သောကြောင့် **အကုသလယောဂီ** (ဝါ) **သဗ္ဗာကုသလယောဂီ** စေတသိက်မည်ကြ၏။

## (၂) အဟိတ်စိတ် သင်္ဂဟနည်း ၄ ပါး

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ဒွေးပဉ္စဝိညာဏ် | ၁၀ | ၌ | သဗ္ဗစိတ္တသာဓာရဏ | ၇ | ပါး ယှဉ်၏။ |
| ၂။ | သမ္ပဋိစ္ဆိုင်းဒွေး | ၂ | ၌ | ဆန္ဒ၊ ပီတိ၊ ဝီရိယ ကြဉ် | | |
| | ဥပေက္ခာ သန္တီရဏ | ၂ | | | | |
| | ပဉ္စဒွါရာဝဇ္ဇန်း | ၁ | | အညသမာန်း | ၁၀ | ပါး ယှဉ်၏။ |
| ၃။ | သောမနဿ သန္တီရဏ | ၁ | ၌ | ဆန္ဒ၊ ဝီရိယ ကြဉ် အညသမာန်း | ၁၁ | ပါး ယှဉ်၏။ |
| | မနောဒွါရာဝဇ္ဇန်း | ၁ | ၌ | ဆန္ဒ၊ ပီတိ ကြဉ် အညသမာန်း | ၁၁ | ပါး ယှဉ်၏။ |
| ၄။ | ဟသိတုပ္ပါဒ် | ၁ | ၌ | ဆန္ဒ ကြဉ် အညသမာန်း | ၁၂ | ပါး ယှဉ်၏။ |

- ဥပေက္ခာ သန္တီရဏ ၂ ပါးကို အဟိတ် ပဋိသန္ဓေစိတ် ဟုလည်းကောင်း၊ မနောဒွါရာဝဇ္ဇန်းစိတ် ကို ဝုဋ္ဌောစိတ် ဟုလည်းကောင်း ခေါ်၏။
- အဟိတ်စိတ် ၁၈ ပါး ၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးတို့ အမြဲယှဉ်ကြ၏။ ဆန္ဒ ကြဉ် ပကိဏ်းစေတသိက် ၅ ပါးကား ထိုက်သင့်သလိုသာ ယှဉ်ကြ၏။

## (၃) ကာမသောဘနစိတ် သင်္ဂဟနည်း ၁၂ ပါး

| **မဟာကုသိုလ်စိတ်** | အညသမာန်း | သောဘန | ဝိရတီ | အပ္ပမညာ | ပညာ | ပေါင်း |
|---|---|---|---|---|---|---|
| ပထမဒွေး | ၁၃ | ၁၉ | ၃ | ၂ | ၁ | ၃၈ |
| ဒုတိယဒွေး | ၁၃ | ၁၉ | ၃ | ၂ | | ၃၇ |
| တတိယဒွေး | (ပီတိကြဉ်) ၁၂ | ၁၉ | ၃ | ၂ | ၁ | ၃၇ |
| စတုတ္ထဒွေး | (ပီတိကြဉ်) ၁၂ | ၁၉ | ၃ | ၂ | | ၃၆ |

| မဟာဝိပါက်စိတ် | အညသမာန်း | သောဘန | ဝိရတီ | အပ္ပမညာ | ပညာ | ပေါင်း |
|---|---|---|---|---|---|---|
| ပထမဒွေး | ၁၃ | ၁၉ | - | - | ၁ | ၃၃ |
| ဒုတိယဒွေး | ၁၃ | ၁၉ | - | - | | ၃၂ |
| တတိယဒွေး | (ပီတိကြဉ်) ၁၂ | ၁၉ | - | - | ၁ | ၃၂ |
| စတုတ္ထဒွေး | (ပီတိကြဉ်) ၁၂ | ၁၉ | - | - | | ၃၁ |

| မဟာကြိယာစိတ် | အညသမာန်း | သောဘန | ဝိရတီ | အပ္ပမညာ | ပညာ | ပေါင်း |
|---|---|---|---|---|---|---|
| ပထမဒွေး | ၁၃ | ၁၉ | - | ၂ | ၁ | ၃၅ |
| ဒုတိယဒွေး | ၁၃ | ၁၉ | - | ၂ | | ၃၄ |
| တတိယဒွေး | (ပီတိကြဉ်) ၁၂ | ၁၉ | - | ၂ | ၁ | ၃၄ |
| စတုတ္ထဒွေး | (ပီတိကြဉ်) ၁၂ | ၁၉ | - | ၂ | | ၃၃ |

▸▸ ဆောင်။ ။ ဉာဏ်ကြဉ်၊ ပီတိကြဉ်၊ ဉာဏ် ပီတိကြဉ်။

### ကြိယာ၊ လောကီဝိပါက်တို့၌ ဝိရတီ မယှဉ်ရခြင်းအကြောင်းရင်း

လောကီဝိရတီမှန်လျှင် ကေန်ကုသိုလ်သဘော ရှိသောကြောင့် အဗျာကတဇာတ် ဖြစ်သော ကြိယာ၊ ဝိပါက် စိတ်တို့၌ ဝိရတီ မယှဉ်ပါ။

### ကာမဝိပါက် ၌ အပ္ပမညာ မယှဉ်ရခြင်းအကြောင်းရင်း

ကာမဝိပါက်မှန်လျှင် ပရိတ္တခေါ်သော ကာမတရားကို ကေန် အာရုံပြုသောကြောင့် သတ္တဝါပညတ်ကို အာရုံပြုသော အပ္ပမညာ မယှဉ်ပါ။

- **မဟာကုသိုလ်စိတ်** ၌ ဝိရတီ၊ အပ္ပမညာ ပေါင်း ၅ ပါးသော စေတသိက်တို့သည် ပြိုင်မဖြစ်မူ၍ သီးခြား သီးခြား တစ်ပါးစီသာ ယှဉ်ကြ၏။

## (၄) မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅ ပါး

| မဟဂ္ဂုတ်စိတ် | | အညသမာန်း | | သောဘန | အပ္ပမညာ | ပညာ | ပေါင်း |
|---|---|---|---|---|---|---|---|
| ပထမဈာန် | ၃ | | ၁၃ | ၁၉ | ၂ | ၁ | ၃၅ |
| ဒုတိယဈာန် | ၃ | (ဝိတက်ကြဉ်) | ၁၂ | ၁၉ | ၂ | ၁ | ၃၄ |
| တတိယဈာန် | ၃ | (တက်,စာကြဉ်) | ၁၁ | ၁၉ | ၂ | ၁ | ၃၃ |
| စတုတ္ထဈာန် | ၃ | (တက်,စာ,ပီကြဉ်) | ၁၀ | ၁၉ | ၂ | ၁ | ၃၂ |
| ပဥ္စမဈာန် | ၁၅ | (တက်,စာ,ပီကြဉ်) | ၁၀ | ၁၉ | - | ၁ | ၃၀ |

**ပဥ္စမဈာန် ၌ အပ္ပမညာ မယှဉ်ရခြင်းအကြောင်းရင်း**

ပဥ္စမဈာန်သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်သောကြောင့် ငြိမ်သက်သော သဘော ရှိ၏။ အပ္ပမညာ၏ သနားခြင်း၊ ဝမ်းမြောက်ခြင်း သဘောများကား မငြိမ်သက်ပေ။ ထို့ကြောင့် မငြိမ်သက်သော အပ္ပမညာသည် ငြိမ်သက်သော ဥပေက္ခာ၌ မယှဉ်ထိုက်ပေ။

**မဟဂ္ဂုတ်စိတ် ၌ ဝိရတီ မယှဉ်ရခြင်းအကြောင်းရင်း**

မဟဂ္ဂုတ်ဈာန်ရ ပုဂ္ဂိုလ်တို့သည် သီလဝိသုဒ္ဓိ ဖြစ်ပြီး၍ ဒုစရိုက်၊ ဒုရာဇီဝ ဟူသမျှတို့ကို (ဝိက္ခမ္ဘန ပဟာန်အားဖြင့်) ပယ်ခွဲပြီးဖြစ်ရာ သီးခြားပယ်ဖို့ရန် ဒုစရိုက်၊ ဒုရာဇီဝ မရှိတော့သဖြင့် ဝိရတီ မယှဉ်ရခြင်း ဖြစ်ပါသည်။

## (၅) လောကုတ္တရာစိတ် သင်္ဂဟနည်း ၅ ပါး

| မဂ် + ဖိုလ် | | အညသမာန်း | | သောဘန | ဝိရတီ | ပညာ | ပေါင်း |
|---|---|---|---|---|---|---|---|
| ပထမဈာန် | ၈ | | ၁၃ | ၁၉ | ၃ | ၁ | ၃၆ |
| ဒုတိယဈာန် | ၈ | (ဝိတက်ကြဉ်) | ၁၂ | ၁၉ | ၃ | ၁ | ၃၅ |
| တတိယဈာန် | ၈ | (တက်,စာကြဉ်) | ၁၁ | ၁၉ | ၃ | ၁ | ၃၄ |
| စတုတ္ထဈာန် | ၈ | (တက်,စာ,ပီကြဉ်) | ၁၀ | ၁၉ | ၃ | ၁ | ၃၃ |
| ပဥ္စမဈာန် | ၈ | (တက်,စာ,ပီကြဉ်) | ၁၀ | ၁၉ | ၃ | ၁ | ၃၃ |

## လောကုတ္တရာစိတ် ၌ ဝိရတီ ယှဉ်ရခြင်းအကြောင်းရင်း

လောကုတ္တရာစိတ် ဖြစ်ခိုက်၌ ဒုစရိုက်၊ ဒုရာဇီဝ တို့ကို သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပြတ်ပယ်လိုသော အစွမ်းအားဖြင့် ဝိရတီ အမြဲယှဉ်၏။ ထိုသို့ ယှဉ်ရာတွင်လည်း သုံးပါးစုံ တစ်ပြိုင်နက်တည်းသာ ယှဉ်၏။

ဖိုလ်စိတ် သည်ကား ပယ်တတ်သော သဘော မရှိသော်လည်း ဝိရတီသည် ဖိုလ်စိတ်၌ မဂ်အားလျော်သည့် အစွမ်းအားဖြင့် အမြဲ တစ်ပေါင်းတည်း ယှဉ်၏။

## လောကုတ္တရာစိတ် ၌ အပ္ပမညာ မယှဉ်ရခြင်းအကြောင်းရင်း

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို ကေန်အာရုံပြု၏။ ထို့ကြောင့် သတ္တဝါပညတ်ကိုသာ အာရုံပြုသော အပ္ပမညာသည် လောကုတ္တရာစိတ်၌ မယှဉ်ပါ။

## စိတ်ချင်းထူးအောင်ပြုသော စေတသိက်များ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ (ဈာန်တရားများ) နှင့် အပ္ပမညာဒွေး၊ ဝိရတီ ၃ ဉာဏ်၊ ပေါင်း(၁၀)ပါးသော စေတသိက်တို့သည် စိတ်ချင်းထူးအောင်ပြုသော ဝိသေသက စေတသိက်များ ဖြစ်ကြ၏။

- ဆောင်။ ။ တက်. စာ. ပီ. သု၊ ဈာန်အင်စု၊ နှစ်ခု. ပ မညာ။
  ဝိရတီ. ဉာဏ၊ ပေါင်းဆယ်ဝ၊ မှတ်ကြ ဝိသေသာ။

- လောကုတ္တရာစိတ် ကို ဈာန်တရား၊
- မဟဂ္ဂုတ်စိတ် ကို ဈာန်တရား နှင့် အပ္ပမညာ၊
- ကာမသောဘနစိတ် ကို အပ္ပမညာ၊ ဝိရတီ၊ ဉာဏ်(ပညာ)၊ ပီတိ စေတသိက်တို့က ထူးအောင်ပြုကြ၏။

**စေတသိက်ပိုင်းပြီး၏။**

# ပကိဏ်းပိုင်း

## နာမ်တေပညာသ (နာမ် ၅၃)

စိတ်တို့သည် အာရမ္မဏ ဝိဇာနန လက္ခဏာ (အာရုံကို သိခြင်း သဘောလက္ခဏာ)၊ ပုဗ္ဗင်္ဂမ ရသ (ရှေ့သွား၏ အဖြစ်ဟူသော ကိစ္စ) အစရှိသော သဘာဝအားဖြင့် တစ်မျိုးတည်းသာ ဖြစ်သောကြောင့် စိတ်အားလုံးကို (၁) ပါး ဟု ရေတွက်ပြီး လက္ခဏာ၊ ကိစ္စ တစ်မျိုးစီ သီးသန့်ရှိသော စေတသိက် (၅၂) ပါးနှင့် ပေါင်းသော် စိတ်၊ စေတသိက် ပေါင်း (၅၃) ပါးရ၏။ ထို (၅၃) ပါးကို **နာမ်တေပညာသ** ဟုခေါ်သည်။

## ပကိဏ်းပိုင်း

ပကိဏ်းပိုင်းကား ထိုနာမ်တေပညာသ တို့ကို ဝေဒနာသင်္ဂဟ စသော သင်္ဂဟ (၆)မျိုး တို့ဖြင့် ရောပြွမ်း၍ ပြသောအပိုင်း ဖြစ်ပေ၏။

## သင်္ဂဟ (၆) မျိုး

| | |
|---|---|
| ၁။ **ဝေဒနာ သင်္ဂဟ** | ၄။ **ဒွါရ သင်္ဂဟ** |
| ၂။ **ဟေတု သင်္ဂဟ** | ၅။ **အာရမ္မဏ သင်္ဂဟ** |
| ၃။ **ကိစ္စ သင်္ဂဟ** | ၆။ **ဝတ္ထု သင်္ဂဟ** |

### ၁။ ဝေဒနာ သင်္ဂဟ

ဝေဒနာအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းယူသော သင်္ဂဟဖြစ်သည်။

(က) ဣန္ဒြိယ ဘေဒနည်း = ဣန္ဒြေ အပြားအားဖြင့် ဝေဒနာ (၅)မျိုး ပြားသောနည်းနှင့်

(ခ) အနုဘဝန နည်း = အာရုံ အပြားအားဖြင့် ဝေဒနာ (၃)မျိုး ပြားသော နည်း-
(အာရမ္မဏာနုဘဝန နည်း)
-ဟူ၍ နည်း (၂) နည်းရှိသည်။

## (က) ဣန္ဒြိယဘေဒနည်း

| ဣန္ဒြေအပြား | | ဝေဒနာ အပြား | ယှဉ်စိတ်ပေါင်း |
|---|---|---|---|
| ၁ | သောမနဿိန္ဒြေ | သောမနဿ ဝေဒနာ | ၆၂ |
| ၂ | ဒေါမနဿိန္ဒြေ | ဒေါမနဿ ဝေဒနာ | ၂ |
| ၃ | သုခိန္ဒြေ | သုခ ဝေဒနာ | ၁ |
| ၄ | ဒုက္ခိန္ဒြေ | ဒုက္ခ ဝေဒနာ | ၁ |
| ၅ | ဥပေက္ခိန္ဒြေ | ဥပေက္ခာ ဝေဒနာ | ၅၅ |

## (ခ) အနုဘဝနနည်း

| အာရုံအပြား | | ဝေဒနာ အပြား | ယှဉ်စိတ်ပေါင်း |
|---|---|---|---|
| ၁ | ဣဋ္ဌာရုံ = အလိုရှိအပ်<br>ကောင်းမြတ်သော အာရုံ | သုခဝေဒနာ<br>(သောမနဿ+သုခ) | ၆၃ |
| ၂ | အနိဋ္ဌာရုံ = အလိုမရှိအပ်<br>မကောင်းမြတ်သော အာရုံ | ဒုက္ခ ဝေဒနာ<br>(ဒေါမနဿ+ဒုက္ခ) | ၃ |
| ၃ | ဣဋ္ဌမဇ္ဈတ္တာရုံ = အလယ်အလတ်<br>အလိုရှိအပ်သော အာရုံ | အဒုက္ခ မသုခ ဝေဒနာ<br>(ဥပေက္ခာ) | ၅၅ |

## ၂။ ဟေတု သင်္ဂဟ

ဟိတ်အပြားအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူသော သင်္ဂဟ ဖြစ်သည်။

အကုသိုလ်ဟိတ် = လောဘ၊ ဒေါသ၊ မောဟ ဟိတ် ၃ ပါး
ကုသိုလ်ဟိတ်၊ အဗျာကတ ဟိတ် = အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါး

| ဟိတ်အပြား | | | စိတ်သရုပ် | | ယှဉ်သောဟိတ် |
|---|---|---|---|---|---|
| အဟိတ် | | ၁၈ | အဟိတ်စိတ် | ၁၈ | |
| သဟိတ် ၇၁ | ဧကဟိတ် | ၂ | မောဟမူ | ၂ | မောဟ |
| | ဒွိဟိတ် | ၂၂ | လောဘမူ | ၈ | လောဘ၊ မောဟ |
| | | | ဒေါသမူ | ၂ | ဒေါသ၊ မောဟ |
| | | | ကာမသောဘနဉာဏဝိပ္ပယုတ် | ၁၂ | အလောဘ၊ အဒေါသ |
| | တိဟိတ် | ၄၇ | ကာမသောဘနဉာဏသမ္ပယုတ် | ၁၂ | အလောဘ၊ အဒေါသ |
| | | | မဟဂ္ဂုတ် + လောကုတ္တရာ | ၃၅ | အမောဟ |

## ၃။ ကိစ္စ သင်္ဂဟ

ကိစ္စ အပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ရေတွက်ရာ သင်္ဂဟ ဖြစ်သည်။

**ကိစ္စ (၁၄) ပါး**

၁။ ပဋိသန္ဓေ ကိစ္စ = ဘဝဟောင်း နှင့် ဘဝသစ် ဆက်စပ်မှု ကိစ္စ။

၂။ ဘဝင် ကိစ္စ = ကံ အရှိန် ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာအစဉ် မပြတ်ရအောင် ဘဝ၏ ဖြစ်ကြောင်း စီစဉ်ပေးမှု ကိစ္စ။

၃။ အာဝဇ္ဇန်း ကိစ္စ = အာရုံ အသစ်ကို ဆင်ခြင်မှု ကိစ္စ။

၄။ ဒဿန ကိစ္စ = အဆင်းကို မြင်ခြင်း ကိစ္စ။

၅။ သဝန ကိစ္စ = အသံ ကို ကြားခြင်း ကိစ္စ။

၆။ ဃာယန ကိစ္စ = အနံ့ ကို ခံယူခြင်း ကိစ္စ။

၇။ သာယန ကိစ္စ = အရသာကို လျက်သိခြင်း ကိစ္စ။

၈။ ဖုသန ကိစ္စ = တွေ့ထိခြင်း ကိစ္စ။

၉။ သမ္ပဋိစ္ဆိုင်းကိစ္စ = အာရုံကို ခံယူသကဲ့သို့ ဖြစ်ခြင်း (လက်ခံခြင်း) ကိစ္စ။

၁၀။ သန္တီရဏ ကိစ္စ = အာရုံ ကောင်း၊ မကောင်းကို စုံစမ်း စစ်ဆေးခြင်း ကိစ္စ။

၁၁။ ဝုဋ္ဌော ကိစ္စ = အာရုံကို (သာယာဖွယ်၊ မသာယာဖွယ်) ဟူ၍ ပိုင်းခြား၊ မှတ်သား ဆုံးဖြတ်ခြင်း ကိစ္စ။

၁၂။ ဇော ကိစ္စ = အာရုံ၏ အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်း ကိစ္စ။

၁၃။ တဒါရုံ ကိစ္စ = ဇောသို့ အစဉ်လိုက်ခြင်း(ဇော၏ အာရုံကို ဆက်လက်ယူခြင်း)ကိစ္စ။
၁၄။ စုတိ ကိစ္စ = ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်း ကိစ္စ။

ဤကိစ္စ (၁၄)ပါး အစဉ်ကား တစ်ဘဝ၌ ပုဂ္ဂိုလ် သတ္တဝါတို့ ဖြစ်သော ကိစ္စ အစဉ်အတိုင်း ပေတည်း။ စိတ်၊ စေတသိက်တို့သည် ဤကိစ္စ (၁၄)ပါးတို့မှ ပိုလွန်၍လည်း မဖြစ်၊ ယုတ်လျော့၍လည်း မဖြစ်၊ ဤကိစ္စ (၁၄)ပါး တို့သာ ဖြစ်ကြသည်။

▸▸ ဆောင်။ ။ စပ်ဆက်, စီစဉ်၊ ဆင်ခြင်, ကြည့်ရှု၊ ကြားနာမှုနှင့်၊ နံမှု, လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ, စစ်ဆေး၊ ပိုင်းခြားရေးတည့်၊ သိရေးတွင်ကျယ်၊ တာတွယ်လိုက်စား၊ ရွေ့လျားပြောင်းခွာ၊ ဆယ့်လေးဖြာ၊ ပြုရာကိစ္စစဉ်။

## ဌာနကြီး (၁၀) ပါး

| ဌာန (၁၀) ပါး | | ဆိုင်ရာကိစ္စ တပ်သော စိတ်သရုပ် | |
|---|---|---|---|
| ၁ | ပဋိသန္ဓေ ဌာန | မဟဂ္ဂုတ်ဝိပါက် ၉၊ မဟာဝိပါက် ၈၊ ဥပေက္ခာသန္တီရဏ ၂ | ၁၉ |
| ၂ | ဘဝင် ဌာန | မဟဂ္ဂုတ်ဝိပါက် ၉၊ မဟာဝိပါက် ၈၊ ဥပေက္ခာသန္တီရဏ ၂ | ၁၉ |
| ၃ | အာဝဇ္ဇန်း ဌာန | ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း | ၂ |
| ၄ | ပဉ္စဝိညာဏ်ဌာန | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| ၅ | သမ္ပဋိစ္ဆိုင်း ဌာန | သမ္ပဋိစ္ဆိုင်းဒွေး | ၂ |
| ၆ | သန္တီရဏ ဌာန | သန္တီရဏ | ၃ |
| ၇ | ဝုဋ္ဌော ဌာန | မနောဒွါရာဝဇ္ဇန်း | ၁ |
| ၈ | ဇော ဌာန | အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ အာဝဇ္ဇန်းကြဉ် ကြိယာ ၁၈၊ ဖိုလ် ၄ | ၅၅ |
| ၉ | တဒါရုံ ဌာန | မဟာဝိပါက် ၈၊ သန္တီရဏ ၃ | ၁၁ |
| ၁၀ | စုတိ ဌာန | မဟဂ္ဂုတ်ဝိပါက် ၉၊ မဟာဝိပါက် ၈၊ ဥပေက္ခာသန္တီရဏ ၂ | ၁၉ |

## ကိစ္စ နှင့် ဌာန အထူး

အမှုလုပ်ငန်းသည် ကိစ္စဖြစ်၍၊ ထိုလုပ်ငန်းကို ပြုလုပ်ရာ အလုပ်ရုံ(နေရာ)သည် ဌာန ဖြစ်ပေသည်။ ပုံစံအားဖြင့် ပဋိသန္ဓေကိစ္စ ဟူသည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းဟူသော အမှုလုပ်ငန်းဖြစ်၍၊ ပဋိသန္ဓေဌာနသည် ထိုကိစ္စကို ပြုလုပ်ရာ (ရှေ့စိတ် နောက်စိတ် နှစ်ခုတို့အကြား) စိတ်တစ်ခု ဖြစ်လောက်ရာ အခါကာလကို ခေါ်ဆို၏။

# ကိစ္စသင်္ဂဟဇယား

| ဌာန ၁၀ ပါး / ကိစ္စ ၁၄ ပါး | | ပဋိသန္ဓေ | ဘဝင် | အာဝဇ္ဇန်း | ပဉ္စဝိညာဏ် | | | | | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | | တဒါရုံ | စုတိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဒဿန | သဝန | ဃာယန | သာယန | ဖုသန | | | | | | | |
| ကိစ္စဝန္တ သချာ် | | ၁၉ | ၁၉ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၃ | ၁ | ၅၅ | | ၁၁ | ၁၉ |
| ကိစ္စဝန္တ သရုပ် | | ၄ ၅ ၈ -၂ | ၄ ၅ ၈ -၂ | ၁, ၁ | ၁၀ | | | | | ၂ | +၁ -၂ | ၁ | ၄ ၄ ၅ ၈ | (၄) ၄ ၅ ၈ +၁ ၁၂ | ၈,+၁ -၂ | ၄ ၅ ၈ -၂ |
| **ကိစ္စသင်္ဂဟအချုပ်** | | | | | | | | | | | | | | | | |
| ၁ကိစ္စ ၁ဌာန တပ်စိတ်ပေါင်း | ၆၈ | | | ၁ (ပဉ္စ) | ၁၀ | | | | | ၂ | | | ၅၅ | | | |
| ၂ကိစ္စ ၂ဌာန တပ်စိတ်ပေါင်း | ၂ | | | ၁ (မနော) | | | | | | | +၁ | (၁) | | | (+၁) | |
| ၃ကိစ္စ ၃ဌာန တပ်စိတ်ပေါင်း | ၉ | ၉ | (၉) | | | | | | | | | | | | | (၉) |
| ၄ကိစ္စ ၄ဌာန တပ်စိတ်ပေါင်း | ၈ | ၈ | (၈) | | | | | | | | | | | | (၈) | (၈) |
| ၅ကိစ္စ ၅ဌာန တပ်စိတ်ပေါင်း | ၂ | -၂ | (-၂) | | | | | | | | (-၂) | | | | (-၂) | (-၂) |

| ကိစ္စသင်္ဂဟအချုပ် | ပေါင်း | စိတ်သရုပ် | | တပ်သော ကိစ္စ၊ ဌာန |
|---|---|---|---|---|
| ၁ ကိစ္စ၊ ၁ ဌာန | ၆၈ | ဒွေးပဉ္စဝိညာဏ် | ၁၀ | ပဉ္စဝိညာဏ် (အသီးသီး) |
| | | ပဉ္စဒွါရာဝဇ္ဇန်း | ၁ | အာဝဇ္ဇန်း |
| | | သမ္ပဋိစ္ဆိုင်း | ၂ | သမ္ပဋိစ္ဆိုင်း |
| | | ဇော | ၅၅ | ဇော |
| ၂ ကိစ္စ၊ ၂ ဌာန | ၂ | မနောဒွါရာဝဇ္ဇန်း | ၁ | အာဝဇ္ဇန်း၊ ဝုဋ္ဌော |
| | | သောမနဿ သန္တီရဏ | ၁ | သန္တီရဏ၊ တဒါရုံ |
| ၃ ကိစ္စ၊ ၃ ဌာန | ၉ | မဟဂ္ဂုတ်ဝိပါက် | ၉ | ပဋိသန္ဓေ၊ ဘဝင်၊ စုတိ |
| ၄ ကိစ္စ၊ ၄ ဌာန | ၈ | မဟာဝိပါက် | ၈ | ပဋိသန္ဓေ၊ ဘဝင်၊ တဒါရုံ၊ စုတိ |
| ၅ ကိစ္စ၊ ၅ ဌာန | ၂ | ဥပေက္ခာသန္တီရဏ | ၂ | ပဋိသန္ဓေ၊ ဘဝင်၊ သန္တီရဏ၊တဒါရုံ၊ စုတိ |

**ဇော ၅၅ ရှင်းတမ်း:**

| ကုသိုလ် | ကြိယာ(ဝိပါက်) | စိတ်သရုပ် | |
|---|---|---|---|
| ၄ | ၄ | မဂ် ၄၊ ဖိုလ် ၄ | အပ္ပနာဇော ၂၆ |
| ၄ | ၄ | အရူပ ကု.ကြိ | |
| ၅ | ၅ | ရူပ ကု.ကြိ | |
| ၈ | ၈ | ကာမ ကု.ကြိ | ကာမဇော ၂၉ |
| | +၁ | ဟသိတုပ္ပါဒ် | |
| ၁၂ | | အကုသိုလ် | |

## ၆။ ဒွါရ သင်္ဂဟ

ဒွါရအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ရေတွက်ရာ သင်္ဂဟ ဖြစ်သည်။

ဒွါရ

ပကတိတံခါးပေါက်သည် လူတို့ ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့၊ စက္ခုပသာဒစသော တံခါးပေါက်များလည်း စက္ခုဒွါရိကဝီထိ စသည်တို့၏ ဝင်ရောက်သည့်ပမာ ဖြစ်၍ ဒွါရ မည်၏။ (ဒွါရသည် အာရုံ၏ ဖြစ်ပွားပေါ်ပေါက်ရာ၊ ဝတ္ထုသည် ဝိညာဏ်၏ တည်ရာမှီရာ)

# ဒွါရသင်္ဂဟဇယား

| ကိစ္စ ၁၄ ပါး | | ပဋိသန္ဓေ | ဘဝင် | အာဝဇ္ဇန်း | ပဉ္စဝိညာဏ် | | | | | သံ | ဏ | ဝု | ဇော | | တဒါရုံ | စုတိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကိစ္စဝန္တ သရုပ် | | ၄ ၅ | ၄ ၅ | | | | | | | | | | ၄ ၄ ၅ | ⑨ ၄ ၅ | | ၄ ၅ |
| **ဒွါရသင်္ဂဟအချုပ်** | | ၈ -၂ | ၈ -၂ | ၁, ၁ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | +၁ -၂ | ၁ | ၈ ၁၂ | ၈ +၁ | ၈,+၁ -၂ | ၈ -၂ |
| စက္ခုဒွါရိကစိတ် | ၄၆ | | | ၁ | ၂ | | | | | ၂ | ၃ | ၁ | ကာမဇော ၂၉ | | ၈(၃) | |
| ပဉ္စဒွါရိကစိတ် | ၅၄ | | | ၁ | ၁၀ | | | | | ၂ | ၃ | ၁ | ကာမဇော ၂၉ | | ၈(၃) | |
| မနောဒွါရိကစိတ် | ၆၇ | | | ၁ | | | | | | | | | ဇော ၅၅ | | ၁၁ | |
| ၁ ဒွါရ၌ ဖြစ်သောစိတ် | ၃၆ | | | | ၁၀ | | | | | | | | အပ္ပနာဇော ၂၆ | | | |
| ၅ ဒွါရ၌ ဖြစ်သောစိတ် | ၃ | | | ၁ | | | | | | ၂ | | | | | | |
| ၆ ဒွါရ၌ အမြဲဖြစ် စိတ်ပေါင်း | ၃၁ | | | | | | | | | | +၁ | ၁ | ကာမဇော ၂၉ | | | |
| ၆ ဒွါရ၌ ရံခါဖြစ်၊ ရံခါလွတ် စိတ်ပေါင်း | ၁၀ | (၈ -၂) | (၈ -၂) | | | | | | | | | | | | (၈ -၂) | (၈ -၂) |
| ၆ ဒွါရ၌ အမြဲလွတ်စိတ်ပေါင်း | ၉ | ၉ | (၉) | | | | | | | | | | | | | (၉) |

| | ဒွါရ (၆)ပါး | တရားကိုယ် |
|---|---|---|
| ၁ | စက္ခုဒွါရ | စက္ခုပသာဒ |
| ၂ | သောတဒွါရ | သောတပသာဒ |
| ၃ | ဃာနဒွါရ | ဃာနပသာဒ |
| ၄ | ဇိဝှါဒွါရ | ဇိဝှါပသာဒ |
| ၅ | ကာယဒွါရ | ကာယပသာဒ |
| ၆ | မနောဒွါရ | ဘဝင်္ဂပစ္စေဒ ၁၉ |

▶▶ စက္ခု စသည်၊ ဖိတ်ဖိတ်လည်၊ အကြည်ရုပ်တို့သာ။

▶▶ မနော ဟူသည်၊ ဖိတ်ဖိတ်လည်၊ အကြည်နာမ်တို့သာ။

▶▶ ဘဝင် ဆယ့်ကိုး၊ စိတ်အမျိုး ခေါ်ရိုး မနောဒွါ။

## ဒွါရသင်္ဂဟအချုပ်

| | | | | |
|---|---|---|---|---|
| ၁ ဒွါရ၌ အမြဲဖြစ် စိတ်ပေါင်း | ၃၆ | ဒွေးပဉ္စဝိညာဏ် | ၁၀ | ၃၆ |
| | | အပ္ပနာဇော | ၂၆ | |
| ၅ ဒွါရ၌ အမြဲဖြစ် စိတ်ပေါင်း | ၃ | မနောဓာတ် (ပဉ္စဒွါရာ ၁+ သံ ၂) | | ၃ |
| ၆ ဒွါရ၌ အမြဲဖြစ် စိတ်ပေါင်း | ၃၁ | သောမနဿ သန္တီရဏ | ၁ | ၃၁ |
| | | ဝုဋ္ဌော | ၁ | |
| | | ကာမဇော | ၂၉ | |
| ၆ ဒွါရ၌ ရံခါဖြစ်၊ ရံခါလွတ်စိတ်ပေါင်း | ၁၀ | မဟာဝိပါက် | ၈ | ၁၀ |
| | | ဥပေက္ခာ သန္တီရဏ | ၂ | |
| ၆ ဒွါရ၌ အမြဲလွတ် စိတ်ပေါင်း | ၉ | မဟဂ္ဂုတ် ဝိပါက် | | ၉ |

- စက္ခုဒွါရိကစိတ် ၄၆ = ဒွေးပဉ္စဝိညာဏ်ကြဉ် ကာမစိတ် ၄၄ + စက္ခုဝိညာဏ်ဒွေး ၂
- ပဉ္စဒွါရိကစိတ် ၅၄ = ကာမစိတ် ၅၄
- မနောဒွါရိကစိတ် ၆၇ = မနောဒွါရာဝဇ္ဇန်း ၁ + ဇော ၅၅ + တဒါရုံ ၁၁

## ဒွါရဝိမုတ်စိတ်

ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်သော စိတ် (၁၉)ပါးသည် ဇနကကံ(အတိတ်ကံ) အဟုန်သက်သက်ကြောင့်သာ ဖြစ်၍ ဒွါရ ၆ ပါးမှ လွတ်သောကြောင့် ဒွါရဝိမုတ်မည်၏။ (ယင်းစိတ်များသည် လွန်ခဲ့သည့်ဘဝ မရဏာသန္နဇော၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ် စသည်ကိုသာ အာရုံပြု၏။)

### ၆ ဒွါရ မှ အမြဲလွတ်ပုံ

မဟာဂ္ဂုတ်ဝိပါက်စိတ် (၉) ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စ မှတစ်ပါး အခြား ကိစ္စ မတပ်သောကြောင့် ၆ ဒွါရမှ အမြဲလွတ်၏။

### ၆ ဒွါရ၌ ရံခါဖြစ်၊ ရံခါလွတ်ပုံ

- မဟာဝိပါက်စိတ် (၈) ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စ တပ်ခိုက် ၆ ဒွါရမှ လွတ်၍ တဒါရုံ ကိစ္စ တပ်ခိုက် ၆ ဒွါရ၌ ဖြစ်၏။
- ဥပေက္ခာ သန္တီရဏ (၂) ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စ တပ်ခိုက် ၆ ဒွါရမှ လွတ်၍ တဒါရုံ နှင့် သန္တီရဏ ကိစ္စ တပ်ခိုက် ၆ ဒွါရ၌ ဖြစ်၏။

### စေတသိက်ကို ရေတွက်ခြင်း

အပ္ပမညာဒွေးသည် သတ္တဝါပညတ်တရားကိုသာ အာရုံပြု၏။ စက္ခု စသည့် ၅ဒွါရ တို့ကား ရူပါရုံ စသော ပရမတ်တရားတို့ကို အာရုံပြုသော စိတ်၊ စေတသိက်တို့၏ ဖြစ်ရာတည်း။ ထို့ကြောင့် အပ္ပမညာဒွေးသည် စက္ခု စသော ၅ ဒွါရတို့၌ မဖြစ်ထိုက်။ မနောဒွါရ၌သာ ဖြစ်ထိုက်သည်။ ကျန်စေတသိက်များကား ၆ ဒွါရလုံး ၌ ဖြစ်ထိုက်သည်။

## ၅။ အာရမ္မဏ သင်္ဂဟ

အာရုံအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ရေတွက်ရာ သင်္ဂဟ ဖြစ်သည်။

| အာရမ္မဏိက တရားမျိုး | | | အာရုံများ | တရားကိုယ် |
|---|---|---|---|---|
| ၁ | စက္ခုဒွါရိကစိတ် | ၄၆ | ပဥ္စုပ္ပန် ရူပါရုံ | ဝဏ္ဏ |
| ၂ | သောတဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် သဒ္ဒါရုံ | သဒ္ဒ |
| ၃ | ဃာနဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ဂန္ဓာရုံ | ဂန္ဓ |
| ၄ | ဇိဝှါဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ရသာရုံ | ရသ |
| ၅ | ကာယဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ | ပထဝီ၊ တေဇော၊ ဝါယော |
| ၆ | မနောဒွါရိကစိတ် | ၆၇ | ► တေကာလိကဖြစ်သော ရူပါရုံ စသော အာရုံ ၅ ပါးနှင့်<br>► တေကာလိက + ကာလဝိမုတ် ဖြစ်သော ဓမ္မာရုံ | ဓမ္မာရုံ၏တရားကိုယ်(၇၆)ပါး<br>ပသာဒရုပ် ၅ + သုခုမရုပ် ၁၆ +<br>စိတ်(၈၉) ၁ + စေတသိက် ၅၂ +<br>ကာလဝိမုတ် ဖြစ်သော....<br>နိဗ္ဗာန် ၁ + ပညတ် ၁ |

အာရမ္မဏ ။ ။ ဥယျာဉ် ပန်းမာလ်တို့သည် လူတို့၏ မွေ့လျော်ရာ ဖြစ်သကဲ့သို့ ရူပ. သဒ္ဒ စသော ၆ ပါးသော တရားအစုတို့သည်လည်း စိတ်၊ စေတသိက်တို့၏ မွေ့လျော်ရာ ဖြစ်ကြ၍ အာရမ္မဏ (အာရုံ) မည်ကြ၏။

▸▸ ဥယျာဉ်ကြီးနှယ်၊ သီးပွင့်ကြွယ်၍၊ ပျော်ဖွယ် သတ္တိ၊ ကောင်းစွာ ရှိသို့၊ မိမိအထံ၊ နာမက္ခန်တို့၊ ဖန်ဖန်စုပုံ၊ ပျော်ရန်ဂုဏ်၊ အာရုံ သတ္တိခေါ်။

အာလမ္ဗန ။ ။ တောင်ဝှေး, ကြိုးတန်းများသည် မစွမ်းမသန်သူတို့အား ဆွဲကိုင်မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပ.သဒ္ဒ စသော ၆ ပါးသော တရားအစုတို့သည်လည်း စိတ်၊ စေတသိက်တို့၏ ဆွဲကိုင် မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာလမ္ဗန မည်၏။

▸▸ တောင်ဝှေး, ကြိုးတန်း၊ သူ မစွမ်းကို၊ မပန်းရလေ၊ ထိုင် ထ စေသို့၊ စိတ်, စေတသိ၊ ဆွဲကိုင်ဘိရာ၊ သတ္တိမှန်၊ အာလမ္ဗန ခေါ်။

**ဖောဋ္ဌဗ္ဗာရုံ ၌ အာပေါဓာတ် မရ**

▸▸ အာပေါဓလေ့၊ လွန် သိမ်မွေ့၊ ထိတွေ့စမ်းသပ်၊ မရအပ်၊ ဖောဋ္ဌပ် မမည်ထိုက်။

**နိဗ္ဗာန် နှင့် ပညတ် သည် ကာလဝိမုတ်**

နိဗ္ဗာန်သည် မပျက်မစဲ၊ အမြဲတည်၍ ကာလသုံးပါးအားဖြင့် ခွဲဝေ၍ မရကောင်းသောကြောင့် ကာလဝိမုတ် မည်၏။ ပညတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အထင်အရှားမရှိ၍ ကာလသုံးပါးအားဖြင့် ခွဲဝေ၍ မရကောင်းသောကြောင့် ကာလဝိမုတ် မည်၏။

**ဒွါရဝိမုတ်စိတ်၏ အာရုံ**

ဒွါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ၊ ဘဝင်၊ စုတိ စိတ်တို့သည် များသောအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်းမှ မရဏာသန္နဇော၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို ထိုက်သလို အာရုံပြု၏။

ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ ဟူသည်လည်း အချို့ပစ္စုပ္ပန် ၊ အချို့အတိတ်၊ အချို့လည်း ကာလဝိမုတ် ပညတ်တရား ဖြစ်ကြသော အာရုံ (၆) ပါးတို့ပင်တည်း။

## အာရုမ္မဏသင်္ဂဟဇယား

| အာရုံအားဖြင့်အစု | | စိတ်သရုပ် | | စိတ် | စေတသိက် | ရုပ် | ပညတ် | နိဗ္ဗာန် |
|---|---|---|---|---|---|---|---|---|
| ကာမဇောကန်အာရုံပြု | ၂၅ | ပဉ္စဝိညာဏ် | ၁၀ | | | ပစ္စုပ္ပန် ပဉ္စာရုံ (အသီးသီး) | | |
| | | မနောဓာတ် | ၃ | | | ပစ္စုပ္ပန် ပဉ္စာရုံ | | |
| | | တဒါရုံ --- ၁၁<br>ဟသိတုပ္ပါဒ် --- ၁ | ၁၂ | ကာမစိတ် ၅၄ | ၅၂ | ၂၈ | | |
| လောကုတ္တရာကြဉ် အလုံးစုံ အာရုံပြု | ၂၀ | အကုသိုလ် --- ၁၂<br>ဉာဏဝိပ္ပယုတ်<br>မဟာကု၊ မဟာကြိ --- ၈ | ၂၀ | လောကီ စိတ် ၈၁ | ၅၂ | ၂၈ | ပညတ် | |
| အရဟတ္တမဂ်ဖိုလ်ကြဉ် အလုံးစုံ အာရုံပြု | ၅ | မဟာကု ဉာဏသမ္ပယုတ် -- ၄<br>ရူပကုသိုလ်အဘိညာဉ် -- ၁ | ၅ | စိတ် ၈၇ | ၅၂ | ၂၈ | ပညတ် | နိဗ္ဗာန် |
| အလုံးစုံအာရုံပြု | ၆ | မဟာကြိ ဉာဏသမ္ပယုတ် -- ၄<br>ရူပကြိယာအဘိညာဉ် -- ၁<br>မနောဒွါရာဝဇ္ဇန်း -- ၁ | ၆ | စိတ် ၈၉ | ၅၂ | ၂၈ | ပညတ် | နိဗ္ဗာန် |
| ပညတ်ဇောကန်အာရုံပြု | ၂၁ | အဘိညာဉ်ဒွေးကြဉ်ရူပစိတ် - ၁၅<br>အာကာသာနဉ္စာ ကု ဝိ ကြိ - ၃<br>အာကိဉ္စညာ ကု ဝိ ကြိ - ၃ | ၂၁ | | | | ပညတ် | |
| မဟဂ္ဂုတ်ဇောကန် အာရုံပြု | ၆ | ဝိညာဏဉ္စာ ကု ဝိ ကြိ --- ၃<br>နေဝသညာ ကု ဝိ ကြိ --- ၃ | ၆ | အတိတ် မဟဂ္ဂုတ် | ၃၀ | | | |
| နိဗ္ဗာန်ဇောကန် အာရုံပြု | ၈ | လောကုတ္တရာစိတ် --- | ၈ | | | | | နိဗ္ဗာန် |

**မဟဂ္ဂုတ်ကေန် အာရုံပြုသည်ဆိုရာ၌**

ဝိညာဏဉ္စာယတနစိတ် ၃ ပါးသည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနစိတ်ကိုလည်းကောင်း၊ နေဝသညာနာသညာယတနစိတ် ၃ ပါးသည် အတိတ်ဖြစ်သော အာကိဉ္စညာယတနစိတ်ကိုလည်းကောင်း အာရုံပြု၏။ ထိုသို့ အာရုံပြုရာ၌လည်း ကုသိုလ်၊ ဝိပါက်စိတ်တို့က ကုသိုလ်စိတ်ကို အာရုံပြု၏။ ကြိယာစိတ်က ကုသိုလ်၊ ကြိယာစိတ်ကို အာရုံပြု၏။

**မနောဒွါရာဝဇ္ဇန်းသည် အလုံးစုံကို အာရုံပြုသည်ဆိုရာ၌** ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်နိုက်သာ အလုံးစုံကို အာရုံပြု၏။ ကျန်ပုဂ္ဂိုလ်များ၌ အလုံးစုံကို အာရုံမပြုနိုင်ပေ။

**ရူပ ကုသိုလ် နှင့် ကြိယာ အဘိညာဉ်၏ တရားကိုယ်**

အဘိညာဉ်ကိစ္စ ပြီးစီးအောင် ပွားများအားထုတ်၍ ထမြောက်သော တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်သော ရူပ ပဉ္စမဈာန် ကုသိုလ် နှင့် ကြိယာ။

**ဧကန်၊ အနေကန် အာရုံများ**

ကာမဧကန် = ကာမတရားကိုသာ အာရုံပြု၏။

ကာမအနေကန် = ကာမတရားအပြင် အခြားတရားများဖြစ်သော မဟဂ္ဂုတ်၊ ပညတ်၊ နိဗ္ဗာန် တို့ကို ပါ အာရုံပြု၏။

| | | | |
|---|---|---|---|
| ကာမ ဧကန် အာရုံပြုစိတ် | ၂၅ | ကာမ အနေကန် အာရုံပြုစိတ် | ၃၁ |
| ပညတ် ဧကန် အာရုံပြုစိတ် | ၂၁ | ပညတ် အနေကန် အာရုံပြုစိတ် | ၃၁ |
| မဟဂ္ဂုတ် ဧကန် အာရုံပြုစိတ် | ၆ | မဟဂ္ဂုတ် အနေကန် အာရုံပြုစိတ် | ၃၁ |
| နိဗ္ဗာန် ဧကန် အာရုံပြုစိတ် | ၈ | နိဗ္ဗာန် အနေကန် အာရုံပြုစိတ် | ၁၁ |

**စေတသိက်ကို ရေတွက်ခြင်း**

အပ္ပမညာသည် ရူပါရုံ အစရှိသော အာရုံ ၅ ပါးကို အာရုံမပြု၊ ပညတ်ဓမ္မာရုံကိုသာ အာရုံ ပြု၏။ ထို့ကြောင့် ရူပါရုံ အစရှိသော အာရုံ ၅ ပါးစီ၌ အာရုံပြုသော စေတသိက် အပါး(၅၀)။ ဓမ္မာရုံကို အာရုံပြုသော စေတသိက် (၅၂)ပါး။

## ၆။ ဝတ္ထု သင်္ဂဟ

ဝတ္ထုအပြားအားဖြင့် စိတ်၊စေတသိက်တို့ကို ရေတွက်ရာ သင်္ဂဟ ဖြစ်သည်။

**ဝတ္ထု**

မြေကြီးသည် သစ်ပင်၊ တော တောင်တို့၏ တည်ရာမှီရာ ဖြစ်သကဲ့သို့ စက္ခုပသာဒ စသော (၆)ပါးသောတရားတို့လည်း စိတ်၊ စေတသိက်တို့၏ တည်ရာမှီရာ ဖြစ်သောကြောင့် ဝတ္ထု မည်ကြ၏။

<table>
<tr><th colspan="2">ဝတ္ထုရုပ် ၆ ပါး</th><th>တရားကိုယ်</th><th colspan="2">ဝိညာဏစိတ် ၇ ပါး</th><th colspan="2">အသိသုံးမျိုး</th></tr>
<tr><td>၁</td><td>စက္ခုဝတ္ထု</td><td>စက္ခုပသာဒ</td><td>၁</td><td>စက္ခုဝိညာဏစိတ်</td><td rowspan="5">၁</td><td rowspan="5">ပဉ္စဝိညာဏစိတ်</td></tr>
<tr><td>၂</td><td>သောတဝတ္ထု</td><td>သောတပသာဒ</td><td>၂</td><td>သောတဝိညာဏစိတ်</td></tr>
<tr><td>၃</td><td>ဃာနဝတ္ထု</td><td>ဃာနပသာဒ</td><td>၃</td><td>ဃာနဝိညာဏစိတ်</td></tr>
<tr><td>၄</td><td>ဇိဝှါဝတ္ထု</td><td>ဇိဝှါပသာဒ</td><td>၄</td><td>ဇိဝှါဝိညာဏစိတ်</td></tr>
<tr><td>၅</td><td>ကာယဝတ္ထု</td><td>ကာယပသာဒ</td><td>၅</td><td>ကာယဝိညာဏစိတ်</td></tr>
<tr><td rowspan="2">၆</td><td rowspan="2">ဟာဒယဝတ္ထု</td><td rowspan="2">ဟာဒယ<br>(နှလုံးသွေးအစုဌ် တည်သောကမ္မဇရုပ်)</td><td>၆</td><td>မနောဓာတ်</td><td>၂</td><td>မနောဓာတ်</td></tr>
<tr><td>၇</td><td>မနောဝိညာဏစိတ်</td><td>၃</td><td>မနောဝိညာဏစိတ်</td></tr>
</table>

**အသိ သုံးမျိုး**

၁။ မနောဓာတ် = အာရုံ ၅ ပါးကို သိကာမျှ ဖြစ်သောဓာတ်။

၂။ ပဉ္စဝိညာဏစိတ် = အသီးသီးသော အာရုံ ၅ ပါးတို့ကို ထင်ရှားသိသောဓာတ်။

၃။ မနောဝိညာဏစိတ် = အာရုံ တို့ကို အထူးသိနိုင်သောဓာတ်။

►► အာရုံပြုဟန်၊ အတန်တန်ဝယ်၊ သာမန် သိသော၊ ဓာတ်သဘော ကို၊ မနော ဟုမှတ်။
မနောဓာတ် ထက်၊ လွန်တတ် သိပြန်၊ ဝိညာဏ် တည်း။
တစ်ဖန် ထို့ထက်၊ ဆထက် ကဲချွန်၊ အလွန်အကျူး၊ အထူးသိသော၊ ဓာတ်သဘောကား
မနောဝိညာဏ်၊ အမည်တွင်သည်၊ ဤတွင် မှတ်ဖွယ် အချုပ်တည်း။

**မနောဝိညာဏစိတ်၏ တရားကိုယ်**

►► ဒွေးပဉ္စဝိညာဏ် ၁၀ + မနောဓာတ် ၃ မှ ကြွင်းသော စိတ် (၇၆)ပါး။

## ဘုံအားဖြင့် ရထိုက်သော ဝတ္ထုများနှင့် ဝိညာဏဓာတ်များ

▸▸ ဆောင် ။ ။ ဝတ္ထု ခြောက်စုံ၊ ကာမဘုံ၊ အကုန် ရသည်သာ။
စက်, သော နှစ်တန်၊ ဟဒယံ၊ သုံးတန် ရူပမှာ။
အရူပ မူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ။

၁။ **ကာမ ၁၁ ဘုံ** ၌ ကာမတဏှာ၊ ကာမကံကြောင့် ဝတ္ထု (၆)ပါးလုံးရ၏။
ဝိညာဏဓာတ်လည်း (၇) ပါးလုံးရ၏။

၂။ အသညသတ်ကြဉ် **ရူပ ၁၅ ဘုံ** ၌ ကာမတရားတို့ကို ငြီးငွေ့သော ကာမဝိရာဂ ဘာဝနာကံကြောင့် ကာမတဏှာ၏ အသုံးအဆောင်သက်သက်ဖြစ်သော ဃာန၊ ဇိဝှါ၊ ကာယ ဝတ္ထုတို့ မရကြဘဲ စက္ခု၊ သောတ၊ ဟဒယ ဝတ္ထု (၃) ပါးသာရ၏။
ဝိညာဏဓာတ်လည်း စက္ခု၊ သောတ၊ မနောဓာတ်၊ မနောဝိညာဏဓာတ် (၄)ပါးသာရ၏။

၃။ **အရူပ ၄ ဘုံ** ၌ ရုပ်ဟူသမျှတို့ကို ငြီးငွေ့သော ရူပဝိရာဂ ဘာဝနာကံကြောင့် ရုပ်များသာ ဖြစ်သော ဝတ္ထု (၆)ပါးလုံး မရကြဘဲ မနောဝိညာဏဓာတ် (၁)ပါးသာ ရ၏။

၄။ **အသညသတ်ဘုံ** ၌ နာမ်ကို ငြီးငွေ့သော အရူပဝိရာဂ ဘာဝနာ အစွမ်းကြောင့် နာမ်ဟူ၍ အလျှင်း မရအပ်။ (ဝတ္ထု ရုပ် ၆ ပါးကိုလည်း မရအပ်ချေ။)

## သင်္ဂဟ အချုပ် သံခိပ်

▸▸ မှီ စတုတေး၊ မမှီ လေး၊ စဒွေး မှီ, မမှီ။

ပဉ္စဝတ္ထုမှီ ။ ။ ဝိညာဏ်ဆယ်လီ၊ အမြဲ မှီ၊ ငါးလီ အသီးသီးသာ။

ဟဒယဝတ္ထုအမြဲမှီ ။ ။ မနောဓာတ် သုံး၊ မှီမြဲ ထုံး၊ အဆုံး ဝတ္ထုမှာ။
သန္တိ, မဟာဝိ၊ ဒွေးပဋိ၊ ဟသိ, ဆယ့်ငါး ရူ၊
သောတာမဂ္ဂ၊ သုံးဆယ် ရ၊ ဟ ၌ အမြဲဟူ။

ဝတ္ထုမှ အမြဲလွတ် ။ ။ အရူပဝိ၊ စတုညီ၊ အမှီ မရှိဟူ။

ရံခါမှီ - မမှီ ။ ။ လောမောဆယ်ဖြာ၊ မနောဒွါ၊ မဟာကု, ကြိ ရှစ်။
ကု, ကြိ ရှစ်ဖြာ၊ အရူပါ၊ ကုတ်မှာ ထက်ခုနစ်၊
ဝတ္ထု ရုပ်ဆီ၊ မှီ, မမှီ၊ ပေါင်းညီ လေးဆယ့်နှစ်။

## ဝတ္ထု သင်္ဂဟာဇယား

| သင်္ဂဟ အခွဲ | | အမှီခံဝတ္ထုရုပ် | မှီသောစိတ်များ | | |
|---|---|---|---|---|---|
| ဝတ္ထုရုပ်ကို ကောန်မှီ (မှီ စတုတေး) | ၄၃ | ပဉ္စဝတ္ထု(အသီးသီး) | ဒွေးပဉ္စဝိညာဏ် | ၁၀ | ၄၃ |
| | | ဟဒယဝတ္ထု | မနောဓာတ် | ၃ | |
| | | | မနောဝိညာဏဓာတ် | ၃၀ | |
| | | | သန္တီရဏ ၃၊ မဟာဝိပါက် ၈<br>ဒေါသမူ ၂၊ ဟသိတုပ္ပါဒ် ၁<br>ရူပ ၁၅၊ သောတာပတ္တိမဂ် ၁ | | |
| ဝတ္ထုရုပ်ကို အမြဲမမှီ (မမှီလေး) | ၄ | -- | အရူပဝိပါက် | | ၄ |
| ဝတ္ထုရုပ်ကိုရံခါမှီ၊ရံခါမမှီ (စဒွေး မှီ မမှီ) | ၄၂ | ဟဒယဝတ္ထု | လောဘမူ၊မောဟမူ | ၁၀ | ၄၂ |
| | | | မနောဒွါရာဝဇ္ဇန်း | ၁ | |
| | | | မဟာကုသိုလ်၊မဟာကြိယာ | ၁၆ | |
| | | | အရူပ ကုသိုလ်၊ ကြိယာ | ၈ | |
| | | | သောမဂ်ကြည်လောကုတ္တရာ | ၇ | |

## ရံခါမှီ ရံခါမမှီ

ဝတ္ထု အနေကန်မှီစိတ် ၄၂ ပါးတို့သည် ပဉ္စဝေါကာရဘုံသားတို့၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၍ စတုဝေါကာရဘုံသားတို့၌ ဖြစ်ခိုက် ဝတ္ထုရုပ်ကို မမှီကြပါ။

- ပဉ္စဝေါကာရဘုံ = ခန္ဓာ (၅) ပါး ရှိသောဘုံ။ (ကာမ ၁၁ + ရူပ ၁၅ = ၂၆ဘုံ)
- စတုဝေါကာရဘုံ = နာမ်ခန္ဓာ (၄) ပါး ရှိသောဘုံ။ (အရူပ ၄ ဘုံ)
- ဧကဝေါကာရဘုံ = ရုပ်ခန္ဓာ (၁) ပါး သာရှိသောဘုံ။ (အသညသတ် ၁ ဘုံ)

**ပကိဏ်းပိုင်းပြီး၏။**

# ဝီထိပိုင်း

## ဝီထိပိုင်း

ဝီထိ ဟူသည် အစဉ်အတန်း မည်၏။ လူတို့ သွားရာလမ်းခရီးသည် ရွာစဉ်ကို မကျော်ဘဲ အစဉ်သွားဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမအတိုင်းဖြစ်သော စိတ်တို့၏ အစဉ်သည်လည်း ဖြစ်သင့်သောစိတ် တစ်ခုနှင့် တစ်ခု မကျော်မူ၍ တစ်ခုပြီး တစ်ခု အစဉ်အတိုင်း ဖြစ်တတ်သောကြောင့် "ဝီထိ" မည်၏။ တစ်နည်းအားဖြင့် ထိုထိုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း စသော အစဉ်အားဖြင့် စိတ်တို့၏ ဖြစ်ခြင်းသည် "ဝီထိ" မည်၏။

## ဆ ဆက္က (၆) မျိုး

ဝီထိချသောအခါ၌ ဤစိတ်သည် မည်သည့်ဝတ္ထုရုပ်ကို မှီ၏ဟုသိရန် ဆ ဝတ္ထုကိုလည်းကောင်း၊ မည်သည့်ဒွါရ၌ ဖြစ်သည်ဟုသိရန် ဆ ဒွါရကိုလည်းကောင်း၊ မည်သည့် အာရုံကို အာရုံပြုသည် ဟုသိရန် ဆ အာရမ္မဏ ကိုလည်းကောင်း၊ ဤဝိညာဏ်ကား မည်သည့် ဝီထိ၌ မှတ်သားကြောင်းဝိညာဏ် ဟုသိရန် ဆ ဝိညာဏကိုလည်းကောင်း၊ ဤဝီထိကား မည်သည့်ဝီထိဟုသိရန် ဆ ဝီထိကိုလည်းကောင်း၊ ဤအာရုံကား မည်သို့မည်ပုံ ထင်လာသော အာရုံဟု သိရန် ဆဓာဝိသယပ္ပဝတ္တိ ကိုလည်းကောင်း အလုံးစုံ သိသင့်ပေသည်။

<table>
<tr><th>ဆဝတ္ထု</th><th>ဆဒွါရ</th><th>ဆအာရမ္မဏ</th><th>ဆဝိညာဏ</th><th>ဆ ဝီထိ</th><th>ဆဓာဝိသယပ္ပဝတ္တိ</th></tr>
<tr><td>စက္ခုဝတ္ထု</td><td>စက္ခုဒွါရ</td><td>ရူပါရုံ</td><td>စက္ခုဝိညာဏ</td><td>စက္ခုဒွါရဝီထိ</td><td rowspan="5">အတိမဟန္တာရုံ<br>မဟန္တာရုံ<br>ပရိတ္တာရုံ<br>အတိပရိတ္တာရုံ</td></tr>
<tr><td>သောတဝတ္ထု</td><td>သောတဒွါရ</td><td>သဒ္ဒါရုံ</td><td>သောတဝိညာဏ</td><td>သောတဒွါရဝီထိ</td></tr>
<tr><td>ဃာနဝတ္ထု</td><td>ဃာနဒွါရ</td><td>ဂန္ဓာရုံ</td><td>ဃာနဝိညာဏ</td><td>ဃာနဒွါရဝီထိ</td></tr>
<tr><td>ဇိဝှါဝတ္ထု</td><td>ဇိဝှါဒွါရ</td><td>ရသာရုံ</td><td>ဇိဝှါဝိညာဏ</td><td>ဇိဝှါဒွါရဝီထိ</td></tr>
<tr><td>ကာယဝတ္ထု</td><td>ကာယဒွါရ</td><td>ဖောဋ္ဌဗ္ဗာရုံ</td><td>ကာယဝိညာဏ</td><td>ကာယဒွါရဝီထိ</td></tr>
<tr><td>ဟဒယဝတ္ထု</td><td>မနောဒွါရ</td><td>ဓမ္မာရုံ</td><td>မနောဝိညာဏ</td><td>မနောဒွါရဝီထိ</td><td>ဝိဘူတာရုံ<br>အဝိဘူတာရုံ</td></tr>
</table>

ဆ ဝတ္ထု၊ ဆ ဒွါရ၊ ဆ အာရမ္မဏ တို့၏ တရားကိုယ်များကို ပကိဏ်းပိုင်း၌ ပြဆိုခဲ့ပြီးဖြစ်၏။ ဆ ဝိညာဏအတွက် စက္ခုဝိညာဏ သည် စက္ခုဝိညာဏ်ဒွေး စသည်ဖြစ်၏။ မနောဝိညာဏကား ဒွေးပဉ္စဝိညာဏ်မှ ကြွင်းသောစိတ်တို့ ဖြစ်၏။ ဆ ဝီထိ ကား ဆဒွါရနှင့် စပ်၍ စက္ခုဒွါရဝီထိ စသည်ဖြင့်လည်းကောင်း၊ ဆဝိညာဏနှင့် စပ်၍ စက္ခုဝိညာဏဝီထိ စသည်ဖြင့်လည်းကောင်း အမည်ရကြ၏။

## ဆ ဓာ ဝိ သ ယ ပ္ပ ဝ တ္တိ

အာရုံတို့၏ ဒွါရ၌ ဖြစ်ခြင်း၊ ထင်ခြင်းသည်ပင် ဝိသယပ္ပဝတ္တိ မည်၏။

### ပဉ္စဒွါရ ဝီထိ အတွက် ဝိသယပ္ပဝတ္တိ (၄)မျိုး

၁။ **အတိမဟန္တာရုံ** = ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည် ရှိသော် အလွန်များသော စိတ္တက္ခဏရှိသော အာရုံ။

၂။ **မဟန္တာရုံ** = ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည် ရှိသော် များသော စိတ္တက္ခဏရှိသော အာရုံ။

၃။ **ပရိတ္တာရုံ** = ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည် ရှိသော်(မဟန္တာရုံလောက်မများ)နည်းပါးသောစိတ္တက္ခဏရှိသော အာရုံ။

၄။ **အတိပရိတ္တာရုံ** = ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည် ရှိသော် (ပရိတ္တာရုံအောက် နည်းပါးသော) အလွန်နည်းသော စိတ္တက္ခဏ ရှိသော အာရုံ။

### မနောဒွါရ ဝီထိ အတွက် ဝိသယပ္ပဝတ္တိ (၂)မျိုး

၅။ **ဝိဘူတာရုံ** = မနောဒွါရ၌အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ထင်ထင်ရှားရှား ဖြစ်သော အာရုံ။

၆။ **အဝိဘူတာရုံ** = မနောဒွါရ၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် မထင်ရှားသော အာရုံ။ စုစုပေါင်း ဝီထိစိတ်တို့အတွက် ဝိသယပ္ပဝတ္တိ (၆)မျိုး ရှိ၏။

### ဝီထိမုတ်စိတ် အတွက် ဝိသယပ္ပဝတ္တိ (၃)မျိုး

ဒွါရဝိမုတ် (ဝါ) ဝီထိမုတ်စိတ်များဖြစ်သော ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်သော စိတ်တို့၏ ဝိသယပ္ပဝတ္တိသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အားဖြင့် (၃)မျိုးရှိ၏။

## ဝိသယပ္ပဝတ္တိ (၉)မျိုး

ဝိထိစိတ်တို့အတွက် ဝိသယပ္ပဝတ္တိ (၆)မျိုးနှင့် ဝီထိမုတ်စိတ်တို့အတွက် ဝိသယပ္ပဝတ္တိ (၃)မျိုး ပေါင်းသော် ဝိသယပ္ပဝတ္တိ (၉)မျိုး ဖြစ်၏။

## စိတ်အသက်

စိတ်အသက်သည် ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ ဟုဆိုသော ခဏငယ်သုံးချက်ရှိ၏။ (ခဏငယ် ၃ ချက်၊ စိတ်အသက်) ယင်းခဏငယ်သုံးချက်ပေါင်းကို စိတ္တက္ခဏ တစ်ချက် ဟုခေါ်သည်။ ခဏကြီးတစ်ချက် ဟုလည်းခေါ်ကြသည်။

၁။ **ဥပါဒ်ခဏ** = ဖြစ်ပေါ်ရန် အကြောင်းပြည့်စုံညီညွတ်၍ ပရမတ္ထသဘောတရားတို့၏ ရှေးဦးစွာ ဖြစ်ပေါ်လာသောခဏ။

၂။ **ဌီခဏ** = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့ မချုပ်သေးမီ တည်နေသောခဏ။

၃။ **ဘင်ခဏ** = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ တည်ပြီးနောက် ပျက်စီးချုပ်ကွယ်သော ခဏ။

▸ လက်ဖျောက်တစ်ချက်တီးရာကာလအတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမက ရှေ့နောက်ဆက်၍ ဖြစ်ပျက်နိုင်၏ဟူသောအဆိုအရ စိတ်သည် အလွန်လျင်မြန်စွာ ဖြစ်တတ် ပျက်တတ်ကြသည်ကို သိနိုင်ပေသည်။

## ရုပ်အသက်

ရုပ်သည် အကောင်အထည် အတုံးအခဲသဘောရှိသောကြောင့် အကောင်အထည် အတုံးအခဲသဘောမှ ကင်းဆိတ်သော စိတ်ထက်စာလျှင် ပို၍ အသက်ရှည်ကြသည်။

| | | | | |
|---|---|---|---|---|
| ရုပ်အသက်၏ ဥပါဒ်ခဏ | = | ခဏငယ် | ၁ | ချက် |
| ရုပ်အသက်၏ ဌီခဏ | = | ခဏငယ်ပေါင်း | ၄၉ | ချက် |
| ရုပ်အသက်၏ ဘင်ခဏ | = | ခဏငယ် | ၁ | ချက် |
| ထို့ကြောင့် ရုပ်အသက်သည် ▸ | | ခဏငယ်အားဖြင့် | ၅၁ | ချက် ရှိ၍ |
| ▸ | | (ခဏကြီး) စိတ္တက္ခဏအားဖြင့် | ၁၇ | ချက် ရှိပေသည်။ |

ဤရုပ်အသက်မှာ လက္ခဏာရုပ် ၄ ပါး၊ ဝိညတ်ရုပ် ၂ ပါး တို့မှ ကြဉ်သော ရုပ် (၂၂)ပါး တို့အတွက်သာ ဖြစ်၏။ (လက္ခဏာလေး၊ ဝိညတ်ဒွေး၊ ကြဉ်ရေးရုပ် နိဗ္ဗာ)

**လက္ခဏာရုပ် ၄ ပါး** တို့တွင် ဥပစယ၊ သန္တတိ (၂)ပါးတို့သည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်ရှိ၏။ ဇရတာသည် ရုပ်၏ ဌီခဏ (ခဏငယ် ၄၉ ချက်) အသက်ရှိ၏။ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ အသက်ရှိ၏။

**ဝိညတ်ရုပ် ၂ ပါး** ဖြစ်သော ကာယဝိညတ်နှင့် ဝစီဝိညတ်တို့သည် စိတ်သို့အစဉ်လိုက်သော "စိတ္တာနုပရိဝတ္တိ" တရားမျိုးဖြစ်၍ စိတ်နှင့်အသက်တူ၏။ ခဏငယ် ၃ ချက်မျှ အသက်ရှိ၏။

## ပဉ္စဒွါရဝီထိ ဖြစ်ကြောင်းများ

၁။ စက္ခု, လောက၊ ရူပ ထင်ပြီ၊ မနသီ၊ လေးလီ စက္ခုဖို့။

► စက္ခုဒွါရဝီထိဖြစ်ကြောင်းလေးပါးမှာ ...

**စက္ခုဝတ္ထု** ကောင်းမွန်စွာ ရှိနေခြင်း၊

**အာလောက** လုံလောက်သော အရောင်အလင်းရှိခြင်း၊

**ရူပါရုံ** ၏ စက္ခုပသာဒ၌ ထင်ခြင်း(ထိခိုက်ခြင်း)

**မနသိကာရ** ဟူသော အာဝဇ္ဇန်း၏ ဖြစ်ခြင်း(နှလုံးသွင်းမှု ရှိခြင်း) တို့ဖြစ်၏။

► အခြားဒွါရတို့၌လည်း ဤအတိုင်း နည်းမှီ၍ သိပါ။

၂။ သောတ, ကာသ၊ သဒ္ဒထင်ပြီ၊ မနသီ၊ လေးလီ သောတဖို့။
(ကာသ = အာကာသ = အပေါက်ဟင်းလင်း)

၃။ ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ၊ မနသီ၊ လေးလီ ဃာန ဖို့။ (ဝါတ = လေဓာတ်)

၄။ ဇိဝှါ, အာပ၊ ရသ ထင်ပြီ၊ မနသီ၊ လေးလီ ဇိဝှါဖို့။ (အာပ = အာပေါဓာတ် = ရေဓာတ်)

၅။ ကာယ, ထဒ္ဓ၊ ဖောဋ္ဌ ထင်ပြီ၊ မနသီ၊ လေးလီ ကာယ ဖို့။ (ထဒ္ဓ = ခက်မာသော ပထဝီ)

# ပဉ္စဒွါရ ဝီထိခန်း

## စက္ခုဒွါရ (၁၅) ဝီထိ

### ၁၊ အတိမဟန္တာရုံ ၁ ဝီထိ

**တဒါရုမ္မဏဝါရ၊ စက္ခုဒွါရိက၊ အတိမဟန္တာရုံ ဝီထိ** ဖြစ်ဟန်ကား .....

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ

ပဋ္ဌဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံ၊ စက္ခုပသာဒတို့ တစ်ဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ဒုတိယ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် "တဒါရမ္မဏဝါရ၊ စက္ခုဒွါရိက၊ အတိမဟန္တာရုံဝီထိ" မည်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။ (တဒါရုံ အဆုံးရှိသော စိတ်အကြိမ်ဖြစ်၍ "တဒါရမ္မဏဝါရ" ဟုခေါ်သည်။)

## ဘဝင်စိတ် နှင့် ဝီထိစိတ်

သတ္တဝါတို့သန္တာန်၌ ဝီထိစိတ် မဖြစ်သောအခါ ဘဝင်စိတ်အစဉ်သာ အမြဲဖြစ်နေ၏။ ထိုဘဝင်စိတ်သည် ဝီထိမုတ်စိတ်မျိုးဖြစ်ရကား ၎င်းတို့အာရုံပြုမြဲဖြစ်သော လွန်ခဲ့သည့်ဘဝ ဟောင်းမှ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကိုသာ အာရုံပြုနေ၏။ ထိုဘဝင်များအကြား တွင် ရူပါရုံစသော အာရုံသစ်များသည် စက္ခုပသာဒစသော ဒွါရတို့၌ ထင်လာလျှင် ဘဝင်အစဉ် ပြတ်၍ ဝီထိစိတ်အစဉ် ဖြစ်ရပေသည်။

ထိုသို့ အာရုံသည် ဒွါရ၌ ထင်သည်ဟုဆိုရာ၌လည်း ၎င်းတို့၏ (ရူပါရုံနှင့် စက္ခုပသာဒ) ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်ကြသေးပေ။ ရုပ်တို့မည်သည် ဌီအခိုက်၌သာ အားအရှိဆုံးဖြစ်ရ ကား (ရုပ်၏ ဌီ သို့ ရောက်ပြီးနောက်မှ) အနည်းဆုံး စိတ္တက္ခဏ တစ်ချက်လွန်ပြီးနောက်မှ ထင်လာနိုင်၏။

ထိုလွန်ခဲ့သော စိတ္တက္ခဏ တစ်ချက်ဖြစ်သည့် ဘဝင်စိတ်ကို **"အတီတဘဝင်"** ဟုခေါ်၏။ (အာရုံနှင့် ပသာဒတို့ မထိခိုက်၊ မတိုက်ဆိုင်၊ မထင်မီ ချုပ်ပျောက်သွားသော ဘဝင်)

ထိုအတီတဘဝင်၏ အခြားမဲ့တွင် အာရုံ၏ ဒွါရ၌ထင်လာမှုကြောင့် နဂိုရှိရင်းစွဲဘဝင် စိတ်သည် ၎င်း၏ အာရုံပြုမြဲဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုနေရာမှ အာရုံဟောင်းကိုလည်း မလွတ်နိုင်သေး၊ ထင်လာသောအာရုံသစ်ကိုလည်း စွဲမြဲစွာ မယူနိုင်သေးသဖြင့် ပင်ကိုယ်သဘောမှ ဖောက်ပြားပြီး နှစ်ကြိမ်တိုင်တိုင် လှုပ်ချောက်ချား၏။ ယင်းလှုပ်သော ဘဝင်ကို **"ဘဝင်္ဂစလန"** ဟုခေါ်သည်။ ဒုတိယ ဘဝင်္ဂစလန သည် အာရုံဟောင်းကိုစွန့်၍ အာရုံသစ်ယူဖို့ရန် ဘဝင်အစဉ်ပြတ်သောကြောင့် **"ဘဝင်္ဂုပစ္ဆေဒ"** ဟုခေါ်၏။

### ဝီထိစိတ်ဖြစ်ပုံ

ဘဝင်အစဉ်ပြတ်ပြီးနောက် ထင်လာသော ရူပါရုံကို ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ မြင်သိသော စက္ခုဝိညာဏ်စိတ်၊ ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်၊ စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်၊ ဆုံးဖြတ်သော ဝုဋ္ဌောစိတ်များ အစဉ်အတိုင်းဖြစ်ကြ၏။ ထို့နောက် ရူပါရုံကို အာရုံပြု ခံစားသော ကာမဇော ၂၉ ပါးအနက်မှ တစ်ပါးပါးသည် (များသောအားဖြင့်) ၇ ကြိမ် တိုင်တိုင်စော၏။ (နှလုံးသွင်းကောင်းလျှင် ကုသိုလ်ဇော၊ မကောင်းလျှင် အကုသိုလ်ဇော၊ ရဟန္တာဖြစ်က ကြိယာဇော စော၏။)

ထို့နောက် ဇောသို့ အစဉ်လိုက်၍ဖြစ်သော တဒါရုံဝိပါက်စိတ် ၂ ကြိမ်ဖြစ်ကာ ဝီထိအစဉ်သည်လည်း ရူပါရုံ နှင့် စက္ခုပသာဒတို့၏ တစ်ဆယ့်ခုနစ်ချက် ရုပ်သက်ချုပ်ခြင်းနှင့် အတူ ပြိုင်၍ ချုပ်လေ၏။ ထို့နောက် အာရုံအသစ် ထပ်မံ၍ မထင်သေးသမျှ ကြားကာလ၌ ဘဝင်စိတ်အစဉ်သာဆက်၍ ဖြစ်လေ၏။ (ဝီထိပုံကို စက္ခုဒွါရဝီထိဇယား၌ ကြည့်ပါ။)

### ၂။ မဟန္တာရုံ ၂ ဝီထိ

ဤဝီထိများ၌ ရူပါရုံ နှင့် စက္ခုပသာဒတို့သည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၂ ချက်၊ ၃ ချက် လွန်ပြီးမှ ထင်ကြ၏။ ထို့ကြောင့် တဒါရုံ ၂ ကြိမ်ဖြစ်သည့်တိုင်အောင် တည်နေခြင်းငှာ မစွမ်းနိုင်တော့၍ ဇောဖြင့်သာ အဆုံးသပ်ရ၏။ ဇောအဆုံးရှိ၍ "ဇဝနဝါရ" ဟုခေါ်၏။ ဤကား **ဇဝနဝါရ၊ စက္ခုဒွါရိက၊ မဟန္တာရုံဝီထိ** တို့ဖြစ်ပုံတည်း။ (ဝီထိပုံကို ဇယား၌ကြည့်ပါ။)

- ▶ တဒါရုံ မှန်လျှင် ၂ ကြိမ် ဆက်၍သာဖြစ်၏။

### ၃။ ပရိတ္တာရုံ ၆ ဝီထိ

ပရိတ္တာရုံ ဟူသည် စက္ခုပသာဒ၏ အားသေးမှု၊ ရူပါရုံ ၏ သေးငယ်မှုန်မွှားမှု၊ အရောင်အလင်း၏ ညှံ့ဖျင်းမှု စသောအကြောင်းများကြောင့် ဇော ၇ ကြိမ်ဖြစ်သည့်တိုင်အောင် တည်နေခြင်းငှာ မစွမ်းနိုင်သော လွန်ခြင်းရှိ၍ ထင်လာသောအာရုံဖြစ်၏။

ဤ၌ ရူပါရုံ နှင့် စက္ခုပသာဒတို့သည် စိတ္တက္ခဏ ၄ ချက် မှ ၉ ချက်အထိ လွန်ပြီးမှ ထင်ကြ၏။ ဇောစောခွင့် မရ၍ ဝုဋ္ဌောစိတ်သည်ပင်လျှင် ဇောတု၊ ဇောယောင်အဖြစ်ဖြင့် ၂ ကြိမ် (သို့) ၃ ကြိမ် ထပ်လျက်ဖြစ်ခွင့်ရှိ၏။ ဝုဋ္ဌောအဆုံးရှိ၍ "ဝေါဋ္ဌပနဝါရ" ဟုခေါ်၏။ ဤကား **ဝေါဋ္ဌပနဝါရ၊ စက္ခုဒွါရိက၊ ပရိတ္တာရုံဝီထိ** တို့ဖြစ်ပုံတည်း။ (ဝီထိပုံကို ဇယား၌ကြည့်ပါ။)

▸ ဝိထိချရာ၌ဆဋ္ဌပရိတ္တာရုံဝိထိမှ တစ်ပါး ကျန်ဝိထိများ၌ဇဝနဲ့ကို ၂ ကြိမ် (သို့) ၃ ကြိမ် အလိုရှိသလို ချခွင့်ရှိ၏။ ဇဝနဲ့ ၂ ကြိမ်ချလျှင် နောက်၌ ဘဝင် တစ်ကြိမ်တိုးပေးရသည်။

## ၄။ အတိပရိတ္တာရုံ ၆ ဝိထိ

အတိပရိတ္တာရုံဟူသည် စက္ခုပသာဒ၏ အလွန့်အလွန်အားသေးမှုစသော အကြောင်းများကြောင့် ဇဝနဲ့ ၂ ကြိမ်ဖြစ်သည့်တိုင်အောင်ပင် တည်နေခြင်းငှာ မစွမ်းနိုင်သော လွန်ခြင်းရှိ၍ ထင်လာသောအာရုံဖြစ်၏။

ဤ၌ ရူပါရုံ နှင့် စက္ခုပသာဒတို့သည် စိတ္တက္ခဏ ၁၀ ချက် မှ ၁၅ ချက်အထိ လွန်ပြီးမှ ထင်ကြ၏။ ထိုသို့ထင်ခြင်းကြောင့် ဘဝင်သည် လှုပ်ရုံမျှသာလှုပ်ပြီး ဘဝင်ကိုဖြတ်သော ဝိထိစိတ် မဖြစ်နိုင်ပေ။ ဝိထိစိတ်မှယုတ်လျော့ပြီး ဘဝင်လှုပ်ရုံမျှသာဖြစ်သော စိတ်အကြိမ်ဖြစ်၍ "မောဃဝါရ" ဟုခေါ်၏။ ဤကား **မောဃဝါရ၊ စက္ခုဒွါရိက၊ အတိပရိတ္တာရုံဝိထိ** တို့ဖြစ်ပုံတည်း။ (ဝိထိပုံကို ဇယား၌ကြည့်ပါ။)

▸ ဘဝင်အစဉ်ကိုဖြတ်၍ ဝိထိစိတ်တို့ မဖြစ်ကြခြင်းကြောင့် အတိပရိတ္တာရုံဝိထိဟုပင် မခေါ်ထိုက်သော်လည်း တင်စားသောအားဖြင့် (တစ်နည်း) ဒွါရ၌ အာရုံထင်မှုကြောင့် ဘဝင်လှုပ်ခြင်းကိုပင် အစွဲပြု၍ ဝိထိအရာသို့သွင်း၍ ခေါ်ရ၏။

ပဉ္စဒွါရဝိထိပေါင်း ၇၅ = တစ်ဒွါရ၌ ၁၅ဝိထိ × ၅ ဒွါရ (စက္ခု.သောတ.ဃာန.ဇိဝှါ.ကာယ)

### ဝိထိစိတ်သရုပ်ကို ရေတွက်ခြင်း

**စက္ခုဒွါရဝိထိ၌**

သာမည (စိတ်အမျိုးအစား) = ၇ (ပ + စ + သံ + ဏ + ဝု + ဇ + ရုံ)
ဝိသေသ (စိတ္တုပ္ပါဒ်အကြိမ်) = ၁၄ (ပ + စ + သံ + ဏ + ဝု + ဇ ၇ + ရုံ ၂)
ဝိတ္ထာရ (စိတ်သရုပ်အကျယ်) = ၄၆ (ပ + စ ၂ + သံ ၂ + ဏ ၃ + ဝု + ဇ ၂၉ + ရုံ ၈)

**ပဉ္စဒွါရဝိထိ၌**

သာမည = ၇
ဝိသေသ = ၁၄
ဝိတ္ထာရ = ၅၄ (စက္ခုဝိညာဏ်ဒွေး၌ ဒွေးပဉ္စဝိညာဏ် ၁၀ ထဲ့ရန်)

## စက္ခုဒွါရ ၁၅ ဝီထိ ဇယား

| ဝိသယပ္ပဝတ္တိ | ဥပါဒ် ထင် | စိတ္တက္ခဏ ၁၇ ချက် | ဝါရ ၄ မျိုး |
|---|---|---|---|
| အတိမဟန္တာရုံ ၁ ဝီထိ | ၁ တီ | န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ | တဒါရမ္မဏဝါရ |
| မဟန္တာရုံ ၂ ဝီထိ | ၂ တီ | န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ | ဇဝနဝါရ |
| | ၃ တီ | န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ | |
| ပရိတ္တာရုံ ၆ ဝီထိ | ၄ တီ | န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ ဘ ဘ | ဝေါဋ္ဌပနဝါရ |
| | ၅ တီ | န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ ဘ | |
| | ၆ တီ | န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ | |
| | ၇ တီ | န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ | |
| | ၈ တီ | န ဒ ပ စ သံ ဏ ဝု ဝု ဘ | |
| | ၉ တီ | န ဒ ပ စ သံ ဏ ဝု ဝု | |
| အတိပရိတ္တာရုံ ၆ ဝီထိ | ၁၀ တီ | န န ဘ ဘ ဘ ဘ ဘ | မောဃဝါရ |
| | ၁၁ တီ | န န ဘ ဘ ဘ ဘ | |
| | ၁၂ တီ | န န ဘ ဘ ဘ | |
| | ၁၃ တီ | န န ဘ ဘ | |
| | ၁၄ တီ | န န ဘ | |
| | ၁၅ တီ | န န | |

## မနောဒွါရ ဝီထိခန်း:

### (က) ကာမဇောဝါရ

### ဝိဘူတာရုံ ဝီထိ

မနောဒွါရ၌ (ထင်ရှားသော) ဝိဘူတာရုံ ထင်သည်ရှိသော် ..... ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ် ဖြစ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အဝိဘူတာရုံ ဝီထိ

မနောဒွါရ၌ (မထင်ရှားသော) အဝိဘူတာရုံ ထင်သည်ရှိသော် တဒါရုံ ၂ ကြိမ်ကျသည်အထိ မစွမ်းနိုင်တော့၍ ဇောစ၏ နောက်၌ ဘဝင်စိတ်တို့သာ ဖြစ်တော့သည်။

- ဝိဘူတာရုံဝီထိ --- န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင်
- အဝိဘူတာရုံဝီထိ --- န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

စိတ်သရုပ်ကို ရေတွက်ခြင်း ► သာမညာ = ၃ (မ + ဇ + ရုံ)

► ဝိသေသ = ၁၀ (မ + ဇ ၇ + ရုံ ၂ )

► ဝိတ္ထာရ = ၄၁ (မ + ဇ ၂၉ + ရုံ ၁၁)

## (ခ) အပ္ပနာဇောဝါရ

အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံ အပြား မရှိချေ။ ဈာန်ဇော, မဂ်ဇော, ဖိုလ်ဇော စောရာ အပ္ပနာဇောဝီထိ၏ အာရုံမှန်လျှင် ထင်ရှားသော "ဝိဘူတာရုံ" တစ်မျိုးသာ ဖြစ်၏။ တဒါရုံ၏ ဖြစ်ခြင်းလည်း မရှိချေ။

အပ္ပနာဇောဝီထိများတွင် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ကာမာဝစရဉာဏသမ္ပယုတ်ဇော (မဟာကု၊ မဟာကြိ) ၈ ပါးမှ တစ်ပါးပါးသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ (ဥပစာရသမာဓိဇောများ) ဟူသောအမည်ဖြင့် တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ၃ ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ၄ ကြိမ် စော၏။ ထို ဥပစာရသမာဓိဇောများနောက်တွင်မှ အပ္ပနာဇော ၂၆ ပါးတို့ဖြစ်သော ဈာန်ဇော, မဂ်ဇော, ဖိုလ်ဇောတို့တွင် တစ်ပါးပါးသောဇောသည် သမထ၊ ဝိပဿနာ ဘာဝနာသို့ ရှေးရှုသည်၏အစွမ်းဖြင့် စောလေ၏။ ထိုအပ္ပနာဇော၏အဆုံး၌ နဂိုကျမြဲဘဝင် ဆက်၍ ကျလေ၏။

- မန္ဒပညာပုဂ္ဂိုလ် = နုံ့သော၊ ညံ့သော ပညာရှိ ပုဂ္ဂိုလ်။
- တိက္ခပညာပုဂ္ဂိုလ် = ထက်မြက်သော ပညာရှိ ပုဂ္ဂိုလ်။

### ဥပစာရ သမာဓိဇောများ

၁။ ပရိကံ = အပ္ပနာဈာန် ဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သောကြောင့် ပရိကံ မည်၏။

၂။ ဥပစာ = အပ္ပနာဈာန်နှင့် မနီးမဝေးဖြစ်သောကြောင့်လည်းကောင်း၊ အပ္ပနာသို့ ရှေးရှုကပ်ရောက်တတ်သောကြောင့်လည်းကောင်း ဥပစာမည်၏။

၃။ အနုလုံ = အောက်ပရိကံဇောအားလည်းကောင်း၊ အထက် အပ္ပနာဇောအားလည်းကောင်း လျော်စွာ ဖြစ်သောကြောင့် အနုလုံ မည်၏။

၄။ ဂေါ်တြဘူ = ကာမအနွယ်၊ ပုထုဇဉ်အနွယ်ကို နှိပ်စက် (ဖျက်ဆီး) တတ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်အနွယ်၊ လောကုတ္တရာအနွယ်ကို ပွားစေတတ်သောကြောင့်လည်းကောင်း ဂေါ်တြဘူ မည်၏။

## ကာမဥပစာရဇောနောင် အပ္ပနာဇော နောင်းပုံ

| တိဟိတ်နှင့်သေက္ခ | | | | | | ရဟန္တာ | |
|---|---|---|---|---|---|---|---|
| − ၄၄ + | | | ၃၅<br>၄<br>၅<br>၄ | ၅<br>၄<br>၅<br>၄ | | + ၁၄ − | |
| ၁၂ | ၃၂ | | | | | ၈ | ၆ |
| ၃ | ၁၂ | အောက်ဖိုလ်<br>၃ ပါး<br>ဇောများ | + + +<br>+ + +<br>+ + +<br>+ + +<br>− − − | +<br>+<br>+<br>+<br>− | အရဟတ္တဖိုလ်<br>ဇောများ | ၄ | ၁ |
| ၄ | ၁၆ | မဂ်ဇောများ | + + + +<br>+ + + +<br>+ + + +<br>+ + + +<br>− − − − | | | | |
| ၅ | ၄ | မဟဂ္ဂုတ်<br>ကုသိုလ်<br>ဇောများ | −<br>−<br>−<br>−<br>+<br>+<br>+<br>+<br>− | −<br>−<br>−<br>−<br>+<br>+<br>+<br>+<br>− | မဟဂ္ဂုတ်<br>ကြိယာ<br>ဇောများ | ၄ | ၅ |
| ၂ | ၂ | | + −<br>+ − | + −<br>+ − | | ၂ | ၂ |
| − + <br>၄ | | | မဟာကု ဉာဏသမ္ပယုတ် | မဟာကြိ ဉာဏသမ္ပယုတ် | | + −<br>၄ | |

## (က) ပုဂ္ဂိုလ်တို့ကို မူတည်၍

၁။ တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ တိဟိတ်ကာမာဝစရကုသိုလ်ဇော ၄ ပါး နှောင် အပ္ပနာဇော ၄၄ ပါး (မဟဂ္ဂုတ် ကုသိုလ် ၉၊ မဂ်ကုသိုလ် ၂၀၊ အောက်ဖိုလ် ၁၅) နှောင်းနိုင်၏။

၂။ ရဟန္တာ (အသေက္ခပုဂ္ဂိုလ်) တို့၏ တိဟိတ်ကာမာဝစရကြိယာဇော ၄ ပါး နှောင် အပ္ပနာဇော ၁၄ ပါး (မဟဂ္ဂုတ် ကြိယာ ၉၊ အရဟတ္တဖိုလ်ဇော ၅) နှောင်းနိုင်၏။

## (ခ) ဝေဒနာ နှင့် ဉာဏ် တို့ကို မူတည်၍

| | | | |
|---|---|---|---|
| သောမနဿမဟာကုသိုလ် ဉာဏသမ္ပယုတ် | ၂ ပါးနှောင် | သောမနဿအပ္ပနာဇော | ၃၂ ပါး |
| ဥပေက္ခာ မဟာကုသိုလ် ဉာဏသမ္ပယုတ် | ၂ ပါးနှောင် | ဥပေက္ခာ အပ္ပနာဇော | ၁၂ ပါး |
| သောမနဿ မဟာကြိယာ ဉာဏသမ္ပယုတ် | ၂ ပါးနှောင် | သောမနဿအပ္ပနာဇော | ၈ ပါး |
| ဥပေက္ခာ မဟာကြိယာ ဉာဏသမ္ပယုတ် | ၂ ပါးနှောင် | ဥပေက္ခာအပ္ပနာဇော | ၆ ပါး |

### ပုဂ္ဂိုလ်အားလျော်စွာ အပ္ပနာဇောစောပုံ

| ပုဂ္ဂိုလ် | ဥပစာရဇော(ကာမဇော) | အပ္ပနာဇော | |
|---|---|---|---|
| တိဟိတ်ပုထုဇဉ် | မဟာကုဉာဏသမ် ၄ | မဟဂ်ကု ၉၊ သောမဂ် ၅ | ၁၄ |
| သောတာဖလဋ္ဌာန် | မဟာကုဉာဏသမ် ၄ | မဟဂ်ကု ၉၊ သောဖိုလ် ၅၊ သကမဂ် ၅ | ၁၉ |
| သကဒါဖလဋ္ဌာန် | မဟာကုဉာဏသမ် ၄ | မဟဂ်ကု ၉၊ သကဖိုလ် ၅၊ နာမဂ် ၅ | ၁၉ |
| အနာဂါဖလဋ္ဌာန် | မဟာကုဉာဏသမ် ၄ | မဟဂ်ကု ၉၊ နာဖိုလ် ၅၊ အရမဂ် ၅ | ၁၉ |
| အရဖလဋ္ဌာန် | မဟာကြိဉာဏသမ် ၄ | မဟဂ်ကြိ ၉၊ အရဖိုလ် ၅ | ၁၄ |

ဆောင် ။ ။ တိပု ့ ရဟန္တာ၊ အပ္ပနာ၊ ရွေးပါ ဆယ့်လေးစီ။
သော ့ သ ့ နာဂါမ်၊ ဖလဋ္ဌာန်၊ ရွေးရန် ဆယ့်ကိုးစီ။
မဂ္ဂဋ္ဌာန် မှာ၊ ကိုယ့်ဆိုင်ရာ၊ မဂ်သာ စောပေသည်။

## မဟဂ္ဂုတ် အပ္ပနာဇောဝါရများ

၁။ **အာဒိကမ္မိကဈာနဝီထိ** (ဈာန်ရသော ပုဂ္ဂိုလ်၏ အစဦးဆုံးဝီထိ)

မန္ဒ -- န ဒ မ ပ ဥ နု ဂေါ ဈာန်ဇော ၁ ကြိမ် ဘွင်

တိက္ခ -- န ဒ မ ဥ နု ဂေါ ဈာန်ဇော ၁ ကြိမ် ဘွင်

၂။ **ဈာနသမာပတ္တိဝီထိ**

မန္ဒ -- န ဒ မ ပ ဥ နု ဂေါ ဈာန်များစွာ ဘွင်

တိက္ခ -- န ဒ မ ဥ နု ဂေါ ဈာန်များစွာ ဘွင်

၃။ **အဘိညာဏဝီထိ**

မန္ဒ -- န ဒ မ ပ ဥ နု ဂေါ အဘိညာဉ်ဇော ၁ ကြိမ် ဘွင်

တိက္ခ -- န ဒ မ ဥ နု ဂေါ အဘိညာဉ်ဇော ၁ ကြိမ် ဘွင်

(ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်အတွက် ရူပပဉ္စမဈာန် ကုသိုလ် အဘိညာဉ်၊
အသေက္ခပုဂ္ဂိုလ်အတွက် ရူပပဉ္စမဈာန် ကြိယာ အဘိညာဉ်)

## လောကုတ္တရာအပ္ပနာဇောဝါရများ

၁။ **သောတာပတ္တိမဂ္ဂဝီထိ**

မန္ဒ -- န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘွင်

တိက္ခ -- န ဒ မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘွင်

၂။ **အထက်မဂ္ဂဝီထိ**

မန္ဒ -- န ဒ မ ပ ဥ နု ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ဘွင်

တိက္ခ -- န ဒ မ ဥ နု ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘွင်

၃။ **ဖလသမာပတ္တိဝီထိ**

မန္ဒ -- န ဒ မ နု နု နု နု ဖိုလ်များစွာ ဘွင်

တိက္ခ -- န ဒ မ နု နု နု ဖိုလ်များစွာ ဘွင်

၄။ **နိရောဓသမာပတ္တိဝီထိ**

မန္ဒ -- န ဒ မ ပ ဥ နု ဂေါ နေဝဈာန်ဇော၂ကြိမ် (နိရောဓ) ဖိုလ် ဘွင်

တိက္ခ -- န ဒ မ ဥ နု ဂေါ နေဝဈာန်ဇော၂ကြိမ် (နိရောဓ) ဖိုလ် ဘွင်

### နိရောဓသမာပတ်

စိတ်၊ စေတသိက်၊ စိတ္တဇရုပ် တို့ အခိုက်အတန့်မျှ ချုပ်ငြိမ်းမှုသို့ ကောင်းစွာရောက်နေခြင်းကို "နိရောဓ သမာပတ်ဝင်စားခြင်း" ဟုခေါ်သည်။ နိရောဓသမာပတ်ကို ပဋ္ဌဝေါကာရဘုံရှိ ဈာန်သမာပတ် ၈ ပါး၊ ၉ ပါး ရရှိပြီးသည့် အနာဂါမ်နှင့် ရဟန္တာများသာ ဝင်စားနိုင်၏။ နိရောဓသို့ ဝင်ခါနီး၌ စတုတ္ထ အာရုပ္ပ ခေါ် နေဝသညာနာသညာယတနဇောသည် (အနာဂါမ်ဖြစ်က ကုသိုလ်ဇော၊ ရဟန္တာဖြစ်က ကြိယာဇော) ၂ ကြိမ် စော၏။ နိရောဓမှ ထသောအခါ (အနာဂါမ် ဖြစ်က အနာဂါမိဖိုလ်၊ ရဟန္တာဖြစ်က အရဟတ္တဖိုလ်) ဖိုလ်ဇော တစ်ကြိမ်ကျပြီး ဘဝင်ကျ၏။

## တဒါရမ္မဏ နိယာမ

မည်သည့်ဇောနောက်၌ မည်သည့် တဒါရုံဖြစ်သည်ဟု တဒါရုံကို ပိုင်းခြားမှတ်သားမှုကို "တဒါရမ္မဏ နိယာမ" ဟုခေါ်သည်။

### ဝိပါက်အမှန်

အလုံးစုံသော ပဋ္ဌဒွါရ၊ မနောဒွါရတို့၌ ဝိပါက်စိတ်များဖြစ်ကြသော ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ တို့သည်

(၁) အလိုမရှိအပ်သော မစင်၊ ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံ၌ ... အကုသလဝိပါက်

(၂) အလိုရှိအပ်သော ထမင်း၊အဖျော်၊အိပ်ရာနေရာစသော မဇ္ဈတ္တာရုံ၌ ... ကုသလဝိပါက် (ဝေဒနာအခွဲရှိပါက ဥပေက္ခာသဟဂုတ်စိတ်)

(၃) အလွန်အလိုရှိအပ်သော ဘုရားစသော အတိဣဋ္ဌာရုံ၌.. ကုသလဝိပါက် (ဝေဒနာအခွဲ ရှိပါက သောမနဿသဟဂုတ်စိတ်).. တို့ဖြစ်ကြ၏။

... ဤကား ဝိပါက်အမှန်တည်း။

### ဝိပါက်အမှန်၊ ဇောအပြန်

အာရုံကိုလိုက်၍ ဝိပါက်တို့သည် ဤသို့ အမှန်အတိုင်းဖြစ်ကြပါသော်လည်းပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ စောသောဇောကား အာရုံသို့မလိုက်ဘဲ စောချင်ရာ စောတတ်၏။ ဥပမာအားဖြင့် ဘုရားစသော အတိဣဋ္ဌာရုံ၌ တိတ္ထိတို့က ဒေါသဇော စောချင်စော၍ ခွေးသေကောင်ပုပ်စသော အနိဋ္ဌာရုံ၌ ကျီးလင်းတတို့က သောမနဿဇောစောတတ်ကြ၏။ ဤသို့ဖြစ်

ရခြင်းမှာ စိတ်ဖောက်ပြန်မှုဟူသော စိတ္တဝိပလ္လာသ၊ အမှတ်မှားမှုဟူသော သညာဝိပလ္လာသ၊ အယူမှားမှုဟူသော ဒိဋ္ဌိဝိပလ္လာသ မကင်းကြသောကြောင့်ဖြစ်ပေ၏။ (သေက္ခပုဂ္ဂိုလ်၌ကား ဒိဋ္ဌိဝိပလ္လာသမရှိပါ။ စိတ္တဝိပလ္လာသ နှင့် သညာဝိပလ္လာသ သာရှိ၏။) ဤကားဝိပါက်မှန်သော်လည်း ဇောမှာ အမှန်မရှိဘဲ ဖောက်ပြန်တတ်သောကြောင့် ဇောအပြန်တည်း။

## ဝိပါက်အမှန်၊ ဇောအမှန်

ရဟန္တာပုဂ္ဂိုလ်တို့၌ကား အာရုံကိုလိုက်၍ ဝိပါက်အမှန်ဖြစ်ရုံမက၊ အနိဋ္ဌာရုံကို တွေ့မြင်ပါက အနိဋ္ဌာရုံ ဟုသာ မှန်ကန်စွာ ထင်မြင်ကြကုန်၏။ ဖောက်ပြန်၍ ဣဋ္ဌာရုံဟု မထင်ကြပေ။ ဣဋ္ဌာရုံကို တွေ့မြင်ပါကလည်း ဣဋ္ဌာရုံဟုသာ မှန်ကန်စွာ ထင်မြင်ကြကုန်၏။ ဖောက်ပြန်၍ အနိဋ္ဌာရုံဟု မထင်ကြပေ။ ဤသို့ အထင်အမြင် မဖောက်ပြန်ဘဲ မှန်ကန်သောကြောင့် စောသောဇောတို့သည်လည်း အောက်ပါအတိုင်း မှန်ကန်စွာစောကြကုန်၏။

| | | | |
|---|---|---|---|
| အနိဋ္ဌာရုံနှင့် မဇ္ဈတ္တဣဋ္ဌာရုံ၌ | -- | ဥပေက္ခာမဟာကြိယာဇော | ၄ ပါး |
| အတိဣဋ္ဌာရုံ၌ | -- | သောမနဿ မဟာကြိယာဇော | ၄ ပါး |
| | | နှင့် ဟသိတုပ္ပါဒ်ဇော | ၁ ပါး |

ဤကား ဝိပါက်အမှန်၊ ဇောအမှန်တည်း။

## ဇောနောင် တဒါရုံကျပုံ

| ကာမဇော ၂၉ | | | | တဒါရုံ | | | |
|---|---|---|---|---|---|---|---|
| ဥပေက္ခာမဟာကြိယာ | -- | ၄ | ၆ | ဥပေက္ခာ မဟာဝိပါက် | -- | ၄ | ၆ |
| ဒေါသဇော | -- | ၂ | | ဥပေက္ခာသန္တီရဏ | -- | ၂ | |
| သောမနဿမဟာကြိယာ | -- | ၄ | ၅ | သောမနဿမဟာဝိပါက် | -- | ၄ | ၅ |
| ဟသိတုပ္ပါဒ် | -- | ၁ | | သောမနဿသန္တီရဏ | -- | ၁ | |
| မဟာကုသိုလ် | -- | ၈ | ၁၈ | မဟာဝိပါက် | -- | ၈ | ၁၁ |
| ဒေါသမူကြဉ်အကုသိုလ် | -- | ၁၀ | | သန္တီရဏ | -- | ၃ | |

▸▸ ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာခြောက်နောက်၊တဒါခြောက်တည်း။
ကြိသော နောက်ငါး၊ ကြွင်းပြား ဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ် တဒါရုံ
အပေါင်းတည်း။

▸▸ ဒေါသဇောသည် ဒေါမနဿနှင့် ယှဉ်သည်၏အဖြစ်ကြောင့် ဒေါသဇောနောင်ကျသော တဒါရုံနှင့် ဘဝင်တို့သည် ဥပေက္ခာ သဟဂုတ်သာ ဖြစ်ရပါမည်။
(သောမနဿနှင့် လွန်စွာ ဆန့်ကျင်ဘက်ဖြစ်ကြသောကြောင့်)

## အာဂန္တုက ဘဝင်

တဒါရုံမကျသော ဝါရများ၌ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူ၏ဒေါသဇောနောင်တွင် ဘဝင်ကျရသည်ဖြစ်ရာ... ထိုဘဝင်စိတ်သည်...

- ပဋိသန္ဓေနှင့် လျော်သော သောမနဿဘဝင်ဖြစ်က ရှေ့က ဒေါသဇောနှင့် ဆန့်ကျင်၏။
- ဒေါသဇောနှင့် လျော်သော ဥပေက္ခာဘဝင်ဖြစ်က ပဋိသန္ဓေနှင့် ဆန့်ကျင်၏။
- ထိုအခါ နှစ်ဘက်လုံးနှင့်လျော်သော **ဥပေက္ခာသဟဂုတ် သန္တီရဏ** စိတ်သည် အာဂန္တုက ဘဝင် ကိစ္စတပ်လျက် ဖြစ်ရပေသည်။
  (ပဋိသန္ဓေနှင့်တူစွာ ရိုးရာကျမြဲ အာဝါသိက ဘဝင်မဟုတ်၊ လတ်တလောဖြစ်ရသော ဘဝင်ဖြစ်၍ အာဂန္တုက ဘဝင် မည်၏။)

**အာဂန္တုကဘဝင်၏ အာရုံ**

- ထိုအာဂန္တုက ဘဝင် စိတ်သည် ဒေါသဇောစောခဲ့သော ဝီထိ၏ အာရုံကို အာရုံ မပြုနိုင်ပေ။ ရှေးက အလေ့အကျက်များခဲ့သော ကာမအာရုံ တစ်ပါးပါးကိုသာအာရုံပြု၏။
- ထိုအာရုံသည် အနိဋ္ဌာရုံဖြစ်က... အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ
  ဣဋ္ဌာရုံဖြစ်က... ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ဖြစ်၏။
- ထို ဥပေက္ခာ သန္တီရဏ ဘဝင်နောက်တွင်ကား နဂိုရိုးရာကျမြဲ သောမနဿဘဝင် ဆက်၍ ကျလေ၏။

▸▸ သော နှင့် သန္ဓေ၊ နေခဲ့ပေ၍၊ စောလေ ဒေါသ၊ ရုံ မကျ၊ ဖြစ်ရ ဥ သံ ညေ့်အာဂန်။

မှတ်ရန် ။ ။(၁) အတိမဟန္တာရုံ၌ အတိဣဋ္ဌဖြစ်မှ ဒေါသဇောနောင် အာဂန္တုကဘဝင်ချရသည်။
(၂) မဟန္တာရုံ၌ အာရုံမရွေး ဒေါသဇောနောင် အာဂန္တုကဘဝင်ချရသည်။

တဒါရုံဖြစ်ကြောင်း (၃) ပါး

▶▶ဆောင် ။ ။ **ပုဂ္ဂိုလ် ကာမ၊ ဇော ကာမ နှင့်၊ ကာမ အာရုံ၊ သုံးချက်ဆုံ၊ တဒါရုံ၏ အခွင့်တည်း။**

(၁) ကာမ ၁၁ ဘုံမှ ပုဂ္ဂိုလ်ဖြစ်ခြင်း။

(၂) ကာမဇောဖြစ်ခြင်း။

(၃) ဝိဘူတာရုံ (သို့) အတိမဟန္တာရုံဖြစ်သော ကာမတရားတို့ကိုသာ အာရုံပြုခြင်း။

## ဇဝန နိယာမ

ဇောကို ပိုင်းခြားမှတ်သားရှုပြရာ စကားရပ်ကို "ဇဝန နိယာမ" ဟုခေါ်သည်။

### ကာမဇော

**(၇)ကြိမ် (၆)ကြိမ် စောသောဇော**

■ ကာမဇောတို့သည် ပကတိအခါ၌ (၇)ကြိမ် သို့မဟုတ် (၆)ကြိမ် စော၏။ (၇ကြိမ်ထက်ပိုလွန်၍လည်းကောင်း၊ ၆ကြိမ်ထက်ယုတ်လျော့၍လည်းကောင်းမစောပါ။)

**(၅)ကြိမ် စောသောဇော**

■ သေခါနီးအခါ (မရဏကာလ)

■ တွေဝေမိန်းမောသောအခါ (မုစ္ဆာကာလ)

■ သတိကင်း၍ မေ့နေသောအခါ (ဝိသညီကာလ)

■ မွေးဖွားခါစအခါ (အတီတရဏကာလ) .... စသည်တို့၌ မန္ဒ = နှံ့သည်၏အဖြစ်ကြောင့်၊ဝါ- မှီရာဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့် (၅)ကြိမ်သာ စော၏။

**(၄)ကြိမ် (၅)ကြိမ် စောသောဇော**

■ မြတ်စွာဘုရား၏ ရေအစုံ၊ မီးအစုံစသော တန်ခိုးပြာဋိဟာ ပြသောအခါ၌ လျင်မြန်စွာ ဖြစ်ရခြင်းကြောင့် ပစ္စဝေက္ခဏာဇောသည် (၄)ကြိမ် သို့မဟုတ် (၅)ကြိမ်သာစော၏။ (ဘုရားရှင်အတွက် (၄)ကြိမ်၊ သာဝကများအတွက် (၅)ကြိမ်ဟုလည်းဆိုကြ၏။) လျင်မြန်စွာ မဖြစ်ရသော သာမာန်အခါများ၌ကား ပစ္စဝေက္ခဏာဇောလည်း (၇)ကြိမ်စော၏။

## (၄)ကြိမ် (၃)ကြိမ်စောသောဇော

- အပ္ပနာဇော၏ရှေ့ ဥပစာရသမာဓိဇောအခိုက်၌ မန္ဒပညာ၊ တိက္ခပညာ (တစ်နည်း) ဒန္ဓာဘိညာ၊ ခိပ္ပာဘိညာ ပုဂ္ဂိုလ်တို့အားလျော်စွာ (၄)ကြိမ် သော်လည်းကောင်း၊ (၃)ကြိမ် သော်လည်းကောင်းစော၏။
(ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော၏ ရှေ့အဖို့ အနုလုံဇောအခိုက်တွင်လည်း မန္ဒ၊ တိက္ခ ပုဂ္ဂိုလ်တို့အားလျော်စွာ (၄)ကြိမ် (၃)ကြိမ် စောကြ၏။)

## အပ္ပနာဇော

### (၁)ကြိမ်ကျသောဇော

| | | | | |
|---|---|---|---|---|
| ၁။ | အာဒိကမ္မိကဈာနဝီထိ၌ ဈာန်ဇော | | | (၁) ကြိမ် |
| ၂။ | အဘိညာဉ်ဝီထိ၌အဘိညာဉ်ဇော | | | (၁) ကြိမ် |
| ၃။ | မဂ္ဂဝီထိ၌ မဂ်ဇော | | | (၁) ကြိမ် |
| ၄။ | နိရောဓသမာပတ်မှ အထတွင် | အနာဂါမ်ဖြစ်က | အနာဂါမိဖိုလ်ဇော | (၁) ကြိမ် |
| | | ရဟန္တာဖြစ်က | အရဟတ္တဖိုလ်ဇော | (၁) ကြိမ် |

### (၂)ကြိမ်ကျသောဇော

- နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာနာသညာယတန ကုသိုလ် (သို့) ကြိယာ ဈာန်ဇော (၂) ကြိမ်။

### (၂)ကြိမ် (၃)ကြိမ် ကျသောဇော

- မဂ္ဂဝီထိ၌ မဂ်၏အခြားမဲ့၌ဖြစ်သော မဂ္ဂါနန္တရဖိုလ်ဇောသည် မန္ဒ၊ တိက္ခ ပုဂ္ဂိုလ်တို့ အားလျော်စွာ (၂)ကြိမ် (၃)ကြိမ် စော၏။

### အကြိမ်များစွာကျသောဇော

၁။ ဈာနသမာပတ္တိဝီထိ၌ ဈာန်ဇောများစွာ။
၂။ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောများစွာ။

## ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲခြား၍ ရထိုက်သော ဝီထိစိတ်များပြရာအခန်းကို "ပုဂ္ဂလဘေဒ" ဟုခေါ်သည်။ "ပုဂ္ဂိုလ်၌စိတ်ရ" ဟူ၍လည်း ခေါ်၏။

## ပုဂ္ဂိုလ် (၁၂)ယောက်

▶▶ဆောင် ။ ။ **ဒု, သု, ဒွိ, တိ၊ ယာ အရိရှစ်၊ ပေါင်းဘိ ဒွါဒသာ။**

| | | |
|---|---|---|
| ၁ | ဒုဂ္ဂတိအဟိတ် | အကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေနေသူ။ |
| ၂ | သုဂတိအဟိတ် | ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြင့် လူ+စာတုမဟာရာဇ်ဘုံတို့၌ ပဋိသန္ဓေနေသူ။ |
| ၃ | ဒွိဟိတ် | ဉာဏဝိပ္ပယုတ် မဟာဝိပါက်ဖြင့် ကာမသုဂတိဘုံတို့၌ ပဋိသန္ဓေနေသူ။ |
| ၄ | တိဟိတ် | ဉာဏသမ္ပယုတ် မဟာဝိပါက် (သို့) မဟဂ္ဂုတ်ဝိပါက်ဖြင့် ပဋိသန္ဓေနေသူ။ |
| ၅ | သောတာပတ္တိမဂ္ဂဋ္ဌာန် | သောတာပတ္တိမဂ်ခဏ၌ တည်ဆဲ ပုဂ္ဂိုလ်။ |
| ၆ | သောတာပတ္တိဖလဋ္ဌာန် | သောတာပတ္တိဖိုလ် ရပြီးသော ပုဂ္ဂိုလ်။ |
| ၇ | သကဒါဂါမိမဂ္ဂဋ္ဌာန် | သကဒါဂါမိမဂ်ခဏ၌ တည်ဆဲ ပုဂ္ဂိုလ်။ |
| ၈ | သကဒါဂါမိဖလဋ္ဌာန် | သကဒါဂါမိဖိုလ် ရပြီးသော ပုဂ္ဂိုလ်။ |
| ၉ | အနာဂါမိမဂ္ဂဋ္ဌာန် | အနာဂါမိမဂ်ခဏ၌ တည်ဆဲ ပုဂ္ဂိုလ်။ |
| ၁၀ | အနာဂါမိဖလဋ္ဌာန် | အနာဂါမိဖိုလ် ရပြီးသော ပုဂ္ဂိုလ်။ |
| ၁၁ | အရဟတ္တမဂ္ဂဋ္ဌာန် | အရဟတ္တမဂ်ခဏ၌ တည်ဆဲ ပုဂ္ဂိုလ်။ |
| ၁၂ | အရဟတ္တဖလဋ္ဌာန် | အရဟတ္တဖိုလ် ရပြီးသော ပုဂ္ဂိုလ်။ |

ပုထုဇဉ်လေးယောက်မှ တိဟိတ်ပုဂ္ဂိုလ်သာ ကျင့်ကြံအားထုတ်လျှင် ဈာန်၊ မဂ်ဖိုလ်တို့ကို ရနိုင်၏။ ကျန်သုံးယောက်မှာ ဈာန်၊ မဂ်ဖိုလ် မရနိုင်သဖြင့် အပ္ပနာဇောနှင့် ကြိယာဇောတို့ကိုလည်း မရအပ်ပါ။ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တွင်ရဟန္တာ (အရဟတ္တဖလဋ္ဌာန်)အား အသေက္ခ (ကျင့်ပြီး) ပုဂ္ဂိုလ် ဟုခေါ်၍ ကျန်အရိယာပုဂ္ဂိုလ်(၇)ယောက်တို့အား သေက္ခ(ကျင့်ဆဲ)ဟုခေါ်ကြ၏။

# ပုဂ္ဂိုလ်စိတ်ရ

| ဘုံအပြား | ရနိုင်သောစိတ်ပေါင်း | | သရုပ် | မှတ်ချက် |
|---|---|---|---|---|
| ကာမဘုံ | ၈<br>၄ \| ၄<br>၅ \| ၅<br>၁၇ —— ၈<br>၈ \| ၈ (၃)<br>+၁<br>၁၂ | ၈၀ | အဟိတ် ၁၈<br>အကုသိုလ် ၁၂<br>မဟာ ကု, ဝိ, ကြိ ၂၄<br>မဟဂ္ဂုတ် ကု, ကြိ ၁၈<br>လောကုတ္တရာ ၈ | ■ အလုံးစုံသော ဝိထိစိတ် ရ၏။ |
| ရူပဘုံ | ၈<br>၄ \| ၄<br>၅ \| ၅<br>၁၁ ——<br>၈ \| ၈<br>+၁<br>၁၀ | ၆၄ | ဃာန၊ဇိဝှါ၊ကာယဝိညာဉ်ခွေး<br>တို့ကြဉ်အဟိတ် ၁၂<br>ဒေါသမူခွေးကြဉ်အကုသိုလ် ၁၀<br>မဟာ ကု, ကြိ ၁၆<br>မဟဂ္ဂုတ် ကု, ကြိ ၁၈<br>လောကုတ္တရာ ၈ | ■ ရူပနှင့် အရူပဘုံတို့၌ ဒေါသမူခွေးနှင့်တဒါရုံစိတ်တို့ မရ။<br>■ မရအပ်သော ပသာဒ၏ ဆိုင်ရာ ဝိထိစိတ်မရ။ |
| အရူပဘုံ | ၇<br>၄ \| ၄<br>၁ ——<br>၈ \| ၈<br>၁၀ | ၄၂ | မနောဒွါရာဝဇ္ဇန်း ၁<br>ဒေါသမူခွေးကြဉ်အကုသိုလ် ၁၀<br>မဟာ ကု, ကြိ ၁၆<br>အရူပ ကု, ကြိ ၈<br>သောမင်ကြဉ်လောကုတ် ၇ | ■ ဟဒယ ဇကန်မှီသောသောတာမင် ဟသိတုပ္ပါဒ်၊ ရူပစိတ်များနှင့် အောက် အောက် အရူပစိတ်များမရ။ |

## ကာမဘုံ ပုထုဇဉ်တို့ စိတ်ရ

| ဘုံအပြား | ရနိုင်သောစိတ်ပေါင်း | | သရုပ် | မှတ်ချက် |
|---|---|---|---|---|
| ဒုဂ္ဂတိ အဟိတ် | ၁၇ — (၃)<br>၈<br>၁၂ | ၃၇ | ဟသိကြဉ်အဟိတ် ၁၇<br>အကုသိုလ် ၁၂<br>မဟာကုသိုလ် ၈ | ■ အဟိတ် တို့နှင့် ဒွိဟိတ် တို့၌.... ကြိယာဇော နှင့် အပ္ပနာဇော မရ။<br>■ သုဂတိအဟိတ် နှင့် ဒွိဟိတ် တို့၌.. မဟာဝိပါက် ဉာဏ သမ္ပယုတ် ၄ ပါးမရ။<br>■ ဒုဂ္ဂတိအဟိတ်၌ မဟာဝိပါက် ဉာဏ ဝိပ္ပယုတ် ၄ ပါး လည်း မရ။ |
| သုဂတိ အဟိတ် နှင့် ဒွိဟိတ် | ၁၇ — ၄<br>၈ (၃)<br>၁၂ | ၄၁ | ဟသိကြဉ်အဟိတ် ၁၇<br>အကုသိုလ် ၁၂<br>မဟာကုသိုလ် ၈<br>မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄ | |
| တိဟိတ် | ၁၇ — ၈<br>၈ (၃)<br>၁၂ | ၄၅ | ဟသိကြဉ်အဟိတ် ၁၇<br>အကုသိုလ် ၁၂<br>မဟာကုသိုလ် ၈<br>မဟာဝိပါက် ၈ | တိဟိတ်နှင့်သေက္ခ အရိယာ တို့၌ ... ကြိယာဇောများမရ။ |
| ဈာန်ရ တိဟိတ် | ၄<br>၅<br>၁၇ — ၈<br>၈ (၃)<br>၁၂ | ၅၄ | ဟသိကြဉ်အဟိတ် ၁၇<br>အကုသိုလ် ၁၂<br>မဟာကုသိုလ် ၈<br>မဟာဝိပါက် ၈<br>မဟဂ္ဂုတ် ကုသိုလ် ၉ | |

## ကာမဘုံ အရိယာများစိတ်ရ

| ဘုံအပြား | ရနိုင်သောစိတ်ပေါင်း | | သရုပ် | မှတ်ချက် |
|---|---|---|---|---|
| ဈာန်မရ<br>သောတာပန်<br>သကဒါဂါမ် | ၁<br>၁၇ — ၈<br>၈ (၃)<br>၇ | ၄၁ | ဟသိတြကြည်အဟိတ် ၁၇<br>ဒွိဋ္ဌိ.ဝိစိကြည်အကုသိုလ် ၇<br>မဟာကုသိုလ် ၈<br>ဆိုင်ရာ(သော.သက)ဖိုလ် ၁<br>မဟာဝိပါက် ၈ | ■ သေက္ခတို့၌.. ဒိဋ္ဌိဂတသမ္ပယုတ် +ဝိစိကိစ္ဆာတို့မရ။<br>■ လောကုတ္တရာ ၈ ပါး သည် အရိယာ ၈ ယောက်တို့.... ထိုက်သလိုရ၏။ |
| ဈာန်ရ<br>သော.သက | ဈာန်မရ ၄၁ + ၉ | ၅၀ | မဟဂ္ဂုတ်ကုသိုလ် ၉ ထဲ့ရန် | |
| ဈာန်မရ<br>အနာဂါမ် | ၁<br>၁၇ — ၈<br>၈ (၃)<br>၅ | ၃၉ | ဟသိတြကြည်အဟိတ် ၁၇<br>ဒွိဋ္ဌိ.ဝိစိ.ဒေါသမူကြည်<br>အကုသိုလ် ၅<br>မဟာကုသိုလ် ၈<br>အနာဂါမိဖိုလ် ၁<br>မဟာဝိပါက် ၈ | ■ အနာဂါမ် ၌.. ဒေါသမူ ဒွေးမရ။ |
| ဈာန်ရ<br>အနာဂါမ် | ဈာန်မရ ၃၉ + ၉ | ၄၈ | မဟဂ္ဂုတ်ကုသိုလ် ၉ ထဲ့ရန် | |
| ဈာန်မရ<br>ရဟန္တာ | ၁<br>၁၇ — ၈<br>၈ (၃)<br>+၁ | ၃၅ | အဟိတ် ၁၈<br>မဟာကြိယာ ၈<br>အရဟတ္တဖိုလ် ၁<br>တဒါရုံမဟာဝိပါက် ၈ | ■ ရဟန္တာ ၌ .. အကုသိုလ်ဇော၊ ကုသိုလ်ဇောတို့ မရ။ |
| ဈာန်ရ<br>ရဟန္တာ | ဈာန်မရ ၃၅ + ၉ | ၄၄ | မဟဂ္ဂုတ်ကြိယာ ၉ ထဲ့ရန် | |

➻ သေက္ခပုဂ္ဂိုလ်(၇)ယောက်ပေါင်းအတွက် ၅၆ ပါးဟူသော်ကား...
ဟသိတြကြည်အဟိတ် ၁၇ + ဒွိဋ္ဌိ.ဝိစိကြည်အကုသိုလ် ၇ + မဟာကုသိုလ် ၈ + အရဟတ္တဖိုလ်ကြည်လောကုတ္တရာ ၇ + မဟာဝိပါက် ၈ + မဟဂ္ဂုတ်ကုသိုလ် ၉ တို့ဖြစ်ကြ၏။

## ရူပ ပုဂ္ဂိုလ်တို့ စိတ်ရ

| ရူပတိဟိတ် ၁၈ | ရူပ သော. သက. အနာဂါမ် ၃၄ | ရူပရဟန္တာ ၃၀ |
|---|---|---|
|   |   |   |

- ရူပဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယ ပသာဒတို့ မရကြကြောင်းနှင့် ဒေါသမူဒွေးနှင့် တဒါရုံ မဟာဝိပါက်တို့ ကြဉ်ကြကြောင်း သိထားပြီးလျှင် သရုပ်ကို ထုတ်ကြည့်ပါ။

## အရူပ ပုဂ္ဂိုလ်တို့ စိတ်ရ

| အရူပတိဟိတ် ၂၃ | အရူပ သော. သက. အနာဂါမ် ၁၉ | အရူပရဟန္တာ ၁၄ |
|---|---|---|
|   |   |   |

- အရူပဘုံ၌ ရနိုင်သောစိတ်ပေါင်း ၄၂ ပါးကိုမှီး၍ သရုပ်ကို ထုတ်ကြည့်ပါ။

| ဝိညာဏဋ္ဌိတိဟိတ် ၂၂ | အာကိဉ္စညာ သော.သက.အနာ ၁၇ | နေဝသညာနာသညာရဟန္တာ ၁၁ |
|---|---|---|
|  |  |  |

❁ အထက်ဘုံတို့၌ အောက်ရှာန်စိတ်များ မရကြပါ။ မိမိနှင့် အထက်ဈာန်စိတ်များသာ ရ၏။

ယခုပြဆိုခဲ့သော ရူပနှင့် အရူပပုဂ္ဂိုလ်တို့၏ စိတ်ရမှာ ဝီထိစိတ်များကိုသာ ထည့်သွင်းရေတွက်ပြခဲ့ခြင်းဖြစ်သည်။ ရထိုက်သမျှသော စိတ်ပေါင်းရေတွက်လိုပါက ဆိုင်ရာ ဝိထိမုတ်စိတ် (ရူပဝိပါက် ၅ ပါးနှင့် အရူပဝိပါက် ၄ ပါး) တို့ကိုပါ ထည့်သွင်းရေတွက် ပြနိုင်ပေသည်။ ထိုသို့ရေတွက်ပါက ရူပဘုံ၌စိတ်ရပေါင်း ၆၉ ပါး၊ အရူပဘုံ၌စိတ်ရပေါင်း ၄၆ ပါး ဖြစ်၏။

**အသညသတ်ဘုံ ၌ကား** ဒွါရမထိုက်သော ရုပ်များသာရသောဘုံဖြစ်၍ မည်သည့် စိတ်၊ စေတသိက် ကိုမျှ မရကြပါ။

**မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များ ၏ စိတ်ရကား** ဆိုင်ရာ မဂ်စိတ် တစ်ပါးစီသာ ရကြ၏။

**ဝီထိပိုင်းပြီး၏။**

May you be liberated in this very life. Ko Kyaw

# ဝီထိမုတ်ပိုင်း (ဘုံပိုင်း)

ဝီထိမုတ်ဖြစ်သော ပဋိသန္ဓေ၊ ဘဝင်၊ စုတိ တို့ကိုပြရာ အပိုင်းအခန်းဖြစ်၍ "ဝီထိမုတ်ပိုင်း" ဟုခေါ်သည်။ ဘုံနှင့် စပ်သောအခန်းလည်း ကျယ်ဝန်းစွာ ပါသောကြောင့် "ဘုံပိုင်း" ဟုလည်းခေါ်ကြသည်။

## စတုက္က (၄) ပါး

| စဉ် | ဘူမိစတုက္က | ပဋိသန္ဓိစတုက္က | ကမ္မစတုက္က | | မရဏုပ္ပတ္တိစတုက္က |
|---|---|---|---|---|---|
| ၁ | အပါယ် ၄ ဘုံ | အပါယ် ပဋိသန္ဓေ ၁ | ကိစ္စစတုက္က | ဇနက<br>ဥပတ္ထမ္ဘက<br>ဥပပီဠက<br>ဥပဃာတက | အာယုက္ခယ |
| ၂ | ကာမသုဂတိ ၇ ဘုံ | ကာမသုဂတိ ပဋိသန္ဓေ ၉ | ပါကဒါန ပရိယာယ စတုက္က | ဂရုက<br>အာသန္န<br>အာစိဏ္ဏ<br>ကဋတ္တာ | ကမ္မက္ခယ |
| ၃ | ရူပါဝစရ ၁၆ ဘုံ | ရူပါဝစရ ပဋိသန္ဓေ ၆ | ပါကကာလ စတုက္က | ဒိဋ္ဌဓမ္မဝေဒနီယ<br>ဥပပဇ္ဇဝေဒနီယ<br>အပရာပရိယ<br>အဟောသိ | ဥဘယက္ခယ |
| ၄ | အရူပါဝစရ ၄ ဘုံ | အရူပါဝစရ ပဋိသန္ဓေ ၄ | ပါကဋ္ဌာန စတုက္က | အကုသိုလ်<br>ကာမကုသိုလ်<br>ရူပါဝစရကုသိုလ်<br>အရူပါဝစရကုသိုလ် | ဥပစ္ဆေဒက |

## ၁။ ဘူမိစတုက္က

သတ္တဝါတို့၏ ဖြစ်ရာဌာနကို ဘူမိ (ဘုံ) ဟုခေါ်သည်။ ဘုံသည် အကျဉ်းအားဖြင့် (၄) မျိုးရှိသည်။

၁။ အပါယ် .... ၄ ဘုံ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်)

၂။ ကာမသုဂတိ .... ၇ ဘုံ (လူ့ပြည်၊ နတ်ပြည် ၆ ထပ်)

၃။ ရူပါဝစရ .... ၁၆ ဘုံ (ပ.ဈာန် ၃၊ ဒု.ဈာန် ၃၊ တ.ဈာန် ၃၊ စ.ဈာန် ၇)

၄။ အရူပါဝစရ .... ၄ ဘုံ (အာကာ၊ ဝိညာ၊ အာကိ၊ နေဝ)

..........................................................

ဘုံပေါင်းမှာ .... ၃၁ ဘုံ ရှိ၏။

- **အပါယ်ဘုံ** = ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့် များစွာ မရသောဘုံ။
- **တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်** တို့မှာ ဘုံသီးသန့် နေရာမရှိ။ ထိုသတ္တဝါများ ပေါင်းစု နေရာ အရပ်ကို "ဘုံ" တပ်၍ခေါ်ရပေသည်။
- **ငရဲ** = နိရယ = ချမ်းသာသုခ ရခွင့် မရှိသောဘုံ။

- **ငရဲကြီး ရှစ်ထပ်**

ဆောင်။ ။ သဉ္ဇိုဝ်း ကာဠ၊ သံဃာတနှင့်၊ ရောရုဝနှစ်၊ တာပန်နှစ်၊ တွက်စစ် အဝီစိ။
အထပ်တိုင်းမှာ၊ ဘင်. ပြာ. လက်. သန်၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒရှိ။

- ငရဲကြီး ရှစ်ထပ်၏ အထပ်တိုင်းတွင် ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သန်လျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်းငရဲ ဟူ၍ "ဥဿဒ" ခေါ် ငရဲငယ် ၅ ထပ်က (တံတိုင်းခတ်သလို) ရံပတ်၍ နေကြသည်။

# ၃၁ ဘုံ ဇယား

| ယူဇနာ ၅,၅၀၈,၀၀၀ စီခြား၏။ | | ပြဟ္မာဘုံ ၂၀ | | |
|---|---|---|---|---|
| | ဘဝဂ် ╳ နေဝသညာနာသညာယတန<br>╳ အာကိဉ္စညာယတန<br>╳ ဝိညာဏဉ္စာယတန<br>╳ အာကာသာနဉ္စာယတန | အရူပါဝစရ ၄ ဘုံ | | |
| | —— အကနိဋ္ဌ<br>—— သုဒဿီ<br>—— သုဒဿာ<br>—— အတပ္ပါ<br>—— အဝိဟာ | သုဒ္ဓါဝါသ ၅ ဘုံ | စ,ဈာန် ၇ ဘုံ | ရူပါဝစရ ၁၆ ဘုံ |
| | ဝေဟပ္ဖိုလ် — အသညသတ် ┼<br>ပရိတ္တသုဘာ — အပ္ပမာဏသုဘာ — သုဘကိဏှာ<br>ပရိတ္တာဘာ — အပ္ပမာဏာဘာ — အာဘဿရာ<br>ပြဟ္မပါရိသဇ္ဇာ — ပြဟ္မပုရောဟိတာ — မဟာပြဟ္မာ | တ,ဈာန် ၃ ဘုံ<br>ဒု,ဈာန် ၃ ဘုံ<br>ပ,ဈာန် ၃ ဘုံ | | |

| ယူဇနာ ၄၂,၀၀၀ စီခြား၏။ | | ကာမ ၁၁ ဘုံ | |
|---|---|---|---|
| | —— ပရနိမ္မိတဝသဝတ္တီ<br>—— နိမ္မာနရတိ<br>—— တုသိတာ<br>—— ယာမာ<br>—— တာဝတိံသာ<br>—— စာတုမဟာရာဇ် | နတ်ပြည် ၆ ထပ် | ကာမသုဂတိ ၇ ဘုံ |
| | လူ့ပြည် | လူ | |

| တစ်ထပ်လျှင်ယူဇနာ ၁၅,၀၀၀ စီခြား၏။ | | | |
|---|---|---|---|
| | ငရဲ — တိရစ္ဆာန် — ပြိတ္တာ — အသုရကာယ်<br>—— သဉ္ဇီဝ်း<br>—— ကာဠသုတ်<br>—— သံဃာတ<br>—— ရောရုဝ<br>—— မဟာရောရုဝ<br>—— တာပန<br>—— မဟာတာပန<br>—— အဝီစိ | ငရဲကြီးရှစ်ထပ် | အပါယ် ၄ ဘုံ |

—— ပဉ္စဝေါကာရ (ရုပ်နာမ်ခန္ဓာ ငါးပါး)

╳ စတုဝေါကာရ (နာမ်ခန္ဓာ လေးပါး)

┼ ဧကဝေါကာရ (ရုပ်ခန္ဓာ တစ်ပါး)

## ဘုံ၌ ပုဂ္ဂိုလ်ရ

ဘုံအသီးသီး၌ ပုဂ္ဂိုလ် (၁၂)ယောက်တို့မှ မည်သည့် ပုဂ္ဂိုလ်များရကြကြောင်း ပြဆိုရာဖြစ်၍ ဘုံ၌ ပုဂ္ဂိုလ်ရ ဟုခေါ်သည်။

❀ဆောင် ။ ၁။ ပုဂ္ဂိုလ်အပြား၊ ဝါကရား၊ ခြားနား သိစိမ့်ငှာ။
၂။ ဒု.သု.ဒွိ.တိ၊ ယာအရိရှစ်၊ ပေါင်းဘိ ဒွါဒသာ။
၃။ အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရဘိ တစ်ယောက်သာ။
၄။ လူ.မဟာရာဇ်၊ ဘုံနှစ်ဆင့်၊ ကြည့်ပစ် ဒုဂ္ဂတာ။
၅။ ဒု.သု မဝင်၊ တစ်ကျိပ်လျှင်၊ ထက်ခွင် နတ်ဘုံမှာ။
၆။ တိဟိတ်ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန် ပြဟ္မာရွာ။
၇။ သုဂတိ တစ်၊ ရတုံလစ်၊ ရပ်ပြစ် အသညာ။
၈။ အနာဂါမိ၊ ဖိုလ်စဘိ၊ ရှိ၏ သုဒ္ဓ မှာ။
၉။ မဂ်သောတာဖျောက်၊ တိဟိတ်လျောက်၊ ရှစ်ယောက် အရူပါ။
၁၀။ ပေါင်း၍မနေး၊ ဘုံလိုက်မေး၊ တွက်ရေး ဝါကရား။
၁၁။ နှစ်ရာ့တစ်ဆယ်၊ လေးယောက်ကယ်၊ ညာဏ်ကျယ်ခွဲစိတ်ဖြာ။

## ဘုံ၌ ပုဂ္ဂိုလ်ရဇယား

| ဘုံ | | ရနိုင်သော ပုဂ္ဂိုလ် | | ပေါင်း |
|---|---|---|---|---|
| အရူပဘုံ | ၄ | တိဟိတ် ၁၊ သောတာ မဂ်ကြဉ် အရိယာ ၇ | ၈ | ၃၂ |
| သုဒ္ဓါဝါသဘုံ | ၅ | အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် | ၃ | ၁၅ |
| အသညသတ် | ၁ | သုဂတိအဟိတ် | ၁ | ၁ |
| ကြွင်းပြဟ္မာပြည် | ၁၀ | တိဟိတ် ၁၊ အရိယာ ၈ | ၉ | ၉၀ |
| အထက်နတ်ပြည် | ၅ | ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်ကြွင်းပုဂ္ဂိုလ် | ၁၀ | ၅၀ |
| လူ+စာတုမဟာရာဇ် | ၂ | ဒုဂ္ဂတိအဟိတ်ကြွင်းပုဂ္ဂိုလ် | ၁၁ | ၂၂ |
| အပါယ်ဘုံ | ၄ | ဒုဂ္ဂတိအဟိတ် | ၁ | ၄ |
| | ၃၁ | ဘုံ၌ ရသော ပုဂ္ဂိုလ်ပေါင်း | | ၂၁၄ |

- ပုထုဇဉ်သက်သက်သာရှိသောဘုံ ...... အပါယ် ၄ ဘုံ၊ အသညသတ်ဘုံ။
  အရိယာသက်သက်သာရှိသောဘုံ ...... သုဒ္ဓါဝါသ ၅ဘုံ။
  ပုထုဇဉ်၊ အရိယာ ၂ မျိုးလုံးရှိသောဘုံ ...... ကြွင်း ၂၀ ဘုံ။
- အပါယ်က ...... စစ်မရ။ (အပါယ်ဘုံ၌ ပဋိသမ္ဘိဒါပုဂ္ဂိုလ်အစစ်မရနိုင်။)
  သုဒ္ဓါဝါသ ...... ဖူးမရ။ (သုဒ္ဓါဝါသ ၅ ဘုံ၌ ဖြစ်ဖူးတယ်ဆိုတာမရှိ။)
  အကနိဋ္ဌ ...... တုမရ။ (အကနိဋ္ဌဘုံ၌ ပဋိသမ္ဘိဒါပုဂ္ဂိုလ်အတုမရှိ။)

## (၂) ပဋိသန္ဓိ စတုက္က

ထိုထို ဘဝ၌ စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်များ၏ အစဆုံးဖြစ်ခြင်းကို "ပဋိသန္ဓေနေခြင်း" ဟုခေါ်သည်။ ပဋိသန္ဓေ အကျဉ်းအားဖြင့် ၄ မျိုးရှိသည်။

| အကျဉ်း ၄ မျိုး | ပဋိသန္ဓေ ၂၀ | | ဆိုင်ရာဘုံ |
|---|---|---|---|
| အပါယ်ပဋိသန္ဓေ ၁ | အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် | ၁ | အပါယ် ၄ ဘုံ |
| ကာမသုဂတိ ပဋိသန္ဓေ ၉ | ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် | ၁ | ဇစ္စန္ဓအစရှိသော လူတို့နှင့် စာတုမဟာရာဇ်၌ ဖြစ် သော ဘုမ္မသိတဝိနိပါတိကာသူရာ |
| | မဟာဝိပါက်စိတ် | ၈ | ကာမသုဂတိ ၇ ဘုံ |
| ရူပပဋိသန္ဓေ ၆ | ပထမဈာန်ဝိပါက်စိတ် | ၁ | ပထမဈာန် ၃ ဘုံ |
| | ဒုတိယနှင့် တတိယဈာန်ဝိပါက်စိတ် | ၂ | ဒုတိယဈာန် ၃ ဘုံ |
| | စတုတ္ထဈာန်ဝိပါက်စိတ် | ၁ | တတိယဈာန် ၃ ဘုံ |
| | ပဉ္စမဈာန်ဝိပါက်စိတ် | ၁ | အသညကြဉ် စတုတ္ထဈာန် ၆ဘုံ |
| | ဇီဝိတနဝက ကလာပ်ရုပ်ပဋိသန္ဓေ | ၁ | အသညသတ်ဘုံ |
| အရူပ ပဋိသန္ဓေ ၄ | အာကာသာနဉ္စာယတနဝိပါက်စိတ် | ၁ | အာကာသာနဉ္စာယတနဘုံ |
| | ဝိညာဏဉ္စာယတနဝိပါက်စိတ် | ၁ | ဝိညာဏဉ္စာယတနဘုံ |
| | အာကိဉ္စညာယတနဝိပါက်စိတ် | ၁ | အာကိဉ္စညာယတနဘုံ |
| | နေဝသညာနာသညာယတနဝိပါက်စိတ် | ၁ | နေဝသညာနာသညာယတနဘုံ |

- ကာမပဋိသန္ဓေ ၁၀ ပါး = အပါယ်ပဋိသန္ဓေ ၁ ပါး + ကာမသုဂတိပဋိသန္ဓေ ၉ ပါး။
- ဆိုင်ရာဘုံ၌ဖြစ်သော ဆိုင်ရာပဋိသန္ဓေစိတ်သည် ပဋိသန္ဓေကိစ္စသာမက၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ အစွမ်းအားဖြင့်လည်း ဖြစ်သေး၏။ အသညသတ်ဘုံ၌ စိတ်, စေတသိက် မရှိရကား ရုပ်တရားဖြစ်သော ဇီဝိတနဝက ကလာပ်သည်ပင် ပဋိသန္ဓေကိစ္စအစွမ်းအားဖြင့် ဖြစ်ပြီး ပဝတ္တိ အခါ၊ စုတိ အခါတို့၌လည်း ရုပ်ချည်းသာဖြစ်၍ ချုပ်၏။
- **အသညသတ်** ပုဂ္ဂိုလ်တို့၌ကား ရုပ်ပဋိသန္ဓေသာဖြစ်၍ ယုဉ်ဘက်ဟိတ် မရှိပေ။ ဘုံအားဖြင့်ကား သုဂတိဘုံသာဖြစ်၍ "**သုဂတိအဟိတ်**" ပုဂ္ဂိုလ် မည်ရပေသည်။ (ကာမဘုံသား သုဂတိအဟိတ်များနှင့်ကား မတူတတ်ပေ။)
- **ပဋိသန္ဓေ ၂၀ ၌....**

| | | | |
|---|---|---|---|
| ရုပ်သက်သက်သာရှိသော ပဋိသန္ဓေ | ... | ၁ | (ဧကဝေါကာရ - အသညသတ်ဘုံ) |
| နာမ်သက်သက်သာရှိသော ပဋိသန္ဓေ | ... | ၄ | (စတုဝေါကာရ - အရူပ ၄ ဘုံ) |
| ရုပ်နာမ်ရောသော ပဋိသန္ဓေ | ... | ၁၅ | (ပဉ္စဝေါကာရ - ကြွင်း ၂၆ ဘုံ) |

## လူ့ဘုံမှ သုဂတိအဟိတ် ပုဂ္ဂိုလ်များ (လူစဉ်မမီသူ ၁၀ ဦး)

၁။ ဇစ္စန္ဓ = ပဋိသန္ဓေအားဖြင့် ကန်းသူ။

၂။ ဇစ္စဗဓိရ = ပဋိသန္ဓေအားဖြင့် နားထိုင်းသူ။

၃။ ဇစ္စဃာန = ပဋိသန္ဓေအားဖြင့် ဃာနပသာဒ ချို့သောသူ။

၄။ ဇစ္စမူဂ = ပဋိသန္ဓေအားဖြင့် စကားမပီဘဲ ထစ်အ, အ ဖြစ်နေသူ။

၅။ ဇစ္စဇဠ = ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းဖျင်းအ, သူ။(တင်းတောင်းပမာဏ၊ မှူး, မတ်, ပဲ၊ အရှေ့အနောက် စသည်ကိုမျှ ခွဲခြားမသိသူ။)

၆။ ဇစ္စုမ္မတ္တက = ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ။

၇။ ပဏ္ဍက = ကာမဂုဏ်ကို ခံစားလိုသောကြောင့် ယုတ်ညံ့သောအမူမျိုး ပြုလုပ်မှ ကာမဂုဏ်ကိုခံစားနိုင်သူ။

၈။ ဥဘတောဗျဉ္ဇနက = မိန်းမတစ်လှည့်၊ ယောကျ်ားတစ်လှည့်ဖြစ်သူ။

၉။ နပုံသက = မိန်းမအင်္ဂါလည်း မထင်ရှား၊ ယောကျ်ားအင်္ဂါလည်း မထင်ရှား ဖြစ်နေသူ။

၁၀။ မမ္မ = မန်းစွဲသူ၊ စကားပြောလျှင် အမြွှင်မပြတ်ဘဲ ဒရွတ်ဆွဲ၍ ပြောရသူ။

## စာတုမဟာရာဇ်ဘုံမှ သုဂတိအဟိတ် ပုဂ္ဂိုလ်များ

ဘုမ္မသိတနတ် (ဘုမ္မဇိုဝ်း) တို့ကို မှီခို၍ နေရသော စည်းစိမ်ဥစ္စာ၊ အိပ်ရာနေရာ ကောင်းစွာမရှိဘဲ ဖောက်ပြန်ပျက်စီး၍နေသော ဝိနိပါတိကာသူရ ခေါ် နတ်သေး၊နတ်မွှား၊ နတ်အငယ်စားများ။

## ကပ် (၄) မျိုး

၁။ အာယုကပ် = ကာလအားလျော်စွာ သတ်မှတ်ထားသော အသက် အပိုင်းအခြားသည် အာယုကပ်မည်၏။ (ယခုအခါ လူတို့၏ ၇၅ နှစ်သက်တမ်းသည် လူတို့၏ အာယုကပ်ပေတည်း။ တာဝတိံသာနတ်တို့၏ နတ်သက် နှစ်ပေါင်း ၁၀၀၀ သည် ၎င်းတို့၏ အာယုကပ်ပေတည်း။)

၂။ အန္တရကပ် = အသက်နှစ်ပေါင်း အသင်္ချေတမ်းမှ တဖြည်းဖြည်းဆုတ်၍ ၁၀ နှစ်တမ်းတိုင်အောင်၊ ၁၀ နှစ်တမ်းမှ တရွေ့ရွေ့တက်၍ အသင်္ချေတမ်းတိုင်အောင် ဆုတ်ကပ်.တက်ကပ် တစ်စုံသည် အန္တရကပ် မည်၏။

၃။ အသင်္ချေယျကပ် = အန္တရကပ်ပေါင်း ၆၄ ကပ်။

၄။ မဟာကပ် = အသင်္ချေယျကပ် ၄ ကပ်။ (တစ်ကမ္ဘာ)

## တစ်ကမ္ဘာ၌ရှိသော အသင်္ချေယျကပ် ၄ ကပ်

၁။ သံဝဋ္ဋ = ကမ္ဘာပျက်နေဆဲအခါ။

၂။ သံဝဋ္ဋဋ္ဌာယီ = ကမ္ဘာပျက်ပြီးနောက် အပျက်အတိုင်းတည်နေဆဲအခါ။

၃။ ဝိဝဋ္ဋ = ကမ္ဘာဖြစ်နေဆဲ၊ ကမ္ဘာ့အဆောက်အဦးများ တိုးပွားနေဆဲအခါ။

၄။ ဝိဝဋ္ဋဋ္ဌာယီ = ကမ္ဘာဖြစ်ပြီးနောက် တည်တံ့နေသောအခါ။ (ယခုအခါ)

## သက်တမ်း မတည်မြဲသော ဘုံများ

လူ့ဘုံ၊ အပါယ်လေးဘုံနှင့် စာတုမဟာရာဇ် ဘုမ္မသိတအနွယ်ဝင် ဝိနိပါတိကာသူရာတို့၏ သက်တမ်းကား မမြဲကြပေ။

►► လူ ဘုမ္မဇိုဝ်း၊ ပါယ်လေးမျိုး၊ သက်ဇိုးမြဲမရှိ။

# ၃၁ ဘုံ၌ ပုဂ္ဂိုလ်တို့၏ သက်တမ်းပြရာ

| | | |
|---|---|---|
| မဟာကပ် | ၈၄၀၀၀ | ✕ |
| ။ | ၆၀၀၀၀ | ✕ |
| ။ | ၄၀၀၀၀ | ✕ |
| ။ | ၂၀၀၀၀ | ✕ |
| ။ | ၁၆၀၀၀ | ―― |
| ။ | ၈၀၀၀ | ―― |
| ။ | ၄၀၀၀ | ―― |
| ။ | ၂၀၀၀ | ―― |
| ။ | ၁၀၀၀ | ―― |

| | | | |
|---|---|---|---|
| မဟာကပ် | ၅၀၀ | | ၅၀၀ |
| ။ | ၁၆ | ၃၂ | ၆၄ |
| ။ | ၂ | ၄ | ၈ |
| အသင်္ချေယျကပ် | ၁/၃ | ၁/၂ | ၁ |

| | | | |
|---|---|---|---|
| နတ်သက်နှစ် | ၁၆၀၀၀ | ―― | ၉၂၁၆ သန်း = ၂၃၀၄ သန်း × ၄ |
| ။ | ၈၀၀၀ | ―― | ၂၃၀၄ သန်း = ၅၇၆ သန်း × ၄ |
| ။ | ၄၀၀၀ | ―― | ၅၇၆ သန်း = ၁၄၄ သန်း × ၄ |
| ။ | ၂၀၀၀ | ―― | ၁၄၄ သန်း = ၃၆ သန်း × ၄ |
| ။ | ၁၀၀၀ | ―― | ၃၆ သန်း = ၉ သန်း × ၄ |
| ။ | ၅၀၀ | ―― | ၉ သန်း = လူတို့၏ နှစ်ပေါင်း |

**လူ့ပြည်**

| | | |
|---|---|---|
| ငရဲနှစ် | ၅၀၀ | ―― |
| ။ | ၁၀၀၀ | ―― |
| ။ | ၂၀၀၀ | ―― |
| ။ | ၄၀၀၀ | ―― |
| ။ | ၈၀၀၀ | ―― |
| ။ | ၁၆၀၀၀ | ―― |
| အန္တရကပ် တစ်ဝက် | | ―― |
| အန္တရကပ် တစ်ကပ် | | ―― |

သိဉ္ဇိုဝ်းငရဲ တစ်ရက်သည် စာတုမဟာရာဇ်နတ် တစ်သက်၊ (လူတို့နှစ်အားဖြင့် ၉သန်း)ကြာ၏။

## ❁ တစ်ဘဝ၌ တူမြဲတရား ၃ ပါး

တစ်ခုသော ဘဝ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ဘုံ၊ ဇာတ်၊ သမ္ပယုတ်၊ သင်္ခါရနှင့် အာရုံ ဟူသော အချက် ငါးချက်တို့ဖြင့် တူကြ၏။ ပဋိသန္ဓေစိတ်သည် ကာမဝိပါက် ဉာဏသမ္ပယုတ်အသင်္ခါရိက ဖြစ်က ဘဝင်၊ စုတိစိတ်တို့လည်း ထိုစိတ်များပင် ဖြစ်၏။

## (၃) ကမ္မစတုက္က

၁။ ကိစ္စစတုက္က = ကိစ္စအားဖြင့် ကံ ၄ မျိုး။
၂။ ပါကဒါနပရိယာယစတုက္က = အကျိုးပေးရာ အလှည့်အစဉ်အားဖြင့် ကံ ၄ မျိုး။
၃။ ပါကကာလ စတုက္က = အကျိုးပေးရာ ကာလ အားဖြင့် ကံ ၄ မျိုး။
၄။ ပါကဌာန စတုက္က = အကျိုးပေးရာ ဌာနအားဖြင့် ကံ ၄ မျိုး။

## ၁။ ကိစ္စစတုက္က

(၁) **ဇနကကံ** = ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ၊ ကဋတ္တာရုပ် စသော အကျိုးဝိပါက် တို့ကို မိမိကိုယ်တိုင် ဖြစ်စေတတ်သော ကုသိုလ်၊ အကုသိုလ်ကံ။

(၂) **ဥပတ္ထမ္ဘကကံ** = ကိုယ်တိုင်အကျိုးပေးခြင်းငှာ မစွမ်းနိုင်သော်လည်း ဇနကကံ အကျိုးပေးခွင့် ရစေရန်လည်းကောင်း၊ အခွင့်ရပြန်လျှင်လည်း အကျိုးပေးခွင့် ထက်သန်စေရန်လည်းကောင်း၊ ဇနကကံ၏ အကျိုးဝိပါက်တို့ကို လည်း ကြာရှည် ဖွံ့ဖြိုးစေရန်လည်းကောင်း၊ လျော်စွာ ထောက်ပံ့တတ်သော ကုသိုလ်၊ အကုသိုလ်ကံ။

(၃) **ဥပပီဠကကံ** = ဇနကကံ အကျိုးပေးခွင့် မရစေရန်လည်းကောင်း၊ အခွင့်ရပြန်လျှင်လည်း အကျိုးပေးခွင့် မထက်သန်စေရန်လည်းကောင်း၊ ဇနကကံ၏ အကျိုးဝိပါက်တို့ကိုလည်း မဖွံ့ဖြိုးစေရန်လည်းကောင်း၊ ကပ်၍ နှိပ်စက်တတ်သော ကုသိုလ်၊ အကုသိုလ်ကံ။

(၄) **ဥပဃာတကကံ** = ဇနကကံကို လုံးဝ အကျိုးမပေးနိုင်စေရန်လည်းကောင်း၊ ဇနကကံ၏ အကျိုးဝိပါက်တို့ကိုလည်း ပြတ်သွားစေရန်လည်းကောင်း၊ ကပ်၍ သတ်ဖြတ်တတ်သော ကုသိုလ်၊ အကုသိုလ်ကံ။

▸▸ဆောင် (၁) ပဋိသန္ဓိ၊ ပဝတ္တိ၊ ဝိပါက် ကဋတ္တာ၊
ဖြစ်ပွားစေမှု ၊ ကျေးဇူးပြု၊ ကု-ကု ဇနကာ။
(၂) ထောက်ခံသမှု ၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။
(၃) နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု ၊ ဖိစီးပြု၊ ဥပပီဠကာ။
(၄) ပြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။

### ဇနကကံ နှင့် ဥပဃာတကကံ တို့အထူး

- ဇနကကံ သည် ကံတစ်ပါး၏အကျိုးကို မတားမြစ်ဘဲ မိမိ၏အကျိုးကိုသာ ပေးတတ်၏။
- ဥပဃာတကံ သည်ကား ကံတစ်ပါး၏ အကျိုးကို သတ်ဖြတ်ပြီးမှ မိမိ၏အကျိုးကို ပေးတတ်၏။ ...... ဤကား အထူးတည်း။

## ၂။ ပါကဒါန ပရိယာယ စတုက္က

သတ္တဝါတို့၏ အကျိုးပေးရာ အလှည့်အစဉ်အားဖြင့် ကံတို့သည် အောက်ပါ အစဉ်အတိုင်း ဖြစ်ကြ၏။

(၁) **ဂရုကံ** = တစ်ပါးသောကံတို့က မတားမြစ်နိုင်လောက်အောင် ကြီးလေးသောကံ။ (ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံများ။ အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ နှင့် နိယတ မိစ္ဆာဒိဋ္ဌိတို့သည် သေသည်၏အခြားမဲ့၌ ဧကန် အကျိုး ပေးမည်ဖြစ်သော ဂရုကံတို့တည်း။)

(၂) **အာသန္နကံ** = သေခါနီးကာလ၌ အောက်မေ့အပ်၊ ပြုအပ်သောကံ။

(၃) **အာစိဏ္ဏကံ** = နေ့စဉ်မပြတ် ဝတ်ထား၍ စွဲစွဲမြဲမြဲ လေ့ကျက်ထားသောကံ။

(၄) **ကဋတ္တာကံ** = ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ အခြေသို့ မရောက်တတ်ဘဲ ပြုကာမျှသာ ဖြစ်သောကံ။

**ပဉ္စာနန္တရိယကံ** တို့မှာ ...

| | | | |
|---|---|---|---|
| ၁။ | မာတုဃာတက | = | အမိကို သတ်မှု။ |
| ၂။ | ပိတုဃာတက | = | အဖကို သတ်မှု။ |
| ၃။ | အရဟန္တဃာတက | = | ရဟန္တာကို သတ်မှု။ |
| ၄။ | လောဟိတုပ္ပါဒက | = | ဘုရားရှင်ကို သွေးစိမ်းတည်စေမှု။ |
| ၅။ | သံဃဘေဒက | = | သံဃာသင်းခွဲမှု။ |

🏵 **နိယတမိစ္ဆာဒိဋ္ဌိ ၃ မျိုးမှာ ...** ၁။ အဟေတုကဒိဋ္ဌိ = အကြောင်းအကျိုးနှစ်ပါးစုံပယ်ခြင်း။
၂။ နတ္ထိကဒိဋ္ဌိ = ကံ၏အကျိုးကို မရှိဟု ပယ်ခြင်း။
၃။ အကြိယဒိဋ္ဌိ = အကြောင်းကံကို ပယ်ခြင်း။

## ၃။ ပါက ကာလ စတုက္က

(၁) **ဒိဋ္ဌဓမ္မ ဝေဒနီယကံ** = မျက်မှောက်ဘဝ၌ ခံစားအပ်သော အကျိုးရှိသောကံ။
(၂) **ဥပပဇ္ဇ ဝေဒနီယကံ** = ဒုတိယဘဝ၌ ခံစားအပ်သော အကျိုးရှိသောကံ။
(၃) **အပရာပရိယ ဝေဒနီယကံ** = တတိယဘဝမှစ၍ နိဗ္ဗာန်မရမီစပ်ကြား ခံစားအပ်သော အကျိုးရှိသောကံ။
(၄) **အဟောသိကံ** = အကျိုး လုံးလုံး မပေးသောကံ။

🏵 ဇော (၇)ချက်ဖြင့် မှတ်သားရန်။

ဇ ဇ ဇ ဇ ဇ ဇ ဇ
↓ ↓ ↓
ဒိဋ္ဌဓမ္မ အပရာပရိယ ဥပပဇ္ဇ
↓
└→ အကျိုးမပေးပါက အဟောသိကံ ←┘

▸▸ဆောင် (၁) မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။
(၂) ဒုတိယဘဝ၊ အကျိုးရ၊ သတ္တဇော မှတ်ပါ။
(၃) ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇောငါးဖြာ။
(၄) ကံ အဟောသိ၊ ကျိုးမရှိ၊ တြိစေတနာ။

## ၄။ ပါကဌာန စတုက္က

အကျိုးပေးရာ ဘုံဌာန၏ အစွမ်းအားဖြင့် ကံတို့သည် (၄)မျိုးပြား၏။

| | | |
|---|---|---|
| ၁ | အကုသိုလ်ကံ ... ၁၂ | ကာမဘုံ၌အကျိုးပေးသော ကာမာဝစရကံ ... ၂၀ |
| ၂ | ကာမကုသိုလ်ကံ ... ၈ | |
| ၃ | ရူပါဝစရကုသိုလ်ကံ ... ၅ | ရူပဘုံ၌အကျိုးပေးသောကံ ... ၅ |
| ၄ | အရူပါဝစရကုသိုလ်ကံ ... ၄ | အရူပဘုံ၌အကျိုးပေးသောကံ ... ၄ |

## (၁) အကုသိုလ်ကံ

၁။ **ကမ္မဒွါရ၏ အစွမ်းအားဖြင့်** ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးပါးအပြားရှိ၏။
ကိုယ်ဖြင့်သိစေတတ်သော ကာယဒွါရ၌ အဖြစ်များခြင်းကြောင့် ကာယကံ ၃ ပါး၊
နှုတ်ဖြင့် ။ ဝစီဒွါရ၌ ။ ဝစီကံ ၄ ပါး၊
ကိုယ်, နှုတ် တို့ကိုကြည့်၍ စိတ်၌ ။ မနောကံ ၃ ပါး
ပေါင်း(၁၀)ပါးတို့ကို အကုသလကမ္မပထတရား (၁၀)ပါး ဟုခေါ်၏။

၂။ **စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့်** အကုသိုလ်ကံသည် (၁၂)ပါး အပြားရှိ၏။

### အကုသလကမ္မပထတရား (ဝါ) ဒုစရိုက် ၁၀ ပါး

မကောင်းသော အမူအရာအကျင့်ဖြစ်၍ ဒုစရိုက်ဟူ၍လည်းကောင်း၊ အပါယ်လားကြောင်း မကောင်းမှုကြီးများဖြစ်၍ အကုသလကမ္မပထတရားဟူ၍လည်းကောင်း ခေါ်ကြ၏။

| **ဒုစရိုက် ၁၀ ပါး** | | | မူလတရား | ဒွါရအစွမ်း |
|---|---|---|---|---|
| ၁ | ပါဏာတိပါတ | သူ့အသက်သတ်မှု | ဒေါသ | ကာယကံ ၃ ပါး |
| ၂ | အဒိန္နာဒါန | သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက်လုယ်ပတ်၍ယူမှု | လော + ဒေါ | |
| ၃ | ကာမေသုမိစ္ဆာစာရ | ကာမဂုဏ်၌ မှားယွင်းစွာကျင့်မှု | လောဘ | |
| ၄ | မုသာဝါဒ | လိမ်ညာပြောဆိုမှု | လော + ဒေါ | ဝစီကံ ၄ ပါး |
| ၅ | ပိသုဏာဝါစာ | ချောပစ်ကုန်းတိုက်စကားပြောဆိုမှု | လော + ဒေါ | |
| ၆ | ဖရုသဝါစာ | မကြားဝံ့ မနာသာကြမ်းတမ်းစွာပြောဆိုမှု | ဒေါသ | |
| ၇ | သမ္ဖပ္ပလာပ | အနှစ်ကင်းသော၊သိမ်ဖျင်းသောစကား ပြောဆိုမှု | လော + ဒေါ | |
| ၈ | အဘိဇ္ဈာ | သူတစ်ပါး၏ စည်းစိမ်ကို မတရားယူလိုမှု | လောဘ | မနောကံ ၃ ပါး |
| ၉ | ဗျာပါဒ | သူတစ်ပါး ပျက်စီးသေကြေဖို့ရန် ကြံစည်မှု | ဒေါသ | |
| ၁၀ | မိစ္ဆာဒိဋ္ဌိ | အယူမှားမှု | လောဘ | |

▸▸ သက်သတ်ခိုးမှု ၊ ကာမေသု၊ သုံးခု ကာယကံ။
လိမ်လည် ကုန်းချော၊ နှုတ်ကြမ်းပြော၊ ဖျင်းပြော ဝစီကံ။
သူ့ဟာရလို ၊ သေစေလိုငြား၊ ကံဖယ်ရှား၊ သုံးပါး မနောကံ။

▸▸ ပါကာ. ဖရု၊ ဗျာပါဒ၊ ဒေါဒ္ဒ အရင်းခံ။

ကာမေ. မိစ္ဆာ၊ အဘိဇ္ဈာ၊ လောဘာ အရင်းခံ။

အဒိန်. မုသာ၊ ပိ. သမ္ဖာ၊ လောဘာ. ဒေါနှစ်တန်။

▸▸ သုရာမေရယကံကို တကျာအရင်းခံချင်းတူ၍လည်းကောင်း၊ ကာယကံမှုချင်း တူ၍ လည်းကောင်း၊ ကာမေသုမိစ္ဆာစာရကံ၌ သွင်းကြ၏။

▸▸ **ဒုစရိုက် ၄၀** ■ ကိုယ်တိုင်. တိုက်တွန်း၊ ချီးမွမ်း. စိတ်တူ၊ ပွားပြန်မှု၊ မှတ်ယူ လေးဆယ်ကံ။

## (၂) ကာမကုသိုလ်ကံ

၁။ **ကမ္မဒွါရ၏ အစွမ်းအားဖြင့်** ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးပါးအပြားရှိ၏။ ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး၊ ပေါင်း (၁၀)ပါးသောတရားတို့ကိုပင် ကုသလကမ္မပထတရား (၁၀) ပါး ဟုခေါ်၏။

၂။ **ဒါန၊ သီလ၊ ဘာဝနာ တို့၏ အစွမ်းအားဖြင့်** လည်း သုံးပါးပြား၏။ (တစ်နည်း) ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ ... စသော ပုညကြိယဝတ္ထု အားဖြင့် (၁၀)ပါးအပြားရှိ၏။

၃။ **စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့်** ကာမကုသိုလ်ကံသည် (၈)ပါး အပြားရှိ၏။

### ကုသလကမ္မပထတရား (ဝါ) သုစရိုက် ၁၀ ပါး

ကောင်းသော အမူအရာအကျင့်ဖြစ်၍ သုစရိုက်ဟူ၍လည်းကောင်း၊ သုဂတိဘုံသို့ ရောက်ကြောင်း ကောင်းမှုကြီးများဖြစ်၍ ကုသလကမ္မပထတရားဟူ၍လည်းကောင်းခေါ်ကြ၏။

▸▸ ကာ. ဒု သုံးပါး၊ ရှောင်ကြဉ်ခြား၊ သုံးပါး ကာယကံ။

နှုတ်. ဒု လေးပါး၊ ရှောင်ကြဉ်ခြား၊ လေးပါး ဝစီကံ။

အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိ မနောကံ။

▸▸ **သုစရိုက် ၃၀** ■ ဒါန၊ သီလ၊ ဘာဝနာ နှင့် မြှောက်ပွားက သုစရိုက် ၃၀ ရ၏။

▸▸ **သုစရိုက် ၄၀** ■ ကိုယ်တိုင်. တိုက်တွန်း၊ ချီးမွမ်း. စိတ်တူ နှင့် မြှောက်ပွားက သုစရိုက် ၄၀ ရ၏။

| | သုစရိုက် ၁၀ ပါး | | | သိက္ခာ | တရားကိုယ် | ဒွါရ |
|---|---|---|---|---|---|---|
| ၁ | ပါဏာတိပါတာ ဝေရမဏီ | | ပါဏာတိပါတ မှ ရှောင်ကြဉ်ခြင်း | သီလ | သမ္မာကမ္မန္တ သမ္မာအာဇီဝ | ကာယကံ ၃ ပါး |
| ၂ | အဒိန္နာဒါနာ | ။ | အဒိန္နာဒါန ။ | ။ | | |
| ၃ | ကာမေသုမိစ္ဆာစာရာ | ။ | ကာမေသုမိစ္ဆာစာရ ။ | ။ | | |
| ၄ | မုသာဝါဒါ | ။ | မုသာဝါဒ ။ | ။ | သမ္မာဝါစာ သမ္မာအာဇီဝ | ဝစီကံ ၄ ပါး |
| ၅ | ပိသုဏာဝါစာ | ။ | ပိသုဏာဝါစာ ။ | ။ | | |
| ၆ | ဖရုသဝါစာ | ။ | ဖရုသဝါစာ ။ | ။ | | |
| ၇ | သမ္ဖပ္ပလာပါ | ။ | သမ္ဖပ္ပလာပ ။ | ။ | | |
| ၈ | အနဘိဇ္ဈာ | | အဘိဇ္ဈာမဖြစ်အောင်စောင့်စည်းခြင်း | သမာဓိ | အလောဘ | မနောကံ ၃ ပါး |
| ၉ | အဗျာပါဒ | | ဗျာပါဒ ။ | ။ | အဒေါသ | |
| ၁၀ | သမ္မာဒိဋ္ဌိ | | အယူမှန်ခြင်း | ပညာ | အမောဟ | |

## ❁ ပုညကြိယဝတ္ထု ၁၀ ပါး

ကောင်းသော အကျိုး၏တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ် (၁၀)ပါးကို ပုညကြိယာဝတ္ထု (၁၀) ပါး ဟုခေါ်၏။

| | | |
|---|---|---|
| ၁ | ဒါန | ပေးကမ်း လှူဒါန်းမှု။ |
| ၂ | သီလ | ၅ ပါး၊ ၈ ပါး၊ ၁၀ ပါး စသော သီလ ဆောက်တည်မှု။ |
| ၃ | ဘာဝနာ | သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းမှု။ |
| ၄ | အပစာယန | အသက်. သိက္ခာ ဂုဏ်ကြီးသူအား အရိုအသေပြုမှု။ |
| ၅ | ဝေယျာဝစ္စ | သူတစ်ပါး ကုသိုလ်ကိစ္စ၌ ကူညီဆောင်ရွက်မှု။ |
| ၆ | ပတ္တိဒါန | မိမိ၏ ကုသိုလ်အဖို့ကို မိမိကဲ့သို့ အညီအမျှ ရစေရန် အမျှပေးဝေမှု။ |
| ၇ | ပတ္တာနုမောဒန | မိမိသို့ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။ |
| ၈ | ဓမ္မဿဝန | တရားနာမှု။ |
| ၉ | ဓမ္မဒေသနာ | လာဘ်လာဘကို မငဲ့ဘဲ တရားဟောမှု။ |
| ၁၀ | ဒိဋ္ဌုဇုကမ္မ | အယူကို ဖြောင့်မှတ်စွာ ယူမှု။ |

- ■ ကိုယ်တိုင် . တိုက်တွန်း၊ ရီးမွမ်း. စိတ်တူ နှင့် ပြောက်လျှင် ၄၀ ပြား၏။
  ပုဗ္ဗ . မုဋ္ဌ . အပရ စေတနာ ၃ တန် နှင့် မြှောက်လျှင် ၁၂၀ ပြား၏။

■ **ဒါန ၊ သီလ ၊ ဘာဝနာ ၌ သွင်းယူခြင်း။**

ဆောင် ▸▸ ပတ္တိဒါနာ ၊ နုမောဒါ၊ နှစ်ဖြာ "ဒါ" ၌ သွင်း။
ပစာယန၊ ဝေဝစ္စ ၊ သွင်းရ "သီလ "တွင်း။
ဓမ္မ နှစ်ခု ၊ ဒိဋ္ဌိဇု၊ သွင်းရှု "ဘာ" အတွင်း။

- ▸ ဒါန ၌ ပတ္တိဒါန၊ ပတ္တာနုမောဒန သွင်း။ (ကြသာ၊ မစ္ဆရိယ နှင့် ဆန့်ကျင်ဘက်ဖြစ်၍)
- ▸ သီလ ၌ အပစာယန၊ ဝေယျာဝစ္စ သွင်း။ (စာရိတ္တ သီလ ဖြစ်၍)
- ▸ ဘာဝနာ ၌ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ သွင်း။ (ကုသိုလ်တရားကို ပွားစေ၍)
- ■ ဒိဋ္ဌိဇုကမ္မ ကား ဒါန၊ သီလ၊ ဘာဝနာ ၃ ပါးလုံး၏ ရှေ့သွားအကြီးအမှူးသဖွယ်ဖြစ်သော ကြောင့် ဒါန၊ သီလ၊ ဘာဝနာ ၃ ပါးလုံး၌ပင် ထည့်သွင်းအပ်၏။

## (၃) ရူပါဝစရ ကုသိုလ်ကံ

၁။ မဟဂ္ဂုတ်ကံသည် အလွန်နူးညံ့သိမ်မွေ့ပြီးသက်လုသဖြင့် မည်သည့်ဝိညတ်ကိုမျှ မဖြစ် စေနိုင်၍ ကာယဒွါရ၊ ဝစီဒွါရတို့၌ မဖြစ်။ မနောဒွါရ၌သာ ဖြစ်သောကြောင့် မနောကံ သာဖြစ်၏။

၂။ ဒါန၊ သီလ၊ ဘာဝနာ ဟု သုံးမျိုးလည်း မရှိ။ ဘာဝနာ တစ်မျိုးသာ ဖြစ်၏။

၃။ မနောကံ၊ ဘာဝနာမယ ဟု ဆိုသော်လည်း ကာမကုသိုလ် မနောကံ ဘာဝနာမယမျိုး မဟုတ်။ **အပ္ပနာသို့ရောက်သော မနောကံ ဘာဝနာမယ** မျိုးသာ ဖြစ်၏။

၄။ ယှဉ်သော ဈာန်အင်္ဂါ ၅ မျိုးပြားခြင်းကြောင့် ရူပကုသိုလ်ကံလည်း ၅ မျိုး ပြားရပေသည်။

## (၄) အရူပါဝစရ ကုသိုလ်ကံ

ရူပါဝစရနည်းအတိုင်းပင် **အပ္ပနာသို့ရောက်သော မနောကံ ဘာဝနာမယ** မျိုးသာ ဖြစ်၏။ ကောင်းကင်ပညတ် စသော အာရုံအားဖြင့် ၄ မျိုး ပြားခြင်းကြောင့် အရူပကုသိုလ်ကံလည်း ၄ မျိုး ပြားရပေသည်။

## ကံ ၄ မျိုး၏ အကျိုးပေးရာ ဘုံ ဌာနများ

| ကံ ၄ ပါး | | ပဋိသန္ဓေအခါ | ပဝတ္တိအခါ |
|---|---|---|---|
| အရူပကုသိုလ်ကံ ၄ ပါး | | အရူပ ၄ ဘုံ၌ အစဉ်အတိုင်း | အရူပ ၄ ဘုံ |
| ရူပါဝစရကုသိုလ်ကံ ၅ ပါး | ရူပ ပဉ္စမဈာန် | (အနာဂါမ်) —— ပညာ<br>—— သမာဓိ<br>—— သတိ<br>—— ဝီရိယ<br>—— သဒ္ဓါ<br>သညာဝိရာဂဘာဝနာ | ရူပ ၁၅ ဘုံ |
| | ရူပ စတုတ္ထဈာန် | ပရိတ္တ မဇ္ဈိမ ပဏီတ | |
| | ရူပ ဒု + တ ဈာန် | ပရိတ္တ မဇ္ဈိမ ပဏီတ | |
| | ရူပ ပထမဈာန် | ပရိတ္တ မဇ္ဈိမ ပဏီတ | |
| မဟာကုသိုလ်ကံ ၈ ပါး | | ကာမသုဂတိ ၇ ဘုံ | ကာမ ၁၁ဘုံ<br>ရူပ ၁၅ ဘုံ |
| ဥဒ္ဓစ္စကြည်အကုသိုလ်ကံ ၁၁ ပါး | | အပါယ် ၄ ဘုံ | ကာမ ၁၁ဘုံ<br>ရူပ ၁၅ ဘုံ |

## (၁) အကုသိုလ်ကံ

**ပဋိသန္ဓေအကျိုး** = ဥဒ္ဓစ္စကြည်အကုသိုလ်ကံ ၁၁ ပါးသည် အပါယ်၄ဘုံ၌ ပဋိသန္ဓေ ကိုဖြစ်စေ၏။

**ပဝတ္တိအကျိုး** = အကုသိုလ်ကံ ၁၂ ပါးလုံးသည် အကုသလဝိပါက်စိတ် ၇ ပါးကို ကာမ ၁၁ ဘုံ၌ လည်းကောင်း၊ ရူပ ၁၅ ဘုံ၌ လည်းကောင်း၊ ထိုက်သလို အကျိုးပေး၏။

## (၂) ကာမကုသိုလ်ကံ

**ပဋိသန္ဓေအကျိုး** = ကာမကုသိုလ်ကံ ၈ ပါးသည် ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေ ကိုဖြစ်စေ၏။

**ပဝတ္တိအကျိုး** = ကာမကုသိုလ်ကံ ၈ ပါးသည် မဟာဝိပါက်စိတ် ၈ ပါးကို ကာမသုဂတိ ၇ ဘုံ ၌ လည်းကောင်း၊ အဟိတ် ကုသလဝိပါက်စိတ် ၈ ပါးကို ကာမ ၁၁ဘုံ၊ ရူပ ၁၅ ဘုံ၌ လည်းကောင်း အကျိုးပေး၏။

## ကာမကုသိုလ်ကံ၏ တိဟိတ် ဥက္ကဋ္ဌ-စသည်အခွဲ

**တိဟိတ်** ■ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိက၊ တိဟိတ်ကုသိုလ်၊ ခေါ်ဆိုကြရိုး။

**ဒွိဟိတ်** ■ အကျိုးမမြင်၊ ဉာဏ်မယှဉ်သော်၊ ခေါ်တွင်ဒွိဟိတ်၊ ကုသိုလ်စိတ်တည်း။

**ဥက္ကဋ္ဌ** ■ ကြိုတ်လိုပ်သေသပ်၊ ရှေ့နောက်နှစ်ရပ်ဝယ်၊ ညှပ်မှု ကုသိုလ်၊ ဥက္ကဋ္ဌဆို၏။

**ဩမက** ■ ထိုထိုနှစ်တန်၊ အကုခြံလျှင်၊ တဖန် ဩမက၊ မည်တုံကြသည်......
မှတ်ကြလွယ်ဖို့ အချုပ်တည်း။

## သမာနဝါဒအရ တိဟိတ် ဥက္ကဋ္ဌ-စသည်အခွဲနှင့် အကျိုးပေးပုံ

| တိဟိတ်အခွဲ | ဖြစ်နိုင်သောအကျိုးများ / သရုပ် | | ပဋိသန္ဓေအကျိုး | | ပဝတ္တိအကျိုး | | |
|---|---|---|---|---|---|---|---|
| | | | ကာမသုဂတိ ပဋိသန္ဓေ | ၉ | မဟာဝိပါက်<br>အဟိတ်ကုသလဝိပါက် | ၈<br>၈ | ၁၆ |
| တိဟိတ်ဥက္ကဋ္ဌ | ဉာဏသမ္ပယုတ် | ၄ | ဉာဏသမ္ပယုတ် မဟာဝိပါက် | ၄ | မဟာဝိပါက်<br>အဟိတ်ကုသလဝိပါက် | ၈<br>၈ | ၁၆ |
| တိဟိတ်ဩမက | အကုသိုလ်ခြံသော ဉာဏသမ္ပယုတ် | ၄ | ဉာဏဝိပ္ပယုတ် မဟာဝိပါက် | ၄ | ဉာဏဝိပ္ပယုတ်မဟာဝိပါက်<br>အဟိတ်ကုသလဝိပါက် | ၄<br>၈ | ၁၂ |
| ဒွိဟိတ်ဥက္ကဋ္ဌ | ဉာဏဝိပ္ပယုတ် | ၄ | | | | | |
| ဒွိဟိတ်ဩမက | အကုသိုလ်ခြံသော ဉာဏဝိပ္ပယုတ် | ၄ | အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ | ၁ | အဟိတ်ကုသလဝိပါက် | | ၈ |

## ကေစိဝါဒအရ အကျိုးပေးပုံ

ကေစိဆရာတို့ကား အသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိက ဝိပါက်စိတ်ကို မဖြစ်စေနိုင်။ သသင်္ခါရိက ကုသိုလ်ကံသည် အသင်္ခါရိက ဝိပါက်စိတ်ကို မဖြစ်စေနိုင်ဟု ဆိုကြ၏။ ဤဝါဒအရ အကျိုးပေးနိုင်သော စိတ်သရုပ်တို့မှာ အောက်ပါဇယားအတိုင်းဖြစ်၏။

| ကုသိုလ်ကံများ | | ပဋိသန္ဓေအကျိုး | | ပဝတ္တိအကျိုး | |
|---|---|---|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | အ-၂ | ဉာဏသမ္ပယုတ် | အ-၂ | မဟာဝိပါက် အ-၄၊ အဟိတ်-ကု-ဝိ-၈ | ၁၂ |
| | သ-၂ | မဟာဝိပါက် | သ-၂ | မဟာဝိပါက် သ-၄၊ အဟိတ်-ကု-ဝိ-၈ | ၁၂ |
| တိဟိတ်ဩမက<br>ဒွိဟိတ်ဥက္ကဋ္ဌ | အ-၂ | ဉာဝိပ္ပယုတ် | အ-၂ | ဉာဝိပ်မဟာဝိ အ-၂၊ အဟိတ်-ကု-ဝိ-၈ | ၁၀ |
| | သ-၂ | မဟာဝိပါက် | သ-၂ | ဉာဝိပ်မဟာဝိ သ-၂၊ အဟိတ်-ကု-ဝိ-၈ | ၁၀ |
| ဒွိဟိတ်ဩမက | | ကုဝိ ဥပေက္ခာသန္တီရဏ | ၁ | အဟိတ်ကုသလဝိပါက် | ၈ |

## (၃) ရူပ ကုသိုလ်ကံ

**ပဋိသန္ဓေအကျိုး**

ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော ဈာန်နှင့် ယှဉ်ဘက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ ဖြစ်ရိုးတည်း။ ထိုအဓိပတိ ဖြစ်ထိုက်သောတရားသည် ညံ့နေ၊ လျော့နေလျှင် ပရိတ္တ ဈာန်ဖြစ်၏။ ထိုအဓိပတိက အလတ်တန်းစားသို့ရောက်နေလျှင် မဇ္ဈိမဈာန် ဖြစ်၏။ ထိုအဓိပတိ က ထက်မြက်လျှင် ပဏီတဈာန် ဖြစ်၏။

ဆောင် ▸▸ ဓိပတိထိုက်ငြား၊ တစ်ပါးပါးပင်၊ ယုတ်လျှင် ပရိ၊ လယ်မဇ္ဈိ၊ ထက်ဘိ ပဏီတ။

၁။ ပဌမဈာန်ကံသည် -- ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတ အစဉ်အတိုင်း ပဌမဈာန် ၃ ဘုံ
၂။ ဒုတိယဈာန်ကံနှင့်
တတိယဈာန်ကံသည် -- 〃 ဒုတိယဈာန် ၃ ဘုံ
၃။ စတုတ္ထဈာန်ကံသည် -- 〃 တတိယဈာန် ၃ ဘုံ
၄။ ပဉ္စမဈာန်ကံသည် -- ဝေဟပ္ဖိုလ်ဘုံ

- ■ ပဉ္စမဈာန်ကိုပင် သညာဝိရာဂဘာဝနာပွားက---- အသညသတ်ဘုံ
- ■ ပဉ္စမဈာန်သို့ရောက်သော အနာဂါမ်ဖြစ်က ဣန္ဒြေထက်မြက်ပုံ အစီအစဉ်အတိုင်း သုဒ္ဓါဝါသ ၅ ဘုံ တို့၌ အသီးသီး အကျိုးပေးကြ၏။
- ■ ဆောင် ။ ။ သဒ္ဓါ, ဝီရိ၊ သတိ , သမာ, ဓိ ပညာ ၊ ငါးဖြာ ဣန္ဒြေခင်း။
  သုဒ္ဓါ ဘုံငါး၊ ထက်သူများ ၊ စံစား စဉ်တိုင်းသွင်း။

**ပဝတ္တိအကျိုး**

ဆိုင်ရာဘုံ၏ ပဋိသန္ဓေစိတ်နှင့် အလားတူသော ဝိပါက်စိတ်တို့ကို ဘုံအားလျော်စွာပင် ပဝတ္တိအခါ၌ အကျိုးပေး၏။

## (၄) အရူပ ကုသိုလ်ကံ

**ပဋိသန္ဓေအကျိုး** = အရူပကံ ၄ ပါးသည် အရူပ ၄ ဘုံ၌ အစဉ်အတိုင်း အကျိုးပေး၏။
**ပဝတ္တိအကျိုး** = ဆိုင်ရာဘုံ၏ ပဋိသန္ဓေစိတ်နှင့် အလားတူသော ဝိပါက်စိတ်တို့ကို ဘုံအားလျော်စွာ အကျိုးပေး၏။

## (၅) မရဏုပ္ပတ္တိ စတုက္က

### စုတေခြင်း ၄ မျိုး

၁။ အာယုက္ခယ = သက်တမ်းကုန်မှုကြောင့် စုတေရခြင်း။ (မီးစာကုန်)
၂။ ကမ္မက္ခယ = ကံစွမ်းကုန်၍ စုတေရခြင်း။ (ဆီခန်း)
၃။ ဥဘယက္ခယ = သက်တမ်း၊ ကံစွမ်း နှစ်ပါးကုန်၍စုတေရခြင်း။ (မီးစာကုန် + ဆီခန်း)
၄။ ဥပစ္ဆေဒက = ကပ်၍ဖြတ်သောကြောင့် စုတေရခြင်း။ (လေပြင်းတိုက် စသည်..)

■ ဆောင် ► သက်တမ်း, ကံကုန် ၊ နှစ်မျိုးကုန်၊ တစ်ဖုံ သတ်ဖြတ်သေ။

■ စုတေ = ပစ္စုပ္ပန်ဘဝမှ ပြောင်းရွှေ့ လျှောကျခြင်း = သေခြင်း။

■ **ဥပစ္ဆေဒက ကံကြောင့် မသေနိုင်သော ပုဂ္ဂိုလ်များ**

► ဧရာသားများ၊မြောက်ကျွန်းသားနှင့်၊မှတ်သားရှိုနတ်၊ဤသုံးရပ်မှာ၊ မသေပါ၊ ကံမှာ ဥပစ္ဆေဒက။

### စုတေခါနီး နိမိတ်ထင်ပုံ

အထက်ပါ အကြောင်းလေးပါးကြောင့် သေကုန်သော သတ္တဝါတို့တွင် သေခါနီး ကာလ၌ ကံ ၊ ကမ္မနိမိတ် ၊ ဂတိနိမိတ် အာရုံတစ်ပါးပါးသည် ကံ၏အစွမ်းကြောင့် ဒွါရခြောက်ပါးမှ တစ်ပါးပါးတွင် ထိုက်သလို ထင်လာပေ၏။

■ ဆောင် ► သေခါနီးတွင်၊ အာရုံထင်၊ ဖြစ်စဉ် မှတ်စရာ။
ကံ နှင့် ကမ္မ၊ ဂတိပြ၊ သုံးဝ နိမိတ္တာ။
ဒွါရခြောက်ပါး၊ တစ်ပါးပါးတွင်၊ ရှေးရှုထင်၊ သုံးအင် နိမိတ္တာ။
ကမ္မဗလ၊ ကြောင့်သာပဲ့၊ ထင်ရ နိမိတ္တာ။

### ● ကံ

သေခါနီးကာလ၌ သတ္တဝါတို့အား ထိုက်သည်အားလျော်စွာ ထင်သော အခြားမဲ့ နောက်ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်၊ အကုသိုလ်ကို " ကံ " ဟုခေါ်သည်။

■ ဆောင် ► အကုသိုလ်နှင့်၊ ကုသိုလ် ကမ္မ၊ ဇနက ၊ ခွင့်ရ ရှေးရှုကံ။

### ● ကမ္မနိမိတ်

နောက်ဘဝ၌ပဋိသန္ဓေကိုဖြစ်စေတတ်သော(ကုသိုလ်.အကုသိုလ်)ကံပြုစဉ်ကာလ က တွေ့ကြုံရသမျှ အာရုံများကို ကမ္မနိမိတ် ဟုခေါ်သည်။ ကမ္မနိမိတ် သည်.....

၁။ ဥပလဒ္ဓ = ကံနှင့်စပ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာန အာရုံ။
၂။ ဥပကရဏ = ကံပြီးမြောက်ဖို့ရန် အဆောက်အဦ အခြံအရံမျှသာ ဖြစ်သော အပဓာန အာရုံ ...ဟူ၍ နှစ်မျိုးရှိ၏။

ဥပမာအားဖြင့် ကျောင်းဆောက်လှူရာ၌ ကျောင်းသည် ဥပလဒ္ဓအာရုံ ဖြစ်၍ ဆွမ်း၊သင်္ကန်း စသော ထိုကျောင်းအလှူ၌ အခြံအရံများသည် ဥပကရဏအာရုံဖြစ်၏။ သားငါးတို့ကို သတ်ရာတွင်လည်း သားငါးသည် ဥပလဒ္ဓအာရုံ ဖြစ်၍ ပိုက်ကွန်၊ လက်နက် စသည်တို့မှာ ဥပကရဏအာရုံဖြစ်၏။

■ ကျောင်းကန်ဘုရား၊ စေတီများနှင့်၊ သားငါးဥစ္စာ၊ သူ့အိမ်ယာ၊ များစွာ ဥပလဒ္ဓ။
ကျောင်းဆောက်လှူခန်း၊ ဆွမ်းသင်္ကန်းတည့်၊ ပန်းနှင့် ဘုရား၊ သားငါးတို့တွက်၊ လက်နက် လှံတံ၊ ခြံရံ ဟူသမျှ၊ အဝ,ဝ၊ ဥပကရဏ မှတ်။

## ဂတိနိမိတ်

စုတေပြီးနောက် လားရောက်ရာ ဂတိ၌ တွေ့ကြုံရလတ္တံ့သော အာရုံများကို ဂတိနိမိတ် ဟုခေါ်သည်။ ဂတိနိမိတ် သည်.....

၁။ ဥပလဘိတဗ္ဗ = တိုက်ရိုက်ရောက်ထိုက်သော အရပ်။
၂။ ဥပဘောဂ = ထို ထို ဂတိ တို့၌ တွေ့ကြုံရမည့် အတွင်းအပ, အသုံးအဆောင်၊ အခြွေအရံများ၊ ...ဟူ၍ နှစ်မျိုးရှိ၏။

ဥပမာအားဖြင့် လူ့ဘုံသို့လားရောက်ရလျှင် ကမ္ဗလာနီ အဆင်းရှိသော အမိဝမ်းရေ၊ ငရဲသွားရလျှင် ငရဲဘုံ၊ နတ်ပြည်သွားရလျှင် နတ်ဘုံ နတ်နန်း၊ ပြိတ္တာဖြစ်က တောင်ခြေ မြစ်ကမ်း စသည်တို့မှာ ဥပလဘိတဗ္ဗ အာရုံဖြစ်သည်။ ငရဲဘုံ၏ အခြံအရံများဖြစ်သော ခွေး, ငှင်းတ, ကျီး, ငရဲမီးလျှံ, ငရဲထိန်း၊ နတ်ပြည်၏ အတွင်းအပ အသုံးအဆောင်များဖြစ်သော နတ်သမီး, နတ်သား, ဥယျာဉ်, ပဒေသာပင် စသည်တို့မှာ ဥပဘောဂ အာရုံဖြစ်၏။

■ တိုက်ရိုက်ကပ်၍၊ ရအပ်လေသည့်၊ အမိဝမ်းရေ၊ ငရဲပြည်နှင့်၊
တောင်ခြေမြစ်ကမ်း၊ နတ်ဘုံနန်းဟု၊ အစုစု၊ ဥပလဘိတဗ်။

■ တွင်း,ပ သုံးဆောင်၊ များမြောင်စွာလှ၊ ခွေး, ငှင်းတ, ကျီး, ငရဲမီးနှင့်၊
နတ်သမီး ဝေဆာ၊ ပဒေသာဟု၊ အစုစု၊ ဥပဘောဂ မှတ်။

## စုတေခါနီး စိတ်အစဉ်ဖြစ်ပုံ

စုတေခါနီးကာလ၌ စိတ်အစဉ်သည် ကံ ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၍ ရလတ္တံ့သော ဘဝသစ်ကို ညွတ်၍ နေလေ၏။ ထိုဘဝသစ်သည်လည်း စင်ကြယ်သော ကုသိုလ်ကံ၊ ညစ်နွမ်းသော အကုသိုလ်ကံတို့ အားလျော်စွာ သာ သုဂတိ၊ ဒုဂ္ဂတိ ဘဝများ ရနိုင်ပေ၏။

▸▸ (သုဂတိဘဝသို့ ရောက်ရန်အတွက် သေခါနီး စိတ်အစဉ် စင်ကြယ်ဖို့ရန် လွန်စွာ အရေးကြီးလှသဖြင့် သေခါနီး၌ နိမိတ်ကောင်းထင်ရန်၊ စိတ်ကောင်းဝင်ရန်၊ လျော်သော အသိဉာဏ်နှင့် မိတ်ဆွေကောင်းရှိရန် လိုအပ်လှပေသည်။)

## စုတေခါနီး နိမိတ် မထင်သူများ

▸▸ အသည်းသတ်ဘုံမှ စုတေမည့်သူများ။ (နိမိတ်ထင်ဖို့ရာ နာမ်တရား မရှိ၍)

▸▸ စုတေပြီးနောက် ထိုထို ဂတိ၌ ဘဝသစ်ဖြစ်တော့မည်မဟုတ်သော ရဟန္တာများ။

## ကံ (အာရုံ) ထင်ပုံ တစ်နည်း

အခြားမဲ့နောက်ဘဝ၌ ပဋိသန္ဓေကိုဖြစ်စေသောကံသည် မိမိကိုယ်ကို အသစ်ပြု သည်၏ အစွမ်းဖြင့် မနောဒွါရ၌ ထင်လာ၏။ (ရှေးဘဝပေါင်းများစွာ ပြုခဲ့သော ကံ ဖြစ်စေကာမူ ပဋိသန္ဓေ အကျိုးပေးခွင့် ကြုံလာလျှင် ထိုကံသည် မိမိအစွမ်းကြောင့်ပင်လျှင် ယခု လတ်တလော ပြုရသော ကံအသစ်ကဲ့သို့ ဒွါရ၌ ထင်လာ၏ ဟူလို။)

## မရဏာသန္နဝီထိ

အလွန်နီးသော သေခြင်းရှိသော သတ္တဝါတို့အား မရဏာသန္နဝီထိစိတ်၏ အဆုံး၌ လည်းကောင်း၊ မရဏာသန္နဝီထိ နောင် ဘဝင်၏ အဆုံး၌လည်းကောင်း၊ ရွေ့လျောခြင်း၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ်ကျလေ၏။ မရဏာသန္နဝီထိ သည် အချုပ် အားဖြင့် အောက်ပါအတိုင်း (၄)မျိုးရှိ၏။

| | | | |
|---|---|---|---|
| ဝီထိ၏အဆုံး | ၁ | တဒါရုံ နောင် စုတိ | ပဉ္စဒွါရ၌ အတိမဟန္တာရုံ၊ မနောဒွါရ၌ ဝိဘူတာရုံ |
| စုတိကျသော ၂ ဝါရ | ၂ | ဇော နောင် စုတိ | ။ မဟန္တာရုံ ။ အဝိဘူတာရုံ |
| ဝီထိနောင်ဘဝင်၏အဆုံး | ၃ | တဒါရုံ ဘဝင် နောင် စုတိ | ။ အတိမဟန္တာရုံ ။ ဝိဘူတာရုံ |
| စုတိကျသော ၂ ဝါရ | ၄ | ဇော ဘဝင် နောင် စုတိ | ။ မဟန္တာရုံ ။ အဝိဘူတာရုံ |

▸▸ နံပါတ် (၂) နှင့် (၄) ဝါရများ၌ မဟာဏ္ဏာရုံနှင့် အဝိဘူတာရုံဟုဆိုသော်လည်း ကာမဘုံမှ စုတေ၍ ပြဟ္မာ့ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ဝီထိ၊ ပြဟ္မာ့ဘုံမှ စုတေမည့် ဝီထိများ၌မူ အတိမဟန္တာရုံနှင့် ဝိဘူတာရုံ များလည်း ဖြစ်ထိုက်သေး၏။

| ပဉ္စဒွါရ မရဏာသန္နဝီထိ (စက္ခုဒွါရ) | | |
|---|---|---|
| ဘဝဟောင်း မရဏာသန္နဝီထိ | | ဘဝသစ်ပဋိသန္ဓေနှင့်ဘဝနိကန္တိလောဘဇော |
| ၁ | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| ၂ | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| ၃ | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| ၄ | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဘွင် စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| မနောဒွါရ မရဏာသန္နဝီထိ | | |
| ၁ | န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| ၂ | န ဒ မ ဇ ဇ ဇ ဇ ဇ စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| ၃ | န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |
| ၄ | န ဒ မ ဇ ဇ ဇ ဇ ဇ ဘွင် စု | ပဋိ ဘွင်၁၅.၁၆ မ (ဇော- ၇ချက်) ဘွင် |

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

ဘဝဟောင်း၏ စုတိစိတ် အဆုံးသတ်ချုပ်ပြီးသည့် အခြားမဲ့၌ ကာလမခြားဘဲ ဆက်လက်၍ ဘဝသစ် ပဋိသန္ဓေစိတ်သည်....

**အာရုံ** ... ဘဝဟောင်း မရဏာသန္နဇောမှ ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍..

**မှီရာ** ... ကာမဘုံနှင့် ရူပဘုံတို့၌ ဟဒယဝတ္ထုရုပ်ကို မှီ၍လည်းကောင်း၊ အရူပဘုံ၌ ဝတ္ထုရုပ်ကို မမှီမူ၍လည်းကောင်း၊

**ဖြစ်ကြောင်း** ... အဝိဇ္ဇာနုသယ သည် ခြံရံလျက် တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ်၊ အကုသိုလ်ကံ ဟုဆိုအပ်သော သင်္ခါရမှ ဖြစ်စေလျက်..

**ရွေ့သွားဖြစ်ခြင်း...** ဖဿ , ဝေဒနာ အစရှိသော သမ္ပယုတ်တရားတို့ကို ခြံရံလျက်၊ ဖဿ, ဝေဒနာ အစရှိသော တကွဖြစ်ဖက်တရားတို့၏ တည်ရာဖြစ်ခြင်းကြောင့် ရွေ့သွားခေါင်းဆောင် ဖြစ်ပြီးလျှင်...

**ဖြစ်ခြင်းအစွမ်း ...** ရှေ့ဘဝနှင့် နောက်ဘဝကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည့်၏ အစွမ်းအားဖြင့်.... ဘဝတစ်ပါး၌ ဥပါဒ်လျှင် ဥပါဒ်ချင်း တည်လေ၏။

## ပဋိသန္ဓေစိတ်၏ ဖြစ်ကြောင်းလင်္ကာ

- အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာ ညွှတ်စေမှု။
  ကံ သင်္ခါရ၊ ဇနက၊ ပစ်ချ ဖြစ်စေမှု။
  အကြောင်းသုံးဖော်၊ ညီစေ့ဆော်၊ ဖြစ်ပေါ် သန္ဓိစု။

အဝိဇ္ဇာ၊ တဏှာ တည်းဟူသော ဘဝရေသောက်မြစ် မပြတ်သေးသော ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၌ အဝိဇ္ဇာက ဘဝအပြစ်ကို ဖုံးပေးခြင်း၊ တဏှာက ထိုဘဝ၌ ညွှတ်ကိုင်းတပ်မက်ခြင်း ဟူသော အားပေးအားမြှောက် ပြုမှုပေးချက်အရ... ကုသိုလ်၊ အကုသိုလ်ကံ ဟုဆိုအပ်သော သင်္ခါရ က မိမိဖြစ်ရာ ခန္ဓာအစဉ်ဝယ် ဤဘဝမှ စုတိပြီးသည့်၏ အခြားမဲ့၌ ကံအားလျော်သော ဘုံဘဝတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသော အကျိုးကို ဖြစ်စေ၏။

## ကာမပဋိသန္ဓေစိတ်၏ အာရုံ

မရဏာသန္နဝီထိ၌ မရဏာသန္နဇောသည် နုံ့သည့်၏ အဖြစ်ကြောင့် (၅)ကြိမ်သာလျှင် ဇော၏။ ထို့ကြောင့် အာရုံ၌ ထင်လာသော ပစ္စုပ္ပန်အာရုံ (ကမ္မနိမိတ်၊ ဂတိနိမိတ်) တို့ ထင်ရှားရှိဆဲ၌ပင် သေခြင်းသည် ဖြစ်လေ၏။

ထိုအခါ ဘဝသစ် ပဋိသန္ဓေ၊ ဘဝင်စိတ်တို့သည်လည်း ပစ္စုပ္ပန်အာရုံ ကို ရအပ်၏။ ဤနည်းအားဖြင့် ကာမပဋိသန္ဓေစိတ်၏ အာရုံ သည် ကာမတရားတို့သာလျှင် ဖြစ်ကုန်သော....

(၁) အတိတ်သာလျှင်ဖြစ်သော ကံ (ဓမ္မာရုံ) ကို မနောဒွါရ ဖြင့် ယူအပ်၏။

(၂) အတိတ်လည်းဖြစ်သော၊ မချုပ်သေးပါက ပစ္စုပ္ပန်လည်းဖြစ်သော.. ကမ္မနိမိတ် (အာရုံ ၆ ပါး) ကို ၆ ဒွါရ ဖြင့် ယူအပ်၏။

(၃) အတိတ်လည်းဖြစ်သော၊ မချုပ်သေးပါက ပစ္စုပ္ပန်လည်းဖြစ်သော.. ဂတိနိမိတ် (အာရုံ ၆ ပါး) ကို ၆ ဒွါရ ဖြင့် ယူအပ်၏။

- ကံ အာရုံမှာ ၊ အတိတ်သာ ၊ ထင်လာ မနောတည်း။
- ကမ္မနိမိတ်၊ အတိတ်လွန်လေ ၊ ပြားခြောက်ထွေ ၊ ထင်လေ မနောတည်း။
  ယင်းနိမိတ္တံ ၊ ပစ္စုပ္ပန် ၊ ထင်ရန် ဆဒွါရ။
- ဂတိ ခြောက်တန် ၊ ပစ္စုပ္ပန် ၊ ထင်ရန် ဆဒွါရ။

- အတိတ်အာရုံဖြစ်က မနောဒွါရ၌သာ ထင်၏။ ပစ္စုပ္ပန်အာရုံဖြစ်မှ ၆ ဒွါရ၌ ထိုက်သလို ထင်နိုင်ပေ၏။
- ဂတိနိမိတ်ကို ပစ္စုပ္ပန်အာရုံသာလျှင်ဖြစ်၍ ၆ ဒွါရဖြင့် ယူအပ်၏ ဟူ၍လည်းကောင်း၊ (အတိတ် မရအပ် ဟူလို)၊ ပစ္စုပ္ပန် ရူပါရုံ သာလျှင်ဖြစ်၍ မနော ဒွါရဖြင့်သာ ယူအပ်၏ ဟူ၍လည်းကောင်း ဆိုကြကုန်သေး၏။

## ရူပ ,အရူပ ပဋိသန္ဓေစိတ်၏ အာရုံ

- ရူပ ပဋိသန္ဓေ စိတ်၏ အာရုံ မှာ ပညတ်ဖြစ်သော ပထဝီကသိုဏ်းအစရှိသော ကမ္မနိမိတ်သာလျှင် ဖြစ်၏။
- အရူပ ပဋိသန္ဓေ စိတ်၏ အာရုံ မှာ မဟဂ္ဂုတ်လည်းဖြစ်သော ၊ပညတ်လည်းဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ် ၊ ကောင်းကင်ပညတ် အစရှိသော ကမ္မနိမိတ် သာလျှင် ဖြစ်၏။
- အသညသတ် ပုဂ္ဂိုလ်တို့၌မူ ဇီဝိတ နဝက ကလာပ်သည်သာလျှင် ပဋိသန္ဓေ ဖြစ်ပေ၏။ ထိုအကြောင်းကြောင့် အသညသတ် ပုဂ္ဂိုလ်တို့သည် ရုပ်ပဋိသန္ဓေ ရှိသူတို့ မည်၏။ အရူပဘုံသားတို့ကား နာမ်လျှင် ပဋိသန္ဓေ ရှိသူတို့ မည်၏။ ကြွင်းသော ဘုံသားတို့ကား ရုပ်နာမ် အစုံ ပဋိသန္ဓေ ရှိသူတို့ မည်ကုန်၏။

## စုတိ နောင် ပဋိသန္ဓေဖြစ်ပုံ

| စုတိ ၂၀ | | နောင်းနိုင်သောပဋိသန္ဓေ | | နောင်းနိုင်သောဘုံ |
|---|---|---|---|---|
| ကာမအဟိတ် ၂<br>ကာမဒွိဟိတ် ၄ | ၆ | ကာမပဋိသန္ဓေ | ၁၀ | ကာမ ၁၁ ဘုံ |
| ကာမတိဟိတ် | ၄ | အလုံးစုံသောပဋိသန္ဓေ | ၂၀ | ၃၁ ဘုံ |
| ရူပ | ၅ | အဟိတ် ၃ ပါးကြဉ် | ၁၇ | အပါယ် + အသညသတ် ကြဉ် ၂၆ ဘုံ |
| အသညသတ် | ၁ | ကာမတိဟိတ် ၄၊ ဒွိဟိတ် ၄ | ၈ | ကာမသုဂတိ ၇ ဘုံ |
| အရူပ | ၄ | အရူပ ၄၊ ကာမတိဟိတ် ၄ | ၈ | မိမိ + အထက်အရူပဘုံ + ကာမသုဂတိ ၇ ဘုံ |

- အဟိတ် ၃ ပါးဟူသည်.... သုဂတိအဟိတ်၊ ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေစိတ် ၂ ပါးနှင့် အသညသတ် သုဂတိအဟိတ် ရုပ်ပဋိသန္ဓေ ၁ ပါး တို့ဖြစ်ကြ၏။
- အထက် အရူပဘုံသို့ ရောက်ပြီးသူတို့မှာ အောက်အောက် ရူပ နှင့် အရူပဈာန်များကို အားမထုတ်ကြသောကြောင့် ရူပဘုံ နှင့် အောက်အောက် အရူပဘုံများ၌ ပြန်၍ မဖြစ်ပါ။ မိမိဘုံ၌ကား ပြန်၍ ဖြစ်သေး၏။
- ဖြဟ္မာဘုံသို့ ရောက်ပြီးသော အရိယာတို့ကား ကာမဘုံ၌ ပြန်၍ မဖြစ်တော့ပါ။ ဗြဟ္မာဘုံများ၌လည်း မိမိဘုံ အပါအဝင် အထက်ပြဟ္မာဘုံများ၌သာ ဖြစ်နိုင်၏။ အောက်ဘုံသို့ ပြန်၍ မဆင်းတော့ပါ။
- သုဒ္ဓါဝါသပြဟ္မာများကား မိမိဘုံ၌ပင် ပြန်၍ မဖြစ်တော့ဘဲ အထက်ဘုံများ၌သာ ဖြစ်နိုင်ပေ၏။ အကနိဋ္ဌပြဟ္မာများကား အထက်ဘုံ မရှိတော့သဖြင့် မိမိဘုံ၌ပင် ကျန် ရဟန္တာ ဖြစ်ရပေ၏။
- ဝေဟပ္ဖိုလ် နှင့် နေဝသညာနာသညာယတနဘုံတို့မှ အရိယာများမှာလည်း ရဟန္တာ မဖြစ်သေးပါက မိမိဘုံ၌သာ ထပ်၍ဖြစ်နိုင်၏။ အခြား လားရာဘုံ မရှိတော့ပေ။
  - ▸▸ ဝေ , နေ , အက ၊ သုံးဌာနမှာ၊ အရိယာ သွားရာဘုံ မရှိ။

**သီသ ၃ ဘုံ (တစ်နည်း) ဘဝဂ် ၃ မျိုး**

၁။ ဝေဟပ္ဖိုလ် ... သုဒ္ဓါဝါသကြဉ်သော ရူပဘုံများတွင် သီသတည်း။
၂။ အကနိဋ္ဌ ... သုဒ္ဓါဝါသဘုံများတွင် သီသတည်း။
၃။ နေဝသညာနာသညာယတန ... အရူပဘုံများတွင် သီသ တည်း။ (သီသ =ဦးထိပ်)

## ဘဝင် နှင့် စုတိစိတ် ဖြစ်ပုံ

တစ်ဘဝ၌ အစဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့မှစ၍ ပဋိသန္ဓေ စိတ် ၏ အာရုံကိုပင် အာရုံပြု၍ ထို ပဋိသန္ဓေကိစ္စ တပ်သော စိတ်သည်ပင်လျှင် ဘဝ၏ ဖြစ်ကြောင်းအဖြစ်ကြောင့် ဘဝင်အစဉ်ဟု ဆိုအပ်သောစိတ်သည် (ဝီထိစိတ်တို့ မဖြစ်သော အခါများ၌) စုတိစိတ်တိုင်အောင်... မြစ်ရေအလျဉ် စီးသကဲ့သို့ မပြတ်မစဲ ဖြစ်၏။ ဘဝ၏ အဆုံး၌လည်း ရွေ့လျောခြင်း၏ အစွမ်းဖြင့် စုတိစိတ်သည် ဖြစ်၏။

## သံသရာ စက်လည်ပုံ

စုတိစိတ်ချုပ်ပြီးသည့် နောက်၌လည်း အသစ်အသစ်သော ပဋိသန္ဓေ အစရှိကုန်သော စိတ်တို့သည် ရထား၌ တပ်ထားအပ်သော ဘီး၏ လည်ပုံကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက် လည်၍ ဖြစ်ကြလေ၏။

ဤ ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ၊ ဘဝင် ၊ ဝိထိ ၊ စုတိစိတ်တို့သည် အစဉ်အတိုင်း အဆက်ဆက် လည်၍ ဖြစ်သကဲ့သို့ ဘဝတစ်ပါး၌လည်း ဤအတိုင်းပင်လည်၍ (ရဟန္တာ မဖြစ်မချင်း) ဖြစ်ကြလေ၏။

## သံသရာ စက်ပြတ်ပုံ

သံသရာစက်ပြတ်ရန်ကား ပညာရှိသူ (တိဟိတ်)ပုဂ္ဂိုလ်တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး၊ သီလဖြူစင် ၊ ဓုတင်ကိုဖြည့် ၊ သမာဓိလောင်း ၊ ကောင်းသောအကျင့်ရှိကုန်သည် ဖြစ်၍ ထိုဝဋ်တရားတို့၏ မမြဲခြင်းသဘောကို ဝိပဿနာဉာဏ်ဖြင့် ထင်စွာသိအောင် ဆင်ခြင်အားထုတ်သည်ရှိသော် ရွေ့လျောခြင်း မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြင့် အမှန်သိခြင်းကြောင့် နှောင်ဖွဲ့တတ်သော တဏှာကို မဂ်ဖြင့် အကြွင်းမဲ့ ဖြတ်တောက်နိုင်ပြီးလျှင် ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ ငြိမ်းရာ နိဗ္ဗာန်သို့ ကေန် ရောက်ရပေတော့၏။

ဆောင် ■ သစ်ပင်ကြီးကို၊ သီးမလို၍၊ ထိုထိုကြိတ်နင်း၊ အဆိပ်သွင်းက၊ အတွင်းခြောက်ပြီး၊ နောက်မသီးသို့....

■ ဤနည်းပမာ ၊ ပင်ခန္ဓာဝယ်၊ ထပ်ကာကိလေ၊ မသီးစေဖို့၊ လေးထွေမဂ် ဟု၊ အဆိပ်စုဖြင့်၊ ကြိတ်ထုသွင်းလတ်၊ အနုသယဖြတ်သည်.... နောက်ထပ် မဥပါဒ်တော့ပြီ။

**ဝိထိမုတ်ပိုင်းပြီး၏။**

# ရုပ်ပိုင်း

ပရမတ္ထတရားဖြစ်သော စိတ်၊ စေတသိက်တို့ကို ပြီးခဲ့သော အပိုင်း (၅)ပိုင်းဖြင့် ပြဆိုခဲ့ပြီးဖြစ်သည်။ ဤအပိုင်းကား ရုပ်တို့ကို ပြဆိုသော အပိုင်းအခန်း ဖြစ်၏။ ရုပ်ပိုင်း၌ ရုပ်တို့ကို အောက်ပါ သင်္ဂဟ (၅) ရုပ်ဖြင့် ပြဆို၏။

၁။ ရူပသမုဒ္ဒေသ = ရုပ်တို့ကို အကျဉ်းချုပ်၍ ပြခြင်း။
၂။ ရူပဝိဘာဂ = ရုပ်တို့ကို အကျယ်ဝေဖန်၍ ပြခြင်း။
၃။ ရူပသမုဋ္ဌာန = ရုပ်တို့၏ ဖြစ်ကြောင်းကို ပြခြင်း။
၄။ ရူပကလာပ = ရုပ်တို့၏ အပေါင်းအစည်းကို ပြခြင်း။
၅။ ရူပပဝတ္တိက္ကမ = ရုပ်တို့၏ ဖြစ်စဉ်ကို ပြခြင်း။

## (၁) ရူပ သမုဒ္ဒေသ

| အကျဉ်းအားဖြင့် ၂ ပါး အပြား | ခေါ်ဝေါ်ခြင်းအားဖြင့် ၁၁ ပါး အပြား | | သရုပ်အားဖြင့် ၂၈ ပါး | နိပ္ဖန္နစသည် အမည်ရပုံ | |
|---|---|---|---|---|---|
| ဘူတရုပ် ၄ | ၁ | ဘူတရုပ် ၄ ပါး | ၄ | | |
| | ၂ | ပသာဒရုပ် ၅ ॥ | ၅ | သဘာဝရုပ် | |
| | ၃ | ဂေါစရရုပ် ၇ ॥ | (ဖောဋ္ဌဗ္ဗကြည်) ၄ | သလက္ခဏရုပ် | |
| | ၄ | ဘာဝရုပ် ၂ ॥ | ၂ | နိပ္ဖန္နရုပ် | ၁၈ |
| | ၅ | ဟဒယရုပ် ၁ ॥ | ၁ | ရူပရုပ် | |
| ဥပါဒါရုပ် ၂၄ | ၆ | ဇီဝိတရုပ် ၁ ॥ | ၁ | သမ္မသနရုပ် | |
| | ၇ | အာဟာရရုပ် ၁ ॥ | ၁ | | |
| | ၈ | ပရိစ္ဆေဒရုပ် ၁ ॥ | ၁ | အသဘာဝရုပ် | |
| | ၉ | ဝိညတ်ရုပ် ၂ ॥ | ၂ | အလက္ခဏရုပ်<br>အနိပ္ဖန္နရုပ် | ၁၀ |
| | ၁၀ | ဝိကာရရုပ် ၅ ॥ | (ဝိညတ်၂ကြည်) ၃ | အရူပရုပ် | |
| | ၁၁ | လက္ခဏရုပ် ၄ ॥ | ၄ | အသမ္မသနရုပ် | |

▸▸ ဘူ . ပသာဒ၊ ဂေါစရ ၊ ဘာဝ . ဟဒယာ။
ဇီ . အာ . ပရိစ္ဆေ ၊ ဝိနှစ်တွေ၊ မှတ်လေ လက္ခဏာ။

■ **ဘူတရုပ် (မဟာဘုတ်)** = အခြားသောရုပ်များထက် သဘောလက္ခဏာအားဖြင့်လည်းကောင်း၊ အထည်ဒြပ် အားဖြင့်လည်းကောင်း၊ ကြီးကျယ်ထင်ရှားသောရုပ်များ။

■ **ဥပါဒါရုပ်** = မဟာဘုတ်ကို မှီ၍ဖြစ်ပြီး မဟာဘုတ်ကို ခြယ်လှယ်အမှွမ်းတင်ထားသော ရုပ်များ။

## ရုပ် (၂၈) ပါး သရုပ်များ

### ၁။ ဘူတရုပ် (၄) ပါး

| | | | |
|---|---|---|---|
| ပထဝီ | = | မြေဓာတ် | (မာ . ပျော့ . ကြမ်း . ချော . လေး . ပေါ့) |
| အာပေါ | = | ရေဓာတ် | (ယိုစီး . ဖွဲ့စည်း) |
| တေဇော | = | မီးဓာတ် | (အပူ . အအေး) |
| ဝါယော | = | လေဓာတ် | (တွန်း . ထောက်) |

### ၂။ ပသာဒရုပ် (၅) ပါး = မဟာဘုတ်၄ပါးကို ကြည်လင်စေတတ်သောကြောင့် ပသာဒမည်၏။

| | | | | |
|---|---|---|---|---|
| (၁) စက္ခုပသာဒ | = | မျက်စိအကြည် | = | မျက်လုံးအတွင်း သသမ္ဘာရတွင် မျက်နက်ဝန်းအလယ် သန်းဦးခေါင်း ပမာဏရှိ အကြည်ဓာတ်။ |
| (၂) သောတပသာဒ | = | နားအကြည် | = | နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဍာန်ရှိ အမွေးနီ၌ တည်သော အကြည်ဓာတ်။ |
| (၃) ဃာနပသာဒ | = | နှာခေါင်းအကြည် | = | နှာခေါင်းအတွင်း ဆိတ်ခွာပုံစံနှင့် တူသော အရပ်ရှိ အကြည်ဓာတ်။ |
| (၄) ဇိဝှါပသာဒ | = | လျှာအကြည် | = | လျှာအလယ်၌ ကြာပွင့်အဖတ်များနှင့် အလားတူသော အရပ်ရှိ အကြည်ဓာတ်။ |
| (၅) ကာယပသာဒ | = | ကိုယ်အကြည် | = | အသားမာ၊ အရေခြောက်၊ ခြေသည်း လက်သည်းဖျား၊ ဆံပင်မွေးဖျား မှတစ်ပါး တစ်ကိုယ်လုံး၌ရှိသော အကြည်ဓာတ်။ |

၃။ ဂေါစရရုပ် (၇) ပါး

စိတ် ‚ စေတသိက်တို့ ကျက်စားရာ ဖြစ်သောကြောင့် တစ်နည်း စိတ် ‚ စေတသိက်တို့၏ အာရုံ ဖြစ်သောကြောင့် ဂေါစရရုပ် မည်၏။

| | | | | |
|---|---|---|---|---|
| (၁) | ရူပါရုံ | = | ဝဏ္ဏ | (အဆင်း) |
| (၂) | သဒ္ဒါရုံ | = | သဒ္ဒ | (အသံ) |
| (၃) | ဂန္ဓာရုံ | = | ဂန္ဓ | (အနံ့) |
| (၄) | ရသာရုံ | = | ရသ | (အရသာ) |
| (၅) | ဖောဋ္ဌဗ္ဗာရုံ | = | ပထဝီ၊ တေဇော၊ ဝါယော | (အတွေ့အထိ) |

▸▸ အာပေါ်ဓလေ့ ၊ လွန်သိမ်မွေ့၊ ထိတွေ့စမ်းသပ် မရအပ်၊ ဖောဋ္ဌဗ် မမည်ထိုက်။

၄။ ဘာဝရုပ် (၂) ပါး

အထီး ‚ အမ ဖြစ်ဖို့ရန် အကြောင်းခံ ဖြစ်သောကြောင့် ဘာဝရုပ် မည်၏။

(၁) ဣတ္ထိဘာဝ = အမ၏ အဖြစ်ကို သိကြောင်းရုပ်။
(အမ သတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်လျက် ရှိပြီး အမဖြစ်ကြောင်း သိသာစေ၏။)

(၂) ပုမ္ဘာဝ = အထီး၏ အဖြစ်ကို သိကြောင်းရုပ်။
(အထီး သတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်လျက် ရှိပြီး အထီးဖြစ်ကြောင်း သိသာစေ၏။)

၅။ ဟဒယရုပ် (၁) ပါး

■ နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်၌တည်သော တစ်လက်ဖွန်းခွဲမျှ ရှိသော သွေးကို မှီ၍ ဖြစ်သော ဟဒယ ဝတ္ထုရုပ်။
(ဆိုင်ရာ စိတ်‚ စေတသိက်များ၏ မှီရာ ဝတ္ထုရုပ်ပေတည်း။)

၆။ ဇီဝိတရုပ် (၁) ပါး

■ ကံကြောင့်ဖြစ်သော ရုပ်တို့၏ အသက်၊ တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက် တည်ရှိ၏။

၇။ အာဟာရရုပ် (၁) ပါး

■ အလုတ်အလွေးပြုအပ်သော အစာအာဟာရ (ကဗဠီကာရ) ၌ပါသော ... အဆီအနှစ် အစေးကို အာဟာရရုပ် ဟု ခေါ်သည်။ ဩဇာလည်း မည်၏။

## ၈။ ပရိစ္ဆေဒရုပ် (၁) ပါး

- ရုပ်ကလာပ် တစ်ခုနှင့် တစ်ခု မရောယှက်လေအောင် ပိုင်းခြားတတ်သော.. အာကာသ ကို ပရိစ္ဆေဒ (အကြား) ရုပ်ဟုခေါ်၏။

## ၉။ ဝိညတ်ရုပ် (၂) ပါး

မိမိအလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော အမူအရာအထူးကို ဝိညတ်ရုပ်ဟုခေါ်၏။

(၁) ကာယဝိညတ် = ကိုယ်ဖြင့် သိစေအပ်သော အမူအရာ။

(၂) ဝစီဝိညတ် = နှုတ် (စကားသံ) ဖြင့် သိစေအပ်သော အမူအရာ။

## ၁၀။ ဝိကာရရုပ် (၅) ပါး

- ထူးထွေခြားနားသော အမူအရာကိုပင် ဝိကာရရုပ် ဟု ခေါ်၏။
- ဝိကာရရုပ် (၅) ပါး = လဟုတာဒိ ရုပ် (၃) ပါး + ဝိညတ်ရုပ် (၂) ပါး။

**လဟုတာဒိ ရုပ် (၃) ပါး**

(က) ရူပဿလဟုတာ = ရုပ်ခန္ဓာ၏ ပေါ့ပေါ့ပါးပါး ရှိမှု။

(ခ) ရူပဿမုဒုတာ = ရုပ်ခန္ဓာ၏ နူးညံ့မှု။

(ဂ) ရူပဿကမ္မညတာ = ရုပ်ခန္ဓာ၏ အမှု၌ကောင်းမွန်ခန့်ညားခြင်း၊ သွက်လက်ဖြတ်လတ်ခြင်း။

(စိတ်ချမ်းသာသောအခါ၊ အာဟာရမျှတသောအခါ၊ ဥတုသာယာသောအခါ စသည်တို့၌ ရုပ်တို့၏ ပေါ့ပါး၊ နူးညံ့၊ သွက်လက်ခြင်းသည် ထူးခြားသော အမူအရာဖြစ်၍ ဝိကာရမည်၏။)

## ၁၁။ လက္ခဏရုပ် (၄) ပါး

နိပ္ဖန္နရုပ်တို့၏ ဖြစ်.တည်.ပျက် အမှတ်လက္ခဏာတို့ကို ပြကြောင်းဖြစ်၍ ဤ ဥပစယ စသည်တို့ကို လက္ခဏရုပ် ဟုခေါ်သည်။

(၁) ဥပစယ = ရုပ်တို့၏ အစဆုံး ဖြစ်ပေါ်မှု။

(၂) သန္တတိ = ဖြစ်ပေါ်ပြီးသော ရုပ်တို့၏ အစွန့်ရှည်စွာ ဆက်လက်၍ အစဉ်မပြတ် ဖြစ်ပေါ်မှု။

(၃) ဇရတာ = နိပ္ဖန္နရုပ်တို့၏ အိုခြင်း၊ ရင့်ခြင်း၊ ဟောင်းခြင်း၊ ကျက်ခြင်း အခိုက်အတန့်။

(၄) အနိစ္စတာ = ဖြစ်ပြီးနိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ် ပြတ်စဲခြင်း အခိုက်အတန့်။

ဤရုပ်လေးပါးကို ရန်သူရုပ်လေးပါးဟု ခေါ်၏။ ရန်သူလေးယောက် ပူးပေါင်း၍ လူတစ်ယောက်အား လုပ်ကြံသတ်ဖြတ်ကြရာ၌ ပထမလူက စတင်ခေါ်ဆောင်လာ၏။ ဒုတိယလူက သတ်လိုရာ ဌာနရောက်အောင် ဆက်လက်ခေါ်ဆောင်လာ၏။ တတိယလူက ချည်နှောင် လဲပြိုသွားအောင် နှိပ်စက်ရိုက်နှက်၏။ စတုတ္ထလူက အသေသတ်လိုက်ပေ၏။ ဤနည်းအတိုင်းပင် ဥပစယ စသော ရုပ်လေးပါးက နိပ္ဖန္နရုပ်များကို နှိပ်စက်သတ်ဖြတ်နေ၍ ရန်သူရုပ်လေးပါးဟု ခေါ်၏

■ **ဇာတိရုပ်** = ဤလက္ခဏရုပ်လေးခုတို့တွင် ဇာတိရုပ် တစ်ခုကိုပင် ဥပစယ၊ သန္တတိ ဟူသော အမည်နှစ်မျိုးဖြင့် ပြဆိုထား၏။

## သဘာဝရုပ် စသည် အမည်ရကြခြင်း

**ဘူ , ပသာဒ၊ ဂေါစရ၊ ဘာဝ , ဟဒယာ၊ ဇီ , အာ** ဟူသော **ရုပ် (၁၈)ပါး**တို့သည်...

၁။ သဘာဝရုပ် = သဘောအားဖြင့် ထင်ရှားသောကြောင့် သဘာဝရုပ် ဟုခေါ်၏။

■ ကက္ခဠတ္တ၊ စသည်မပျက်၊ ကိုယ့်လက္ခဏာ၊ ကိုယ်စီပါကြ၊ဆယ့်ရှစ်ဝ၊ သဘာဝရုပ်ခေါ်။

၂။ သလက္ခဏရုပ် = အနိစ္စတာ၊ ဒုက္ခတာ၊ အနတ္တတာ စသော လက္ခဏာအားဖြင့် ထင်ရှားကြသောကြောင့် သလက္ခဏရုပ် ဟုခေါ်၏။

■ အနိစ္စတာ၊ အစဖြာသည့်၊ လက္ခဏာရှိကြ၊ ဆယ့်ရှစ်ဝ၊ သလက္ခဏခေါ်။

၃။ နိပ္ဖန္နရုပ် = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ခြင်း ထင်ရှားသဖြင့် နိပ္ဖန္နရုပ် ဟုခေါ်၏။

■ အကြောင်းတရား၊ ဆိုင်ရာများက၊ ဖြစ်ပွားစေတတ်၊ ပြီးစေအပ်ကြ၊ဆယ့်ရှစ်ဝ၊ နိပ္ဖန္နဟုခေါ်။

၄။ ရူပရုပ် = အချမ်း, အပူ စသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်ရာတွင် ထင်ရှားလှသဖြင့် ရူပရုပ်ဟုခေါ်၏။

■ ရုပ်ဆိုတိုင်းလျှင် ၊ အဟုတ်ပင်တည်း၊ ရှေးအစဉ်မှ၊ အသွင်ထူးခြား၊ ဖောက်ပြားတတ်လှ၊ ဆယ့်ရှစ်ဝ၊ ရူပရုပ် ဟုခေါ်။

၅။ သမ္မသနရုပ် = လက္ခဏာရေး သုံးပါးတို့ဖြင့် သုံးသပ်အပ်သောကြောင့် သမ္မသနရုပ်ဟုခေါ်၏။

■ လက္ခဏာယာဉ်၊ တင်၍ထပ်ထပ်၊ သုံးသပ်အပ်စွ၊ ဆယ့်ရှစ်ဝ၊ သမ္မသနခေါ်။

## ❀ အသဘာဝရုပ် စသည် အမည်ရကြခြင်း

ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် ၅ ပါး (၃)၊ လက္ခဏရုပ် ၄ ပါး စသော ရုပ်(၁၀) ပါးတို့ကား မိမိသဘောအားဖြင့် ထင်ရှားမရှိကြ။ ရုပ်တို့၏ အမှတ်အသား၊ အမူအရာ တို့မျှသာ ဖြစ်ကြ၍ အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အနိပ္ဖန္နရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ် များ မည်ကြ၏။ (ထင်ရှားမရှိခြင်းကြောင့် ရုပ်အတု ၁၀ ပါး ဟုလည်းခေါ်ဆိုကြသေး၏။)

## (၂) ရူပ ဝိဘာဂ

ရုပ်ကို အကျယ်ဝေဖန်၍ ပြခြင်းအခန်း ဖြစ်သည်။

### ဧကဝိဓနည်း

၂၈ ပါးသောရုပ်တို့သည် တစ်မျိုး၊ တစ်ဖို့တည်းအားဖြင့် အဟေတုကစသော အမည်များရကြ၏။

၁။ အဟေတုက = အလောဘစသော ယှဉ်ဘက်ဟိတ် မရှိသည်၏ အဖြစ်ကြောင့် အဟေတုက မည်၏။

၂။ သပစ္စယ = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းရှိသောကြောင့် သပစ္စယ မည်၏။

၃။ သာသဝ = အာသဝေါတရားလေးပါးတို့၏ အာရုံဖြစ်ခြင်းကြောင့် သာသဝမည်၏။

၄။ သင်္ခတ = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့က ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတ မည်၏။

၅။ လောကိယ = ဥပါဒါနဲ၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သောကြောင့် လောကိယ မည်၏။

၆။ ကာမာဝစရ = ကာမတဏှာ၏ ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရ မည်၏။

၇။ အနာရမ္မဏ = အာရုံကို မယူတတ်သည်၏ အဖြစ်ကြောင့် အနာရမ္မဏ မည်၏။

၈။ အပ္ပဟာတဗ္ဗ = အကုသိုလ်၊ ကိလေသာတို့ကဲ့သို့ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒ ပဟာန် တို့၏ အစွမ်းဖြင့် မပယ်အပ်သည်၏ အဖြစ်ကြောင့် အပ္ပဟာတဗ္ဗ မည်၏။

■ အပ္ပဟာတဗ္ဗ အရ ရုပ်သည် ပယ်အပ်သောတရားမဟုတ် ဆိုသည်မှာ မုချစကားပင် ဖြစ်၏။ "ရူပံ ဘိက္ခဝေ၊ နတုမှာကံ၊ တံပဇဟထ" ရုပ်သည် သင်တို့၏ဥစ္စာ မဟုတ်၊ ထိုရုပ်ကို ပယ်စွန့်ကြကုန်လော့ ဟူသော ဒေသနာသည်ကား ဥပစာ စကားဖြစ်၏။ ရုပ်၌ တပ်နှစ်သက်သော တဏှာကို ပယ်စွန့်ဖို့ရန် ဌာနူပစာအားဖြင့် တင်စား၍ ဟောလိုရင်းဖြစ်၏။

## ဒုကနည်း

ရုပ်တို့ကို အဇ္ဈတ္တိက၊ ဗာဟိရ စသော အစွမ်းအားဖြင့် နှစ်မျိုး နှစ်စုခွဲကာ၊ ဝေဖန်ပြသော နည်း ဖြစ်၏။

| | အမည် | သရုပ် | | | | ကြွင်းရုပ်အမည် | |
|---|---|---|---|---|---|---|---|
| ၁ | အဇ္ဈတ္တိက | ပသာဒရုပ် | | | ၅ | ဗာဟိရ | ၂၃ |
| ၂ | ဝတ္ထု | ပသာဒ ၅ + ဟဒယ | | | ၆ | အဝတ္ထု | ၂၂ |
| ၃ | ဒွါရ | ပသာဒ ၅ + ဝိညတ် ၂ | | | ၇ | အဒွါရ | ၂၁ |
| ၄ | ဣန္ဒြိယ | ပသာဒ ၅ + ဘာဝ ၂ + ဇီဝိတ | | | ၈ | အနိန္ဒြိယ | ၂၀ |
| ၅ | ဩဠာရိက | ပသာဒ ၅ + ဝိသယ ၇ (ဝိသယရုပ် = ဂေါစရရုပ်) | | | ၁၂ | သုခုမ | ၁၆ |
| ၆ | သန္တိကေ | | | | | ဒူရေ | |
| ၇ | သပ္ပဋိဃ | | | | | အပ္ပဋိဃ | |
| ၈ | ဥပါဒိန္န | ကမ္မဇရုပ် | | | ၁၈ | အနုပါဒိန္န | ၁၀ |
| ၉ | သနိဒဿန | ရူပါရုံ | | | ၁ | အနိဒဿန | ၂၇ |
| ၁၀ | ဂေါစရဂ္ဂါဟက | အသမ္ပတ္တ | စက္ခု, သောတ ပသာဒ | ၂ | ၅ | အဂေါစရဂ္ဂါဟက | ၂၃ |
| | | သမ္ပတ္တ | ဃာန,ဇိဝှါ,ကာယ ပသာဒ | ၃ | | | |
| ၁၁ | အဝိနိဗ္ဘောဂ | ဘူတ ၄ + ဝဏ္ဏ + ဂန္ဓ + ရသ + ဩဇာ | | | ၈ | ဝိနိဗ္ဘောဂ | ၂၀ |

### ဒုကနည်းအား သံခိပ်ဖြင့် မှတ်ရန်

၁။ အဇ္ဈတ္တိကေ၊ ပသာဒေ၊ ကြွင်းလေ ဗာဟိရ။

၂။ ပသာ, ဟမူ၊ ဝတ္ထု ယူ၊ ကြွင်းမူ အဝတ္ထု။

၃။ ပသာ, ဝိညတ်၊ ဒွါရ မှတ်၊ ကြွင်းလတ် အဒွါရ။

၄။ ပ, ဘာ, ဇီဝေ၊ ဣန္ဒြေ၊ ကြွင်းလေ အနိန္ဒြိယ။

၅.၆.၇။ ပသာ , ဂေါစရ ၊ ရုပ်ဒွါဒ ၊ သြဠာရိက ခေါ်။
သပ္ပဋိဃ ၊ သန္တိက ၊ နာမ သုံးမည်ပေါ်။
ကြွင်း သောဋ္ဌသ ၊ သုခုမ ၊ အပ္ပဋိ . ဒူရေ ခေါ်။
၈။ ရုပ် ကမ္မဇ ၊ ဋ္ဌာရသ ၊ ဥပါဒိန္န ပေ။
၉။ သနိဒဿန် ၊ ဆင်းရုပ် ၊ အကျန် အနိဒေါ့။
၁၀။ ရုပ် ပသာဒ ၊ ငါးခုမျှ ၊ ဂေါစရဂ္ဂါဟက။
အသမ္ပတ္တ – ဂါဟက ၊ သောတ . စက္ခု ယူ။
ရုပ်သမ္ပတ္တ – ဂါဟက ၊ ဃာန . ဇိ . ကာ ဟူ။
၁၁။ မဟာဘူတ ၊ ဝဏ္ဏ , ဂန္ဓာ ၊ ရသော , ဇာ ၊ ရှစ်ဖြာ ဝိနိဗ္ဘော။

၁။ အဇ္ဈတ္တိကရုပ် = ခန္ဓာကိုယ်၌ ကျေးဇူးအများဆုံး ဖြစ်သောရုပ်။ (အတွင်းရုပ်)
ဗာဟိရရုပ် = အဇ္ဈတ္တိကရုပ်လောက် ကျေးဇူးမများသော ရုပ်။ (အပြင်ရုပ်)

၂။ ဝတ္ထုရုပ် = စိတ် . စေတသိက်တို့၏ မှီရာ၊ တည်ရာ ဖြစ်သောရုပ်။
အဝတ္ထုရုပ် = စိတ် . စေတသိက်တို့၏ မှီရာ မဟုတ်သောရုပ်။

၃။ ဒွါရရုပ် = ပဉ္စဒွါရဝီထိ စိတ် . စေတသိက်တို့၏ ဖြစ်ကြောင်း ဖြစ်သော ပသာဒရုပ် ၅ ပါးသည် ဥပပတ္တိ ဒွါရရုပ်။
ပါဏာတိပါတစသော ကံ၏ ဖြစ်ကြောင်း ဖြစ်သော ဝိညတ်ရုပ် ၂ ပါးသည် ကမ္မဒွါရရုပ်။
အဒွါရရုပ် = ထိုကဲ့သို့ အကြောင်းမဟုတ်သော ရုပ်များ။

၄။ ဣန္ဒြိယရုပ် = ဆိုင်ရာကိစ္စ၌ အစိုးရသောရုပ်။ (ပသာဒ ၅ ပါးသည် ဒဿန စသော ကိစ္စ ၅ပါး၌၊ ဘာဝ ၂ပါးသည် မိန်းမ,ယောကျ်ားဖြစ်မှု၌၊ ဇီဝိတသည် တကွဖြစ်ဘက် ကမ္မဇရုပ်တို့၌ အသီးသီး အစိုးရ၏။)
အနိန္ဒြိယရုပ် = အစိုးမရသော ရုပ်များ။

၅။ သြဠာရိကရုပ် = ဉာဏ်စက္ခုဖြင့် ကြည့်ရှုလိုက်လျှင် ပေါ်လွင်ထင်ရှားသောရုပ်။ (အကြမ်းရုပ်)
သုခုမရုပ် = ထင်ရှားစွာ မတွေ့၊ သိမ်မွေ့သော ရုပ်။ (အနုရုပ်)

| | | | |
|---|---|---|---|
| ၆။ | သန္တိကေရုပ် | = | ဉာဏ်ဖြင့် သိမ်းဆည်း၍ ရလွယ်သော ရုပ်။ (အနီးရုပ်) |
| | ဒူရေရုပ် | = | ဉာဏ်ဖြင့် သိမ်းဆည်းရန် မလွယ်ကူသော ရုပ်။ (အဝေးရုပ်) |
| ၇။ | သပ္ပဋိဃရုပ် | = | အာရုံ၊ ဒွါရ တို့၏ အစွမ်းအားဖြင့် ထိခိုက်တတ်သော ရုပ်။ |
| | အပ္ပဋိဃရုပ် | = | ။ ။ မထိခိုက်တတ်သော ရုပ်။ |
| ၈။ | ဥပါဒိန္နရုပ် | = | တဏှာ.ဒိဋ္ဌိတို့ အာရုံပြုသောအားဖြင့် ကပ်ရောက်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော ရုပ်။ (ကံ၏ အကျိုးရုပ်များ) |
| | အနုပါဒိန္နရုပ် | = | ကံ၏ အကျိုး မဟုတ်သော ရုပ်များ။ |
| ၉။ | သနိဒဿနရုပ် | = | စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော ရုပ်။ |
| | အနိဒဿနရုပ် | = | ။ မမြင်ကောင်းသော ရုပ်များ။ |
| ၁၀။ | ဂေါစရဂ္ဂါဟကရုပ် | = | အာရုံကို ယူတတ်သော ရုပ်။ |
| | ►အသမ္ပတ္တရုပ် | = | မိမိသို့ မရောက် . မထိ . မငြိကပ်သော အစွမ်းအားဖြင့် အာရုံယူတတ်သော ရုပ်။ |
| | ►သမ္ပတ္တရုပ် | = | မိမိသို့ရောက်.ထိ.ကပ်ငြိသည့်အစွမ်းအားဖြင့် အာရုံယူတတ်သော ရုပ်။ |
| | အဂေါစရဂ္ဂါဟကရုပ် | = | အာရုံကို မယူတတ်သော ရုပ်များ။ |
| ၁၁။ | အဝိနိဗ္ဘောဂရုပ် | = | ခွဲ၍ မရကောင်း တစ်ပေါင်းတည်းသာ ဖြစ်သော ရုပ်များ။ |
| | ဝိနိဗ္ဘောဂရုပ် | = | ခွဲ၍ ရကောင်းသော ရုပ်များ။ |

■ ကေဝိဓနည်း၌ အနာရမ္မဏအရ ရုပ်တို့မည်သည် အာရုံကို မယူတတ်ကြောင်း ပြဆိုပါလျက်၊ ဒုကနည်း၌ ဂေါစရဂ္ဂဟကအရ ပသာဒရုပ် ၅ ပါးကို အာရုံကို ယူတတ်သောရုပ်ဟု ဖြင်းမှာ... ပသာဒရုပ် ၅ ပါး၌ မှီ၍ဖြစ်သော ပဉ္စဝိညာဏ်၏ အာရုံယူခြင်းကို ဥပစာအားဖြင့် တင်စားခေါ်ဝေါ်ခြင်း ဖြစ်သည်။ အမှန်စင်စစ် ရုပ်တရားသည် အာရုံကို မယူတတ်ပါ။

## (၃) ရူပ သမုဋ္ဌာန

ရုပ်တို့ကို ဖြစ်စေတတ်သော အကြောင်းနှင့် ထို အကြောင်းများကြောင့် ရုပ်တို့၏ ဖြစ်ပုံကို ပြရာ အခန်းဖြစ်သည်။

■ **ကံ. စိတ် , ဥတု ,အာဟာရ** ၄ မျိုးတို့သည် ရုပ်ကိုဖြစ်စေတတ်သော အကြောင်းများ ဖြစ်သည်။

| ဖြစ်ကြောင်း | သရုပ် | ဖြစ်စေပုံ ဖြစ်စေနည်း |
|---|---|---|
| ကံ | အကုသိုလ် ၁၂၊ ကာမကုသိုလ် ၈၊ ရူပကုသိုလ် ၅၊ ပေါင်း **၂၅ ပါးသော အတိတ်ကံ**တို့သည် | အဖွဲ့တွက်ကသန္တာန်၌ **ကမ္မဇရုပ် ၁၈ ပါး** ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ ခဏတိုင်း၊ ခဏတိုင်း ဖြစ်စေပါသည်။ |
| စိတ် | ဒွေးပဉ္စဝိညာဉ် ၁၀၊ အရူပ ဝိပါက် ၄၊ ရဟန္တာစုတိစိတ် နှင့် အလုံးစုံပဋိသန္ဓေစိတ်ကြည် **၇၅ပါးသောစိတ်**တို့သည် | အဖွဲ့တွက်ကသန္တာန်၌ **စိတ္တဇရုပ် ၁၅ ပါး** ကို ပထမဘဝင် ၏ ဥပါဒ်မှ စ၍ စိတ်တို့၏ ဥပါဒ်တိုင်း၊ ဥပါဒ်တိုင်း ဖြစ်စေပါသည်။ (ဌီအခိုက်၊ ဘင်အခိုက်များ၌ စိတ္တဇရုပ် မဖြစ်ပါ။) |
| ဥတု | စတုသမုဋ္ဌာနိက ကလာပ်၌ပါသော (သီတ နှင့် ဥဏှ) **တေဇောဓာတ်** သည် | အဖွဲ့တွက်ကသန္တာန်၌ (ပဋိသန္ဓေစိတ်၏ ဌီမှ စ၍)လည်းကောင်း ဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ **ဥတုဇရုပ် ၁၃ ပါး** ကို မိမိ၏ ဌီသို့ ရောက်တိုင်း၊ ရောက်တိုင်း ခဏမစဲ ဖြစ်စေပါသည်။ |
| အာဟာရ | စားမျိုအပ်သော အစာအာဟာရ၌ပါသော **ဩဇာရုပ်** သည် | အဖွဲ့တွက်ကသန္တာန်၌ **အာဟာရဇရုပ် ၁၂ ပါး** ကို စားမျိုသောကာလ (ဗဟိဒ္ဓဩဇာ ပျံ့နှံ့သောအခါ)၌ အဖွဲ့တွက်ဩဇာ၏ အထောက်အပံ့ကို ရသဖြင့် မိမိ၏ ဌီသို့ ရောက်တိုင်း၊ ရောက်တိုင်း ခဏမစဲ ဖြစ်စေပါသည်။ |

▸▸ ရုပ်ကို ဖြစ်စေနိုင်သော ရုပ် (၂) ပါးမှာ **တေဇော** နှင့် **အာဟာရ (ဩဇာ)** တို့ဖြစ်၏။

## စိတ်တို့က စိတ္တဇရုပ် အမျိုးမျိုးကို ဖြစ်စေပုံ

| အကြောင်းစိတ် | | | ဆောင်ရွက်သည့်ကိစ္စ | မှတ်ရန် သံခိပ် |
|---|---|---|---|---|
| တဒါရုံ<br>မနောဓာတ်<br>ရူပဝိပါက် | ၁၁<br>၃<br>၅ | ၁၉ | စိတ္တဇရုပ်ရိုးရိုး | ► မနောဓာတ်တုံ၊ တဒါရုံက ရူပဝိပါက်၊ ဆယ့်ကိုးချက် ရုပ် သာမည ကိုဖြစ်။ |
| အပ္ပနာဇော | | ၂၆ | စိတ္တဇရုပ်ရိုးရိုးနှင့် ဣရိယာပုတ်ကိုခိုင်စေ | ► ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာ တည်ခိုင်စေ။ |
| မနောဒွါရာဝဇ္ဇန်း<br>ကာမဇော<br>အဘိညာဉ်ဒွေး | ၁<br>၂၉<br>၂ | ၃၂ | စိတ္တဇရုပ်ရိုးရိုး ဣရိယာပုတ်ကိုခိုင်စေ ဝိညတ် ၂ ပါးကို ဖြစ်စေ | ► မနောဒွါရာ၊ ဇော ကာမာ ဘိညာ သုံးဆယ့်နှစ်။ ကာယ,ဝစီ၊ မူအရာ၊ နှစ်ဖြာ ဝိညတ်ဖြစ်။ |
| ကာမဇောမှ သောမနဿ | | ၁၃ | အထက်ပါကိစ္စ ၃ မျိုးအပြင် ပြုံးရယ်ခြင်းကိုပါ ဖြစ်စေ | ► ဆယ့်သုံးသောမနဿ၊ ပြုံးရယ်တတ် ဝိုတတ် ဒေါသဇောနှစ်။ (+ ၁၃ = လောဘမူ +၄၊ မဟာကု+၄ မဟာကြိ +၄၊ ဟသိ +၁) |
| ကာမဇောမှ ဒေါသမူဒွေး | | ၂ | အထက်ပါ ၃ မျိုး နှင့် ငိုခြင်း, ငြီးတွားခြင်းဖြစ်စေ | |

### ❀ ပြုံးရယ်ခြင်းကို ဖြစ်စေသောစိတ် ၁၃ ပါး၏ ပုဂ္ဂိုလ်အလိုက်ဖြစ်ပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ ပုထုဇဉ် ပြုံးရယ်ခြင်းကို ဖြစ်စေသောစိတ် | ၈ ပါး | = | လောဘမူ | +၄၊ | မဟာကု | +၄ |
| ၂။ သေက္ခ ။ ။ | ၆ ပါး | = | လောဘမူဒိဋ္ဌိဝိပ် | +၂၊ | မဟာကု | +၄ |
| ၃။ ရဟန္တာ ။ ။ | ၅ ပါး | = | ဟသိတုပ္ပါဒ် | +၁၊ | မဟာကြိ | +၄ |

►► ရှစ် ပုထုဇ္ဇန်၊ ခြောက် သေက္ခန်၊ ငါးတန် ရဟန္တာ။
ဟာသအကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ။

### ❀ ရုပ်ကို မဖြစ်စေနိုင်သောစိတ်များ

ဒွေးပဉ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄၊ ရဟန္တာတို့၏ စုတိစိတ်၊ အလုံးစုံသော ပဋိသန္ဓေစိတ်တို့သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

အရူပဘုံ၌ ဖြစ်လေ့ရှိသော စိတ် ၄၂ ပါးသည်လည်း အရူပဘုံ၌ ဖြစ်ခိုက် ရုပ်ကို မဖြစ်စေနိုင်ပါ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်လျှင်ကား ရုပ်ကို ဖြစ်စေနိုင်၏။

## ရဟန္တာစုတိစိတ်က ရုပ်ကို မဖြစ်စေနိုင်ပုံ

► အဝိဇ္ဇာနှင့်၊ တဏှာဝဋ်မြစ်၊ ပြတ်ပြီးဖြစ်၍၊ အသစ်နောက်ထပ်၊ ဆက်စပ်ဖို့လမ်း၊ မရှိခန်းသဖြင့်၊ ရဟန္တာ ထိုထို၊ စုတိဆို၊ ရုပ်ကို မဖြစ်စေ။

## ရုပ် ၂၈ ပါး၏ ဖြစ်ကြောင်းများ

| ဖြစ်ကြောင်း | ဖြစ်စေအပ်သောရုပ်များ | | ကမ္မဇရုပ် ကေန် | ကမ္မဇရုပ် အနေကန် | စိတ္တဇရုပ် ကေန် | စိတ္တဇရုပ် အနေကန် | ဥတုဇရုပ် အနေကန် | အာဟာရဇရုပ် အနေကန် | | |
|---|---|---|---|---|---|---|---|---|---|---|
| ကံ | ပသာဒ ၅၊ ဘာဝ ၂ ဇီဝိတ၊ ဟဒယ | ၉ | ၉ | | | | | | ကေဇရုပ် | ၁၁ |
| စိတ် | ဝိညတ်ရုပ် | ၂ | | | ၂ | | | | | |
| စိတ် , ဥတု | သဒ္ဒ | ၁ | | | | ၁ | ၁ | | ဒွိဇရုပ် | ၁ |
| စိတ် , ဥတု အာဟာရ | လဟုတာဒိရုပ် | ၃ | | | | ၃ | ၃ | ၃ | တိဇရုပ် | ၃ |
| ကံ, စိတ်, ဥတု အာဟာရ | အဝိနိဗ္ဘောဂရုပ် ၈ အာကာသ | ၉ | | ၉ | | ၉ | ၉ | ၉ | စတုဇရုပ် | ၉ |
| ဖြစ်ကြောင်းမရှိ | လက္ခဏာရုပ် | ၄ | | | | | | | စတုဝိမုတ် | ၄ |
| | ရုပ်ပေါင်း | ၂၈ | ၉ | ၉ | ၂ | ၁၃ | ၁၃ | ၁၂ | ရုပ်ပေါင်း | ၂၈ |
| | | | ၁၈ | | ၁၅ | | ၁၃ | ၁၂ | | |

● ပသာ , ဘာဝ ၊ ဇီ နှင့် ဟ ၊ နဝ ကမ္မဇာ။
ဝိညတ် , ဒွယ ၊ စိတ္တဇ၊ သဒ္ဒ , စိတ် , ဥဇာ။
လဟုတာစု၊ ရုပ် သုံးခု ၊ စိတ် , ဥ , ဩဇ ဇာ။
အဝိနိဗ္ဘ၊ အာကာသံ ၊ ကံ , စိတ် , ဥ , ဩဇာ။
လက္ခဏာစု ၊ ရုပ် လေးခု၊ စတုဝိမုတ်သာ။

● လက္ခဏာရုပ် လေးခုတို့သည် နိပ္ဖန္နရုပ်တို့၏ ဖြစ် , တည်, ပျက် သဘောမျှသာ ဖြစ်သောကြောင့် အကြောင်းလေးပါးမှ လွတ်ကုန်၏။ (နကုတောစိ = ဖြစ်ကြောင်းမရှိ)

## (၄) ရူပ ကလာပ

| | ကမ္မဇ ကလာပ် ၉ စည်း | | ပါဝင်သော ရုပ်များ | |
|---|---|---|---|---|
| ၁ | စက္ခုဒသက | ကလာပ် | အဝိနိဗ္ဘောဂ ၈ + ဇီဝိတ + စက္ခုပသာဒ | ၁၀ |
| ၂ | သောတ ဒသက | ။ | ။ + ။ + သောတပသာဒ | ၁၀ |
| ၃ | ဃာန ဒသက | ။ | ။ + ။ + ဃာနပသာဒ | ၁၀ |
| ၄ | ဇိဝှါ ဒသက | ။ | ။ + ။ + ဇိဝှါပသာဒ | ၁၀ |
| ၅ | ကာယ ဒသက | ။ | ။ + ။ + ကာယပသာဒ | ၁၀ |
| ၆ | ဣတ္ထိဘာဝ ဒသက | ။ | ။ + ။ + ဣတ္ထိဘာဝ | ၁၀ |
| ၇ | ပုမ္ဘာဝ ဒသက | ။ | ။ + ။ + ပုမ္ဘာဝ | ၁၀ |
| ၈ | ဝတ္ထု ဒသက | ။ | ။ + ။ + ဟဒယဝတ္ထု | ၁၀ |
| ၉ | ဇီဝိတနဝက | ။ | ။ + ။ | ၉ |
| | စိတ္တဇ ကလာပ် ၆ စည်း | | ပါဝင်သော ရုပ်များ | |
| ၁ | သုဒ္ဓဋ္ဌက | ကလာပ် | အဝိနိဗ္ဘောဂ ၈ | ၈ |
| ၂ | ကာယဝိညတ္တိနဝက | ။ | ။ + ကာယဝိညတ် | ၉ |
| ၃ | ဝစီဝိညတ္တိဒသက | ။ | ။ + ဝစီဝိညတ် + သဒ္ဒ | ၁၀ |
| ၄ | လဟုတာဒိဧကာဒသက | ။ | ။ + လဟုတာဒိ ၃ | ၁၁ |
| ၅ | ကာယဝိညတ္တိ - လဟုတာဒိဒွါဒသက | ။ | ။ + ကာယဝိညတ် + လဟုတာဒိ ၃ | ၁၂ |
| ၆ | ဝစီဝိညတ္တိ သဒ္ဒ - လဟုတာဒိတေရသက | ။ | ။ + ဝစီဝိညတ် + သဒ္ဒ + လဟုတာဒိ ၃ | ၁၃ |

■ သဒ္ဒနဝက ကလာပ် နှင့် သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်များ ရှိနိုင်၍ ယင်းတို့ကိုပါ ထည့်၍ ရေတွက်သော် စိတ္တဇကလာပ် ၈ စည်း ရ၏။

| ဥတုဇ ကလာပ် ၄ စည်း | | ပါဝင်သော ရုပ်များ | |
|---|---|---|---|
| ၁ | သုဒ္ဓဋ္ဌက ကလာပ် | အဝိနိဗ္ဘောဂ ၈ | ၈ |
| ၂ | သဒ္ဒနဝက 〃 | 〃 + သဒ္ဒ | ၉ |
| ၃ | လဟုတာဒိဧကာဒသက 〃 | 〃 + လဟုတာဒိ ၃ | ၁၁ |
| ၄ | သဒ္ဒလဟုတာဒိဒွါဒသက 〃 | 〃 + သဒ္ဒ + လဟုတာဒိ ၃ | ၁၂ |

| အာဟာရဇ ကလာပ် ၂ စည်း | | ပါဝင်သော ရုပ်များ | |
|---|---|---|---|
| ၁ | သုဒ္ဓဋ္ဌက ကလာပ် | အဝိနိဗ္ဘောဂ ၈ | ၈ |
| ၂ | လဟုတာဒိဧကာဒသက 〃 | 〃 + လဟုတာဒိ ၃ | ၁၁ |

## ရုပ်ကလာပ် တစ်ခု၏ အင်္ဂါ ၃ ပါး

၁။ ဧကုပ္ပါဒ = အတူတကွ ဖြစ်ခြင်း။

၂။ ဧကနိရောဓ = အတူတကွ ချုပ်ခြင်း။

၃။ ဧကနိဿယ = တူသောမှီရာ ရှိခြင်း။

(ရုပ်ကလာပ်တစ်ခု၌ ပါဝင်သော ဥပါဒါရုပ်တို့သည် မဟာဘုတ် ၄ ပါးကို မှီကြ၏။ မဟာဘုတ် ၄ ပါးသည်လည်း အချင်းချင်း ပြန်မှီကြ၏။)

- သဟဝုတ္တိ = ဤအင်္ဂါသုံးချက်နှင့် ညီစွာ အတူတကွ ဖြစ်ခြင်း။
- ထိုသို့ အတူတကွ ဖြစ်သော ရုပ်တို့၏ အစုအပေါင်းကို ကလာပ် ဟုခေါ်၏။

(သဟဝုတ္တိ - တကွဖြစ်ခြင်းကို ရုပ်ကလာပ် အင်္ဂါ၌ ထည့်သွင်းရေတွက်ကြသော ဝါဒများလည်း ရှိသေး၏။ ထိုသို့ ရေတွက်ပါက ရုပ်ကလာပ် အင်္ဂါ ၄ ပါးဖြစ်၏။)

## ရုပ်ကလာပ်ပေါင်း (၂၁)စည်း

ရုပ်ကလာပ်တို့သည် ... ၁။ ကမ္မဇကလာပ် အားဖြင့် ... ၉ စည်း

၂။ စိတ္တဇကလာပ် 〃 ... ၆ စည်း

၃။ ဥတုဇကလာပ် 〃 ... ၄ စည်း

၄။ အာဟာရဇကလာပ် 〃 ... ၂ စည်း

ပေါင်း ... ၂၁ စည်း ရှိ၏။

**အဿုတ္တ ၊ ဗဟိဒ္ဓ ကလာပ် ခွဲပုံ**

- ဗဟိဒ္ဓ ၌ ရနိုင်သော ကလာပ် ၂ စည်း = ဥတုဇ သဒ္ဒနဝက ကလာပ်နှင့် (သက်မဲ့ရုပ်ဝတ္ထု မှန်သမျှ) ဥတုဇ သဒ္ဒနဝက ကလာပ်။ (မိုးသံ ၊ လေသံ စသည်)
- အဿုတ္တ၌သာ ရနိုင်သော ကလာပ် ၁၉ စည်း = ဥတုမူလ ၂ စည်းကြဉ် ၁၉ စည်း။
- အဿုတ္တ၌ ရနိုင်သော ကလာပ်ပေါင်း = ၂၁ စည်း။

ဆောင် ▸▸ ဥတုမူလ ၊ နှစ်စည်းမျှ ၊ ရသည် ဗဟိဒ္ဓါ။
နှစ်ဆယ့်တစ်ပင် ၊ အဇ္ဈတ်တွင် ၊ ကုန်စင် ရထိုက်စွာ။
အဇ္ဈတ္တ သာ ၊ ဆယ့်ကိုးပါ ၊ သေချာ မြဲမှတ်ပါ။

- ပေါ့ပါးသော လဲ ၊ ဝါဂွမ်းတို့တွင် လဟုတာဒိ ရုပ်များ မရပါ။ လဟုတာဒိ ရုပ်များသည် မည်သည့် အခါမှ ဗဟိဒ္ဓ ၌ မရနိုင်ပါ။

- **ကလာပ်ဝိမုတ် ၅ ပါး**
အာကာသ ပရိစ္ဆေဒ သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားသာ ဖြစ်၍လည်းကောင်း၊ လက္ခဏရုပ် ၄ ပါးသည် ရုပ်ကလာပ်တို့၏ ဖြစ်၊တည်၊ပျက် အမှတ်လက္ခဏာမျှသာ ဖြစ်၍လည်းကောင်း ကလာပ်ဖွဲ့ရာ၌ မပါဝင်ပေ။

## (၅) ရူပ ပဝတ္တိက္ကမ

ရုပ်တို့၏ ဖြစ်စဉ်ကို ပြရာ အပိုင်းအခန်း ဖြစ်သည်။

**ပုဂ္ဂိုလ် လေးမျိုး**

၁။ သံသေဒဇ = ပြိုကပ်တွယ်ရာ အရပ်၌ ဖြစ်သော သတ္တဝါ။
(ငယ်ရာမှ တဖြည်းဖြည်း ကြီးလာ၏။)

၂။ ဩပပါတိကာ = ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘွားခနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင်အရှားဖြစ်သူ။
(တစ်ခါတည်း အထင်အရှားဖြစ်၏)

၃.၄။ ဂဗ္ဘသေယျက = အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေ နေသူ။

(က) ဇလာဗုဇ = သူငယ်အိမ် ၊ သားအိမ် ၌ ဖြစ်သူ။

(ခ) အဏ္ဍဇ = ဉခွံ၌ ဖြစ်သူ။

ဆောင် ▸▸ မိဝမ်းကိန်းက၊ ဇလာဗုဇ ၊ အညှိစွဲ၍၊ သံသေဒဇ၊

အဏ္ဍဇဟု၊ ဥမှ ဖြစ်လာ၊ ဘွားခနဲ၊ ဖြစ်မြဲ ဥပပါတ်။

ဥပမာအားဖြင့် ပဒုမ္မာကြာပန်း၌ သန္ဓေတည်သော ပဒုမဝတီ မိဖုရား၊ ဝါးပင်၌ သန္ဓေတည်သော ဝေဠုဝတီ မိဖုရား၊ ရေပုပ်, ငါးပုပ် စသည်တို့၌ သန္ဓေတည်သော ပိုးလောက် စသော သတ္တဝါမျိုးတို့မှာ သံသေဒဇ တို့တည်း။ ကမ္ဘာဦးလူများနှင့် နတ်ပြဟ္မာများမှာ ဩပပါတိက (ဥပပါတ်) တို့တည်း။ လူ, ကြောင် , ခွေး စသည်တို့မှာ ဇလာဗုဇ၊ ကြက်, ငှက် စသည်တို့မှာ အဏ္ဍဇတို့တည်း။

❁ ဘုမ္မဗိုဝ်းဖြတ်၊ ကြွင်းနတ် – နိဇ္ဈာ ၊ ငရဲရွာ ၊ တစ်သာ ဥပပါတ်။

အကြွင်း ဂတိ၊ လေးယောနိ ၊ ရဘိ ပုံသေမှတ်။

▸▸ ဘုမ္မဗိုဝ်းနတ်ကြဉ် ကြွင်းသောနတ်ပြဟ္မာများ၊ နိဇ္ဈာမ တဏှိက ခေါ် မီးသရဲပြိတ္တာမျိုး နှင့် ငရဲဘုံများ၌ ဥပပါတ် ပဋိသန္ဓေ တစ်မျိုးသာ ရသည်။ ကြွင်းသော ဂတိများ၌ လေးမျိုးလုံးပင် ရနိုင်ကြပေ၏။ ဤ ပုဂ္ဂိုလ် လေးမျိုးကို "ယောနိ" လေးမျိုး ဟုလည်း ခေါ်ကြသည်။ (ယောနိ = အမျိုးဇာတ်)

## ဂဗ္ဘသေယျက ပုဂ္ဂိုလ်၌ ကမ္မဇရုပ်များ စဖြစ်ပုံ

ပဋိသန္ဓေစိတ်၏ ဥပါဒ်အခါကို ပဋိသန္ဓေအခါ ဟုဆို၏။ ပဋိသန္ဓေစိတ်၏ ဌီ မှ စ၍ အမိဝမ်းတွင်း၌ တည်နေသမျှ ကာလသည် ပဝတ္တိအခါ ဖြစ်၏။ ထို ပဝတ္တိအခါ ပဌမ ရက်သတ္တပတ်၌ **ကလလရေကြည်** ဖြင့်သာ တည်၏။ ဒုတိယအပတ်၌ အမြှုပ်၊ တတိယအပတ်၌ အခဲ၊ စတုတ္ထအပတ်၌ သားတစ်ပမာ တည်နေရပြီး ပဉ္စမအပတ်၌ ခက်မငါးဖြာ၊ ဆံပင်၊ မွေးညှင်း စသည်ဖြစ်၏။ ထိုခက်မငါးဖြာရင့်အောင် ရက်သတ္တ ၅ ပတ်စောင့်ရ၏။ ရက်သတ္တ ဆယ့်တစ်ပတ် (၇၇)ရက် မြောက်သောနေ့မှ စ၍ စက္ခုဒသက ကလာပ်ဖြစ်၏။ ထို့နောင်မှ သောတ၊ ဃာန၊ ဇိဝှါ ဒသက ကလာပ်များ ဖြစ်ကြရသည်။ (အဋ္ဌကထာမူအရ ဆဋ္ဌမအပတ်၌ ခက်မငါးဖြာ စသည် ရင့်ကျက်ပြီး သတ္တမအပတ်၌ စက္ခုဒသက ကလာပ်ဖြစ်၏။)

## ပုဂ္ဂိုလ် အလိုက် ရုပ်ကလာပ်များ ရကြပုံ

| ပုဂ္ဂိုလ်အစွဲ | ရနိုင်သော ရုပ်ကလာပ်များ | | | | | | |
|---|---|---|---|---|---|---|---|
| | ပဋိသန္ဓေ | ပဝတ္တိ | | | | | |
| | ကမ္မဇ | ကံ | စိတ် | ဥတု | အာ | ပေါင်း | |
| ■ ကာမဘုံ၌ | ၉ | ၉ | ၆ | ၄ | ၂ | ၂၁ | |
| သံသေဒဇ ဥက္ကဋ္ဌ ဩပပါတိက ။ | ၇ | ၇ | ၆ | ၄ | ၂ | ၁၉ | ကမ္မဇမှ ဇီဝိတနဝကကလာပ်နှင့် ဘာဝကလာပ်တစ်ခုတို့ မရကြ။ |
| သံသေဒဇ ဩမက ဩပပါတိက ။ | ၃ | ၃ | ၆ | ၄ | ၂ | ၁၅ | စက္ခု၊ သောတ၊ ဃာန၊ ဘာဝ တို့ ချို့နိုင်၏။ |
| ဂဗ္ဘသေယျက ဥက္ကဋ္ဌ | ၃ | ၇ | ၆ | ၄ | ၂ | ၁၉ | ပဋိသန္ဓေအခါ ကာယ၊ ဘာဝ၊ ဟဒယ ကလာပ် ၃ မျိုးသာရ၏။ |
| ဂဗ္ဘသေယျက ဩမက | ၂ | ၃ | ၆ | ၄ | ၂ | ၁၅ | ပဋိသန္ဓေအခါ ဘာဝ ချို့နိုင်၏။ ပဝတ္တိအခါ စက်သောဃာဘာ ချို့နိုင်၏။ |
| ■ အသညသတ်ကြဉ် ရူပဘုံ၌(ဩပပါတိက) | ၄ | ၄ | ၆ | ၄ | - | ၁၄ | ကမ္မဇမှ စက္ခု၊ သောတ၊ ဟဒယ၊ ဇီဝိတနဝက ကလာပ် တို့သာရ၏။ ပဝတ္တိ၌ အာဟာရဇကလာပ်တို့မရ။ |
| ■ အသညသတ်၌ | ၁ | ၁ | - | ၂ | - | ၃ | ကမ္မဇမှ ဇီဝိတနဝကကလာပ်နှင့် သဒ္ဒကြဉ်သော ဥတုဇကလာပ် ၂ စည်းရ၏။ |
| ကမ္ဘာဦးလူ(ဩပပါတိက) | ၆ | ၆ | ၆ | ၄ | ၂ | ၁၈ | ဗြဟ္မာပြည်မှ စုတေခဲ့သောကြောင့် မည်သည့် ဘာဝ မျှ မရအပ်။ |

ဆောင် ▸▸ ဇီဝိကြဉ်ထွေ၊ ကမ္မဇေ၊ သံသေ ဩပပါ၊
စက်.သော.ဃာ.ဘာ၊ ဤလေးဖြာ၊ ရံခါ ချို့ကောင်းစွာ၊
ကာယ.ဘာဝ၊ ဟဒယ၊ ဂဗ္ဘ သန္ဓိ မှာ၊
နပုန်းဖြစ်လျှင်၊ ဘာဝကြဉ်၊ နှစ်.ပင်ရသည်သာ၊
ရေမြှုပ်ခဲတစ်၊ ခက်မဖြစ်၊ ရင့်လစ် ငါးသတ္တာ၊
စက်.သော.ဃာ.ဇီ၊ ဤလေးလီ၊ ဖြစ်ပြီ ဆယ့်တစ်မှာ။

**ကလလရေကြည်** ဟူသည် ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့) ဟိမဝန္တာတော်၌ သိမ်မွေ့သော ဇေကီမည်သော သားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သော ဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးအဖျား၌ ငြိကပ်နေသော ဆီပေါက် ပမာဏ ရှိ၏။ အလွန်ကြည်လင်၏။ ယင်းသေးငယ်လှသော ကလလရေကြည်၌ ရုပ် (၃၀) နှင့် ပဋိသန္ဓေစိတ်၊ စေတသိက်၊ ခန္ဓာ ငါးပါးတို့သည် တကွဖြစ်ကုန်၏။ (နပုံးတို့အား ဘာဝဒသကကို မရပါ။)

**တကိုယ်လုံး၌ တည်နိုင်သော ရုပ်**

▸▸ ဘာဝ, ပသာဒ၊ ဇီဝိတ ၊ သုက္က , သွေး , သည်းခြေ၊
အစို ကာယ၊ ရှိသမျှ ၊ မုချ အနံ့နေ။

ဘာဝရုပ်, ကာယပသာဒရုပ်၊ ဇီဝိတရုပ် နှင့် အာပေါဓာတ်လွန်ကဲသော သုက်,သွေး, သည်းခြေ တို့သည် သတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်ရှိသည်။

**ဌာနအားဖြင့် ရသော ရုပ်များ**

၁။ ကာမဘုံ၌ ရုပ် **၂၈ ပါး**လုံးရ၏။

၂။ အသညသတ်ကြဉ် ရူပဘုံ၌ ရုပ် **၂၃ ပါး** ရ၏။ (ဃာန၊ ဇိဝှါ၊ ကာယ ပသာဒ..၃၊ ဘာဝ ၂) ပေါင်း ၅ ပါးသောရုပ်တို့ကို ကာမဝိရာဂ ဘာဝနာ အစွမ်းကြောင့် မရကြပါ။

■ ကာမစိတ်ဓာတ်၊ ပွားစေတတ်သဖြင့်၊ ဃာ , ဇိ , ကာယ၊
ဘာဝ နှစ်ထွေ ၊ ဖြဟ္မာ့ပြေ (ပြည်)၊ မှတ်လေ မရထိုက်။

၃။ အသညသတ်ဘုံ၌ ရုပ် **၁၇ ပါး** ရ၏။ (ဇီဝိတကြဉ် ကမ္မဇကေန် ၈၊ သဒ္ဒ၊ ဝိညတ် ၂) ပေါင်း ၁၁ ပါးသောရုပ်တို့ကို အရူပဝိရာဂ ဘာဝနာ အစွမ်းကြောင့် မရကြပါ။

■ ရသောရုပ် ■ အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့် ၊ သုံးဝ လဟု , တာဒိ ရှု၍၊
စတုလက္ခဏာ၊ အာကာသာ ၊ ပေါင်းပါ ဆယ့်ခုနစ်။

၄။ အရူပဘုံ၌ကား ရူပဝိရာဂ ဘာဝနာ အစွမ်းကြောင့် ရုပ်တစ်ပါးကိုမျှ မရကြပါ။

**အခါအားဖြင့် ရသော ရုပ်များ**

၁။ ပဋိသန္ဓေအခါ၌ ရုပ် **၂၀ ပါး** ရ၏။
(သဒ္ဒ၊ ဝိကာရ ၅၊ ဇရတာ၊ အနိစ္စတာ) ပေါင်း ၈ ပါးသောရုပ်တို့ကို မရကြပါ။

၂။ ပဝတ္တိ အခါ၌ကား ရုပ် **၂၈ ပါး** လုံးပင်ရကြ၏။

၃။ စုတိအခါ၌ ရုပ် **၂၁ ပါး** ရ၏။(သဒ္ဒ၊ဝိကာရ၅၊ဥပစယ) ပေါင်း ၇ ပါးသောရုပ်တို့ကို မရကြပါ။

## တစ်ဘဝ၌ ရုပ်လေးမျိုးတို့၏ ဖြစ်စဉ်နှင့် ချုပ်စဉ်

ဆောင် ▸▸ သန္ဓေ ဥ မှာ . ကမ္မဇာ ၊ ဌီ မှာ ဥတုဇ၊
ပဘွင် ဥ မှာ . စိတ္တဇာ ၊ ဟာရာ စိမ့်မျိုမှ၊
စ၍ ဖြစ်ပြီး ၊ မီးလျှံ ရေလျဉ်၊ ကဲ့ အသွင် ၊ အစဉ်သွားလေကာ၊
စုတိ ကမ္မဇရုပ် ၊ အပြိုင်ချုပ် ၊ ကျန်ရုပ် သိလေကြ။

| | | ကမ္မဇရုပ် | စိတ္တဇရုပ် | ဥတုဇရုပ် | အာဟာရဇရုပ် |
|---|---|---|---|---|---|
| ပဋိသန္ဓေစိတ် | ဥပါဒ် | စဖြစ် | | | (ဗဟိဒ္ဓသြဇာ နှံ့သောကာလမှ စ၍ဖြစ်) |
| | ဌီ | | | စဖြစ် | |
| | ဘင် | | | | |
| ပထမဘဝင်စိတ် | ဥပါဒ် | | စဖြစ် | | |
| ပဝတ္တိကာလ၌ မီးလျှံ၊ ရေလျဉ်တို့ကဲ့သို့ အဟောင်းကွယ်ပျောက် အသစ်ရောက်လျက် မပြတ်မစဲ ဖြစ်၏။ | | | | | |
| စုတိစိတ်မှအထက် ၁၇ ချက်မြောက်စိတ် | ဥပါဒ် | နောက်ဆုံးဖြစ် | | | |
| | ဌီ | (မဖြစ်တော့ပါ) | | | |
| စုတိစိတ် | ဥပါဒ် | | နောက်ဆုံးဖြစ် | | |
| | ဌီ | | | | |
| | ဘင် | ဘင်နှင့်အပြိုင်ချုပ် | | | နောက်ဆုံးဖြစ် |
| | | | စုတိပြီးခဏငယ် ၄၈ ချက်၌ချုပ် | စုတိပြီးအလောင်းကောင်တိုင်အောင် ဖြစ်နေသေး၏။ | စုတိပြီးခဏငယ် ၅၀ ချက်၌ချုပ် |

နတ်ပြဟ္မာတို့၌ကား စုတိပြီးနောက် အလောင်းကောင်ကျန်ရှိး ထုံးစံ မရှိသဖြင့် ဥတုဇရုပ်တို့သည် စိတ္တဇနှင့် အာဟာရဇရုပ်များနည်းတူ စုတိပြီး ခဏ အနည်းငယ်တွင်ပင် အပြီးချုပ်ကြ၏။

## အသက်ကုန်ဆုံးသည်ဟု ဆိုရာဝယ်

ကမ္မဇရုပ် ကလာပ်များတွင် အမြဲပါသော **ဇီဝိတရုပ်** သည် တကွဖြစ်ဖက် ကမ္မဇရုပ်များကို စောင့်ရှောက်သောကြောင့် **"ရုပ်သက်"** မည်၏။

စိတ်တိုင်း၌ယှဉ်သော သဗ္ဗစိတ္တသာဓာရဏ **ဇီဝိတိန္ဒြေ စေတသိက်**သည်လည်း တကွဖြစ်ဖက် နာမ်တရားတို့ကို စောင့်ရှောက်သောကြောင့် **"နာမ်သက်"** မည်၏။

တစ်ဘဝ၌ ထို ရုပ်သက်နှင့် နာမ်သက် တစ်ပြိုင်နက် အပြီးသတ်ချုပ်ကြသည်ကိုပင် "အသက်ကုန်သည်၊ စုတေသည်" ဟုခေါ်သည်။

(အာယု = အသက် ၊ ဥသ္မာ = ကိုယ်ငွေ့ ၊ ကမ္မဇတေဇော၊ ဝိညာဏ် = စိတ်၊ ဤသုံးခုချုပ်လျှင် သေဆုံးပြီဟု သိနိုင်၏။)

## ရုပ် သံသရာလည်ပုံ

ဤသို့ ပစ္စုပ္ပန်ဘဝ၌ ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ကြသကဲ့သို့ သေလွန်ပြီး ဘဝတစ်ပါး၌လည်း အသစ်အသစ်သော ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ကြပြန်လေ၏။

# နိဗ္ဗာန်

## နိဗ္ဗာန်မည်ပုံ

- မဂ် ၊ ဖိုလ် တို့၏ အာရုံဖြစ်သော
- လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော
- လောကုတ္တရာ ဟု ဆိုအပ်သော ...... နိဗ္ဗာန်ကို
- သတ္တဝါတို့ကို သံသရာဝဋ်မှ ချုပ်တတ်၊ မြှေးတတ်သောကြောင့် .. ဝါနမည်သော တဏှာမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန် ဟုဆို၏။
- နိဗ္ဗာန် = နိဗ္ဗာန = နိ + ဝါန (နိ = မရှိ၊ ဝါန = တဏှာ)

## နိဗ္ဗာန် သည် သဘောအားဖြင့် တစ်မျိုးသာ

နိဗ္ဗာန်ကား သဘောသဘာဝအားဖြင့် တစ်မျိုးသာရှိ၏။ သန္တိလက္ခဏာစသော မိမိ လက္ခဏာ . ကိစ္စ အားဖြင့် တစ်မျိုးသာရှိ၏။

- ■ သန္တိလက္ခဏာ = ငြိမ်းအေးခြင်း လက္ခဏာ။
- အစ္စုတရသံ = ပင်ကိုယ်သဘောမှ မရွေ့မလျောခြင်းသမ္ပတ္တိရသ။ (ကိစ္စ)
- အနိမိတ္တပစ္စုပဋ္ဌာန် = အထည်ပုံဟန်၊ သဏ္ဍာန်နိမိတ် မရှိဟု ယောဂီတို့ ဉာဏ်အား ထင်လာ၏။

(နိဗ္ဗာန်၌ ပဒဋ္ဌာန် = နီးကပ်သော အကြောင်းကို မရအပ်။ နိဗ္ဗာန်ကြောင့်သာ ကိလေသာ၊ ရုပ်နာမ်တို့ ငြိမ်းအေးကြရ၏။ နိဗ္ဗာန်ရောက်ဖို့ရန် ဝေးသောအကြောင်းများကား ပါရမီကုသိုလ်၊ ဝိပဿနာကုသိုလ်၊ မဂ်ဖိုလ်အားဖြင့် အများပင် ရှိနိုင်၏)

### ကရဏပရိယာယ်အားဖြင့် နိဗ္ဗာန် (၂) မျိုး (အကြောင်းပရိယာယ်)

၁။ **သဉပါဒိသေသနိဗ္ဗာန်** = ရဟန္တာတို့၏ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် မချုပ်သေးခင် (ပရိနိဗ္ဗာန် မစံခင်) အာရုံပြုအပ်သော နိဗ္ဗာန်။

၂။ **အနုပါဒိသေသနိဗ္ဗာန်** = ရဟန္တာတို့၏ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ချုပ်ပြီးနောက် (ပရိနိဗ္ဗာန် စံသည့်အခါ) ရအပ်သော နိဗ္ဗာန်။

►► ဆောင် ။ ။ သဉပါဒိ၊ သေသနိ ၊ ကြွင်းရှိ ငါးရုပ်ခန်။
အနုပါဒိ၊ သေသနိ ၊ မရှိ ငါးရုပ်ခန်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် (ခန္ဓာငါးပါးဖြင့်) အာရုံပြုအပ်သော နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန် မည်၏။ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ ထိုနိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

### ►► နိဗ္ဗာန် နှင့် ပရိနိဗ္ဗာန် အထူး

**နိဗ္ဗာန်** သည်ကား သန္တိလက္ခဏာစသော သဘောအားဖြင့် တစ်မျိုးသာရှိသော ပရမတ် တရားကြီး ဖြစ်၏။

**ပရိနိဗ္ဗာန်** ကား ထိုနိဗ္ဗာန်ကို မဂ်လေးပါးဖြင့် လေးကြိမ်တိုင်တိုင် အာရုံပြုပြီးသော ရဟန္တာ တို့၏ စုတိနောင် ဘုံသုံးပါးဝယ် ခန္ဓာအသစ် မဖြစ်မှု အငြိမ်းဖြစ်၏။

# အာကာရအားဖြင့် နိဗ္ဗာန်၏ အမည် (၃) မျိုး (အခြင်းအရာ)

## ၁။ သုညတ နိဗ္ဗာန်

နိဗ္ဗာန် သည် ရာဂ၊ ဒေါသ၊ မောဟ တို့နှင့် တကွ ရုပ်နာမ်ခန္ဓာတို့မှ ကင်းဆိတ်၏။ သုဉ်း၏။ သုည ဆိုသည်မှာ သုဉ်းခြင်း၊ ဆိတ်ခြင်း၊ ကင်းခြင်း၊ မရှိခြင်းတည်း။ ဤသို့ ကင်းဆိတ်ပုံ အခြင်းအရာ (အာကာရ) ကို အစွဲပြု၍ သုညတ နိဗ္ဗာန် ဟုခေါ်၏။

▸▸ ရာဂ ‚ ဒေါသ ၊ မောဟ လည်းဆုံး ၊ ရုပ်နာမ် သုဉ်းသဖြင့် ၊
လုံးလုံး သုည ၊ ပုံတမျှ ၊ သုညတ နိဗ္ဗာန် ခေါ်။

## ၂။ အနိမိတ္တ နိဗ္ဗာန်

နိဗ္ဗာန်သည် ရာဂစသော အကြောင်းနိမိတ် မရှိ။ ရုပ်တရားတို့ကဲ့သို့ ပုံပန်းသဏ္ဌာန် လည်းမရအပ်။ နိမိတ္တ ဆိုသည်ကား အကြောင်းနိမိတ်၊ အထည်ကိုယ် ပုံသဏ္ဌာန် ကိုဆိုလို၏။ ဤသို့ အကြောင်းနိမိတ် ၊ ပုံပန်းသဏ္ဌာန် တစ်စုံတစ်ရာ မရအပ် ၊ မရနိုင်သော အခြင်းအရာ ကို အစွဲပြု၍ အနိမိတ္တ နိဗ္ဗာန် ဟုခေါ်၏။

▸▸ အထည်ပုံဟန် ၊ သဏ္ဌာန်အရိပ် ၊ နိမိတ်ခေါ်ဘိ ၊ လျှင်း မရှိ ၊ အနိမိတ္တ ခေါ်။

## ၃။ အပ္ပဏိဟိတ နိဗ္ဗာန်

နိဗ္ဗာန်သည် တောင့်တ‚ပူပန်တတ်သော တဏှာ ကိလေသာတို့မှ ကင်း၏။ ပဏိဟိတ ဆိုသည်ကား တောင့်တခြင်းတည်း။ ဤသို့ တောင့်တမှုကင်းသော အခြင်းအရာ ကို အစွဲပြု၍ အပ္ပဏိဟိတ နိဗ္ဗာန် ဟု ခေါ်၏။

▸▸ တဏှာသဘော ၊ အာသဝေါဖြင့် ၊ မက်မောလေအပ် ၊ တောင့်တတတ်သည့် ၊
ပဏိဟိတ ၊ ကင်းရှင်းစွ ၊ အပ္ပဏိဟိတခေါ်။

**သင်္ခတ်ပိုင်းကျမ်းလာ နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ**

▸▸ ဆောင်။ ။ အစ္စု ၊ အစ္စုန် ၊ အသင်္ခ ၊ အနုတ္တရံ ၊ ပဒံ ၊ ဤ ငါးတန် ၊ မှတ်ရန် သင်္ခတ်ပိုင်းကျမ်းလာ နိဗ္ဗာန် တည်း။

၁။ အစ္စုတံ = စုတေ ရွေ့လျော သေရခြင်းသဘောလည်း မရှိသော၊

၂။ အစ္စန္တံ = (စုတေခြင်း) အဆုံးအပိုင်းအခြားကိုလည်း လွန်ပြီးသော၊

၃။ အသင်္ခတံ = (ကံ ၊ စိတ် ၊ ဥတု ၊ အာဟာရ) အကြောင်းတရားတို့က မပြုပြင်အပ်သည်လည်း ဖြစ်သော၊

၄။ အနုတ္တရံ = မိမိထက် လွန်မြတ်သော တရားလည်း မရှိသော၊

၅။ ပဒံ = ရောက်သင့် ရောက်အပ်သောတရား။ (ဝါ)
မဂ် ၊ ဖိုလ် တို့ဖြင့် အာရုံပြုအပ်သော တရား။

ဤဂုဏ်ပုဒ်တို့ဖြင့် ပြည့်စုံသော ပရမတ်တရားမျိုးကို နိဗ္ဗာန် ဟု တဏှာ မှ လွတ်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ ဟောတော်မူကုန်၏။

● စိတ်ပိုင်း မှ ရုပ်ပိုင်းထိ အပိုင်း(၆)ပိုင်းဖြင့် ပရမတ္ထတရားလေးပါး ဖြစ်သော စိတ် ၊ စေတသိက် ၊ ရုပ် ၊ နိဗ္ဗာန် တို့ကို ပြဆိုပြီး၏။

**ရုပ်ပိုင်းပြီး၏**

# သမုစ္စည်းပိုင်း

ပရမတ္ထတရားများဖြစ်သော သလက္ခဏာဝတ္ထုဓမ္မာတရား ၇၂ ပါးတို့ကို သဘောတူချင်း ပေါင်းသင်း၊ ဖွဲ့စည်းပြရာ အပိုင်းကို သမုစ္စည်းပိုင်း ဟုခေါ်သည်။

## သလက္ခဏာဝတ္ထုဓမ္မာတရား ၇၂ ပါး

မိမိတို့ဆိုင်ရာ သဘောလက္ခဏာများ (အာရမ္မဏဝိဇာနန . ဖုသန . ကက္ခဠ . သင်္ခတ အစရှိသည်) နှင့်တကွ ပရမတ် အလို အထည်ကိုယ် ရကောင်းသော တရားတို့ကို သလက္ခဏာဝတ္ထုဓမ္မာတရား ဟု ခေါ်၏။

| | | |
|---|---|---|
| စိတ် | ၁ | ပါး |
| စေတသိက် | ၅၂ | ပါး |
| နိပ္ဖန္နရုပ် | ၁၈ | ပါး |
| နိဗ္ဗာန် | ၁ | ပါး |
| | ၇၂ | ပါး |

▸▸ နာမ်တေပညံ ၊ ရုပ်နိပ္ဖန်၊ နိဗ္ဗာန်ယူဘိ ၊ ဒွါသတ္တတိ။

## ခေါင်းစဉ် (၄) မျိုး

၁။ အကုသလသင်္ဂဟ = အကုသိုလ်တရားတို့ကို သင်္ဂြိုဟ်ရေတွက်ပြရာ သင်္ဂဟ။

၂။ မိဿကသင်္ဂဟ = ကုသိုလ်.အကုသိုလ်.အဗျာကတတရားတို့ကို ရောချရေတွက် ပြရာ သင်္ဂဟ။

၃။ ဗောဓိပက္ခိယသင်္ဂဟ = ဗောဓိဉာဏ်၏ဘက်သား တရားများကို သင်္ဂြိုဟ်ရေတွက် ပြရာ သင်္ဂဟ။

၄။ သဗ္ဗသင်္ဂဟ = အလုံးစုံသောတရားတို့ကို ခန္ဓာ၊ အာယတန အစရှိသော အစွမ်းအားဖြင့် သင်္ဂြိုဟ်ရေတွက်ပြရာ သင်္ဂဟ။

## ၁။ အကုသလသင်္ဂဟ (ပါပသင်္ဂဟ)

**ခေါင်းစဉ် ၉ မျိုး ။ ။ အာ, ဩ, ယော, ဂန်၊ ဥ, နီ, (မှန်)၊ နု, သံ, ကိ ၉ ပါး။**

| | | | | | |
|---|---|---|---|---|---|
| ၁။ | အာ | = | အာသဝေါတရား | ၄ | ပါး |
| ၂။ | ဩ | = | ဩဃတရား | ၄ | ပါး |
| ၃။ | ယော | = | ယောဂတရား | ၄ | ပါး |
| ၄။ | ဂန် | = | ဂန္ထတရား | ၄ | ပါး |
| ၅။ | ဥ | = | ဥပါဒါန်တရား | ၄ | ပါး |
| ၆။ | နီ | = | နီဝရဏတရား | ၆ | ပါး |
| ၇။ | နု | = | အနုသယတရား | ၇ | ပါး |
| ၈။ | သံ | = | သုတ္တန်သံယောဇဉ် | ၁၀ | ပါး |
| | | | အဘိဓမ္မာသံယောဇဉ် | ၁၀ | ပါး |
| ၉။ | ကိ | = | ကိလေသာတရား | ၁၀ | ပါး |

၁။ အာသဝေါတရား (၄) ပါး

(၁) ကာမာသဝ .......................... လောဘ (တရားကိုယ်)

(၂) ဘဝါသဝ .......................... ״

(၃) ဒိဋ္ဌာသဝ .......................... ဒိဋ္ဌိ

(၄) အဝိဇ္ဇာသဝ .......................... မောဟ

**အာသဝေါ** = ရှေးစွန်းမထင်၊ ကြာမြင့်စွာသော ကာလပတ်လုံး ခန္ဓာအစဉ်၌ ထုံအပ်သော အနက်ကြောင့် အာသဝမည်၏။

= အနာမှ ပြည်,သွေးများ ယိုစီးကျသကဲ့သို့ စက္ခုဒွါရစသော ဒွါရ၆ပေါက်တို့မှ ထိုလောဘစသော စက်ဆုပ်ဖွယ်ရာများ အာရုံတို့၌ ယိုစီးလာတတ်သော အနက်ကြောင့် အာသဝမည်၏။

= ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ တရားအားဖြင့် ဂေါတြဘူတိုင်အောင် ပျံ့နှံ့၍ ဖြစ်တတ်သောကြောင့် အာသဝမည်၏။

▸▸ ဆောင် ■ အာသဝမည်၊ သဒ္ဒါသည်ကား၊ စိမ်ရည်အရက်၊ ဟောရင်းနက်တည်း။
မပျက်တမူ၊ သဒိသူဖြင့်၊ ညီတူကြံကာ၊ သံသရာဝယ်၊ ခန္ဓာကိုယ်ဆိုး၊
အရက်အိုး၌၊ အစိုးပြင်းစွာ၊ ထုံလျှက်ပါသည့်၊ သုံးဖြာသဘော....
လော. ဒိဋ္ဌိ. မော ကို... ခေါ်လော အာသဝ အမည်တည်း။

(၁) ကာမာသဝ = ဝတ္ထုအာရုံကာမဂုဏ်တို့၌ တပ်မက်သောတဏှာသည် ကာမာသဝမည်၏။
တရားကိုယ်မှာ လောဘမူစိတ် ၈ ပါးနှင့်ယှဉ်သော လောဘတည်း။

(၂) ဘဝါသဝ = ရူပ၊ အရူပဈာန်များနှင့် ထိုဈာန်များ၏ အကျိုးဝိပါက်များကို တပ်မက်
နှစ်သက်သော တဏှာသည် ဘဝါသဝမည်၏။
တရားကိုယ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ပါးနှင့်ယှဉ်သော လောဘတည်း။

(၃) ဒိဋ္ဌာသဝ = ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိပင်လျှင် ဒိဋ္ဌာသဝမည်၏။ တရားကိုယ်မှာ..
ဒိဋ္ဌိဂတသမ္ပယုတ် ၄ ပါးနှင့် ယှဉ်သော ဒိဋ္ဌိစေတသိက်တည်း။

(၄) အဝိဇ္ဇာသဝ = သစ္စာ ၄ ပါး၊ ပုဗ္ဗန္တ၊ အပရန္တ စသော ရှစ်ချက်သော ဌာနတို့၌ မသိခြင်း
အဝိဇ္ဇာသည် အဝိဇ္ဇာသဝ မည်၏။
တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂ပါးနှင့်ယှဉ်သော မောဟတည်း။

## ၂။ ဩဃတရား (၄) ပါး

| | | |
|---|---|---|
| (၁) ကာမောဃ | ........................ | လောဘ (တရားကိုယ်) |
| (၂) ဘဝေါဃ | ........................ | ။ |
| (၃) ဒိဋ္ဌောဃ | ........................ | ဒိဋ္ဌိ |
| (၄) အဝိဇ္ဇောဃ | ........................ | မောဟ |

**ဩဃ** = ဩဃသဒ္ဒါသည် ရေအလျဉ်ဟူသောအနက်ကို ဟော၏။ ဝဲဩဃ ရေအလျဉ် ကဲ့သို့ မိမိကိန်းရာ သတ္တဝါကို ဝဋ္ဋဒုက္ခ၌ အပါယ်လေးပါးအထိ နစ်မွန်းမျောပါ စေတတ်သောကြောင့် လည်းကောင်း၊ လွှမ်းမိုး ဖိသတ် တတ်သောကြောင့် လည်းကောင်း ဩဃမည်၏။

ဆောင် ▸▸ ဩဃသဒ္ဒါ၊ ဟောရင်းမှာကား၊ လွှမ်းကာဖိသတ်၊ နစ်မြုပ်တတ်သည့်၊
အရပ်ရပ်ပင်၊ ရေအလျဉ်တည်း။ ဤတွင်တမူ၊ သဒိသူဖြင့်၊ ညီတူဆွယ်ညှိ၊
အပါယ်ထိအောင်၊ မိမိကိန်းရာ၊ သတ္တဝါကို၊ လွှမ်းကာဖိသတ်၊ နစ်မြုပ်တတ်သည့်၊
သုံးရပ်သဘော၊ လော . ဒိဋ္ဌိ . မော ကို၊ ခေါ်လော ဩဃ အမည်တည်း။

၃။ ယောဂတရား (၄) ပါး

(၁) ကာမယောဂ ........................ လောဘ (တရားကိုယ်)
(၂) ဘဝယောဂ ........................ ။
(၃) ဒိဋ္ဌိယောဂ ........................ ဒိဋ္ဌိ
(၄) အဝိဇ္ဇာယောဂ ........................ မောဟ

**ယောဂ** = ယောဂသဒ္ဒါသည် အစေးဖြင့် ကပ်၍ စပ်ထားသကဲ့သို့ ယှဉ်စပ်ခြင်းအနက်ကို ဟော၏။ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲအမျိုးမျိုးမှ မလွတ်နိုင်၊ မကျွတ်နိုင် ရအောင် ဖွဲ့နှောင်ယှဉ်စပ်၍ ပေးတတ်သောကြောင့် ယောဂ မည်၏။

ဆောင် ▸▸ ဝဋ္ဋာနှစ်ရပ်၊ အစေးဖြင့်ကပ်၍၊ ယှဉ်စပ်သည့်နှဲ၊ ဝဋ်ဆင်းရဲ၌၊ မကွဲစေငှာ၊ မြဲစွာယှဉ်စပ်၊ ကပ်ထားတတ်သည့်၊ သုံးရပ်သဘော၊ လော. ဒိဋ္ဌ. မော ကို၊ ခေါ်လော ယောဂ အမည်တည်း။

**အာသဝ၊ ဩဃ၊ ယောဂ** ▸▸ ကာမ. ဘဝ၊ ဒိဋ္ဌိ. အဝိဇ္ဇာ၊ ဤလေးဖြာ၊ စဉ်ကာ မူလထား။
ဩဃ. ယောဂါ၊ အာသဝါ၊ သုံးဖြာ လေး. စီပွား။
အသေသတ်နှစ်၊ ဖွဲ့ပူးရစ်၊ မူးယစ် စီးထုံးငြား။

၄။ ဂန္ထတရား (၄)ပါး

(၁) အဘိဇ္ဈာ ကာယဂန္ထ ........................ လောဘ (တရားကိုယ်)
(၂) ဗျာပါဒ ကာယဂန္ထ ........................ ဒေါသ
(၃) သီလဗ္ဗတပရာမာသ ကာယဂန္ထ ........................ ဒိဋ္ဌိ
(၄) ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ ........................ ။

**ဂန္ထ** = ဂန္ထသဒ္ဒါသည် သံကွင်းချင်းဆက်သကဲ့သို့ ထုံးနှောင်ဖွဲ့ယှက်ခြင်းအနက်ကို ဟော၏။ သတ္တဝါတို့၏ နာမကာယ(နာမ်အစု)၊ ရူပကာယ (ရုပ်အစု) ကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် စုတိပြီး ပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိ ဟု ဆက်ပေးတတ်သောကြောင့် ဂန္ထ မည်၏။

ဆောင် ▸▸ သံကွင်းချင်းယှက်၊ ဖွဲ့နှောင်ဆက်သို့၊ နှစ်ချက်ကာယ၊ နာမ်ရူပကို၊ ဒုက္ခဝဋ်ငြိ၊ မလွတ်ထိအောင်၊ စုတိ . သန္ဓေ၊ သန္ဓေ . စုတိ၊ ဆက်နှောင်ချည့်၊ မှတ်သိ ဂန္ထ သဘောတည်း။

(၁) အဘိဇ္ဈာကာယဂန္ထ = သူတစ်ပါးပိုင်ပစ္စည်းကို ကိုယ်ပိုင်ဖြစ်လိုသောအားဖြင့် ရှေးရှုကြံစည်ခြင်း ၊ လိုချင်ခြင်း။ (လောဘ)

(၂) ဗျာပါဒကာယဂန္ထ = စိတ်၏ ဖောက်ပြန်ပျက်စီးခြင်း၊ စိတ်ဆိုးခြင်း။ (ဒေါသ)

(၃) သီလဗ္ဗတပရာမာသကာယဂန္ထ = နွား,ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်လျှင် ကိလေသာ လည်း စင်ကြယ်၊ သံသရာမှလည်း လွတ်မြောက်လွယ်၏ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းခြင်း။ (ဒိဋ္ဌိ)

(၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ = အယူမှားကြီးကို ယူပြီးလျှင် "ဤငါ့အယူသာ အမှန်၊ ကျန်သမျှ အလွဲချည်း" ဟု မှားယွင်းစွာ စွဲလမ်းတတ်သော အမြင်မှားမှု။ (ဒိဋ္ဌိ)

▸▸ ဤသာမှန်လှ ၊ ဤမှတစ်ပါး ၊ အကုန်မှား ၊ စွဲငြား ဣဒံဘိ။
(မှန်သောအယူကို ယူပြီးလျှင် ထိုကဲ့သို့ စွဲမြဲမှုမှာ ဒိဋ္ဌိမဟုတ်ပါ။)

## ၅။ ဥပါဒါန်တရား (၄) ပါး

(၁) ကာမုပါဒါန် ........................ လောဘ
(၂) ဒိဋ္ဌုပါဒါန် ........................ ဒိဋ္ဌိ
(၃) သီလဗ္ဗတုပါဒါန် ........................ ။
(၄) အတ္တဝါဒုပါဒါန် ........................ ။

**ဥပါဒါန်** = ဖားကို မြွေက ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်းယူထားမှု၊ စွဲလမ်းမှုသည် ဥပါဒါန် မည်၏။

▸▸ ဖားကိုမြွေငန်း ၊ မြဲစွာဖမ်းသို့ ၊ စွဲလမ်းသမှု ၊ အာရုံပြု ၊ ဥပါဒါန် ဟုခေါ်။

(၁) ကာမုပါဒါန် = ကာမဂုဏ်တို့၌ အလွန် စွဲလမ်းမှု။ (လောဘ)

(၂) ဒိဋ္ဌုပါဒါန် = သီလဗ္ဗတပရာမာသ ၊ အတ္တဝါဒဒိဋ္ဌိ ၂ မျိုး မှတစ်ပါး ကျန်ဒိဋ္ဌိ အမျိုးမျိုးတည်း။ (ဒိဋ္ဌိ)

(၃) သီလဗ္ဗတုပါဒါန် = သီလဗ္ဗတပရာမာသ နှင့်စပ်သော အမြင်မှားမှု။ (ဒိဋ္ဌိ)

(၄) အတ္တဝါဒုပါဒါန် = အတ္တရှိ၏ဟု ယူဆပြောဆိုသော အမြင်မှားမှု။ သက္ကာယဒိဋ္ဌိ ၂၀ တည်း။ (ဒိဋ္ဌိ)

## ၆။ နီဝရဏတရား (၆) ပါး

| | | | |
|---|---|---|---|
| (၁) | ကာမစ္ဆန္ဒ နီဝရဏ | ........................ | လောဘ |
| (၂) | ဗျာပါဒ နီဝရဏ | ........................ | ဒေါသ |
| (၃) | ထိန-မိဒ္ဓ နီဝရဏ | ........................ | ထိန၊ မိဒ္ဓ |
| (၄) | ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏ | ........................ | ဥဒ္ဓစ္စ၊ ကုက္ကုစ္စ |
| (၅) | ဝိစိကိစ္ဆာ နီဝရဏ | ........................ | ဝိစိကိစ္ဆာ |
| (၆) | အဝိဇ္ဇာ နီဝရဏ | ........................ | မောဟ |

**နီဝရဏ** = ဈာန်အစရှိသော ကုသိုလ်တရားများကို တားမြစ်ပိတ်ပင်တတ်သော တရားတို့ကို နီဝရဏဟုခေါ်သည်။

▸▸ ကုသိုလ် မဂ်ဈာန် ၊ တားဆီးပြန် ၊ ခေါ်ရန် နီဝရဏ။
ကိစ္စ-ဟေတု ၊ ဆန့်ကျင်မှု ၊ ဥဒ် . ကု . ထိ . မိဒ် တူ။

**တရားကိုယ် ၂ ပါးရလျှက် နီဝရဏ တစ်ပါးသာ ဆိုရခြင်း**

ထိနနှင့် မိဒ္ဓ သည် တွန့်ဆုတ်မှု ကိစ္စအားဖြင့်လည်းကောင်း၊ ပျင်းရိခြင်းအကြောင်း (ဟေတု) အားဖြင့်လည်းကောင်း၊ ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းအားဖြင့် လည်းကောင်း တူ၍ နီဝရဏတစ်ပါးသာ ဖွဲ့၏။

ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ သည် မငြိမ်သက်မှု ကိစ္စအားဖြင့်လည်းကောင်း၊ ဉာတိဗျသန စသည်ကို ကြံစည်ခြင်းဟူသော အကြောင်းအားဖြင့်လည်းကောင်း၊ သမထ(သမာဓိ)၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းအားဖြင့်လည်းကောင်း တူ၍ နီဝရဏတစ်ပါးသာ ဖွဲ့၏။

## ၇။ အနုသယ (၇) ပါး

| | | | |
|---|---|---|---|
| (၁) | ကာမရာဂါနုသယ | ........................ | လောဘ |
| (၂) | ဘဝရာဂါနုသယ | ........................ | ။ |
| (၃) | ပဋိဃာနုသယ | ........................ | ဒေါသ |
| (၄) | မာနာနုသယ | ........................ | မာန |
| (၅) | ဒိဋ္ဌာနုသယ | ........................ | ဒိဋ္ဌိ |
| (၆) | ဝိစိကိစ္ဆာနုသယ | ........................ | ဝိစိကိစ္ဆာ |
| (၇) | အဝိဇ္ဇာနုသယ | ........................ | မောဟ |

**အနုသယ** = သတ္တဝါတို့သန္တာန်၌ အဖန်ဖန်၊ အစဉ်တစိုက်၊ ကိန်းအောင်းလျက် ပါနေသော ကိလေသာသည် အနုသယ မည်၏။

= မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့သန္တာန်၌ အဖန်ဖန်တလဲလဲ ဖြစ်တတ် ကိန်းတတ်သောကြောင့် အနုသယမည်၏။

■ သတ္တဝါသန္တာန်၊ အဖန်ဖန်လျှင်၊ အစဉ်တစိုက်၊ လိုက်၍ပါလာ၊ ကိလေသာဟု၊ ဓာတ်အစု၊ အနုသယ ခေါ်။

■ အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ်နုသယ။

■ လွန်ကျူး , ဆူပွက်၊ မျိုးမပြတ်၊ သုံးချက် ကိလေသာ။
သီလ , သမာ၊ဓိ , ပညာ၊ ကျင့်ရာ သုံးသိက္ခာ။
အနာနှင့် ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေး မခက်ပါ။

■ (လွန်ကျူး) ဝီတိက္ကမကိလေသာ ကို သီလဖြင့် ပယ်နိုင်၏။
(ဆူပွက်) ပရိယုဋ္ဌာနကိလေသာ ကို သမာဓိဖြင့် ပယ်နိုင်၏။
(မျိုးမပြတ်) အနုသယကိလေသာ ကို ပညာဖြင့်သာ ပယ်နိုင်၏။

## ၈။ သံယောဇဉ်တရား (၁၀) ပါး

| (က) သုတ္တန်သံယောဇဉ်တရား ၁၀ ပါး | | | | (ခ) အဘိဓမ္မာသံယောဇဉ်တရား ၁၀ ပါး | | | |
|---|---|---|---|---|---|---|---|
| ၁ | ကာမရာဂ | သံယောဇဉ် | လောဘ | ၁ | ကာမရာဂ | သံယောဇဉ် | လောဘ |
| ၂ | ရူပရာဂ | ॥ | ॥ | ၂ | ဘဝရာဂ | ॥ | ॥ |
| ၃ | အရူပရာဂ | ॥ | ॥ | | | | |
| ၄ | ပဋိဃ | ॥ | ဒေါသ | ၃ | ပဋိဃ | ॥ | ဒေါသ |
| ၅ | မာန | ॥ | မာန | ၄ | မာန | ॥ | မာန |
| ၆ | ဒိဋ္ဌိ | ॥ | ဒိဋ္ဌိ | ၅ | ဒိဋ္ဌိ | ॥ | ဒိဋ္ဌိ |
| ၇ | သီလဗ္ဗတပရာမာသ | ॥ | ॥ | ၆ | သီလဗ္ဗတပရာမာသ | ॥ | ॥ |
| ၈ | ဝိစိကိစ္ဆာ | ॥ | ဝိစိကိစ္ဆာ | ၇ | ဝိစိကိစ္ဆာ | ॥ | ဝိစိကိစ္ဆာ |
| ၉ | ဥဒ္ဓစ္စ | ॥ | ဥဒ္ဓစ္စ | ၈ | ဣဿာ | ॥ | ဣဿာ |
| | | | | ၉ | မစ္ဆရိယ | ॥ | မစ္ဆရိယ |
| ၁၀ | အဝိဇ္ဇာ | ॥ | မောဟ | ၁၀ | အဝိဇ္ဇာ | ॥ | မောဟ |

**သံယောဇဉ်** = သံယောဇဉ်ကြိုးဟု ခေါ်ရိုးပြောရိုး ပြုကြသည့်အတိုင်း သတ္တဝါတို့ကို ထိုထိုဘဝ၊ ဝဋ်ဆင်းရဲမှ မလွတ်ရအောင် ဖွဲ့ချည် တုပ်နှောင်တတ်သော တရားများကို သံယောဇဉ် ဟုခေါ်သည်။

▸▸ မိမိကိန်းရာ ၊ သတ္တဝါကို ၊ ထိုထိုဘုံမှ ၊ မလွတ်ရအောင်၊ ချည်နှောင်သမှု ၊ ကြိုးနှယ်ပြု ၊ မှတ်ရှု သံယောဇဉ်။

**တရားကိုယ် ၉ ပါး**

▸▸ လော , ဒေါ , မာ , ဒိဋ္ဌိ ၊ ဝိ , က္ကသ် , မစ် , မော ၊ ရှစ်ပေါဘိဓမ်၊ သုတ္တန် ဥဒ္ဒစ္စ ၊ပေါင်း နဝ ၊ မှတ်ကြ သံယောဇဉ်။

**သုတ္တန်သံယောဇဉ်များအနက်** ........................

(က) ကာမရာဂ၊ ပဋိဃ၊ ဒိဋ္ဌိ၊သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ သံယောဇဉ် (၅) ပါးတို့ကို အောက်တန်းအဖို့ဖြစ်သော ကာမဘုံများ၌ ဖြစ်တတ်၊ ကျင်လည်တတ်၊ ကျက်စားတတ်၍ “ **ဩရမ္ဘာဂိယ** ” သံယောဇဉ်ဟုခေါ်၏။
(ကာမဘုံနှင့် ဆက်သွယ်ပေးသော ကြိုးများ)

(ခ) ရူပ ၊ အရူပ၊ မာန ၊ ဥဒ္ဓစ္စ နှင့် အဝိဇ္ဇာ သံယောဇဉ်(၅)ပါးတို့ကို အထက်တန်းအဖို့ ဖြစ်သော ရူပဘုံ၊ အရူပဘုံများ၌ ဖြစ်တတ်၊ ကျင်လည်တတ် ၊ ကျက်စားတတ်၍ “**ဥဒ္ဓံဘာဂိယ**” သံယောဇဉ်ဟုခေါ်၏။
(ရူပ ၊ အရူပဘုံနှင့် ဆက်သွယ်ပေးသော ကြိုးများ)

▸▸ ကာမ , ပဋိ ၊ ဒိဋ္ဌိ , သီ , ဝိ ၊ ခေါ်ဘိ ဩရမ္ဘာ။
ရူ , အရူ , မာန် ၊ ဥဒ် , အဝိဇ္ဇ် ၊ ဥဒ္ဓံဘာဂိယာ။

## ၉။ ကိလေသာတရား (၁၀) ပါး

| | |
|---|---|
| ၁။ လောဘ | ၆။ ဝိစိကိစ္ဆာ |
| ၂။ ဒေါသ | ၇။ ထိန |
| ၃။ မောဟ | ၈။ ဥဒ္ဓစ္စ |
| ၄။ မာန | ၉။ အဟိရိက |
| ၅။ ဒိဋ္ဌိ | ၁၀။ အနောတ္တပ္ပ |

**ကိလေသာ(၁၀)ပါးတွင် ထိနပါပြီး မိဒ္ဓမပါရခြင်း။**

▪ ကိလေသာ ဟူသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်ရကား စေတသိက်၏ညစ်ညူးကြောင်း ဖြစ်သော မိဒ္ဓမှာ ကိလေသာ၌မပါဘဲ စိတ်၏ညစ်ညူးကြောင်း ဖြစ်သော ထိနသာ ပါရ၏။

**ကိလေသာ** = စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သောတရား (ဝါ) စိတ်ကို ညစ်ပေစေတတ်သောတရားကို ကိလေသာဟုခေါ်၏။

▸▸ လော . ဒေါ . မာ . နေ၊ စ ထွေထွေတို့ ၊ ညစ်ပေစေမှု ၊ စိတ်ကိုပြု ၊ မှတ်ရှု ကိလေသာ။

**တစ်ထောင့်ငါးရာ ကိလေသာ**

လောဘ စသော ကိလေသာတို့သည် နာမ်တေပညာသ ၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ လက္ခဏာရုပ် ၄ ပါး ၊ ပေါင်း ၇၅ ပါးသောတရားတို့ကို အာရုံပြု၏။ ထိုအာရုံတို့သည် အဇ္ဈတ္တသန္တာန်နှင့် ဗဟိဒ္ဓသန္တာန် နှစ်ပါးလုံး၌ရှိရကား အဇ္ဈတ္တသန္တာန်ကို အာရုံပြုသောကိလေသာ၊ ဗဟိဒ္ဓသန္တာန်ကို အာရုံပြုသောကိလေသာဟူ၍ ကိလေသာတစ်ပါးစီ၌ (၁၅၀) စီရှိ၏။ ကိလေသာ (၁၀) ပါးဆိုလျှင် စုစုပေါင်းကိလေသာ (၁၅၀၀) ဖြစ်၏။

▸▸ နာမ်တေပညာ ၊ နိပ္ဖန္နာ ၊ တည်ပါ လက္ခဏာ။
သန္တာန်နှစ်ဖြာ ၊ မြှောက်ပွားကာ ၊ တရာ့ငါးဆယ်ရ။
ယင်းကိုတစ်ခါ ၊ ကိလေသာ ၊ ဆယ်ဖြာ မြှောက်ပြန်ချ။
တစ်ထောင့်ငါးရာ ၊ ကိလေသာ ၊ ထိုခါဖြစ်သည်ပ။

**တဏှာအစစ် တစ်ရာ့ရှစ်**

▸▸ တဏှာ သုံးတန် ၊ တည်ထားခံ ၊ အာ , ကာ , သန် နှင့် မြှောက်။
တဏှာအစစ် ၊ တစ်ရာ့ရှစ် ၊ ဖြစ်၏ လူမှာရောက်။

| | | | |
|---|---|---|---|
| တဏှာ | ............ | ၃ ပါး | (ကာမ၊ ဘဝ၊ ဝိဘဝ) |
| အာရုံ | ............ | ×၆ ပါး | (ရူပါရုံ စသည်) |
| | | ၁၈ ပါး | |
| ကာလ | ............ | ×၃ ပါး | (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်) |
| | | ၅၄ ပါး | |
| သန္တာန် | ............ | ×၂ ပါး | (အဇ္ဈတ္တ၊ ဗဟိဒ္ဓ) |
| | | ၁၀၈ ပါး | |

## အကုသလသင်္ဂဟတရားကိုယ်အရကောက်

| | | | တရားကိုယ် | မောဟ | အဟိရိက | အနောတ္တပ္ပ | ဥဒ္ဓစ္စ | လောဘ | ဒိဋ္ဌိ | မာန | ဒေါသ | ဣဿာ | မစ္ဆရိယ | ကုက္ကုစ္စ | ထိန | မိဒ္ဓ | ဝိစိကိစ္ဆာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အာသဝေါ | ၄ | ၃ | မောဟ | | | | လော ၂ | ဒိဋ္ဌိ | | | | | | | | |
| ၂ | ဩဃ | ၄ | ၃ | မောဟ | | | | လော ၂ | ဒိဋ္ဌိ | | | | | | | | |
| ၃ | ယောဂ | ၄ | ၃ | မောဟ | | | | လော ၂ | ဒိဋ္ဌိ | | | | | | | | |
| ၄ | ဂန္ထ | ၄ | ၃ | | | | | လော | ဒိဋ္ဌိ ၂ | | ဒေါသ | | | | | | |
| ၅ | ဥပါဒါန် | ၄ | ၂ | | | | | လော | ဒိဋ္ဌိ ၃ | | | | | | | | |
| ၆ | နီဝရဏ | ၆ | ၈ | မောဟ | | | ⊛ ဥဒ္ဓစ္စ | လော | | | ဒေါသ | | | ⊛ ကုက္ကုစ္စ | ▲ ထိန | ▲ မိဒ္ဓ | ဝိစိကိစ္ဆာ |
| ၇ | အနုသယ | ၇ | ၆ | မောဟ | | | | လော ၂ | ဒိဋ္ဌိ | မာန | ဒေါသ | | | | | | ဝိစိကိစ္ဆာ |
| ၈ | သုတ္တန်သံယောဇဉ် | ၁၀ | ၉ | မောဟ | | | ဥဒ္ဓစ္စ | လော ၃ | ဒိဋ္ဌိ ၂ | မာန | ဒေါသ | — | — | | | | ဝိစိကိစ္ဆာ |
| | အဘိဓမ္မာ ။ | ၁၀ | | | | | | လော ၂ | | | | ဣဿာ | မစ္ဆရိယ | | | | |
| ၉ | ကိလေသာ | ၁၀ | ၁၀ | မောဟ | အဟိရိက | အနောတ္တပ္ပ | ဥဒ္ဓစ္စ | လော | ဒိဋ္ဌိ | မာန | ဒေါသ | | | | ထိန | | ဝိစိကိစ္ဆာ |

**တရားကိုယ်သရုပ်**

▸▸ အာ ,ဩ , ယော , ဂန်၊ သုံးစီမှန် ၊ နှစ်တန် ဥပါကိုယ်။ ရှစ် – နီ, ခြောက် – နု၊ ကိုး – သံရှု ၊ ဆယ်ခု ကိ မပို။

**တရားကိုယ်တစ်ပါးစီဠ်ရသောဌာနများ**

▸▸ လော ကိုးမည်ရှိ၊ ဒိဋ္ဌိ ရှစ်မည်၊ ခုနှစ်မည် မောဟ၊ ငါး၀ ဒေါသာ၊ ကန်ဒ္ဓါ လေးထုတ်၊ မာနဒွစ္စ ၊ သုံးမည်ရ၏။ ထိနနှစ်မည်၊ ကြွင်းသည် ခြောက်၀၊ တစ်မည်ရ ၊ ပေါင်းက စုဒ္ဒသ။

## ၂။ မိဿကသင်္ဂဟ

ခေါင်းစဉ် ၇ မျိုး ။ ။ ဟေ , ဈာ , မဂ္ဂ ၊ ဣန် , ဗလ ၊ ဓိ , ဟ ခုနစ်မည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဟေ | = | ဟိတ် | ၆ | ပါး |
| ၂။ | ဈာ | = | ဈာနင် | ၇ | ပါး |
| ၃။ | မဂ္ဂ | = | မဂ္ဂင် | ၁၂ | ပါး |
| ၄။ | ဣန် | = | ဣန္ဒြေ | ၂၂ | ပါး |
| ၅။ | ဗလ | = | ဗိုလ် | ၉ | ပါး |
| ၆။ | ဓိ | = | အဓိပတိ | ၄ | ပါး |
| ၇။ | ဟ | = | အာဟာရ | ၄ | ပါး |

၁။ ဟိတ် (၆) ပါး

(၁) လောဘ (၄) အလောဘ
(၂) ဒေါသ (၅) အဒေါသ
(၃) မောဟ (၆) အမောဟ

ဟိတ် = ရေသောက်မြစ်သည် သစ်ပင်ကို ထောက်ပံ့ခိုင်ခံ့စေသကဲ့သို့ မိမိနှင့် တကွဖြစ်ဖက် ရုပ်နာမ်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေတတ်သော တရားတို့ကို ဟေတု(ဟိတ်) ဟု ခေါ်သည်။

▶▶ ရေသောက်မြစ်လျှင်၊ ကိုယ့်သစ်ပင်ကို၊ စည်ပင်စေထ၊ ထောက်ပံ့မသို့၊ တကွဖြစ်ဟန်၊ ရုပ်နှင့်နာမ်ကို၊ ထောက်ခံသမှု၊ ကျေးဇူးပြု၊ ဟေတု-ဟိတ် ဟု ခေါ်။

အကုသိုလ်ဟိတ် = လောဘ ၊ ဒေါသ ၊ မောဟ ဟိတ် ၃ ပါး
(အကုသိုလ်စိတ်နှင့်ယှဉ်၍)

ကုသိုလ်ဟိတ် = အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါး
(ကုသိုလ်စိတ်နှင့် ယှဉ်ခိုက်)

အဗျာကတဟိတ် = အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါး
(ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်ခိုက်)

## ၂။ ဈာနင် (၇) ပါး

| ဈာနင် ၇ ပါး | | တရားကိုယ် | | |
|---|---|---|---|---|
| ၁ | ဝိတက် | သဝိတက္ကစိတ် | ၅၅ ပါး၌ ရှိသော | ဝိတက် |
| ၂ | ဝိစာရ | သဝိစာရစိတ် | ၆၆ ။ | ဝိစာရ |
| ၃ | ပီတိ | ပီတိသဟဂုတ်စိတ် | ၅၁ ။ | ပီတိ |
| ၄ | ဧကဂ္ဂတာ | ဒွေးပဉ္စဝိညာဏ်ကြဉ်ကြွင်းစိတ် | ၇၉ ။ | ဧကဂ္ဂတာ |
| ၅ | သောမနဿ | သောမနဿသဟဂုတ်စိတ် | ၆၂ ။ | သောမနဿဝေဒနာ |
| ၆ | ဒေါမနဿ | ဒေါသမူဒွေး | ၂ ။ | ဒေါမနဿဝေဒနာ |
| ၇ | ဥပေက္ခာ | ဒွေးပဉ္စဝိညာဏ်မှ ဥပေက္ခာကြဉ် ကြွင်း ဥပေက္ခာသဟဂုတ်စိတ် | ၄၇ ပါး၌ ရှိသော | ဥပေက္ခာဝေဒနာ |

**ဈာန်** = ဆိုင်ရာအာရုံကို ရှိးရှိးအာရုံပြုပုံထက် လွန်ကဲ၍ စူးစူးစိုက်စိုက် ရှုတတ်သော ဝိတက်၊ ဝိစာရစသော တရားအပေါင်းကို ဈာန်ဟုခေါ်၏။

**ဈာနင်** = ထိုဈာန်၏ အင်္ဂါဖြစ်သော ဝိတက် ၊ ဝိစာရစသည့် တရားအစိတ်ကို ဈာနင် (ဈာန်အင်္ဂါ)ဟု ခေါ်၏။

▸▸ စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်။
စူးစိုက်သမှု၊ အာရုံပြုတောင်း ၊ တရားပေါင်းကို ၊ဈာန်ခေါ်ဆိုဘိ၊
ထို၏အင်္ဂါ ၊ အစိတ်မှာမူ ၊ ဈာနင်ဟူ ၊ မှတ်ယူ အမြဲခေါ်။

■ ဈာနင်သည် (၇) ပါးရှိသော်လည်း တရားကိုယ်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာ အားဖြင့် (၅)ပါးသာ ရ၏။

■ ဒွေးပဉ္စဝိညာဏ် ၁၀ ပါး၌ ဈာနင် မထိုက်ပေ။

▸ ဝိတက်မယှဉ်၊ သို့ဖြစ်အင်ကြောင့် ၊ ဈာနင်မရ ၊ မှတ်ကုန်ကြ ၊ ပဉ္စဝိညာဏ်မှာ။

## ၃။ မဂ္ဂင် (၁၂) ပါး

**မဂ္ဂ** = မဂ္ဂသဒ္ဒါသည် လမ်းကြောင်းဟူသောအနက်ကိုဟော၏။ ပကတိလမ်းကြောင်းသည် မြို့၊ ရွာ စသည်သို့ ရောက်ကြောင်းဖြစ်သကဲ့သို့ သမ္မာဒိဋ္ဌိ စသော တရား အပေါင်း ကုသိုလ်မဂ္ဂသည် သုဂတိဘဝသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း

ရောက်ကြောင်းလမ်းဖြစ်ပြီး မိစ္ဆာဒိဋ္ဌိစသောတရားအပေါင်း အကုသိုလ်မဂ္ဂသည် ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်းလမ်း ဖြစ်၏။ (တစ်နည်း)

= ဤတရားတို့သည် သုဂတိဘုံသို့လည်းကောင်း၊ ဒုဂ္ဂတိဘုံသို့လည်းကောင်း၊ ၄င်းဘုံတို့မှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း ရောက်စေတတ်သောလမ်းဖြစ်၍ မဂ္ဂမည်၏။

**မဂ္ဂင်** = ထိုမဂ္ဂမည်သော တရားအပေါင်း၏ အင်္ဂါအစိတ်ကို မဂ္ဂင်ဟု ခေါ်၏။

▸▸ ထိုထိုဂတိ၊ ရောက်မည့်လမ်းကြောင်း ၊ တရားပေါင်းကို၊ မဂ္ဂဆိုဘိ၊ ထို၏အင်္ဂါ၊ အစိတ်မှာမူ၊ မဂ္ဂင်ဟူ၊ မှတ်ယူ အမြဲ ခေါ်။

■ မဂ္ဂင် (၁၂) ပါးရှိသော်လည်း တရားကိုယ်အားဖြင့် (၉) ပါးသာရှိ၏။

■ အဟိတ်စိတ် ၁၈ ပါး၌ မဂ္ဂင် မထိုက်ပေ။

▸ ဟိတ်နှင့်မယှဉ်၊ သို့ဖြစ်အင်ကြောင့်၊ မဂ္ဂင်မှ ဆိတ်၊ အဟိတ်စိတ်၊ ကြိတ်လိတ် မြဲသေချာ။

■ ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် မဂ္ဂင်, ဈာန်, ဗိုလ် မထိုက်ပေ။

| မဂ္ဂင် ၁၂ ပါး | | | တရားကိုယ် |
|---|---|---|---|
| ၁ | သမ္မာဒိဋ္ဌိ | တိဟိတ်စိတ် ၄၇ ပါးရှိ | ပညာ |
| ၂ | သမ္မာသင်္ကပ္ပ | (အကုသိုလ် ၁၂၊ အဟိတ် ၈)ကြဉ် ဝိတက်ယှဉ်စိတ် ၃၅ ။ | ဝိတက် |
| ၃ | သမ္မာဝါစာ | မဟာကုသိုလ် ၈၊ လောကုတ္တရာ ၈၊ ပေါင်း ၁၆ ။ | သမ္မာဝါစာ |
| ၄ | သမ္မာကမ္မန္တ | | သမ္မာကမ္မန္တ |
| ၅ | သမ္မာအာဇီဝ | | သမ္မာအာဇီဝ |
| ၆ | သမ္မာဝါယာမ | (အကုသိုလ် ၁၂၊ အဟိတ် ၂)ကြဉ် ဝီရိယယှဉ်စိတ် ၅၉ ။ | ဝီရိယ |
| ၇ | သမ္မာသတိ | သောဘနစိတ် ၅၉ ။ | သတိ |
| ၈ | သမ္မာသမာဓိ | သောဘနစိတ် ၅၉ ။ | ဧကဂ္ဂတာ |
| ၉ | မိစ္ဆာဒိဋ္ဌိ | ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ။ | ဒိဋ္ဌိ |
| ၁၀ | မိစ္ဆာသင်္ကပ္ပ | အကုသိုလ်စိတ် ၁၂ ။ | ဝိတက် |
| ၁၁ | မိစ္ဆာဝါယာမ | အကုသိုလ်စိတ် ၁၂ ။ | ဝီရိယ |
| ၁၂ | မိစ္ဆာသမာဓိ | ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၁၁ ။ | ဧကဂ္ဂတာ |

## ၄။ ဣန္ဒြေ (၂၂) ပါး

■ ဒွါရငါးလီ၊ ဣတ်, ပု, ဇီ၊ မနီ, ဝေ ငါးခု။
သဒ်, ဝီ, သ, မာ၊ ပဉ် လေးဖြာ၊
ဒွိဒွါ ဣန်အစု။

| ဣန္ဒြေ ၂၂ ပါး | | ရုပ်တရားကိုယ် ၈ ပါး | | | | နာမ်တရားကိုယ် ၈ ပါး |
|---|---|---|---|---|---|---|
| ၁ | စက္ခုန္ဒြေ | စက္ခု ပသာဒ | | | | |
| ၂ | သောတိန္ဒြေ | သောတ " | | | | |
| ၃ | ဃာနိန္ဒြေ | ဃာန " | | | | |
| ၄ | ဇိဝှိန္ဒြေ | ဇိဝှာ " | | | | |
| ၅ | ကာယိန္ဒြေ | ကာယ " | | | | |
| ၆ | ဣတ္ထိန္ဒြေ | ဣတ္ထိဘာဝ | | | | |
| ၇ | ပုရိသိန္ဒြေ | ပုမ္ဘာဝ | | | | |
| ၈ | ဇီဝိတိန္ဒြေ | ရုပ်ဇီဝိတ | | | | နာမ်ဇီဝိတ |
| ၉ | မနိန္ဒြေ | | | ၈၉ | ပါးသော | စိတ် |
| ၁၀ | သုခိန္ဒြေ | | သုခသဟဂုတ်စိတ် | ၁ | ပါးရှိ | ဝေဒနာ |
| ၁၁ | ဒုက္ခိန္ဒြေ | | ဒုက္ခ " | ၁ | " | " |
| ၁၂ | သောမနဿိန္ဒြေ | | သောမနဿ " | ၆၂ | " | " |
| ၁၃ | ဒေါမနဿိန္ဒြေ | | ဒေါမနဿ " | ၂ | " | " |
| ၁၄ | ဥပေက္ခိန္ဒြေ | | ဥပေက္ခာ " | ၅၅ | " | " |
| ၁၅ | သဒ္ဓိန္ဒြေ | | သောဘနစိတ် | ၅၉ | " | သဒ္ဓါ |
| ၁၆ | ဝီရိယိန္ဒြေ | | ဝီရိယယှဉ်စိတ် | ၇၃ | " | ဝီရိယ |
| ၁၇ | သတိန္ဒြေ | | သောဘနစိတ် | ၅၉ | " | သတိ |
| ၁၈ | သမာဓိန္ဒြေ | | (အဝီရိယ ၁၆၊ ဝိစိကိစ္ဆာ)ကြဉ် ကြွင်းစိတ် | ၇၂ | " | ဧကဂ္ဂတာ |
| ၁၉ | ပညိန္ဒြေ | | တိဟိတ်စိတ် | ၄၇ | " | ပညာ |
| ၂၀ | အနညာတညဿာမိတိန္ဒြေ | | သောတာပတ္တိမဂ်ခဏ | | ရှိ | " |
| ၂၁ | အညိန္ဒြေ | | အထက်မဂ် ၃၊ အောက်ဖိုလ် | ၃ | ရှိ | " |
| ၂၂ | အညာတာဝိန္ဒြေ | | အရဟတ္တဖိုလ် | | ရှိ | " |

**ဣန္ဒြေ** = အုပ်စိုးခြင်း၊ လွှမ်းမိုးခြင်းကို ပြုတတ်သော သဘောတရားသည် ဣန္ဒြေမည်၏။
= (တစ်နည်း) မိမိတို့၏ ဆိုင်ရာကိစ္စ၌ အစိုးရသောကြောင့် ဣန္ဒြေမည်၏။

►► ဆိုင်ရာတရား၊ ကိစ္စများဝယ်၊ စိုးရသွယ်သွယ်၊ လွှမ်းမိုးဖွယ်၊ မှတ်ဖွယ်ဣန္ဒြေ။
(မြင်မှုကိစ္စ၌ စက္ခုန္ဒြေ၊ ကြားမှုကိစ္စ၌ သောတိန္ဒြေ စသည် ...)

| | | | |
|---|---|---|---|
| ❁ ရုပ် | ဣန္ဒြေ | ၇ | ပါး |
| ရုပ်+နာမ် | ဣန္ဒြေ | ၁ | ပါး |
| နာမ် | ဣန္ဒြေ | ၁၄ | ပါး |
| | ဣန္ဒြေ | ၂၂ | ပါး |

| | | | |
|---|---|---|---|
| ❁ ရုပ် | တရားကိုယ် | ၈ | ပါး |
| နာမ် | ။ | ၈ | ပါး |
| | တရားကိုယ် | ၁၆ | ပါး |

## ၅။ ဗိုလ် (၉) ပါး

| ဗိုလ် ၉ ပါး | | တရားကိုယ် | | | |
|---|---|---|---|---|---|
| ၁ | သဒ္ဓါဗိုလ် | သောဘနစိတ် | ၅၉ | ပါးရှိ | သဒ္ဓါ |
| ၂ | ဝီရိယဗိုလ် | ဝီရိယယှဉ်စိတ် | ၇၃ | ။ | ဝီရိယ |
| ၃ | သတိဗိုလ် | သောဘနစိတ် | ၅၉ | ။ | သတိ |
| ၄ | သမာဓိဗိုလ် | (အဝီရိယ ၁၆၊ ဝိစိကိစ္ဆာ)ကြဉ် စိတ် | ၇၂ | ။ | ဧကဂ္ဂတာ |
| ၅ | ပညာဗိုလ် | တိဟိတ်စိတ် | ၄၇ | ။ | ပညာ |
| ၆ | ဟိရီဗိုလ် | သောဘနစိတ် | ၅၉ | ။ | ဟိရီ |
| ၇ | ဩတ္တပ္ပဗိုလ် | သောဘနစိတ် | ၅၉ | ။ | ဩတ္တပ္ပ |
| ၈ | အဟိရိကဗိုလ် | အကုသိုလ်စိတ် | ၁၂ | ။ | အဟိရိက |
| ၉ | အနောတ္တပ္ပဗိုလ် | အကုသိုလ်စိတ် | ၁၂ | ။ | အနောတ္တပ္ပ |

**ဗိုလ်** = လောက၌ ဗိုလ်လုပ်သူသည် ရန်သူနှင့် တွေ့ကြုံလျှင် မတုန်လှုပ်သကဲ့သို့ ဆန့်ကျင်ဖက် တရားများကြောင့် မလှုပ်ရှားနိုင်၊ မြဲခိုင်သောတရားကို ဗိုလ်ဟုခေါ်၏။ (တစ်နည်း) သမ္ပယုတ်တရားများတွင် အခိုင်ခံ့ဆုံးဖြစ်၍ ဗိုလ်ဟုခေါ်၏။

►► ဆန့်ကျင်တရား၊ အစားစားကြောင့်၊ မလှုပ်ရှားနိုင်၊ မြဲခိုင်ထိုထို၊ ဗလ–ဗိုလ်၊ ခေါ်ဆို မှတ်စရာ။

(၁) ကုသိုလ်ပိုင် = သဒ္ဓါပိုင် မှ ပြဉ္ဉာပွပိုင် အထိဖြစ်သော ကုသိုလ်ပိုင် (၇)ပါး တို့သည် ဆန့်ကျင်ဖက် အကုသိုလ်တို့ကြောင့် မလှုပ်ရှားနိုင်၊ မြဲခိုင်ရုံသာမက ထိုအကုသိုလ်များကို ပယ်ရှား ဖြိုခွင်းနိုင်သော ပဟာယက သတ္တိလည်း ရှိကြ၏။
(ကုသိုလ်တရားတို့ကား.. ပဟာယက = ပယ်တတ်သောတရား)

(၂) အကုသိုလ်ပိုင် = ဝီရိယ၊ ကေဂ္ဂတာ၊ အဟိရိက၊ အနောတ္တပ္ပ စသော အကုသိုလ်စိတ် တို့နှင့် ယှဉ်လေ့ရှိသော ပိုင်တို့ကား မိမိတို့နှင့် တကွဖြစ်ဖက် သမ္ပယုတ်တရားများ၌သာ ခိုင်မြဲခြင်းသဘောရှိ၍ ဆန့်ကျင်ဖက် တရားတို့ကို ပယ်ရှားနှိမ်နင်းနိုင်သော သတ္တိမရှိပေ။
(အကုသိုလ်တရားတို့ကား.. ပဟာတဗ္ဗ = ပယ်အပ်သောတရား)

- အဝီရိယစိတ် ၁၆ ပါး၌ ပိုင်မထိုက်ပေ။
  - ▶ ဝီရိယကိုယ်၊ မရှိလိုသဖြင့်၊ ပိုင်မထိုက်ဘိ၊ အလိုက်သိ၊ အဝီရိယပါ။

## ၆။ အဓိပတိ (၄) ပါး

| အဓိပတိ ၄ ပါး | | တရားကိုယ် | | | |
|---|---|---|---|---|---|
| ၁ | ဆန္ဒာဓိပတိ | ဒွိဟိတ် + တိဟိတ်ဇော | ၅၂ | ပါးရှိ | ဆန္ဒ |
| ၂ | ဝီရိယာဓိပတိ | ဒွိဟိတ် + တိဟိတ်ဇော | ၅၂ | ။ | ဝီရိယ |
| ၃ | စိတ္တာဓိပတိ | ဒွိဟိတ် + တိဟိတ်ဇော | ၅၂ | ပါး | |
| ၄ | ဝီမံသာဓိပတိ | တိဟိတ်ဇော | ၃၄ | ပါးရှိ | ပညာ |

(ဝီမံသ = စူးစမ်းဆင်ခြင်တတ်သော ပညာ)

**အဓိပတိ** = မိမိနှင့်စပ်၍ဖြစ်ကုန်သောတရားတို့၏ အရှင်သခင်အကြီးအမှူး (ဝါ) ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို လွှမ်းမိုးအုပ်ချုပ်လျက် မိမိအလိုကျဖြစ်အောင် လိုက်ပါစေနိုင်သော တရားဖြစ်၍ အဓိပတိဟု ခေါ်၏။

▶▶ ကိုယ့်နိုင်ငံတွင်၊ မြတ်ဘုရင်သို့၊ များဖြင်တရား၊ တွဲဖက်များကို၊ တစ်ပါးတည်းက၊ အလိုကျအောင်၊ စိုးရလေတတ်၊ သတ္တိမြတ်၊ မှတ်အပ် အဓိပတိ ခေါ်။

● ဇောကိစ္စတပ်သောစိတ်တို့တွင် ဒွိဟိတ်+တိဟိတ်ဇော ၅၂ ပါးရှိ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ တို့သာ အဓိပတိထိုက်၏။ ထိုအဓိပတိထိုက်သော တရားတို့တွင်လည်း ၄ ပါး၊ ၃ ပါး၊ ၂ ပါး ဆုံစေကာမူ တစ်ပါးတည်းကသာ အဓိပတိကိစ္စတပ်၍ ဖြစ်သည်။

## ● အဓိပတိနှင့် ဣန္ဒြေတို့ အထူး

အဓိပတိ၏ အစိုးရခြင်းကား တကွဖြစ်ဖက်တရားအားလုံး၏ အကြီးအမှူးအဖြစ် အစိုးရခြင်းတည်း။ ဣန္ဒြေကား မိမိဆိုင်ရာကိစ္စ၌သာ အစိုးရခြင်းဖြစ်၏။ (ဥပမာ – အာရုံကို သိမှု၌ မနိန္ဒြေက အစိုးရ၏။ ကျန်တရားများက မန အလိုအတိုင်း လိုက်ကြရ၏။ သမ္ပယုတ် တရားတို့ကို စောင့်ရှောက်မှု၌ ဇီဝိတိန္ဒြေက အစိုးရ၏။ မန စသော ကျန်တရားတို့က ဇီဝိတ အလို အတိုင်း လိုက်ကြရ၏။)

▸▸ အဓိပတိမျိုး၊ အုပ်ချုပ်စိုးကား၊ ပြိုင်ရှိုးမရှိ၊ တစ်ပါးတည်းပေ၊ ဘုရင်အနေတည်း။
ဣန္ဒြေမှုကား၊ မှူးမတ်လားသို့၊ သူများကိစ္စ၊ သူ့အလိုကျအောင်၊ လိုက်ရပြီးကာ၊
ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်သာလွှမ်းမိုး၊ အုပ်ချုပ်စိုးသည်၊ နှစ်မျိုးသည်ပုံ ကွဲသတည်း။

## ၇။ အာဟာရ (၄) ပါး

| | | | |
|---|---|---|---|
| ၁။ | ကဗဠီကာရာဟာရ | = | ဩဇာရုပ် |
| ၂။ | ဖဿာဟာရ | = | ဖဿ |
| ၃။ | မနောသဉ္စေတနာဟာရ | = | စေတနာ |
| ၄။ | ဝိညာဏာဟာရ | = | စိတ်(၈၉) |

**အာဟာရ** = အစာအာဟာရသည် ခန္ဓာကိုယ်ကို ကြာရှည်စွာ ဆောင်ရွက် ထောက်ပံ့ထား သကဲ့သို့ မိမိဆိုင်ရာ အကျိုးများကို ဖြစ်စေနိုင်သောတရားကို အာဟာရဟု ခေါ်၏။ (ဤလေးပါးတို့မှ တစ်ပါးသောတရားများလည်း မိမိတို့ဆိုင်ရာ အကျိုးတရားများအား ဖြစ်စေကြ၊ ထောက်ပံ့သမှု ကျေးဇူးပြုကြသော်လည်း ဤတရားလေးပါးတို့ကသာ သတ္တဝါတို့၏ အဇ္ဈတ္တိကသန္တာန်၌ ထူးသော အကြောင်း၏အဖြစ်ကြောင့် အာဟာရ အမည်ရ၏။)

▸▸ ကျားထောက်သည့်ဟန်၊ ပစ္စယုပ္ပန်ကို၊ မြဲမြဲစေလျှက်၊ နောက်နောင်ဆက်အောင်၊
ဆောင်ရွက်သောအား၊ ထောက်ပံ့ခြား၊ မှတ်သားဟာရခေါ်။

## အာဟာရ (၄) ပါးတို့က အသီးသီး ဆောင်ရွက်ကြပုံ

၁။ **ကဗဠီကာရာဟာရ** သည် သြဇာလျှင် ရှစ်ခုမြောက်သော အာဟာရဇ အဋ္ဌကလာပ် စသည်ကို ဆောင်၏။ (ဝါ) ဖြစ်စေ၏။

၂။ ဖဿပစ္စယာ ဝေဒနာ ဟူသည်နှင့်အညီ **ဖဿာဟာရ** သည် ဝေဒနာ(၃)ပါး တည်း ဟူသော အကျိုးကို ဆောင်၏။ (ဝါ) ဖြစ်စေ၏။

၃။ သင်္ခါရပစ္စယာ ဝိညာဏံ ဟူသည်နှင့်အညီ **မနောသဉ္စေတနာဟာရ** ဟု ဆိုအပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံသည် ဘဝသုံးပါး၌ ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးကို ဆောင်၏။ (ဝါ) ဖြစ်စေ၏။

၄။ ဝိညာဏပစ္စယာ နာမရူပံ ဟူသည်နှင့်အညီ **ဝိညာဏာဟာရ** ဟု ဆိုအပ်သော ဝိညာဏ် သည် တကွဖြစ်ဖက် စေတသိက်နှင့် ရုပ်တရားတို့ကို ဆောင်၏။ (ဝါ) ဖြစ်စေ၏။

- ထိုထိုရှေးကံ၊ ပြုစီမံ၍၊ လူ့ထံနတ်ဆီ၊ ဖြစ်ရပြီလည်း၊ **ကဗဠီကာရ** ၊ အစာရမှ၊ ကာလအရှည်၊ သက်ဆုံးတည်၏။
- တစ်လီ **ဖဿ** ၊ အာဟာရကြောင့် ၊ ဣဋ္ဌ နိဋ္ဌာ ၊ အရသာကို ၊ ဝေဒနာခံစား၊ တဏှာပွားလျက်၊ ဝဋ်ကြွေးတက်၍၊ ဆက်လက်ရှည်စွာ၊
- **စေတနာ** မှု ၊ ခန္ဓာ သန္ဓေ ၊ စွဲကပ်စေ၍ ၊ ထွေထွေဝိပါက် ၊ ဝိညာဏ်ဆက်၏။
- မပျက်စေ့ငှာ၊ **ဝိညာဏ** ဟု၊ ဟာရစုလည်း၊ နှစ်ခုရုပ်နာမ်၊ ပွားအောင်ဖန်လျက်၊ ခန္ဓာဆက်ဖို့၊ ဆောင်ရွက်သောအား၊ ကျေးဇူးများသဖြင့်၊ လေးပါးဤတွင်၊ အာဟာရတင်သည်၊ ကျမ်းစဉ်ဖွင့်မြဲ မှတ်တမ်းတည်း။

## မိဿကသင်္ဂဟတရားကိုယ်အရကောက်

- ပညာ ငါးမည်၊ လေးမည် ဝီရိ၊ သမာဓိတည်း။ သတိ ၊ စိတ္တ၊ မည်ရ သုံးဖြာ၊ ဝေဒနာနှင့်၊ သဒ္ဓါ ဝိတက်၊ နှစ်ချက်မည်ရ၊ ဝိစာရ က၊ စသည်ကြွင်းရစ်၊ နှစ်ဆယ့်ရှစ်မှာ၊ တစ်မည်သာတည်း။
  ပေါင်းခါ မုချ၊ ရုပ်က ကိုးတန်၊ နာမ် နှစ်ဆယ့်ခွန်၊ ဆတ္တိံမှန်၏။
- ပိုလွန်ကြွင်းထ၊ ဆဗ္ဗိသ စေ၊ ရူပေ ဆယ့်ကိုး၊ တစ်မျိုး နိဗ္ဗာန်၊ အမှန်လေးဆယ်၊ ခြောက်ခု ကယ်သည်၊ ခေါ်ဘွယ် နာမ၊ မည် ၊ မရသည်၊ ရွေးမျှဆံချည် မတိမ်းတည်း။

မိဿကသင်္ဂဟတရားကိုယ်အရကောက်

| | | | တရားကိုယ် | သဒ္ဓါ ၂ | ဝီရိယ ၄ | သတိ ၃ | ကေဂ္ဂ ၄ | ပညာ ၅ | စိတ် ၃ | ပီတက် ၂ | ဝေဒနာ ၂ | အမည်တစ်ပါးစီရ တရားကိုယ်ပေါင်း ၂၈ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဟိတ် | ၆ | ၆ | | | | | ပညာ | | | | လောဒေါ၊ မောအလောအဒေါ |
| ၂ | ဈာနင် | ၇ | ၅ | | | | ကေဂ် | | | ပိတက် | ဝေဒနာ[၂] | ဝိစာရ၊ ပီတိ |
| ၃ | မဂ္ဂင် | ၁၂ | ၉ | | ဝီရိယ[၂] | သတိ | ကေဂ်[၂] | ပညာ | | ပိတက်[၂] | | ဝိရတီ ၃၊ ဒိဋ္ဌိ |
| ၄ | ဣန္ဒြေ | ၂၂ | ၁၆ | သဒ္ဓါ | ဝီရိယ | သတိ | ကေဂ် | ပညာ[၄] | စိတ် | | ဝေဒနာ[၅] | ရုပ်ဣန္ဒြေ ၈၊ ဇီဝိတ |
| ၅ | ဗိုလ် | ၉ | ၉ | သဒ္ဓါ | ဝီရိယ | သတိ | ကေဂ် | ပညာ | | | | ဟိရီ၊ ဩတ္တပ္ပ၊ အဟိရိ၊ အနောတ္တ |
| ၆ | အဓိပတိ | ၄ | ၄ | | ဝီရိယ | | | ပညာ | စိတ် | | | ဆန္ဒ |
| ၇ | အာဟာရ | ၄ | ၄ | | | | | | စိတ် | | | ဩဇာ၊ ဖဿ၊ စေတနာ |

## ၃။ ဗောဓိပက္ခိယသင်္ဂဟ

ဗောဓိဟူသောမဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော တရားများကို ပြသောအပိုင်း ဖြစ်၍ "ဗောဓိပက္ခိယသင်္ဂဟ" ဟုခေါ်သည်။

**ခေါင်းစဉ် ၇ မျိုး ။ ။ သတိ , သမ္မ ၊ ဣဒ် , ဣန် , ဗ ၊ ဗောဇ္ဈ , မဂ် ခုနစ်။**

ဗောဓိပက္ခိယတရား (၃၇) ပါး

| | | | |
|---|---|---|---|
| ၁။ | သတိပဋ္ဌာန် | ၄ | ပါး |
| ၂။ | သမ္မပ္ပဓာန် | ၄ | ပါး |
| ၃။ | ဣဒ္ဓိပါဒ် | ၄ | ပါး |
| ၄။ | ဣန္ဒြေ | ၅ | ပါး |
| ၅။ | ဗိုလ် | ၅ | ပါး |
| ၆။ | ဗောဇ္ဈင် | ၇ | ပါး |
| ၇။ | မဂ္ဂင် | ၈ | ပါး |
| | ပေါင်း | ၃၇ | ပါး |

## ၁။ သတိပဋ္ဌာန် (၄) ပါး

| | | |
|---|---|---|
| (၁) ကာယာနုပဿနာသတိပဋ္ဌာန် | } | တရားကိုယ်မှာ |
| (၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် | | မဟာကုသိုလ် ၈၊ မဟာကြိယာ ၈ |
| (၃) စိတ္တာနုပဿနာသတိပဋ္ဌာန် | | အပ္ပနာဇော ၂၆၊ ပေါင်း စိတ် ၄၂ ပါး၌ရှိ |
| (၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် | | သတိစေတသိက်။ (သမ္မာသတိ) |

**သတိပဋ္ဌာန်** = မိမိဆိုင်ရာအာရုံ၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည်သော သတိစေတသိက် (ဝါ) သတိအထူးကို ခေါ်သည်။ (တစ်နည်း)

= အခြားတစ်ပါး များစွာသောအာရုံတို့၌ စိတ်ပျံ့ပြေးဝင်ခြင်းကို တားမြစ်၍ ကိုယ်စသော အာရုံတို့၌သာလျှင် အစဉ်ဝင်စားလျက် တည်တံ့စွာဖြစ်တတ်သောကြောင့် သတိပဋ္ဌာန် မည်၏။

▸▸ လွန်လွန်ကဲကဲ၊ အာရုံထဲ၌၊ စွဲမြဲတည်ဘိ ၊ ထိုသတိ ၊သတိပဋ္ဌာန်ခေါ်။

**ဗောဓိပက္ခိယတရား** ဟူသည် မဂ်ဉာဏ်ဘက်မှ ပါဝင်၍ မဂ်ဉာဏ်၏အကျိုးကို ရွက်ဆောင်သော တရားဖြစ်သောကြောင့် **မဂ်ဉာဏ်အားကျေးဇူးများသော မဟာကုသိုလ်, မဟာကြိယာ , အပ္ပနာဇော** တို့နှင့် ယှဉ်သောတရားများကိုသာ ဗောဓိပက္ခိယတရားဟု ခေါ်၏။

### သတိပဋ္ဌာန် တရား (၄) ပါးပြားရပုံ

(၁) **ကာယာနုပဿနာသတိပဋ္ဌာန်**သည်ကား ... **ရူပက္ခန္ဓာ (၃၂ ကောဋ္ဌာသ)** ကို အာရုံပြု၍ **အသုဘအခြင်းအရာ** ပေါ်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိဖြစ်၏။ ထိုသို့ ရှုဆင်ခြင်ခြင်းကြောင့် **သုဘဝိပလ္လာသ** ကို ပယ်ရှားနိုင်၏။

(၂) **ဝေဒနာနုပဿနာသတိပဋ္ဌာန်**သည်ကား ... **ဝေဒနာက္ခန္ဓာ (ဝေဒနာ)** ကို အာရုံပြု၍ **ဒုက္ခအခြင်းအရာ** ပေါ်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိဖြစ်၏။ သုခဟု မှတ်ထင်သော **သုခဝိပလ္လာသ** ကို ပယ်ရှားနိုင်၏။

(၃) **စိတ္တာနုပဿနာသတိပဋ္ဌာန်**သည်ကား ... **ဝိညာဏက္ခန္ဓာ (စိတ်)** ကို အာရုံပြု၍ **အနိစ္စအခြင်းအရာ** ပေါ်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိဖြစ်၏။ **နိစ္စဝိပလ္လာသ** ကို ပယ်ရှားနိုင်၏။

(၄) **ဓမ္မာနုပဿနာသတိပဋ္ဌာန်**သည်ကား... **သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ** တည်းဟူသော ဓမ္မတို့ကို အာရုံပြု၍ **အနတ္တအခြင်းအရာ** ပေါ်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိ ဖြစ်၏။ **အတ္တဝိပလ္လာသ** ကို ပယ်ရှားနိုင်၏။

ဤသို့ သတိပဋ္ဌာန်လေးပါး၌ သတိစေတသိက်တစ်ပါးသာ တရားကိုယ်ရှိသော်လည်း အာရုံအားဖြင့်လည်းကောင်း၊ ရှုပုံအခြင်းအရာအားဖြင့်လည်းကောင်း၊ ပယ်ရှားနိုင်ခြင်းကိစ္စအားဖြင့်လည်းကောင်း ၄ မျိုးစီပြား၍ သတိပဋ္ဌာန်ကိုလည်း ၄ ပါးဟောရခြင်းဖြစ်ပါသည်။

▸▸ သတိတစ်သာ၊ ဖြစ်တုံပါလည်း၊ ယူရာအာရုံ၊ လေးပါးစုံခဲ့၊
ယူပုံခြင်းရာ၊ လေးမျိုးသာတည်း၊ ပယ်ခွါကိစ္စ၊ ဖြစ်ပြန်ကလျှင်၊
လေးပါးပင်မို့၊ တို့ရှင်ပင်စော၊ လေးမျိုးဟောသည်၊ မှတ်လော သတိပဋ္ဌာန်တည်း။

## ၂။ သမ္မပ္ပဓာန် (၄) ပါး

| | | |
|---|---|---|
| (၁) ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော | = | ဖြစ်ပြီး အကုသိုလ်တို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း။ |
| (၂) အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော | = | မဖြစ်သေးသော အကုသိုလ်တို့ကို အသစ်မဖြစ်အောင် အားထုတ်ခြင်း။ |
| (၃) အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော | = | မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင် အားထုတ်ခြင်း။ |
| (၄) ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော | = | ဖြစ်ပြီး ကုသိုလ်တို့ကို တိုးပွားအောင် အားထုတ်ခြင်း။ |

တရားကိုယ်မှာ ... မဟာကုသိုလ် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဂ်ကုသိုလ် ၄၊ ပေါင်း ကုသိုလ်စိတ် ၂၁ ပါးရှိ ဝီရိယတည်း။

(ဤသမ္မပ္ပဓာန်တရားကား အားထုတ်မှုပြီးမြောက်ပြီးသော ရဟန္တာများနှင့် မဆိုင်၍ ကြိယာ၌ ယှဉ်သော ဝီရိယကို မကောက်ထိုက်ပါ။ ဖိုလ်တရားများလည်း ထိုကိစ္စ ၄ ပါးလုံးကို မပြုနိုင်ရကား ဖိုလ်၌ယှဉ်သော ဝီရိယကိုလည်း မကောက်ထိုက်ပါ။)

**သမ္မပ္ပဓာန်** = ကောင်းစွာအားထုတ်ကြောင်း၊ ပြီးစေကြောင်းဖြစ်သောကြောင့်သမ္မပ္ပဓာန်မည်၏။

(သမ္မပ္ပဓာန်ဝီရိယကား အရိုးကြွင်းစေ၊ အရေ၊ အကြော ကြွင်းစေ၊ အသားအသွေး ခန်းခြောက်စေ စသော အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသည့် အလွန်ဖွဲ့ကောင်းသော ဝီရိယတည်း။)

▸▸ ကြော၊ ခြင်၊ ရိုး၊ ရေ၊ ကြွင်းလေစေ၊ ကုန်စေ သား အသွေး၊
အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန် လေး။

## သမ္မပ္ပဓာန် (၄) ပါးပြားရခြင်း

သမ္မပ္ပဓာန်များ၌ ဝီရိယတရားကိုယ်တစ်ပါးသာရသော်လည်း ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်အောင် အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင် အားထုတ်ခြင်း၊ ဖြစ်ပြီး ကုသိုလ်တို့ကို တိုးပွားအောင် အားထုတ်ခြင်း စသောကိစ္စတို့၏ အစွမ်းအားဖြင့် လေးပါးပြားရပါသည်။

## ၃။ ဣဒ္ဓိပါဒ် (၄) ပါး

| | | | | | |
|---|---|---|---|---|---|
| (၁) | ဆန္ဒိဒ္ဓိပါဒ် ... | ကုသိုလ်စိတ်(ဇောဝီသ) | ၂၁ ပါး၌ရှိသော | | ဆန္ဒ |
| (၂) | ဝီရိယိဒ္ဓိပါဒ် ... | ။ | | ။ | ဝီရိယ |
| (၃) | စိတ္တိဒ္ဓိပါဒ် ... | ။ | | ။ | စိတ် |
| (၄) | ဝီမံသိဒ္ဓိပါဒ် ... | ။ | | ။ | ပညာ |

**ဣဒ္ဓိ** = ဈာန်၊ မဂ်ဖိုလ်တို့ရမှု၊ ပြီးစီးအောင်မြင်မှုသည် ဣဒ္ဓိမည်၏။

**ဣဒ္ဓိပါဒ်** = ပြီးစီးအောင်မြင်မှု၏ အခြေခံအကြောင်းရင်းဖြစ်သော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ(ပညာ)တရားတို့သည် ဣဒ္ဓိပါဒ်မည်၏။ (တစ်နည်း)

= ပြီးစီးထမြောက်သော ဈာန်၊ မဂ်ဖိုလ် အကျိုးတို့၏ အခြေခံအကြောင်းများကို ဣဒ္ဓိပါဒ်ဟု ခေါ်၏။

ဣဒ္ဓိပါဒ်သည် ပြီးစီးထမြောက်သော ဈာန်၊ မဂ်ဖိုလ်အကျိုးတို့၏ အခြေခံ အကြောင်း တရားများဖြစ်ရာ အကျိုးပြီးစီးသော ရဟန္တာတို့၏ ကြိယာစိတ်၊ အကျိုးတရားဖြစ်သော ဖိုလ်စိတ် များနှင့် မသက်ဆိုင်၍ ကုသိုလ်စိတ်၌သာယူ၍ ယူဥ်နိုက် ဆန္ဒ၊ ဝီရိယ၊ ပညာ နှင့် ကုသိုလ်စိတ်များကိုသာ တရားကိုယ်ကောက်ရပါသည်။

| ၄။ | ဣန္ဒြေ (၅) ပါး | ၅။ | ဗိုလ် (၅) ပါး | တရားကိုယ် | |
|---|---|---|---|---|---|
| ၁ | သဒ္ဓိန္ဒြေ | ၁ | သဒ္ဓါဗိုလ် | မဟာကုသိုလ် ၈ | သဒ္ဓါ |
| ၂ | ဝီရိယိန္ဒြေ | ၂ | ဝီရိယဗိုလ် | မဟာကြိယာ ၈ | ဝီရိယ |
| ၃ | သတိန္ဒြေ | ၃ | သတိဗိုလ် | အပ္ပနာဇော ၂၆ | သတိ |
| ၄ | သမာဓိန္ဒြေ | ၄ | သမာဓိဗိုလ် | ပေါင်း ၄၂ ပါးရှိ | ဧကဂ္ဂတာ |
| ၅ | ပညိန္ဒြေ | ၅ | ပညာဗိုလ် | | ပညာ |

ဣန္ဒြေညီမျှရန်အတွက် .... သဒ္ဓါ နှင့် ပညာ ညီရမည်။
ဝီရိယ နှင့် သမာဓိ ညီရမည်။
သတိ ကား ပိုသည် မရှိပေ။

(ဣန္ဒြေ၊ ဗိုလ် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို မိဿကသင်္ဂဟ၌ ပြဆိုခဲ့ပြီး ဖြစ်၏။)

## ၆။ ဗောဇ္ဈင် (၇) ပါး

(၁) သတိ သမ္ဗောဇ္ဈင် ... ဆိုခဲ့ပြီးသော စိတ် ၄၂ ပါးရှိ သတိ
(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင် ... ။ ပညာ
(၃) ဝီရိယ သမ္ဗောဇ္ဈင် ... ။ ဝီရိယ
(၄) ပီတိ သမ္ဗောဇ္ဈင် ... ။ ပီတိ
(၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင် ... ။ ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ
(၆) သမာဓိ သမ္ဗောဇ္ဈင် ... ။ ဧကဂ္ဂတာ
(၇) ဥပေက္ခာ သမ္ဗောဇ္ဈင် ... ။ တတြမဇ္ဈတ္တတာ

**ဗောဇ္ဈင်** = ဗောဓိမည်သော မဂ်ဉာဏ်လေးပါး၏ အကြောင်းအင်္ဂါ အစိတ်အပိုင်းကို "ဗောဇ္ဈင်" ဟု ခေါ်၏။ (ရာနင်၊ မဂ္ဂင် တို့ကဲ့သို့) (တစ်နည်း)
= သစ္စာလေးပါးကို သိကြောင်း တရားအပေါင်း၏ အင်္ဂါအစိတ်ကို "ဗောဇ္ဈင်"ဟု ခေါ်၏။ (ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ)

(ဓမ္မဝိစယ = ဓမ္မ - ဆိုင်ရာတရားများကို၊ ဝိစယ - စိစစ်တတ်သော ပညာ။)

## ၇။ မဂ္ဂင် (၈) ပါး

| | | | | |
|---|---|---|---|---|
| ၁ | သမ္မာဒိဋ္ဌိ | ဆိုခဲ့ပြီးသောစိတ် ၄၂ပါးရှိ | ပညာ | ပညာမဂ္ဂင် ၂ ပါး (ပညာက္ခန္ဓာ) |
| ၂ | သမ္မာသင်္ကပ္ပ | ။ | ဝိတက် | |
| ၃ | သမ္မာဝါစာ | ။ | သမ္မာဝါစာ | သီလမဂ္ဂင် ၃ ပါး (သီလက္ခန္ဓာ) |
| ၄ | သမ္မာကမ္မန္တ | ။ | သမ္မာကမ္မန္တ | |
| ၅ | သမ္မာအာဇီဝ | ။ | သမ္မာအာဇီဝ | |
| ၆ | သမ္မာဝါယာမ | ။ | ဝီရိယ | သမာဓိမဂ္ဂင် ၃ ပါး (သမာဓိက္ခန္ဓာ) |
| ၇ | သမ္မာသတိ | ။ | သတိ | |
| ၈ | သမ္မာသမာဓိ | ။ | ဧကဂ္ဂတာ | |

**မဂ္ဂင်** = သံသရာဝဋ်မှ လွတ်၍ထွက်ကြောင်း မဂ်၏ အစိတ်အပိုင်း အကြောင်းအင်္ဂါ ဖြစ်၍ "မဂ္ဂင်" ဟု ခေါ်၏။

- ▸▸ မဂ္ဂင် အဋ္ဌ၊ ထင်ရှားလှ၊ ဝဋ်မှ ထွက်ကြောင်းသိ။
- ▸▸ မဂ္ဂင်အစစ်ကား မဂ်ဉာဏ် ၄ ပါး၌ရှိသော ပညာ စသော တရားကိုယ် ၈ ပါးတို့တည်း။

❁ ဗောဓိပက္ခိယတရားတို့သည် တရားကိုယ်အားဖြင့် ... ၁၄ ပါး
အပြားအားဖြင့် ... ၃၇ ပါး
ခေါင်းစဉ်အားဖြင့် ... ၇ ပါး ရှိကုန်၏။

❁ လောကုတ္တရာစိတ်၌ အလုံးစုံသော ဗောဓိပက္ခိယတရားတို့ ဖြစ်ကုန်၏။ သို့ရာတွင် သင်္ကပ္ပ(ဝိတက်) နှင့် ပီတိ တို့သည် ဈာန်အားဖြင့် ရေတွက်သော အချို့သောလောကုတ္တရာ စိတ်၌ မဖြစ်ပေ။ (ဝိတက်သည် ဒုတိယဈာန်စိတ် စသည်၌ မရထိုက်၊ ပီတိသည် စတုတ္ထဈာန် ၊ ပဉ္စမဈာန်စိတ် တို့၌ မရထိုက်။)

❁ ဗောဓိပက္ခိယတရားတို့သည် သီလဝိသုဒ္ဓိ စသော ၆ ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်ရာ အခါ၌ လောကီကုသိုလ်၊ ကြိယာစိတ် တို့၌လည်း ထိုက်သင့်သလို ဖြစ်နိုင်ကုန်၏။

ဗောဓိပက္ခိယတရားကိုယ်အရကောက်

| | | | တရားကိုယ် | သဒ္ဓါ ၂ | ဝီရိယ ၉ | သတိ ၈ | ဇောက် ၄ | ပညာ ၅ | အမည်တစ်ပါးစီရ တရားကိုယ်ပေါင်း ၉ |
|---|---|---|---|---|---|---|---|---|---|
| ၁ | သတိပဋ္ဌာန် | ၄ | ၁ | | | သတိ[၄] | | | |
| ၂ | သမ္မပ္ပဓာန် | ၄ | ၁ | | ဝီရိယ[၄] | | | | |
| ၃ | ဣဒ္ဓိပါဒ် | ၄ | ၄ | | ဝီရိယ | | | ပညာ | ဆန္ဒ၊ စိတ်(လောကုတ္တရာ) |
| ၄ | ဣန္ဒြေ | ၅ | ၅ | သဒ္ဓါ | ဝီရိယ | သတိ | ဇောက် | ပညာ | |
| ၅ | ဗိုလ် | ၅ | ၅ | သဒ္ဓါ | ဝီရိယ | သတိ | ဇောက် | ပညာ | |
| ၆ | ဗောဇ္ဈင် | ၇ | ၇ | | ဝီရိယ | သတိ | ဇောက် | ပညာ | ပီတိ၊ ပဿဒ္ဓိ၊ တတြမဇ္ဈတ္တတာ |
| ၇ | မဂ္ဂင် | ၈ | ၈ | | ဝီရိယ | သတိ | ဇောက် | ပညာ | ဝိတက်၊ ဝိရတီ ၃ |

▸▸ ပညာ ငါးမည်၊ ကိုးမည် ဝီရိ၊ သတိ ရှစ်ဖြာ၊ သဒ္ဓါ နှစ်ချက်၊
ဇောက် စတု၊ မှတ်ရှု ကြွင်းရာ၊ တစ် ဌာနာ၊ သချာ ရေတွက်ပါ။

## ၆။ သဗ္ဗသင်္ဂဟ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရားအားလုံးကို သိမ်းကျုံးရေတွက်ရာ သင်္ဂဟသည် သဗ္ဗသင်္ဂဟမည်၏။

**ခေါင်းစဉ် ၅ မျိုး ။ ခန္ဓာ , ယတနာ၊ ဓာတုလာ , သစ္စာ ဟု မှတ်ပါ။**

**သဗ္ဗသင်္ဂဟ၌ (၅) ပါး အပြား**

၁။ ခန္ဓာ ၅ ပါး
၂။ ဥပါဒါနက္ခန္ဓာ ၅ ပါး
၃။ အာယတန ၁၂ ပါး
၄။ ဓာတ် ၁၈ ပါး
၅။ သစ္စာ ၄ ပါး

## ၁။ ခန္ဓာ (၅) ပါး

| ခန္ဓာ ၅ ပါး | | တရားကိုယ် | |
|---|---|---|---|
| ၁ | ရူပက္ခန္ဓာ | ရုပ် ၂၈ ပါး | ရုပ်ခန္ဓာ (၁) ပါး |
| ၂ | ဝေဒနာက္ခန္ဓာ | ဝေဒနာ စေတသိက် | နာမ်ခန္ဓာ (၄) ပါး |
| ၃ | သညာက္ခန္ဓာ | သညာ " | |
| ၄ | သင်္ခါရက္ခန္ဓာ | ကြွင်းစေတသိက် ၅၀ | |
| ၅ | ဝိညာဏက္ခန္ဓာ | စိတ် ၈၉ | |

**ခန္ဓာ** = အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အစရှိသောအပြားအားဖြင့် ပြားကုန်သော ထိုထိုသို့သော သဘောတူဖြစ်ကုန်သော တရားတို့သည် ပညာဖြင့် တပေါင်းတည်း ပြုအပ်သော ပေါင်းစုခြင်းအနက်သဘောကြောင့် "ခန္ဓာ" မည်၏။

**ခန္ဓာဖွဲ့ပုံ**

▸▸ ကာလသုံးရပ်၊ အဇ္ဈတ် ဗဟိ၊ သြဠာရိက၊ သုခုမနှင့်၊ ဟီန ပဏီတော၊ ဒူရေ သန္တိက၊ ကွဲကြသမှု၊ တရားစုကို၊ သူ့အမျိုးချင်း၊ ပေါင်းစပ်သွင်း၊ မယွင်း ခန္ဓာဖွဲ့။

**နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ထိုက်ပုံ**

▸▸ နိဗ္ဗာန်သည်ကား၊ နှစ်ပါးမကွဲ၊ မြဲ ဗဟိဒ္ဓ၊ သုခုမနှင့်၊ ပဏီတ ပေ၊ ဒူရေ တွက်မျှ၊ တစ်ဖက်ရ၊ ခန္ဓဝိမုတ် မည်။

■ နိဗ္ဗာန်သည် ကာလသုံးပါးစသော ၁၁ ပါးသောအခြင်းအရာအားဖြင့် မပြားချေ။ နိဗ္ဗာန်သည် ကာလဝိမုတ်ဖြစ်၏။ ခန္ဓာကိုယ်၏အပြင်ဘက်မှာတည်သောကြောင့် ဗဟိဒ္ဓ ဖြစ်၏။ သိမ်မွေ့သောကြောင့် သုခုမ၊ မွန်မြတ်သောကြောင့် ပဏီတ၊ အသိခက်ခဲသဖြင့် ဉာဏ်နှင့် ဝေးသောကြောင့် ဒူရေတရားသာ ဖြစ်၏။ ထိုသို့ကွဲပြားခြင်းမရှိသဖြင့် နိဗ္ဗာန်သည် ခန္ဓာဖွဲ့ရာ မှလွတ်၍ ခန္ဓဝိမုတ်မည်၏။

**ခန္ဓာငါးပါးနှင့် ဥပမာ**

(၁) ရူပက္ခန္ဓာသည် ဝေဒနာ၏ မှီရာဖြစ်သောကြောင့် တည်ရာ **ခွက်** နှင့် တူ၏။

(၂) ဝေဒနာက္ခန္ဓာသည် ဝိညာဏ်၏ ခံစားအပ်သောကြောင့် **စားဖွယ်** နှင့် တူ၏။

(၃) သညာက္ခန္ဓာသည် ဝေဒနာ၏ သာယာခံစားမြင်းကို ရခြင်း၏ အကြောင်းကြောင့် **ဟင်းလျာ** နှင့် တူ၏။

(၄) သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သောကြောင့် ချက်ပေးသူ **စားဖိုသည်** နှင့် တူ၏။

(၅) ဝိညာဏက္ခန္ဓာသည် ဝေဒနာတည်းဟူသော ဘောဇဉ်ကို စားတတ်သောကြောင့် **စားသည့်သူ** နှင့် တူ၏။

▸▸ ရူပက္ခန္ဓာ ၊ ခွက်ပမာနှင့် ၊ ဝေဒနာကား ၊ စားဖွယ်များဖြင့် ၊ မခြား သညာက်၊
ဟင်းလျာမြက်သို့ ၊ သင်္ခါရက်ဟူ ၊ ချက်ပေးသူနှင့် ၊ တူစွာ အချက်၊
ဝိညာဏက်မှာ ၊ မပျက် စံထား ၊ စားသူများလျှင် ၊ ပမာယှဉ်၊ ခေါ်တွင် ငါးခန္ဓာ။

ဤမျှသော ရူပက္ခန္ဓာ အစရှိသော တရားတို့၏ ခွက်အစရှိသည်နှင့် တူသော သဘော အားဖြင့် အလိုရှိအပ်သော ခန္ဓာ၏အနက် ပြီးပြည့်စုံသောကြောင့် ခန္ဓာကို ငါးပါးသာ ဟောတော်မူ၏။

### ဝေဒနာ နှင့် သညာ ၂ ပါးကို သီးခြားခန္ဓာဖွဲ့ရပုံ

ဝဋ်သုံးပါး၌ ဝေဒနာသည် သာယာတတ်သည်၏ အစွမ်းဖြင့် ဖြစ်တတ်၏။ သညာသည် ထိုခံစားခြင်း ဝေဒနာ၏ အကြောင်းဖြစ်၏။ ထို့ကြောင့် သံသရာ၏ ပဓာနဥ ဖြစ်သော အကြောင်းဖြစ်ခြင်းကြောင့် ဝေဒနာ နှင့် သညာ ကို သီးခြားခန္ဓာဖွဲ့၍ ဟောရပါသည်။

## ၂။ ဥပါဒါနက္ခန္ဓာ (၅) ပါး

| ဥပါဒါနက္ခန္ဓာ ၅ ပါး | | တရားကိုယ် | |
|---|---|---|---|
| ၁ | ရူပုပါဒါနက္ခန္ဓာ | ဘုံသုံးပါး၌ဖြစ်သော | ရုပ် ၂၈ ပါး |
| ၂ | ဝေဒနုပါဒါနက္ခန္ဓာ | (ဝါ) | ဝေဒနာ စေတသိက် |
| ၃ | သညုပါဒါနက္ခန္ဓာ | ဥပါဒါန်တရားတို့၏ | သညာ ။ |
| ၄ | သင်္ခါရုပါဒါနက္ခန္ဓာ | အာရုံဖြစ်သော | ကြွင်းစေတသိက် ၅၀ |
| ၅ | ဝိညာဏုပါဒါနက္ခန္ဓာ | | လောကီစိတ် ၈၁ ▸ |

▸ လောကုတ္တရာစိတ် ၈ ပါးကား ဥပါဒါန်တို့၏ အာရုံ မဟုတ်သဖြင့် ဝိညာဏုပါဒါနက္ခန္ဓာ၏ တရားကိုယ်၌ ထည့်မတွက်ပါ။

**ဥပါဒါနက္ခန္ဓာ** = ဥပါဒါန်တရား၊ အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ မည်၏။

■ **အနုပါဒါနက္ခန္ဓာ ၄ ပါး** ဟူသည်ကား လောကုတ္တရာစိတ် ၈ ပါးနှင့် ယင်းစိတ်တို့၌ ယှဉ်ဖိုက် ဝေဒနာစသော နာမ်ခန္ဓာ ၄ ပါးတို့တည်း။

■ **ခန္ဓာ နှင့် ဥပါဒါနက္ခန္ဓာ အထူး**

လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ ရကောင်းသမျှ တရားများကို အားလုံးသိမ်းကျုံး၍ ပြတော်မူခြင်းငှာ ခန္ဓဒေသနာကို ပထမ ဟောတော်မူ၏။

ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသည့်အခါ ဝိပဿနာရှုဖို့အတွက် လောကီတရားသက်သက်ကို ပြတော်မူခြင်းငှာ ဒုတိယ ဥပါဒါနက္ခန္ဓာဒေသနာကို ဟောတော်မူ၏။

- ▶▶ လောကီ လောကုတ်၊ မယုတ် မကြွင်း၊ ခန္ဓာတွင်း၌၊ သိမ်းသွင်း၍ယူ၊ ပြတော်မူ၊ မှတ်ယူ ခန္ဓဒေသနာတည်း။
- ▶▶ ဝိပဿနာ၊ ရှုဖို့ငှာလျှင်၊ ဥပါဒါနက်၊ လောကီတွက်၊ သက်သက်ဟောရပြန်သတည်း။

## ၃။ အာယတန (၁၂) ပါး

| အဇ္ဈတ္တိကာယတန ၆ ပါး | | တရားကိုယ် | ဗာဟိရာယတန ၆ ပါး | | တရားကိုယ် |
|---|---|---|---|---|---|
| ၁ | စက္ခာ ယတန | စက္ခု ပသာဒ | ၇ | ရူပါ ယတန | ရူပါရုံ |
| ၂ | သောတာ ။ | သောတ ။ | ၈ | သဒ္ဒါ ။ | သဒ္ဒါရုံ |
| ၃ | ဃာနာ ။ | ဃာန ။ | ၉ | ဂန္ဓာ ။ | ဂန္ဓာရုံ |
| ၄ | ဇိဝှါ ။ | ဇိဝှါ ။ | ၁၀ | ရသာ ။ | ရသာရုံ |
| ၅ | ကာယာ ။ | ကာယ ။ | ၁၁ | ဖောဋ္ဌဗ္ဗာ ။ | ဖောဋ္ဌဗ္ဗာရုံ (ပ, တေ . ဝါ) |
| ၆ | မနာယတန | စိတ် ၈၉ | ၁၂ | ဓမ္မာယတန | သုခုမရုပ် ၁၆<br>စေတသိက် ၅၂<br>နိဗ္ဗာန် ၁<br>} ၆၉ |

- ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး ပြားသောကြောင့် အာယတန ၁၂ ပါး ပြားရ၏။
- အာယတန (၁၂) ပါး၌
  - ▸ သုဒ္ဓါယတန ၉ ပါး (ပသာဒ ၅၊ ရူပ, သဒ္ဒ, ဂန္ဓ, ဩဇာ)
  - ▸ မိဿကာယတန ၃ ပါး (မနာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန)

**အာယတန** = စိတ်၊ စေတသိက်တို့၏ ဖြစ်ကြောင်းတရားများ ဖြစ်၍ ရူပါရုံ၊ စက္ခုပသာဒ စသောတရားများကို "အာယတန" ဟု ခေါ်သည်။ (အာယတနသဒ္ဒါသည် အကြောင်းဟူသောအနက်ကို ဟော၏။) (တစ်နည်း)

= ထိုထိုဒွါရ၊ ထိုထိုအာရုံတို့၌ စိတ် စေတသိက်တို့၏ မိမိဆိုင်ရာကိစ္စကို အားထုတ်ရာဌာန ဖြစ်၍လည်းကောင်း၊ စိတ် စေတသိက်တို့ကို ချဲ့တတ်သော ကြောင့်လည်းကောင်း၊ သံသရာဝဋ်ကို ချဲ့တတ်သောကြောင့် လည်းကောင်း အာယတနမည်၏။

## ၄။ ဓာတ် (၁၈) ပါး

**ဓာတ်** = မိမိသဘောကို ဆောင်တတ်သောတရားဖြစ်၍ "ဓာတ်" မည်၏။ (မိမိ၏ သဘောလက္ခဏာအတိုင်း ထင်ရှားစွာဖြစ်သော တရားဟု ဆိုလိုသည်။)

- ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ထို ဒွါရ, အာရုံတို့ကို မှီ၍ဖြစ်သော ဝိညာဏ် ၆ ပါးစီ ပြားသောကြောင့် ဓာတ် ၁၈ ပါး ပြားရ၏။

| အခံဓာတ် ၆ ပါး | | တရားကိုယ် | အတိုက်ဓာတ် ၆ ပါး | | တရားကိုယ် | အပွင့်ဓာတ် ၆ ပါး | | တရားကိုယ် |
|---|---|---|---|---|---|---|---|---|
| ၁ | စက္ခုဓာတ် | စက္ခု ပသာဒ | ၇ | ရူပဓာတ် | ရူပါရုံ | ၁၃ | စက္ခုဝိညာဏဓာတ် | စက္ခုဝိညာဏ်ဒွေး |
| ၂ | သောတဓာတ် | သောတ ။ | ၈ | သဒ္ဒဓာတ် | သဒ္ဒါရုံ | ၁၄ | သောတ ။ | သောတ ။ |
| ၃ | ဃာနဓာတ် | ဃာန ။ | ၉ | ဂန္ဓဓာတ် | ဂန္ဓာရုံ | ၁၅ | ဃာန ။ | ဃာန ။ |
| ၄ | ဇိဝှါဓာတ် | ဇိဝှါ ။ | ၁၀ | ရသဓာတ် | ရသာရုံ | ၁၆ | ဇိဝှါ ။ | ဇိဝှါ ။ |
| ၅ | ကာယဓာတ် | ကာယ ။ | ၁၁ | ဖောဋ္ဌဗ္ဗဓာတ် | ဖောဋ္ဌဗ္ဗာရုံ (ပ.တေ.ဝါ) | ၁၇ | ကာယ ။ | ကာယ ။ |
| ၆ | မနောဓာတ် | ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေး | ၁၂ | ဓမ္မဓာတ် | သုခုမရုပ် ၁၆<br>စေတသိက် ၅၂<br>နိဗ္ဗာန် ၁<br>၆၉ | ၁၈ | မနောဝိညာဏဓာတ် | မနောဝိညာဏ်စိတ် ၇၆ |

**ဓာတ် ၁၈ ပါး၌ ..**

■ စေ , သုခုမံ ၊ မြတ်နိဗ္ဗာန်၊ သုံးတန် ဓမ္မဓာတ်။

■ ရုပ်သက်သက်ဓာတ် = ၁၀ ပါး
နာမ် ။ = ၇ ပါး
ရုပ်နာမ်နှစ်ပါးရောဓာတ် = ၁ ပါး (ဓမ္မဓာတ်)

■ သုဒ္ဓဓာတ် = ၉ ပါး (တရားကိုယ်တစ်ပါးစီရဓာတ်များ)
မိဿကဓာတ် = ၉ ပါး (မနောဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်၊ အပွင့်ဓာတ် ၆)

■ ရုပ်ဓာတ် = ၁၀ ပါးခွဲ
နာမ်ဓာတ် = ၇ ပါးခွဲ

## ၅။ သစ္စာ (၄) ပါး

<table>
<tr><th colspan="2">သစ္စာ ၄ ပါး</th><th>တရားကိုယ်</th><th>အကြောင်း<br>အကျိုး</th><th>သင်္ခတ<br>အသင်္ခတ</th><th>လောကီ<br>လောကုတ္တရာ</th><th>ရုပ် ၊ နာမ်</th></tr>
<tr><td>၁</td><td>ဒုက္ခသစ္စာ</td><td>ရုပ် ၂၈၊ လောကီစိတ် ၈၁<br>လောဘကြဉ် စေ ၅၁</td><td>အကျိုး</td><td>အသင်္ခတ</td><td rowspan="2">လောကီ<br>သစ္စာ</td><td>ရုပ် + နာမ်<br>၂ ပါးရောသစ္စာ</td></tr>
<tr><td>၂</td><td>သမုဒယသစ္စာ</td><td>လောဘ (တဏှာ)</td><td>အကြောင်း</td><td>သင်္ခတ</td><td rowspan="3">နာမ်သက်သက်<br>သစ္စာ</td></tr>
<tr><td>၃</td><td>နိရောဓသစ္စာ</td><td>နိဗ္ဗာန်</td><td>အကျိုး</td><td>သင်္ခတ</td><td rowspan="2">လောကုတ္တရာ<br>သစ္စာ</td></tr>
<tr><td>၄</td><td>မဂ္ဂသစ္စာ</td><td>မဂ်စိတ် ၄ ပါးရှိ<br>မဂ္ဂင်တရားကိုယ် ၈ ပါး</td><td>အကြောင်း</td><td>အသင်္ခတ</td></tr>
</table>

■ နိရောဓသစ္စာကို နာမ်ထဲ သွင်းရ၏။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်သည် ညွတ်တတ်သော စိတ်. စေတသိက်တို့၏ ညွတ်အပ်၊ ညွတ်ရာ ဖြစ်သောကြောင့်တည်း။

**သစ္စာ** = မှန်ကန်သောတရား။

**အရိယသစ္စာ** = ထိုသစ္စာ ၄ ပါးအမှန်တရားကိုပင် အရိယာပုဂ္ဂိုလ်တို့၏ သစ္စာဖြစ်သောကြောင့် (ဝါ) အရိယာတို့ ရအပ်သောကြောင့် အရိယသစ္စာဟု ခေါ်၏။

**အရိယသစ္စာ (၄) ပါး ( သင်္ဂြိုဟ် ပါဠိအခေါ် )**

၁။ ဒုက္ခ အရိယသစ္စာ

၂။ ဒုက္ခသမုဒယ အရိယသစ္စာ

၃။ ဒုက္ခနိရောဓ အရိယသစ္စာ

၄။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စာ

■ **သစ္စာဝိမုတ်** = မဂ်စိတ္တုပ္ပါဒ် ၂၉ နှင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇ တို့သည် သစ္စာမှလွတ်သော သစ္စာဝိမုတ်များ ဖြစ်ကြ၏။

■ မဂ်စိတ္တုပ္ပါဒ် ၂၉ = မဂ်စိတ် + မဂ္ဂင် တရားကိုယ် ၈ ပါး ကြဉ်သော မဂ်၌ ယှဉ်နိုက် စေတသိက် ၂၈ ပါး။

■ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ = ဖိုလ်စိတ် + ဖိုလ်၌ယှဉ်နိုက် စေတသိက် ၃၆ ပါး။

## သုတ္တန်နည်းအရ သစ္စာ၌ပြန်၍ သွင်းယူခြင်း

"သစ္စာ ၄ ပါးမှ လွတ်သော သိဖွယ်တရားမည်သည် မရှိ" ဟူသော အဋ္ဌကထာစကား အရ သစ္စာဝိမုတ်တရားများကို သစ္စာ ၄ ပါး၌ ထိုက်သလို ပြန်သွင်းသော် ....

- ဖိုလ်စိတ်၌ယှဉ်ခိုက် မဂ္ဂင်တရားကိုယ် ၈ ပါးကို မဂ္ဂင်ချင်းတူသောကြောင့် (သဒိသူပစာနည်းအားဖြင့်) မဂ္ဂသစ္စာ၌ သွင်းရ၏။
- ကြွင်းသော ဖိုလ်စိတ္တုပ္ပါဒ် ၂၉ ပါးနှင့် မဂ်စိတ္တုပ္ပါဒ် ၂၉ ပါးကို သဗ္ဗေ သင်္ခါရာ ဒုက္ခာ အရ သင်္ခါရတရားတွင် ပါဝင်သဖြင့် သင်္ခါရဒုက္ခဖြစ်သောကြောင့် ဒုက္ခသစ္စာ၌ သွင်းရ၏။

- ဖိုလ်စိတ် ယှဉ်ထ ၊ မဂ္ဂင်ကို ၊ မဂ္ဂ၌ သွင်း ၊
ကြွင်းသည့်မဂ် ဖိုလ် ၊ စိတ္တုပ်ကိုကား၊ ထိုထိုဒုက္ခ ၊ သင်္ခါရမို့ ၊ ဒုက္ခသစ္စာ၊
သွင်းယူရာသည် ၊ နည်းလာ သုတ္တန်သဘောတည်း။

## သစ္စာလေးပါးဟောရခြင်း

သံသရာ၌ ဖြစ်ရသော ရုပ်နာမ်တရားတို့သည် ဒုက္ခတရားချည်းသာတည်း။ ထို့ကြောင့်

- **ဒုက္ခသစ္စာ** သည် သံသရာဝဋ်ဒုက္ခ၌ ဖြစ်ရခြင်းဟူသော "ပဝတ္တိသစ္စာ" **မကောင်းသော အကျိုးသစ္စာ** တည်း။
- **သမုဒယသစ္စာ** သည် ထိုသံသရာဝဋ်ဒုက္ခဟူသမျှတို့၏ ဖြစ်ရဖို့အကြောင်း **မကောင်းသော အကြောင်းသစ္စာ** "ပဝတ္တိဟေတုသစ္စာ" ဖြစ်၏။
- **နိရောဓသစ္စာ** ကား သံသရာဝဋ်ဒုက္ခ၏ ဆုတ်နစ်ရာ "နိဝတ္တိသစ္စာ" **ကောင်းသော အကျိုးသစ္စာ** တည်း။
- **မဂ္ဂသစ္စာ** သည် နိဝတ္တိသို့ရောက်ကြောင်း **ကောင်းသောအကြောင်းသစ္စာ** "နိဝတ္တိဟေတုသစ္စာ" ဖြစ်၏။

ထိုသို့ မကောင်းသောအကျိုးနှင့် အကြောင်း၊ ကောင်းသော အကျိုးနှင့် အကြောင်း များ စုံလင်သဖြင့် သစ္စာ၄ပါး သာ ဟောတော်မူ၏။ ပိုလွန်၍လည်းကောင်း ၊ ယုတ်လျော့၍ လည်းကောင်း ဟောတော်မမူပါ။

**သစ္စာလေးပါး ရှေ့နောက်ထားပုံ**

▸▸ လောကီဘုံဝယ်၊ သာယာဖွယ်ဟု၊ တာတွယ်လေငြား၊ ဝေနေများကို၊ တရားသံဝေ၊ ရပါစေဟု၊ ထွေထွေဒုက္ခ၊ ဦးစွာပြ၏။

▸▸ ဒုက္ခသောင်းပြောင်း၊ တရားပေါင်းလည်း၊ အကြောင်းမဲ့စွာ၊ မဖြစ်ရာရှင့်၊ မဟာပြဟွာ့၊ ထာဝရဟု၊ ဘုရားတစ်သင်း၊ မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း၊ တဏှာစွမ်းကြောင့်၊ ပရမ်းပတာ၊ ဖြစ်ကြရာဟော၊ သမုဒယောတဲ့။

▸▸ သုံးလောကတွင်၊ ဒုက္ခထင်၍၊ လွတ်ခွင်ထွက်ရာ၊ ရတက်ဖြာသော်၊ သက်သာစေရန်၊ အနေဖန်လျက်၊ ခေမံ နိရောဓ၊ သုံးကြိမ်ပြ၏။

▸▸ နိဗ္ဗာန နန်း၊ ရောက်ဖို့မှန်းက၊ ဤလမ်းဖြင့်တက်၊ ဤမဂ်ကိုပွား၊ မိန့်သည့်လားသို့၊ လေးပါးမြောက်တွင်၊ မဂ်လမ်းထွင်သည်၊ ဟောစဉ်လက်ရိုး၊ ဆူဆူတည်း။

**သမုစ္စည်းပိုင်းပြီး၏**

# ပစ္စည်းပိုင်း

## ပစ္စည်းပိုင်း

အကြောင်းဖြစ်သော ပစ္စည်းတရား၊ အကျိုးဖြစ်သော ပစ္စယုပ္ပန်တရားတို့နှင့် ထိုအကြောင်း အကျိုးတို့၏ ကျေးဇူးပြုပုံ သတ္တိအပြားတို့ကို ပြရာအပိုင်းအခန်းဖြစ်၏။

**ပစ္စည်း** = ဆိုင်ရာအကျိုးများ၏ အကြောင်းကို ပစ္စည်းဟု ခေါ်၏။
(လောက၌ ရွှေ, ငွေ စသော ဥစ္စာပစ္စည်းတို့သည် ဥစ္စာရှင်အား ဆိုင်ရာအကျိုးကိုပေးသကဲ့သို့ ဆိုင်ရာအကျိုးတရားကို ပေးတတ်သော အကြောင်းတရားကို ပစ္စယ (ဝါ) ပစ္စည်းဟု ခေါ်၏။)

**ပစ္စယုပ္ပန်** = အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရားကို (ပစ္စယုပ္ပန္န) ပစ္စယုပ္ပန်ဟု ခေါ်၏။

- ■ ပစ္စယုပ္ပန်မှန်လျှင် သင်္ခတတရား ချည်းသာဖြစ်၏။ ပစ္စည်း၌ကား သင်္ခတတရားသာမက အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တရားပါ ပါဝင်၏။

## ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်ဆိုရာ၌...

(၁) မဖြစ်သေးသော ပစ္စယုပ္ပန်တရားကို ဖြစ်ပေါ်(ဥပါဒ်) စေခြင်း။

(၂) ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားကို ဌီအခိုက်၌ တည်တံ့စေခြင်းကိုကျေးဇူးပြု၏ဟု ဆိုသည်။

▸▸ ဖြစ်စေ, တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။

## နည်းနှစ်နည်းနှင့် ထူးခြားပုံ

၁။ **ပဋိစ္စသမုပ္ပါဒ်နည်း** = အဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရအစရှိသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပုံအခြင်းအရာမျှလောက်သာပြသောနည်းကို ပဋိစ္စသမုပ္ပါဒ်နည်းဟု ခေါ်သည်။ (ပစ္စယသတ္တိထူးကို မပြပေ။)

၂။ **ပဋ္ဌာန်းနည်း** = အကြောင်းပစ္စည်းနှင့် အကျိုး ပစ္စယုပ္ပန်များကိုသာမက မည်သည့် သတ္တိဖြင့် ကျေးဇူးပြုပုံ (အကြောင်းပစ္စယ သတ္တိထူး) ကိုပါ ဖော်ပြသော နည်းကို ပဋ္ဌာန်းနည်းဟု ခေါ်သည်။

(ဥပမာ – ဟိတ် ၆ ပါးဟူသော အကြောင်းနှင့်ဆိုင်ရာအကျိုး များ ကို သာမက ဟိတ်၆ပါး ၏ ဟိတ် ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိ၊ ဟေတုပစ္စယ သတ္တိထူး ကိုပါ ထုတ်ဖော်ပြ၏။)

▸▸ အကြောင်းပစ္စယ၊ ဖြစ်တုံကမူ၊ ဖြစ်ကြလေရိုး၊ ကျိုးပစ္စယုပ္ပန်၊ ဖြစ်ဟန်လောက်မျှ၊ ထုတ်ဖော်ပြ၍၊ ပစ္စယသတ္တိ၊ မပြဘိ၊ မှတ်သိ **ပဋိစ္စသမုပ္ပါဒ်။**

▸▸ ပစ္စည်း ပစ္စယုပ္ပန်၊ ဖြစ်ဟန်မက၊ ပစ္စယ၏၊ သတ္တိထူးလည်း၊ တစ်ပါတည်း၊ ပြနည်း **ပဋ္ဌာန။**

# ပဋိစ္စသမုပ္ပါဒ်နည်း

| အကြောင်း | | | အကျိုး |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ | ပစ္စယာ | သင်္ခါရာ |
| ၂။ | သင်္ခါရ | ။ | ဝိညာဏံ |
| ၃။ | ဝိညာဏ | ။ | နာမရူပံ |
| ၄။ | နာမရူပ | ။ | သဠာယတနံ |
| ၅။ | သဠာယတန | ။ | ဖဿော |
| ၆။ | ဖဿ | ။ | ဝေဒနာ |
| ၇။ | ဝေဒနာ | ။ | တဏှာ |
| ၈။ | တဏှာ | ။ | ဥပါဒါနံ |
| ၉။ | ဥပါဒါန | ။ | ဘဝေါ |
| ၁၀။ | ဘဝ | ။ | ဇာတိ |
| ၁၁။ | ဇာတိ | ။ | ဇရာ၊ မရဏ (သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ) |

## ၁။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။

**အဝိဇ္ဇာ** = သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကိုသာ သိသော တရား။
(ဝါ) သစ္စာလေးပါး စသော ရှစ်ဌာန၌ ဖုံးလွှမ်းတတ်သော တရား။
■ တရားကိုယ်မှာ အကုသိုလ် ၁၂ ပါး၌ယှဉ်သော မောဟတည်း။
▸▸ မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟ အဝိဇ္ဇာ။
(အ = ဆန့်ကျင်ဘက် + ဝိဇ္ဇာ = ဉာဏ်၊ အဝိဇ္ဇာ = ဉာဏ်၏ ဆန့်ကျင်ဘက်တရား)

### အဝိဇ္ဇာဖုံးရာ ရှစ်ဌာန

▸▸ သစ္စာလေးတန်၊ ပုဗ္ဗန်. ပရ၊ ယင်းနှစ်ဝနှင့်၊ ပဋိစ္စဟု၊ ရှစ်ခုဌာန၊ ဖုံးအုပ်က၊ မောဟ အဝိဇ္ဇာ။

▸▸ သစ္စာလေးပါး၊ ပုဗ္ဗန္တ (အတိတ်ကဖြစ်ခဲ့သော ခန္ဓာ.အာယတန.ဓာတ်)၊ အပရန္တ (အနာဂတ်၌ဖြစ်မည့် ခန္ဓာ. အာယတန. ဓာတ်)၊ ပုဗ္ဗန္တာပရန္တ (ထိုရှေ့နောက် နှစ်ပါး)၊ ပဋိစ္စသမုပ္ပါဒ်။

မသိတိုင်း အဝိဇ္ဇာမဟုတ်၊ ဤရှစ်ပါးနှင့်စပ်၍ မသိမှသာ အဝိဇ္ဇာမည်၏။ ဤရှစ်ပါးနှင့် စပ်၍ သိသည်ဟု ဆိုရာ၌လည်း စာအားဖြင့် သရုပ်ရေတွက်တတ်သော အသိမျိုး မဟုတ်၊ ယင်းအသိမျိုးမှာ သညာသိ(အမှတ်သိ) မျိုးသာတည်း။ ဉာဏ်ဖြင့် ဒုက္ခသဘော၊ သမုဒယ သဘော စသည်ကို ပိုင်ပိုင်နိုင်နိုင်သိမှသာ အသိဟု မှတ်ပါ။

**သင်္ခါရ** = ယခုဘဝ၌ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများနှင့် နောက်ဘဝအတွက် အကျိုးဝိပါက်များကို ပြုစီမံတတ်သော ကံတရားကို "သင်္ခါရ"ဟုခေါ်၏။
■ တရားကိုယ်မှာ လောကီကုသိုလ်၊ အကုသိုလ်စိတ်၌ ယှဉ်သော စေတနာ ၂၉ ပါးတည်း။

**သင်္ခါရအပြား** =

| | | | |
|---|---|---|---|
| ကာမ၊ ရူပကုသိုလ်စေတနာ | ၁၃ | ပါးသည် | ပုညာဘိသင်္ခါရ |
| အကုသိုလ် စေတနာ | ၁၂ | ။ | အပုညာဘိသင်္ခါရ |
| အရူပကုသိုလ် စေတနာ | ၄ | ။ | အာနေဉ္ဇာဘိသင်္ခါရ |

▸▸ ပုညာ . ပုည ၊ အာနေဉ္ဇ ၊ သုံးဝ ခွဲစိတ်ဖြာ။

(ဆန့်ကျင်ဘက်တရားတို့ကြောင့် မယိမ်းယိုင် မြဲခိုင်သည့်အတွက် အာနေဉ္ဇာ ....မည်၏။)

## ၂။ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်၏။

**သင်္ခါရ** အရ ... ပဋိသန္ဓေအခါ၌ ဥဒ္ဒစ္စသဟဂုတ်စိတ်ကြဉ်သော အလုံးစုံသော ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဟု ဆိုအပ်သော ကုသိုလ်၊ အကုသိုလ် စေတနာ ၂၉ ပါးကို ယူ၏။

**ဝိညာဏ်** အရ ... ပဋိသန္ဓေစိတ် ၁၉ ပါးနှင့် လောကီဝိပါက် ၃၂ ပါးကို ယူ၏။ (ဝဋ်တရားတို့၏ လည်နေပုံကို ပြသောအရာဖြစ်၍ လောကုတ္တရာဝိပါက် ဝိညာဏ်များကို မကောက်ထိုက်ပါ။)

### သင်္ခါရ (၃) ပါးကြောင့် ဝိညာဏ်အသီးသီးဖြစ်ပုံ

| သင်္ခါရ | | ဝိညာဏ် | |
|---|---|---|---|
| **သင်္ခါရ ၃ မျိုး** | **သရုပ်** | **ပဋိသန္ဓေဝိညာဏ် ၁၉** | **ပဝတ္တိဝိညာဏ် ၃၂** |
| ပုညာဘိသင်္ခါရ | မဟာကုသိုလ် ၈ | မဟာဝိပါက် ၈<br>အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ | မဟာဝိပါက် ၈<br>အဟိတ်ကုသလဝိပါက် ၈ |
| | ရူပကုသိုလ် ၅ | ရူပဝိပါက် ၅ | ရူပဝိပါက် ၅ |
| အပုညာဘိသင်္ခါရ | အကုသိုလ် ၁၂ | အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ | အကုသလဝိပါက် ၇ |
| အာနေဉ္ဇာဘိသင်္ခါရ | အရူပကုသိုလ် ၄ | အရူပဝိပါက် ၄ | အရူပဝိပါက် ၄ |

## ၃။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

**ဝိညာဏ်** အရ ... ရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ယခုပစ္စုပ္ပန်၌ ဖြစ်သော ပဝတ္တိ ဝိပါက် ဝိညာဏ် ၃၂ ပါး။
(စေတနာတည်းဟူသော ကံနှင့်ယှဉ်သောစိတ်ကို ကမ္မဝိညာဏ်ဟုခေါ်၏။)

**နာမ်ရုပ်** အရ ... ဝိပါက်ဝိညာဏ် ၃၂ ပါး၌ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်များ။
▸▸ စေတသိက်မှု၊ နာမ်ဟု ယူ၊ ရုပ်မှု ကမ္မဇာ။

## ၂။ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်၏။

**သင်္ခါရ** အရ ... ပဋိသန္ဓေအခါ၌ ဥဒ္ဒစ္စသဟဂုတ်စိတ်ကြဉ်သော အလုံးစုံသော ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရ ဟု ဆိုအပ်သော ကုသိုလ်၊ အကုသိုလ် စေတနာ ၂၉ ပါးကို ယူ၏။

**ဝိညာဏ်** အရ ... ပဋိသန္ဓေစိတ် ၁၉ ပါးနှင့် လောကီဝိပါက် ၃၂ ပါးကို ယူ၏။ (ဝဋ်တရားတို့၏ လည်နေပုံကို ပြသောအရာဖြစ်၍ လောကုတ္တရာဝိပါက် ဝိညာဏ်များကို မကောက်ထိုက်ပါ။)

### သင်္ခါရ (၃) ပါးကြောင့် ဝိညာဏ်အသီးသီးဖြစ်ပုံ

| သင်္ခါရ | | ဝိညာဏ် | |
|---|---|---|---|
| **သင်္ခါရ ၃ မျိုး** | **သရုပ်** | **ပဋိသန္ဓေဝိညာဏ် ၁၉** | **ပဝတ္တိဝိညာဏ် ၃၂** |
| ပုညာဘိသင်္ခါရ | မဟာကုသိုလ် ၈ | မဟာဝိပါက် ၈<br>အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ | မဟာဝိပါက် ၈<br>အဟိတ်ကုသလဝိပါက် ၈ |
| | ရူပကုသိုလ် ၅ | ရူပဝိပါက် ၅ | ရူပဝိပါက် ၅ |
| အပုညာဘိသင်္ခါရ | အကုသိုလ် ၁၂ | အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ | အကုသလဝိပါက် ၇ |
| အာနေဉ္စာဘိသင်္ခါရ | အရူပကုသိုလ် ၄ | အရူပဝိပါက် ၄ | အရူပဝိပါက် ၄ |

## ၃။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

**ဝိညာဏ်** အရ ... ရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ယခုပစ္စုပ္ပန်၌ ဖြစ်သော ပဝတ္တိ ဝိပါက် ဝိညာဏ် ၃၂ ပါး။
(စေတနာတည်းဟူသော ကံနှင့်ယှဉ်သောစိတ်ကို ကမ္မဝိညာဏ်ဟု ခေါ်၏။)

**နာမ်ရုပ်** အရ ... ဝိပါက်ဝိညာဏ် ၃၂ ပါး၌ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်များ။

▸▸ စေတသိက်မှု၊ နာမ်ဟု ယူ၊ ရုပ်မှု ကမ္မဇ။

## ၄။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။

**နာမ်ရုပ်** အရ ... ဆိုခဲ့ပြီးသော နာမ်ရုပ်။

**သဠာယတန** အရ ... စက္ခာယတန၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနာယတနတည်းဟူသော အတွင်းအာယတန (၆) ပါး။

(ဤ၌ မနာယတနသည် လောကီဝိပါက်စိတ် ၃၂ ပါးဖြစ်၏။)

▶▶ သဠာယတန ၊ ခြောက်ခွါရ ၊ မန ဝိပါက်သာ။

## ၅။ သဠာယတနကြောင့် ဖဿဖြစ်၏။

**သဠာယတန** အရ ... စက္ခာယတန စသော (၆) ပါး။

(ရူပါယတန စသော (၆) ပါးကိုလည်း တစ်နည်းယူကြသေး၏။)

**ဖဿ** အရ ... စက္ခုသမ္ဖဿ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောသမ္ဖဿ (၆) ပါး။

(စက္ခုသမ္ဖဿ = စက္ခုဝိညာဏ်ဒွေးရှိ ဖဿ၊

မနောသမ္ဖဿ = ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် လောကီဝိပါက် ၂၂ ပါးရှိ ဖဿ)

## ၆။ ဖဿကြောင့် ဝေဒနာဖြစ်၏။

**ဖဿ** အရ ... ဆိုခဲ့ပြီးသော ဖဿ ၆ ပါး။

**ဝေဒနာ** အရ ... စက္ခုသမ္ဖဿဇာ ဝေဒနာ ၊ သောတ ၊ ဃာန ၊ ဇိဝှါ ၊ ကာယ၊ မနောသမ္ဖဿဇာ ဝေဒနာ (၆) ပါး။

(မနောသမ္ဖဿဇာဝေဒနာ = ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် လောကီဝိပါက် ၂၂ ပါးရှိ ဝေဒနာ။)

❁ ဤသဂြိုဟ်ကျမ်း၌ပါသော ပဋိစ္စသမုပ္ပါဒ်တရားကို ကာလအားဖြင့် လည်းကောင်း၊ အကြောင်းအကျိုးအားဖြင့်လည်းကောင်း၊ ဝဋ် ၃ ပါးအားဖြင့်လည်းကောင်း၊ ခွဲပြလို၍ ပစ္စုပ္ပန် အကျိုး အဖြစ်ပြသော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ၊ ဖဿ ၊ ဝေဒနာ ဟူသော ၅ ပါးတို့၌ အကျိုးဝိပါက်များကိုသာ ကောက်ယူ၏။ အဋ္ဌကထာကြီးများ၌ ဤ ၅ ပါးတို့၏ အရကောက်ကို စိတ်အားလုံး၊ စေတသိက်အားလုံး၊ စတုဇရုပ်အားလုံး စသဖြင့် ကောက်ယူကြ၏။

## ၇။ ဝေဒနာကြောင့် တဏှာဖြစ်၏။

**တဏှာ** = ရူပတဏှာ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတဏှာ (၆) ပါး။

- ရူပါရုံကို တပ်မက်မောသောတဏှာသည် ရူပတဏှာမည်၏။
- ဓမ္မတဏှာ၏ အာရုံမှာ လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆၊ ပညတ် တို့ ဖြစ်ကြ၏။

## ၈။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။

**ဥပါဒါန်** = ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။
(သမုစ္စည်းပိုင်းလာ ဥပါဒါန် ၄ ပါး)
တရားကိုယ်မှာ အားကြီးသော လောဘ နှင့် ဒိဋ္ဌိ။

### တဏှာ နှင့် ကာမုပါဒါန် အထူး

(၁) အချင်းချင်းထောက်ဆ၍ ရှေးရှေးကျသော ဒုဗ္ဗလ (အားသေးသော) လိုချင်မှုသည် တဏှာ မည်၏။ ထို့နောက် ဗလဝ(အားကြီးသော) လိုချင်မှုသည် ကာမုပါဒါန်မည်၏။

(၂) တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာမည်၏။ ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန် မည်၏။ (ကေစိဆရာအလို)

(၃) တဏှာသည် အပ္ပိစ္ဆတာ (မလိုချင်မှု)၏ ဆန့်ကျင်ဘက်တည်း။ ကာမုပါဒါန်သည် သန္တုဋ္ဌိတာ (တင်းတိမ်ရောင့်ရဲမှု)၏ ဆန့်ကျင်ဘက်တည်း။ (ပထမလိုချင်မှုက တဏှာ၊ ရပြီးနောက် မတင်းတိမ်ဘဲ ထပ်ကာထပ်ကာလိုချင်မှုမှာ ကာမုပါဒါန် ဟူလို။)

(၄) တဏှာသည် တောင့်တရှာဖွေမှု ဒုက္ခစု၏ အကြောင်းရင်းတည်း။ ကာမုပါဒါန်သည် ရရှိသောအာရုံကို ကြောင့်ကြရမှု၊ စောင့်ရှောက်ရမှု ဒုက္ခစု၏ အကြောင်းရင်းတည်း။

## ၉။ ဥပါဒါန်ကြောင့် ဘဝဖြစ်၏။

ဘဝဟူရာ၌ ကမ္မဘဝနှင့် ဥပပတ္တိဘဝ ၂ မျိုးရှိ၏။

**ကမ္မဘဝ** = နောင်အနာဂတ်ဘဝ၌ အကျိုးဝိပါက်ကိုဖြစ်စေတတ်သော၊ ပစ္စုပ္ပန်၌ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ်ကံစေတနာ ၂၉ ပါးတို့သည် ကမ္မဘဝမည်၏။

**ဥပပတ္တိဘဝ** = ကမ္မဘဝတည်းဟူသော ကံကြောင့်ဖြစ်သော လောကီဝိပါက် ၃၂ ပါးနှင့် ယှဉ်ဖက်စေတသိက်များ၊ ကမ္မဇရုပ်များတို့သည် ဥပပတ္တိဘဝမည်၏။

▸▸ ကုသလာ ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မဘဝသာ။
ဝိပါက် ခန္ဓာ၊ ကဋတ္တာ ဟု၊ ရုပ်နာမ်စု၊ ဥပပတ္တိသာ။

**သင်္ခါရနှင့် ကမ္မဘဝအထူး**

တရားကိုယ်အားဖြင့် (လောကီကုသိုလ်၊ အကုသိုလ် စေတနာ ၂၉ ပါးချင်း) တူသော်လည်း သင်္ခါရသည် ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝကဖြစ်ခဲ့သော စေတနာဖြစ်၏။ ကမ္မဘဝသည် နောင်အနာဂတ်ဘဝ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်၌ဖြစ်သော စေတနာဖြစ်၏။

**ဥပပတ္တိဘဝ** သည်

| | | |
|---|---|---|
| ဘုံသို့လိုက်၍ | ... | ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ |
| နာမ်အားလိုက်၍ | ... | သညီဘဝ၊ အသညီဘဝ၊ နေဝသညီ နာသညီဘဝ |
| ခန္ဓာအရှိလိုက်၍ | ... | ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ ဤသို့ **ဘဝ ၉ ပါး**ပြား၏။ |

## ၁၀။ ဘဝကြောင့် ဇာတိဖြစ်၏။

**ဘဝ** = ကမ္မဘဝ။

**ဇာတိ** = လောကီဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း(ဥပါဒ်)တည်း။ (တစ်နည်း) ဥပပတ္တိဘဝတရားကိုယ်များ၏ ထိုဘဝ၌ ရှေးဦးစွာ ထင်ရှားဖြစ်ပေါ်ခြင်းတည်း။

## ၁၁။ ဇာတိကြောင့် ဇရာ၊ မရဏ ..... စသည်ဖြစ်၏။

**ဇရာ** = ဥပပတ္တိဘဝ၏ ရင့်ကျက်ခြင်းဟူသော ဌီခဏ သည် ဇရာ မည်၏။

**မရဏ** = ဥပပတ္တိဘဝ၏ ပျက်ဆုံးခြင်းဟူသော ဘင်ခဏ သည် မရဏ မည်၏။

**ဇာတိ၏ အကျိုးရင်းတရား ...** ဇရာ နှင့် မရဏ တို့သည် ဇာတိဖြစ်လျှင် မုချဖြစ်ရသော ဇာတိ၏ အကျိုးရင်းတရားများ ဖြစ်၏။

**ဇာတိ၏ အကျိုးဆက်တရား** ... သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားတို့ကား ဇာတိကြောင့်ဖြစ်သော်လည်း ပြဟ္မာနှင့် အချို့သောနတ်လူများ၌ ဖြစ်လေ့မရှိသောကြောင့် အကျိုးရင်းမဟုတ်၊ ဇာတိ၏ အကျိုးဆက်တရားသာဖြစ်၏။ (အင်္ဂါ ၁၂ ပါး ရေတွက်ရာ၌လည်း ထည့်၍မတွက်ပါ။)

(၁) **သောက** = ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း။(တရားကိုယ် - ဒေါသမူဒွေးရှိဒေါမနဿဝေဒနာ)

(၂) **ပရိဒေဝ** = တစ်စုံတစ်ခု ပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်း။
(တရားကိုယ် - စိတ္တဇ ဝိပလ္လာသသဒ္ဒရုပ် ။
= စိတ်ကြောင့်ဖြစ်သော ဖောက်ပြန်သော အသံရုပ် ဟူလို)

(၃) **ဒုက္ခ** = ကိုယ်ဆင်းရဲမှု (ကာယိကဒုက္ခ)။
(တရားကိုယ် - ဒုက္ခသဟဂုတ် ကာယဝိညာဏ်ရှိ ဒုက္ခဝေဒနာ)

(၄) **ဒေါမနဿ** = စိတ်ဆင်းရဲမှု၊ စိတ်နှလုံးမသာယာမှု (စေတသိကဒုက္ခ)။
(တရားကိုယ် - ဒေါသမူဒွေးရှိ ဝေဒနာ)

(၅) **ဥပါယာသ** = သောက၊ ပရိဒေဝတို့ထက် လွန်ကဲလျက် အသံမျှမထွက်နိုင်အောင် ရှိုက်ကြီးငင်ကြီးဖြစ်ကာ အတွင်းဆွေးဆွေးခြင်းမျိုး။
(တရားကိုယ် - ဒေါသမူဒွေးရှိ ဒေါသ)

**သောက၊ ပရိဒေဝ၊ ဥပါယာသ အထူး**

▸▸ အိုးတွင်းဆီပူ ၊ သောကဟူ ၊ လျှံမူ ပရိဒေဝ။
ဆီကျန်ကုန်အောင်၊ ဆူပူလောင်၊ ဆောင်လေ ဥပါယာသ။

## ပဋိစ္စသမုပ္ပါဒ်နည်း၌ သိဖွယ်များ

▸▸ အင်္ဂါဆယ့်နှစ်၊ သုံးဆစ် ကာလ၊ သုံးဝ အစပ်၊ လေးရပ် အလ္ဂာ၊
နှစ်ဆယ် ခြင်းရာ၊ ဝဋ် သုံးဖြာ၊ မှတ်ပါ မူလ ဒွေး။

**အင်္ဂါ (၁၂) ပါး**

အဝိဇ္ဇာ ၊ သင်္ခါရ ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ၊ ဘဝ ၊ ဇာတိ ၊ ဇရာ + မရဏ တည်းဟူသော (၁၂) ပါး။ (သောက၊ ပရိဒေဝ စသည်တို့မှာ ဇာတိ၏ အကျိုးဆက်မျှသာဖြစ်၍ အင်္ဂါ၌ ထည့်၍ မရေတွက်ပါ။)

| အစွန့် ၃ ပါး | အတိတ် အစွန့် | ပစ္စုပ္ပန်အစွန့် | | အနာဂတ်အစွန့် |
|---|---|---|---|---|
| | | အကျိုး | အကြောင်း | |
| အင်္ဂါ ၁၂ ပါး | ၁။ အဝိဇ္ဇာ<br>၂။ သင်္ခါရ | ၃။ ဝိညာဏ်<br>၄။ နာမ်ရုပ်<br>၅။ သဠာယတန<br>၆။ ဖဿ<br>၇။ ဝေဒနာ | ၈။ တဏှာ<br>၉။ ဥပါဒါန်<br>၁၀။ ဘဝ | ၁၁။ ဇာတိ<br>၁၂။ ဇရာ၊ မရဏ |
| သွတ်သွင်းယူရသောတရား | တဏှာ<br>ဥပါဒါန်<br>ကမ္မဘဝ | | အဝိဇ္ဇာ<br>သင်္ခါရ | (ဇာတိ၊ဇရာ၊မရဏ၏တရားကိုယ်ဖြစ်သော)<br>ဝိညာဏ်<br>နာမ်ရုပ်<br>သဠာယတန<br>ဖဿ<br>ဝေဒနာ |
| ခြင်းရာ ၂၀ | ၅ | ၅ | ၅ | ၅ |
| အစပ် ၃ ပါး | အတိတ်အကြောင်း (၁) | ပစ္စုပ္ပန်အကျိုး (၂) ↔ | ပစ္စုပ္ပန်အကြောင်း (၃) ↔ | အနာဂတ်အကျိုး |
| အလွှာ ၄ ပါး | အတိတ်အကြောင်း တစ်လွှာ | ပစ္စုပ္ပန်အကျိုး တစ်လွှာ | ပစ္စုပ္ပန်အကြောင်း တစ်လွှာ | အနာဂတ်အကျိုး တစ်လွှာ |

**အစွန်း (၃) ပါး (ကာလ ၃ ပါး)**

၁။ အတိတ်အစွန်း = အဝိဇ္ဇာ၊ သင်္ခါရ (၂) ပါး။
(အတိတ်ကာလက ဖြစ်ခဲ့သောတရားများ)

၂။ ပစ္စုပ္ပန်အစွန်း = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ (ကမ္မဘဝ) (၈)ပါး။
(ပစ္စုပ္ပန်ကာလ၌ ဖြစ်သောတရားများ)

၃။ အနာဂတ်အစွန်း = ဇာတိ၊ ဇရာ + မရဏ (၂) ပါး။
(အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောတရားများ)

**အစပ် (၃) ပါး (တိသန္ဓိ)**

၁။ သင်္ခါရ နှင့် ဝိညာဏ် ကြားသည် အတိတ်အကြောင်း နှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်။
(ဟေတု - ဖလ သန္ဓိ)

၂။ ဝေဒနာ နှင့် တဏှာ ကြားသည် ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတစ်စပ်။
(ဖလ - ဟေတု သန္ဓိ)

၃။ ကမ္မဘဝ နှင့် ဇာတိ ကြားသည် ပစ္စုပ္ပန်အကြောင်း နှင့် အနာဂတ်အကျိုးတစ်စပ်။
(ဟေတု - ဖလ သန္ဓိ)

**အလွှာ (၄) ပါး**

၁။ အတိတ်အကြောင်းတစ်လွှာ ... အဝိဇ္ဇာ၊ သင်္ခါရ၊ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ)

၂။ ပစ္စုပ္ပန်အကျိုးတစ်လွှာ ... ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

၃။ ပစ္စုပ္ပန်အကြောင်းတစ်လွှာ ... တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ (အဝိဇ္ဇာ၊ သင်္ခါရ)

၄။ အနာဂတ်အကျိုးတစ်လွှာ ... ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

- အနာဂတ်အကျိုးတစ်လွှာအတွက် ဇာတိ၊ ဇရာ+မရဏသည် ဖြစ်လတ္တံ့သော ဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ပင်ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါဖွဲ့လိုက်လျှင် ဝိညာဏ်၊ နာမ်ရုပ် စသော (၅) ပါးပင်ဖြစ်၏။

**သင်္ခါရနှင့် ကမ္မဘဝ အထူး**

ဤနေရာ၌ သင်္ခါရ နှင့် ကမ္မဘဝ ကို ကာလတူ ယူထားသဖြင့် ...

(၁) ကုသိုလ်၊ အကုသိုလ်ပြုရာ၌ အထမမြောက်မီဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရ မည်၏။ အထမြောက်သော မုဥ္စစေတနာသည် ကမ္မဘဝမည်၏။ (တစ်နည်း)

(၂) ဇော ၇ ကြိမ်တွင် ရှေ့ဇော ၆ ကြိမ်နှင့်ယှဉ်သော စေတနာသည် သင်္ခါရ မည်၏။ သတ္တမဇောနှင့် ယှဉ်သော စေတနာသည် ကမ္မဘဝ မည်၏။ (တစ်နည်း)

(၃) စေတနာနှင့်ယှဉ်သော စိတ်၊ စေတသိက် သည် သင်္ခါရ မည်၏။ စေတနာ ဟူသမျှသည် ကမ္မဘဝ မည်၏။ ... ဟူ၍ ထူးပုံကို ပြကြ၏။

**ခြင်းရာ (၂၀)**

အတိတ်အကြောင်း ၅ ပါး တစ်လွှာ ၊ ပစ္စုပ္ပန်အကျိုး ၅ ပါး တစ်လွှာ ၊ ပစ္စုပ္ပန် အကြောင်း ၅ ပါး တစ်လွှာ၊ အနာဂတ်အကျိုး ၅ ပါး တစ်လွှာ ဟူသော အလွှာလေးရပ်ရှိ တရားပေါင်း ၂၀ သည်ပင် အာကာရ-ခြင်းရာ ၂၀ ဖြစ်၏။

**ဝဋ် (၃) ပါး**

| | | | |
|---|---|---|---|
| ၁။ | ကိလေသဝဋ် | = | အဝိဇ္ဇာ ၊ တဏှာ ၊ ဉပါဒါန်။ |
| ၂။ | ကမ္မဝဋ် | = | သင်္ခါရ ၊ ကမ္မဘဝ။ |
| ၃။ | ဝိပါကဝဋ် | = | ဝိညာဏ် ၊ နာမ်ရုပ် ၊ သဠာယတန ၊ ဖဿ ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိ ၊ ဇရာ + မရဏ။ |

**ဝဋ်မြစ် (၂) ပါး (မူလ ၂ ပါး)**

**၁။ အဝိဇ္ဇာ (သံသရာရှေ့ပိုင်း၏ ဝဋ်မြစ်)**

အတိတ်အကြောင်းမှစ၍ ပစ္စုပ္ပန်အကျိုးတိုင်အောင်ဖြစ်သော အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အဝိဇ္ဇာမူလကပုဗ္ဗန္တဘဝစက် (ရှေ့ပိုင်းဘဝစက်) ၏ မူလသည် အဝိဇ္ဇာ ဖြစ်၏။

**၂။ တဏှာ (သံသရာနောက်ပိုင်း၏ ဝဋ်မြစ်)**

ပစ္စုပ္ပန်အကြောင်းမှစ၍ အနာဂတ်ဘဝအကျိုးတိုင်အောင်ဖြစ်သော တဏှာ၊ဥပါဒါန်၊ ဘဝ၊ ဇာတိ ၊ ဇရာ + မရဏ ဟူသော တဏှာမူလကအပရန္တဘဝစက် (နောက်ပိုင်းဘဝစက်) ၏မူလသည် တဏှာဖြစ်၏။

● **ဝဋ်** = အကြောင်းပြီးလျှင်အကျိုး၊ အကျိုးပြီးလျှင် အကြောင်းဟု အကြောင်း အကျိုးမပြတ်ဘဲ ဆက်စပ်လှည့်လည်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို ဝဋ်ဟုခေါ်၏။ ဌာနူပစာအားဖြင့် သံသရာ၌ မပြတ်မစဲ ချာချာလည်စေသောကြောင့် ဝဋ်မည်၏။

## ● ဝဋ်ပြတ်ပုံ

အဝိဇ္ဇာ နှင့် တဏှာ ဝဋ်မြစ် ၂ ပါး (ဝါ) မူလ ၂ ပါးတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်စေခြင်းကြောင့် ဝဋ်တရားသည် ချုပ်၏။

## ● ဝဋ်လည်ပုံ (ဝါ) အာသဝေါသည် အဝိဇ္ဇာ၏အကြောင်းဖြစ်ပုံ

ဇရာ ၊ မရဏ ၊ သောက ၊ ပရိဒေဝ ... အိုခြင်း၊ သေခြင်း၊ ပူဆွေးစိုးရိမ်ခြင်း စသော တွေဝေမိန်းမောစေတတ်သော တရားအပေါင်းတို့သည် သတ္တဝါတို့သန္တာန်၌ မပြတ် နှိပ်စက် တတ်ပေ၏။ ထိုသို့ နှိပ်စက်ခံရသောသတ္တဝါတို့၌ သောက စသည်ဖြစ်ခြင်းကြောင့် အာသဝေါတရားတို့သည်လည်း ဖြစ်ပေ၏။ ထိုသို့ အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ သည်လည်း ဖြစ်ပြန်၏။

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ..... ဇရာ ၊ မရဏ၊ သောက စသည်ဖြစ် ၊ သောက မကင်းသောကြောင့် အာသဝေါတရားဖြစ်၊ အာသဝေါတရားဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၊ ဤသို့အားဖြင့် ဝဋ်တရားသည် စက်ရဟတ်ပမာ ချာချာလည်နေ၏။

## ● ပဋိစ္စသမုပ္ပါဒ်

ဤသို့သောနည်းဖြင့် အဆက်မပြတ် စက်ရဟတ်ပမာ ချာချာလည်နေသော၊ (ဘယ်တရားကစ၍ ဘယ်အခါကစ၍ဖြစ်သည်ဟု) အစမရှိသော၊ ဝါ- မသိအပ်သော အစရှိသော ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရားကို (အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ရာ) **ပဋိစ္စသမုပ္ပါဒ်တရား** ဟု ဘုရားရှင်ကိုယ်တော်မြတ်သည် ပညတ်တော်မူခဲ့ပေ၏။

# ပဋ္ဌာန်းနည်း

**ပဋ္ဌာန်း** = အထူးထူး၊ အပြားပြား များကုန်သော ပစ္စယသတ္တိ၊ သတ္တိမန္တ (သတ္တိတည်ရာ) ပဋ္ဌာန်းတရားစုတို့ကို ဟောရာဖြစ်သောကြောင့် "ပဋ္ဌာန်း" မည်၏။

ဤပဋ္ဌာန်းနည်းတွင် မည်သို့မည်ပုံ ကျေးဇူးပြုနိုင်သည်ဟူသော ပစ္စယသတ္တိကို ပဓာန ပြု၍ ဟောလိုရင်းဖြစ်သည်။ ထိုသတ္တိ၏တည်ရာ သတ္တိမန္တ တရားကိုယ်ကို ပဓာနပြုလိုရင်း မဟုတ်ပေ။ သို့သော် ပစ္စယသတ္တိတို့၏ တည်ရာပစ္စည်းတရားကိုကား တရားကိုယ်ကောက် ပြရ၏။ ပစ္စည်းတရားတို့၏ အကျိုးဖြစ်သော ပစ္စယုပ္ပန်တရားကိုလည်း ပြရပေသည်။ (ပစ္စယုပ္ပန်တွင် မပါဝင်ဘဲ ပစ္စယုပ္ပန်တရားများနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ပစ္စနိက်မည်သော တရားများကိုကား မထုတ်ပြတော့ပြီ။)

## ၂၄ ပစ္စည်း

▸▸ ဟေ . အာ . ဓိ . နန်၊ သမနန် ၊ သ . အညိ . နိ . ဥ . ပု၊
ပစ် . သေ . ကံ . ပါ၊ ဟာ . ဣန် . ဈာ၊ မဂ် . သမ် . ဝိပ္ပ (ဟူ)၊
အတ် . နတ် . ဝိတ၊ အဝိတ ၊ ဒွိစ ပစ္စည်းယူ။

### ၁။ ဟေတုပစ္စည်း

**ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ထိုလောဘအစရှိသော ပစ္စည်းတရားဖြင့် ပစ္စယုပ္ပန်တရားတို့သည် တည်တတ်၏။ ထိုသို့ ပစ္စယုပ္ပန်တရားတို့၏ တည်ကြောင်းဖြစ်သော သတ္တိကြောင့် ဟိတ် ၆ ပါးတို့သည် ဟေတု မည်၏။

**ဟိတ်နှင့် ပစ္စည်းအထူး**

အာရုံ၌ သဟဇာတ်တရားတို့၏ ကောင်းစွာတည်တံ့နိုင်သော ဝိသေသသတ္တိထူးသည် ဟိတ်မည်၏။ ဤသို့ တည်တံ့အောင် ထောက်ပံ့သမှု ကျေးဇူးပြုသော သာမညသတ္တိသည် ပစ္စည်း မည်၏။

▸▸ ရေသောက်မြစ်နယ်၊ ကျေးဇူးကြွယ် ၊ ကြီးကျယ် ကြောင်းရင်းများ။

**ပစ္စည်း** = ဟိတ် (၆) ပါး။

**ပစ္စယုပ္ပန်** = သဟိတ်စိတ် ၇၁ ပါး။
မောဟမူဒွေး၌ မောဟကြဉ်သော
စေတသိက် ၅၂ ပါး။
(က) သဟိတ်စိတ္တဇရုပ်
(ခ) သဟိတ် ပဋိသန္ဓေကမ္မဇရုပ်

| | |
|---|---|
| | ၇၁ |
| ၆ | ၅၂ |
| | (က) |
| | (ခ) |

သင်္ကေတဖြင့် မှတ်ရန်ပုံအညွှန်း

| | |
|---|---|
| စိတ် | စိတ် |
| စေတသိက် | စေတသိက် |
| ရုပ်<br>နိဗ္ဗာန်<br>ပညတ် | ရုပ် |

| | |
|---|---|
| | သဟိတ်စိတ် ၇၁ |
| ဟိတ် ၆ ပါး | မောဟမူဒွေး၌မောဟကြဉ် စေ ၅၂ |
| | (က) သဟိတ် စိတ္တဇရုပ်<br>(ခ) သဟိတ် ပဋိသန္ဓေကမ္မဇရုပ် |

## ၂။ အာရမ္မဏပစ္စည်း

**အာရုံဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ကြိုးတန်း၊ တောင်ဝှေး စသည်တို့သည် အင်အားချိနဲ့သောသူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုဘိ သကဲ့သို့ အာရုံ ၆ ပါးတို့သည်လည်း စိတ်၊ စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြ၍ အာရမ္မဏ ပစ္စည်း မည်၏။

▸▸ ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ။

ပစ္စည်း = အလုံးစုံသော စိတ်၊ စေတသိက်၊ ရုပ်၊
နိဗ္ဗာန်၊ ပညတ် တည်းဟူသော အာရုံ ၆ ပါး။

ပစ္စယုပ္ပန် = အလုံးစုံသော စိတ်၊ စေတသိက်တရားများ။

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |
| ၂၈<br>နိ<br>ပ | |

## ၃။ အဓိပတိပစ္စည်း

**အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်သည်။**

▶▶ စကြာဘုန်းလူ၊ အုပ်စိုးမှုသို့၊ ပြိုင်တူမရှိ၊ အုပ်စိုးဘိ၊ အဓိပတိ ခေါ်သတည်း။

(က) အာရမ္မဏာဓိပတိ

(ခ) သဟဇာတာဓိပတိ ဟူ၍ (၂) မျိုးရှိ၏။

### (က) အာရမ္မဏာဓိပတိ

သာမန်အာရုံမျှမကဘဲ စိတ်၊ စေတသိက်တရားတို့ကို အာရုံသဘောအားဖြင့်လွှမ်းမိုးအစိုးရ၍ ကျေးဇူးပြုသော ပစ္စည်းဖြစ်၏။

| | |
|---|---|
| ၈၄ | ၂၈ |
| ၄၇ | ၄၅ |
| ၁၈ | |
| နိ | |

ပစ္စည်း = အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်တို့ကြဉ် စိတ် ၈၄ ပါး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇ ပါး၊ နိဗ္ဗာန်။

ပစ္စယုပ္ပန် = အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈၊ မဟာကုသိုလ် ၈၊ မဟာကြိယာဉာဏသမ္ပယုတ် ၄၊ လောကုတ္တရာ ၈၊ (ပေါင်းစိတ် ၂၈ ပါး) ဒေါစတုက်၊ ဝိစိကိစ္ဆာ၊ အပ္ပမညာဒွေးကြဉ် စေတသိက် ၄၅ ပါး။

### (ခ) သဟဇာတာဓိပတိ

မိမိနှင့်တကွဖြစ်ကုန်သောတရားတို့၏ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်း ဖြစ်သည်။

| | |
|---|---|
| ၁ | ၅၂ |
| ၃ | ၅၁ |
| သာဓိပတိ စိတ္တဇရုပ် | |

ပစ္စည်း = သာဓိပတိဇော ၅၂ ပါးရှိ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော အဓိပတိတရားကိုယ် ၃ ပါး၊ ၄ ပါး မှ တစ်ပါးပါး။

ပစ္စယုပ္ပန် = အဓိပတိတပ်ခိုက်၊ တပ်နေသော အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ပါး၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၅၁ ပါး၊ း ၁ဓိပတိစိတ္တဇရုပ်။

(သာဓိပတိဇော ၅၂ = ဧကဟိတ်ဇော ၂၊ အဟိတ်ဇော ၁ ကြဉ် ဇောစိတ်များ)

## ၄။ အနန္တရပစ္စည်း

**အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။

စကြာဝတေးမင်းကြီး၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ မိမိချုပ်ဆုံးပြီးနောက် အခြားမဲ့၌ စိတ်၊ စေတသိက်တရားတို့ ဖြစ်ပွားအောင် ရှက်ဆောင်သမှု ကျေးဇူးပြုသောပစ္စည်းသည် အနန္တရပစ္စည်းမည်၏။

ပစ္စည်း = ရဟန္တာတို့ စုတိစိတ်ကြဉ်သော ရှေးရှေးစိတ် ၈၉၊ စေတသိက် ၅၂။

ပစ္စယုပ္ပန် = ရဟန္တာတို့ စုတိစိတ်နှင့်တကွ နောက်နောက်စိတ် ၈၉၊ စေတသိက် ၅၂။

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |

## ၅။ သမနန္တရပစ္စည်း

**ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ အနန္တရ နှင့် သမနန္တရ ပစ္စည်းတို့သည် သံသဒ္ဒါမျှသာ ထူး၏။ သဘောအနက်အားဖြင့်ကား အထူး မရှိပေ။ သို့သော် ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ ၂ -မျိုးခွဲ၍ ဟောတော်မူ၏။

- ပစ္စည်း၊ ပစ္စယုပ္ပန်အားလုံး အနန္တရပစ္စည်း အတိုင်းပင်။

## ၆။ သဟဇာတပစ္စည်း

**တကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ဆီမီးသည် မိမိနှင့် အတူတကွဖြစ်သော အလင်းဓာတ်အား တကွဖြစ်၍ ကျေးဇူးပြုသကဲ့သို့ မိမိနှင့်တကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် သဟဇာတ ပစ္စည်းမည်၏။

ပစ္စည်း၊ ပစ္စယုပ္ပန်တရား တို့မှာ ........

(၁) အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂ ဟုဆိုအပ်သော ပဝတ္တိ၊ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ တကွဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း၊

(၂) မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ တကွဖြစ်သော ဥပါဒါရုပ် ၂၄ ပါးအားလည်းကောင်း၊

(၃) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ် နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ ၄ ပါး တို့သည် အချင်းချင်းအားလည်းကောင်း ကျေးဇူးပြုကြ၏။

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |
| | က<br>ခ |

| | |
|---|---|
| | |
| | |
| ၄ | ၄ · ၂၄ |

| | |
|---|---|
| ၁ | ၁ |
| ၃ | ၃ |
| ဟဒယ<br>ဝတ္ထု | ဟဒယ<br>ဝတ္ထု |

## ၇။ အညမညပစ္စည်း

**အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။

သစ်သား ၃ ခုကို ထောင်၍ထားရာ မလဲမပြိုအောင် အချင်းချင်း ကျေးဇူးပြုသကဲ့သို့ ရုပ်နာမ်အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောကြောင့် အညမညပစ္စည်းမည်၏။

ပစ္စည်း၊ ပစ္စယုပ္ပန် တရား တို့မှာ ..........

(၁) စိတ် ၈၉၊ စေတသိက် ၅၂ ပါး တို့သည်လည်းကောင်း၊

(၂) မဟာဘုတ် ၄ ပါးတို့သည်လည်းကောင်း၊

(၃) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ ၄ ပါး တို့သည်လည်းကောင်း အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြ၏။

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |
| | |

| | |
|---|---|
| | |
| | |
| ၄ | ၄ |

| | |
|---|---|
| ၁ | ၁ |
| ၃ | ၃ |
| ဟဒယ<br>ဝတ္ထု | ဟဒယ<br>ဝတ္ထု |

## ၈။ နိဿယပစ္စည်း

**မှီရာဖြစ်၍ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မြေကြီးသည် သစ်ပင်စသည်တို့၏ တည်ရာဖြစ်သကဲ့သို့၊ ကားဘောင်ရှိ အဝတ်ပုဆိုးသည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့၏ တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် နိဿယပစ္စည်း မည်၏။

နိဿယပစ္စည်း၌ ... (၁) သဟဇာတနိဿယ
(၂) ပုရေဇာတနိဿယ ....... ဟူ၍ ၂ ပါးအပြားရှိ၏။

(၁) **သဟဇာတနိဿယ** သည် **သဟဇာတ** နှင့် အလုံးစုံတူ၏။

(၂) **ပုရေဇာတနိဿယ** ၌ အခွဲ (က) ဝတ္ထုပုရေဇာတနိဿယ
(ခ) ဝတ္ထာရမ္မဏပုရေဇာတနိဿယ

(က) **ဝတ္ထုပုရေဇာတနိဿယ** ပစ္စည်းတွင် ပစ္စယုပ္ပန်တရားတို့၏ ရှေ့၌ ဖြစ်ခဲ့ခြင်းနှင့် ထိုပစ္စယုပ္ပန်တရားတို့၏ မှီရာ ဝတ္ထုရုပ်ဖြစ်ခြင်း အင်္ဂါ (၂) ပါး ရှိ၏။

ပစ္စည်း = ပဝတ္တိအခါ ဝတ္ထုရုပ် (၆) ပါး။
ပစ္စယုပ္ပန် = ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ပါး ကြဉ်သော သတ္တဝိညာဏဓာတ်ဟု ဆိုအပ်သော စိတ် ၈၅၊ စေတသိက် ၅၂ ပါး။

| | |
|---|---|
| | ၈၅ |
| | ၅၂ |
| ၆ | |

(ခ) **ဝတ္ထာရမ္မဏပုရေဇာတနိဿယ** ပစ္စည်းတွင် ပစ္စယုပ္ပန်တရားတို့၏ ရှေ့၌ ဖြစ်ခဲ့ခြင်း၊ မှီရာ ဝတ္ထုရုပ်ဖြစ်ခြင်း၊ အာရုံဖြစ်ခြင်း အင်္ဂါ (၃) ပါး ရှိသည်။

ပစ္စည်း = မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။

ပစ္စယုပ္ပန် = မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၁၁၊ အဘိညာဉ်ခွေး ဟူသော စိတ် ၄၃ ပါး။ (ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ ၃၊ အပ္ပမညာ ၂) ကြဉ် စေတသိက် ၄၄ ပါး။

| | |
|---|---|
| | ၄၃ |
| | ၄၄ |
| ဟဒယ ဝတ္ထု | |

## ၉။ ဥပနိဿယပစ္စည်း

**အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ "ဥပ"သဒ္ဒါသည်အလွန်ဟူသောအနက်ကို ပြ၏။ သာမညမှီရာဖြစ်သော နိဿယထက် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဥပနိဿယပစ္စည်း မည်၏။

(၁) အာရမ္မဏူပ နိဿယ
(၂) အနန္တရူပ နိဿယ
(၃) ပကတူပ နိဿယ ... ဟူ၍ ၃ ပါးအပြားရှိ၏။

**(၁) အာရမ္မဏူပနိဿယ** သည် **အာရမ္မဏာဓိပတိ** ပစ္စည်းနှင့် တူ၏။

**အထူးကား** အာရုံကို အလေးအမြတ်ပြုအပ်သည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။ အလေးအမြတ်ပြုအပ်သည်၏အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်း မည်၏။

**(၂) အနန္တရူပနိဿယ** သည် **အနန္တရ** ပစ္စည်းနှင့်တူ၏။

**အထူးကား** မိမိ၏ အခြားမဲ့၌ လျောက်ပတ်သော စိတ်၊ စေတသိက်တို့ကို ဖြစ်စေရန် ကျေးဇူးပြုခြင်းသည် အနန္တရပစ္စည်းမည်၏။ နောက်စိတ်တို့အား ဖြစ်ပေါ်စေရန် အားကြီးသော အကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရူပနိဿယပစ္စည်း မည်၏။

**(၃) ပကတူပနိဿယ** သည် (အာရုံ. အနန္တရ တို့နှင့် မရောရသည့်တိုင်အောင်) ပင်ကိုယ် ပကတိသဘောသက်သက်ဖြင့်ပင် အားကြီးသောမှီရာအကြောင်းဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းဖြစ်၏။

❁ ဤပစ္စည်းကား ၂၄ ပစ္စည်းတို့အနက် အကျယ်ဝန်းဆုံးပစ္စည်းဖြစ်၏။

**ပစ္စည်း** = ကာလသုံးပါး၌ ဗလဝဖြစ်သော ရှေးရှေးစိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈ နှင့် ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ်။

**ပစ္စယုပ္ပန်** = နောက်နောက်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂။

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |
| ၂၈<br>ပညတ် | |

### ❁ *ပကတူပနိဿယ၏ ကျယ်ဝန်းပုံ*

(က) သဒ္ဓါစသော ကုသိုလ်တရားများ၊ ရာဂစသော အကုသိုလ်တရားများ၊ သုခ၊ ဒုက္ခ၊ ဥတု၊ ဘောဇန၊ ပုဂ္ဂလ၊ သေနာသန၊ ဤတရားတို့သည် ထိုက်သည်အားလျော်စွာ အဇ္ဈတ္တ ,ဗဟိဒ္ဓသန္တာန်၌ ကုသိုလ်စသော တရားတို့အားလည်းကောင်း။

(ခ) ဗလဝဖြစ်သော ကုသိုလ်၊ အကုသိုလ်ကံသည် ဝိပါက်နာမက္ခန္ဓာ တို့အားလည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

## ၁၀။ ပုရေဇာတပစ္စည်း

**ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ကမ္ဘာဦးက ပေါ်ပေါက်ခဲ့သော နေလတို့သည် ယခုတိုင် ထင်ရှားရှိကာ ၎င်းတို့နောက်မှ ဖြစ်ပေါ်လာသော သတ္တဝါတို့အား အလင်းရောင်ပေးကာ ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့၏ ရှေး၌ ဖြစ်နှင့်၍ တည်လင့်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပုရေဇာတပစ္စည်း မည်၏။

၁။ (က) **ဝတ္ထုပုရေဇာတ** (ဝတ္ထုပုရေဇာတနိဿယ နှင့် တူ၏။)
(ခ) **ဝတ္ထာရမ္မဏပုရေဇာတ** (ဝတ္ထာရမ္မဏပုရေဇာတနိဿယ နှင့် တူ၏။)

၂။ **အာရမ္မဏပုရေဇာတ** ပစ္စည်းသည် ပစ္စယုပ္ပန် နာမ်တရားတို့၏ အာရုံလည်းဖြစ်၊ ရှေး၌လည်း ဖြစ်ရမည်။

**ပစ္စည်း** = ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈ ပါး။

**ပစ္စယုပ္ပန်** = ပဉ္စဝေါကာရဘုံ၌ ဤပစ္စည်းကို ရနိုက် ရနေဖြစ်သော ကာမစိတ် ၅၄ + အဘိညာဉ်ဒွေး နှင့် အပ္ပမညာကြဉ် စေတသိက် ၅၀။

| | |
|---|---|
| | ၅၆ |
| | ၅၀ |
| ၁၈ | |

## ၁၁။ ပစ္ဆာဇာတပစ္စည်း

**နောက်မှဖြစ်၍ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ရှေးက ပေါက်နှင့်ပြီးသော သစ်ပင်အား နောက်မှရွာသွန်းအပ်သော မိုးရေသည် စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ နောက်နောက်၌ဖြစ်သော စိတ်တို့သည် ရှေးကဖြစ်နှင့်ပြီး ဌီသို့ ရောက်နေသော ရုပ်တို့အား တည်နိုင်သန်စွမ်းစေသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပစ္ဆာဇာတ ပစ္စည်းမည်၏။

■ (ပေါက်ခါစ လင်းတငယ်၏ ကိုယ်အား အာဟာရ၌ စားလိုသော၊ တောင့်တသော စေတနာ သည် နောက်၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့တည်း။)

ပစ္စည်း = ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ပါး ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သောစိတ် ၈၅၊ စေတသိက် ၅၂။

ပစ္စယုပ္ပန် = ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ် နှင့်အတူဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ။

| |
|---|
| ၈၅ |
| ၅၂ |
| ကေဇ၊ ဒွိဇ တိဇ၊ စတုဇ ရုပ်များ |

**ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ**

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်သည် ကေဇကာယ မည်၏။ ပဋိသန္ဓေ စိတ်၏ ဌီကာလ၌ဖြစ်သော ကမ္မဇ ‚ ဥတုဇရုပ်သည် ဒွိဇကာယ မည်၏။ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇ‚ ဥတုဇ‚ စိတ္တဇရုပ်သည် တိဇကာယ မည်၏။ အာဟာရဇရုပ်ဖြစ်ပေါ်သောအခါ ကမ္မဇ‚ ဥတုဇ‚ စိတ္တဇ‚ အာဟာရဇရုပ်သည် စတုဇကာယ မည်၏။

## ၁၂။ အာသေဝနပစ္စည်း

**အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ရှေးရှေး၌ ထုံအပ်သောနံ့သာသည် နောက်နောက်၌ ထုံအပ်သောနံ့သာအား အဆင်းအနံ့ကို လွန်စွာပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေး၌ သင်အံသော ကျမ်းဂန်သည် နောက်နောက်၌သင်အံသော ကျမ်းဂန်အား သင်ကြားရာ၌ လွယ်ကူစေခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ ပစ္စယုပ္ပန်တရားအား မိမိနှင့်တူအောင် အဖန်တလဲလဲ ပြုပြင် ဖြစ်စေခြင်းငှာ ကျေးဇူးပြုတတ်သောကြောင့် အာသေဝန ပစ္စည်း မည်၏။

ပစ္စည်း = ဇာတ်တူအဆုံးဇောကြဉ်သော ရှေးရှေးလောကီဇော ၄၇ ပါး၊ စေတသိက် ၅၂ ပါး။

ပစ္စယုပ္ပန် = ပထမဇော၊ ဖိုလ်ဇော ၄ ပါးကြဉ် နောက်နောက်ဇော ၅၁ ပါး၊ စေတသိက် ၅၂ ပါး။

| | |
|---|---|
| ၄၇ | ၅၁ |
| ၅၂ | ၅၂ |







## ၁။ ကမ္မပစ္စည်း

**ကံဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မျိုးစေ့သည် သစ်ပင်အား သွန့်အခက် စသည်ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ အထူးထူးသော ဉာဏ်နှင့်ယှဉ်သော ဝိပါက်၊ ကဋတ္တာရုပ်အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သော ကုသိုလ်၊ အကုသိုလ် စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်းမည်၏။ သစ်ပင်၏ အမြစ်သည် သစ်ပင်နှင့် တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြံခိုင်ခန့်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ တကွဖြစ်ဘက် တရားတို့ကို စေ့ဆော် ဆော်ဩခြင်း ဗျာပါရအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော စေတနာသည် သဟဇာတကမ္မပစ္စည်းမည်၏။

(၁) နာနာက္ခဏိက ကမ္မ

(၂) သဟဇာတ ကမ္မ ... ဟူ၍ ၂ ပါး အပြားရှိ၏။

## (၁) နာနာက္ခဏိကကမ္မ

အကြောင်း ပစ္စည်းကံ ဖြစ်ပေါ်သည့် အချိန်ကာလ "ခဏ" က တစ်မျိုး၊ အကျိုး ဖြစ်ပေါ်လာသော အချိန်ကာလ "ခဏ" က တစ်မျိုး၊ ဤသို့ ခဏအသီးသီးဖြစ်၍နေခြင်း ကြောင့် နာနာက္ခဏိကကမ္မ မည်၏။

| | | |
|---|---|---|
| | ၃၆ | |
| ၃၃ | ၃၈ | |
| | ကမ္မဇရုပ် | |

ပစ္စည်း = အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ် စေတနာ ၃၃။

ပစ္စယုပ္ပန် = ဝိပါက် နာမက္ခန္ဓာ ဟု ဆိုအပ်သော (စိတ် ၃၆၊ စေတသိက် ၃၈) အလုံးစုံသော ကမ္မဇရုပ်များ။

(၂) **သဟဇာတကမ္မ**

ပစ္စည်း = စိတ် ၈၉ ရှိ အလုံးစုံသော စေတနာ။

ပစ္စယုပ္ပန် = စိတ် ၈၉၊ စေတနာကြဉ် စေတသိက် ၅၁ ပါး၊

(က) စိတ္တဇရုပ်၊ (ခ) ပဋိသန္ဓေကမ္မဇရုပ်။

| | |
|---|---|
| | ၈၉ |
| ၁ | ၅၁ |
| | က<br>ခ |

## ၁၄။ ဝိပါကပစ္စည်း

**အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မှည့်ရင့်မှုသို့ရောက်သော သစ်သီး၊ သစ်ပွင့်တို့သည် အရှိန်အစွမ်းကုန်ခန်းကာ ဗျာပါရလုံးဝမရှိတော့ဘဲ သိမ်မွေ့နုံ့နေးသော သဘောသို့ ရောက်ကြသကဲ့သို့ ကံကြောင့်ဖြစ်သော ဝိပါက်တို့သည် မိမိကိုယ်တိုင် အကျိုးတရား ဖြစ်၍ ဗျာပါရမရှိ၊ ငြိမ်သက်စွာဖြစ်ခြင်းဖြင့် သဟဇာတ်တရားတို့ကိုလည်း ဗျာပါရ (အားထုတ်ခြင်း) မရှိ၊ ငြိမ်သက်စွာ ဖြစ်စေခြင်းငှာ ကျေးဇူးပြုတတ်သောကြောင့် ဝိပါက ပစ္စည်း မည်၏။

ပစ္စည်း = အလုံးစုံသော ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈။

ပစ္စယုပ္ပန် = အချင်းချင်းမှ တပ်သော အလုံးစုံသော ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈ ပါး။

(က) ဝိညတ်ခွေးကြဉ်သော စိတ္တဇရုပ်။

(ခ) ပဋိသန္ဓေ ကမ္မဇရုပ်များ။

| | |
|---|---|
| ၃၆ | ၃၆ |
| ၃၈ | ၃၈ |
| | က<br>ခ |

## ၁၅။ အာဟာရပစ္စည်း

**ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်၊ ပစ္စယုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့နိုင်စေတတ်သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရ ၄ ပါးသည် အာဟာရပစ္စည်းမည်၏။

(၁) ရုပ်အာဟာရပစ္စည်း

(၂) နာမ်အာဟာရပစ္စည်း .... ဟူ၍ ၂ ပါး အပြားရှိ၏။

(၁) **ရုပ်အာဟာရ** ပစ္စည်း၌ အလုပ်အလွေးပြု၍ စားမျိုအပ်သော အစာအာဟာရ၌ ပါသော ဗဟိဒ္ဓသြဇာသည် အဇ္ဈတ္တရှိ စတုသမုဋ္ဌာနိကသြဇာနှင့် ပေါင်းဆုံမိရာ၊ အချင်းချင်း ဌီသို့ အရောက်၌ အာဟာရဇရုပ်များကို ဖြစ်ပွားစေခြင်းဖြင့် ကျေးဇူးပြု၏။

ပစ္စည်း = အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကသြဇာနှင့်
ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇသြဇာ။

ပစ္စယုပ္ပန် = ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ၊ ကလာပ်ပြား
ဖြစ်သော စတုသမုဋ္ဌာနိကရုပ်များ။

| | |
|---|---|
| | |
| | |
| ၁ | ၂၈ |

(စတုသမုဋ္ဌာနိကရုပ် = အကြောင်းတရား ၄ ပါးကြောင့် ဖြစ်သောရုပ်များ)

(၂) **နာမ်အာဟာရ**

ပစ္စည်း = ဖဿ၊ စေတနာ၊ ဝိညာဏ် ဟူသော နာမ်အာဟာရ (၃) ပါး။

ပစ္စယုပ္ပန် = တကွဖြစ်ဘက် စိတ် ၈၉၊ စေတသိက် ၅၂ ပါး။
(က) စိတ္တဇရုပ် (ခ) ပဋိသန္ဓေကမ္မဇရုပ်။

| | |
|---|---|
| ၁ | ၈၉ |
| ၂ | ၅၂ |
| | က<br>ခ |

## ၁၆။ ဣန္ဒြိယပစ္စည်း

**အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မိမိဆိုင်ရာကိစ္စ၌ မိမိသည်သာ အစိုးရလျက်၊ပစ္စယုပ္ပန်တရားတို့အား မိမိအစဉ်သို့လိုက်စေခြင်းဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယပစ္စည်း မည်၏။

(၁) ပုရေဇာတိန္ဒြိယ
(၂) ရူပဇီဝိတိန္ဒြိယ
(၃) သဟဇာတိန္ဒြိယ ... ဟူ၍ ၃ ပါး အပြားရှိ၏။

(၁) **ပုရေဇာတိန္ဒြိယ (ဝတ္ထုပုရေဇာတိန္ဒြိယ)**

ပစ္စယုပ္ပန်တရားတို့၏ ရှေး၌ဖြစ်၍ ပစ္စယုပ္ပန်တရားတို့ကို အစိုးရသော ပစ္စည်းတရား ဖြစ်သည်။

ပစ္စည်း = မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော
ပဉ္စဝတ္ထု။ (ပသာဒရုပ် ၅ ပါး)

ပစ္စယုပ္ပန် = ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး။

| | |
|---|---|
| | ၁၀ |
| | ၇ |
| ၅ | |

(၁) **ရုပ်အာဟာရ** ပစ္စည်း၌ အလုပ်အလွေးပြု၍ စားမျိုအပ်သော အစာအာဟာရ၌ ပါသော ဗဟိဒ္ဓသြဇာသည် အဇ္ဈတ္တရှိ စတုသမုဋ္ဌာနိကသြဇာနှင့် ပေါင်းဆုံမိရာ၊ အချင်းချင်း ဌီသို့ အရောက်၌ အာဟာရဇရုပ်များကို ဖြစ်ပွားစေခြင်းဖြင့် ကျေးဇူးပြု၏။

ပစ္စည်း = အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကသြဇာနှင့် ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇသြဇာ။

ပစ္စယုပ္ပန် = ကလာပ်တူသြဇာကြည်သော ကလာပ်တူ၊ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်များ။

| | |
|---|---|
| | |
| ၁ | ၂၈ |

(စတုသမုဋ္ဌာနိကရုပ် = အကြောင်းတရား ၄ ပါးကြောင့် ဖြစ်သောရုပ်များ)

(၂) **နာမ်အာဟာရ**

ပစ္စည်း = ဖဿ၊ စေတနာ၊ ဝိညာဏ် ဟူသော နာမ်အာဟာရ (၃) ပါး။

ပစ္စယုပ္ပန် = တကွဖြစ်ဘက် စိတ် ၈၉၊ စေတသိက် ၅၂ ပါး။
(က) စိတ္တဇရုပ် (ခ) ပဋိသန္ဓေကမ္မဇရုပ်။

| | |
|---|---|
| ၁ | ၈၉ |
| ၂ | ၅၂ |
| | က ခ |

## ၁၆။ ဣန္ဒြိယပစ္စည်း

**အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မိမိဆိုင်ရာကိစ္စ၌ မိမိသည်သာ အစိုးရလျက်၊ပစ္စယုပ္ပန်တရားတို့အား မိမိအစဉ်သို့လိုက်စေခြင်းဖြင့် ကျေးဇူးပြု တတ်သောကြောင့် ဣန္ဒြိယပစ္စည်း မည်၏။

(၁) ပုရေဇာတိန္ဒြိယ
(၂) ရူပဇီဝိတိန္ဒြိယ
(၃) သဟဇာတိန္ဒြိယ ... ဟူ၍ ၃ ပါး အပြားရှိ၏။

### (၁) ပုရေဇာတိန္ဒြိယ (ဝတ္ထုပုရေဇာတိန္ဒြိယ)

ပစ္စယုပ္ပန်တရားတို့၏ ရှေး၌ဖြစ်၍ ပစ္စယုပ္ပန်တရားတို့ကို အစိုးရသော ပစ္စည်းတရား ဖြစ်သည်။

ပစ္စည်း = မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ (ပသာဒရုပ် ၅ ပါး)

ပစ္စယုပ္ပန် = ဒွေးပဉ္စဝိညာဏ်၁၀ ပါး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး။

| | |
|---|---|
| | ၁၀ |
| | ၇ |
| ၅ | |

## (၂) ရူပဇီဝိတိန္ဒြိယ

တကွဖြစ်သော ကမ္မဇရုပ်များ၌ အသက်ရှင်ခြင်းသတ္တိဖြင့် အုပ်စိုးသောတရား ဖြစ်သည်။

| | |
|---|---|
| | |
| ၁ | ၉ |

ပစ္စည်း = အလုံးစုံသော ရုပ်ဇီဝိတ။

ပစ္စယုပ္ပန် = ရူပဇီဝိတိန္ဒြေကြည်သော ကလာပ်တူ ကမ္မဇရုပ် ၉ ပါး။

## (၃) သဟဇာတိန္ဒြိယ

တကွဖြစ်သော ရုပ်နာမ်တို့အား အုပ်စိုးတတ်သောတရားဖြစ်သည်။

ပစ္စည်း = ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈ ပါး။

ပစ္စယုပ္ပန် = တကွဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂။ (က) စိတ္တဇရုပ်၊ (ခ) ပဋိသန္ဓေကမ္မဇရုပ်။

| | |
|---|---|
| ၁ | ၈၉ |
| ၇ | ၅၂ |
| | က<br>ခ |

## ၁၇။ ဈာနပစ္စည်း

**ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ကသိုဏ်း စသော အာရုံ၊ တေဘူမကတရားတို့၏ အနိစ္စတာ စသော လက္ခဏာရေးသုံးပါး၊ နိဗ္ဗာန်၏ သန္တိလက္ခဏာတို့ကို ကပ်၍ကြံခြင်း အစွမ်းအားဖြင့် ကပ်ရောက်၍ အာရုံကို ကြံတတ်ကုန်သော ဝိတက် အစရှိသည်တို့သည် ဈာန ပစ္စည်း မည်၏။

▸▸ အာရုံစုစု၊ ဈာန်စက္ခုဖြင့်၊ ရှုလေတိုက်ရိုက်၊ စူးစိုက်စိုက်တည်း။
နောက်လိုက်တို့အား၊ ကိုယ့်အလားဖြင့်၊ ရှုစားစေရ၊ သတ္တိပြ၊ ဈာန ပစ္စည်းခေါ်။

ပစ္စည်း = ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသော ဈာနင်တရားကိုယ် ၅ ပါး။

ပစ္စယုပ္ပန် = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ် စိတ် ၇၉၊ စေတသိက် ၅၂။ (က) စိတ္တဇရုပ်၊ (ခ) ပဋိသန္ဓေကမ္မဇရုပ်။

| | |
|---|---|
| | ၇၉ |
| ၅ | ၅၂ |
| | က<br>ခ |

## ၁၈။ မဂ္ဂပစ္စည်း

**အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်သော လမ်းခရီးသဘောသတ္တိအားဖြင့် ကျေးဇူးပြုတတ်သော ကြောင့် မဂ္ဂ ပစ္စည်း မည်၏။

ပစ္စည်း = ပညာ၊ ဝိတက်၊ ဝိရတိ ၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟူသော မဂ္ဂင် တရားကိုယ် ၉ ပါး။

ပစ္စယုပ္ပန် = သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂။
(က) သဟိတ် စိတ္တဇရုပ်၊ (ခ) သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။

| | |
|---|---|
| | ၇၁ |
| ၉ | ၅၂ |
| | က<br>ခ |

## ၁၉။ သမ္ပယုတ္တပစ္စည်း

**ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ထောပတ် ‚ ပျားရည် ‚ သကာ ‚ ဆီ ဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောသည်ဖြစ်၍ ကျေးဇူးပြု သကဲ့သို့ နာမ်ခန္ဓာလေးပါးသည်လည်း အချင်းချင်း မကွေမကွာ ယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် သမ္ပယုတ္တပစ္စည်း မည်၏။

ပစ္စည်း } အချင်းချင်းအားတပ်သော
ပစ္စယုပ္ပန် } အချင်းချင်းမှ ထောက်အပ်သော
} ပဝတ္တိ၊ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး ဟုဆိုအပ်သော စိတ် ၈၉၊ စေတသိက် ၅၂။

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |
| | |

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း

**မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ ချို ‚ ချဉ် ‚ စပ် ‚ ငန် ‚ ဖန် ‚ ခါး ဟူသော အရသာ ၆ ပါးသည် အချင်းချင်း မနှီးမနှော မယှဉ်သောအားဖြင် ကျေးဇူးပြု သကဲ့သို့ တကွဖြစ်သော နာမ် နှင့် ရုပ် တို့သည် အချင်းချင်း မယှဉ်သောအားဖြင့် ကျေးဇူး ပြုတတ် သောကြောင့် ဝိပ္ပယုတ္တပစ္စည်း မည်၏။

၁။ သဟဇာတ ဝိပ္ပယုတ်

၂။ ပုရေဇာတ ဝိပ္ပယုတ် (က) ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်

(ခ) ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်

၃။ ပစ္ဆာဇာတ ဝိပ္ပယုတ် ... ဟူ၍ ကွဲပြား၏။

**၁။ သဟဇာတဝိပ္ပယုတ်** = (သဟဇာတ ကြီးထဲမှ ရုပ်အားတပ်သော နာမ်၊ နာမ်အားတပ်သောရုပ်)

ပစ္စည်း၊ ပစ္စယုပ္ပန်တရား တို့မှာ ....

(၁) ပဋိသန္ဓေကာလ၌ ဖြစ်ခိုက် အရူပဝိပါက် ၄၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာ စုတိစိတ်ကြဉ် စိတ် ၇၅၊ စေတသိက် ၅၂ ဟုဆိုအပ်သော ပဝတ္တိ၊ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါးတို့သည် တကွဖြစ်သော (က) စိတ္တဇရုပ်၊ (ခ) ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း ..

(၂) ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု နှင့် ပဋိသန္ဓေတို့သည် အပြန်အလှန် အားဖြင့် လည်းကောင်း ကျေးဇူးပြုကြ၏။




**၂။ ပုရေဇာတ ဝိပ္ပယုတ်**

**(က) ဝတ္ထုပုရေဇာတဝိပ္ပယုတ်** (ဝတ္ထုပုရေဇာတ နှင့် တူ၏။)

**(ခ) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်** (ဝတ္ထာရမ္မဏ ပုရေဇာတ နှင့် တူ၏။)

**၃။ ပစ္ဆာဇာတ ဝိပ္ပယုတ်** (ပစ္ဆာဇာတ ပစ္စည်း နှင့် တူ၏။)

## ၂၁။ အတ္ထိပစ္စည်း

**ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မြေကြီး၊ ဟိမဝန္တာတောင်တို့သည် မိမိထင်ရှားရှိခိုက် မိမိအပေါ် ပေါက်ရောက်ကြသော သစ်ပင်၊ ဆေးပင် စသည်တို့အား စိမ်းရှင်သြဇာ ထက်မြက်အောင် ထောက်ပံ့သကဲ့သို့ မိမိထင်ရှားရှိခိုက် ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့မှုဖြင့် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း မည်၏။

## ပစ္စည်း အခွဲများ

၁။ သဟဇာတတ္တိ .... သဟဇာတ ပစ္စည်း နှင့် တူ၏။

၂။ ပုရေဇာတတ္တိ .... ပုရေဇာတ ။

(က) ဝတ္ထုပုရေဇာတတ္တိ

(ခ) ဝတ္ထာရမ္မဏ ပုရေဇာတတ္တိ

(ဂ) အာရမ္မဏ ပုရေဇာတတ္တိ

၃။ ပစ္ဆာဇာတတ္တိ .... ပစ္ဆာဇာတ ။

၄။ အာဟာရတ္တိ .... ရုပ်အာဟာရ ။

၅။ ဣန္ဒြိယတ္တိ .... ရူပဇီဝိတိန္ဒြိယ ပစ္စည်း နှင့် တူ၏။

## ၂၂။ နတ္ထိပစ္စည်း

**မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မီးရောင်၏ ချုပ်ငြိမ်းမှုသည် အမှောင်ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့ မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့သော စိတ်၊ စေတသိက်တို့အား ဖြစ်ခွင့်ပေးသည်၏ အစွမ်းအားဖြင့် ချုပ်ငြိမ်းပေးကုန်၍ ကျေးဇူးပြုတတ်သောကြောင့် နတ္ထိပစ္စည်း မည်၏။

■ ပစ္စည်း၊ ပစ္စယုပ္ပန်တရား တို့မှာ .... အနန္တရ ပစ္စည်းနှင့် အလုံးစုံ တူ၏။

## ၂၃။ ဝိဂတပစ္စည်း

**ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ နေဝင်ခြင်းသည် လထွက်ရန် ကျေးဇူးပြုသကဲ့သို့ မိမိတို့ ကင်းချုပ်မှုဖြင့်နောက်နောက်တရား ဖြစ်စေရန် ကင်း၍ ကျေးဇူးပြုတတ်သောကြောင့် ဝိဂတပစ္စည်း မည်၏။

■ ပစ္စည်း၊ ပစ္စယုပ္ပန်တရား တို့မှာ .... အနန္တရ ပစ္စည်းနှင့် အလုံးစုံ တူ၏။

### နတ္ထိ နှင့် ဝိဂတ အထူး

■ ဥပါဒ်၊ ဋီ၊ ဘင် ချုပ်ပြီး၍ ကင်းဆိတ်မှုသဘောသည် နတ္ထိပစ္စည်း မည်၏။

■ ချုပ်ခါမျှ ဖြစ်သော သဘောသည် ဝိဂတပစ္စည်း မည်၏။

## ၂၄။ အဝိဂတပစ္စည်း

**မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား** ဖြစ်သည်။ မဟာသမုဒ္ဒရာသည် မိမိကို မှီ၍ နေကုန်သော ငါး၊ လိပ် စသည်တို့အား မကင်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိ မကင်းမချုပ်သေးဘဲ ပစ္စုပ္ပန်ရှိဆဲ အနေအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အဝိဂတ ပစ္စည်းမည်၏။ ■ ပစ္စည်း၊ ပစ္စယုပ္ပန်တရား တို့မှာ .... အတ္ထိ ပစ္စည်းနှင့် အလုံးစုံ တူ၏။

### အတ္ထိ နှင့် အဝိဂတ အထူး

- ■ မိမိထင်ရှားရှိသော သဘောနှင့် ပြည့်စုံသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဖြစ်သည် အတ္ထိပစ္စည်း မည်၏။
- ■ ချုပ်ခြင်း ဘင်သို့ မရောက်သည်၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သော အဖြစ်သည် အဝိဂတပစ္စည်း မည်၏။

### သင်္ဂြိုဟ်ကျမ်းလာ ကျေးဇူးပြုပုံ (၆) မျိုး

၁။ နန် . သမနန်၊ နတ် . ဝိတ . သေ . သမ်၊ နာမ်သည် နာမ် အား ခြောက်ပါး မှတ်ရန်။

၂။ ဟေ . ဈာ . မဂ္ဂ၊ ကမ္မ . ပါကံ၊ နာမ်ရုပ် အား၊ ငါးပါး ပစ္စယံ။

၃။ နာမ်သည် ရုပ်အား၊ တစ်ပါးဆိုတာ၊ ပစ္ဆာဇာတ၊ မှတ်ကြစေရာ။

၄။ ရုပ်သည် နာမ်အား၊ တစ်ပါးဆိုတာ၊ ကောင်းစွာမှီး၊ ပစ္စည်း ပုရေဇာ။

၅။ ပညတ် . နာမ်ရုပ်၊ သရုပ်သုံးဖြာ၊ နာမ် အားပြု၊ အာ . ဥ နှစ်ဖြာသာ။

၆။ ဓိ . သ . အဉ် . နိ၊ ဟာ . ဣ . ဝိပ္ပ၊ အတ္ထာ . အဝိဂတ၊ ပေါင်းကြ နဝဓာ။

| | ပစ္စည်း | ပစ္စယုပ္ပန် | | ပစ္စယသတ္တိ |
|---|---|---|---|---|
| ၁ | နာမ် | နာမ် | ၆ | အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တ |
| ၂ | နာမ် | နာမ်ရုပ် | ၅ | ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက |
| ၃ | နာမ် | ရုပ် | ၁ | ပစ္ဆာဇာတ |
| ၄ | ရုပ် | နာမ် | ၁ | ပုရေဇာတ |
| ၅ | ပညတ်နာမ်ရုပ် | နာမ် | ၂ | အာရမ္မဏ၊ ဥပနိဿယ |
| ၆ | နာမ်ရုပ် | နာမ်ရုပ် | ၉ | အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ |

## ၁။ နာမ်သည် နာမ် အား ကျေးဇူးပြုသော (၆) ပစ္စည်း

▸▸ နန် . သမနန် ၊ နတ် . ဝိတ . သေ . သမ် ၊ နာမ်သည် နာမ် အား ခြောက်ပါး မှတ်ရန်။

| အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ | အာသေဝန | သမ္ပယုတ္တ |
|---|---|---|
| ၈၉ ၈၉<br>၅၂ ၅၂ | ၄၇ ၅၁<br>၅၂ ၅၂ | ၈၉ ၈၉<br>၅၂ ၅၂ |

## ၂။ နာမ်သည် နာမ်ရုပ် အား ကျေးဇူးပြုသော (၅) ပစ္စည်း

▸▸ ဟေ . ဈာ . မဂ္ဂ ၊ ကမ္မ . ပါကံ ၊ နာမ်ရုပ် အား၊ ငါးပါး ပစ္စယံ။

| ဟေတု | ဈာန | မဂ္ဂ | နာနာက္ခဏိက ကမ္မ | သဟဇာတ ကမ္မ | ဝိပါက |
|---|---|---|---|---|---|
| ၇၁<br>၆ ၅၂<br>က ခ | ၇၉<br>၅ ၅၂<br>က ခ | ၇၁<br>၉ ၅၂<br>က ခ | ၃၆<br>၃၃ ၃၈<br>ကမ္မဇရုပ် | ၈၉<br>၁ ၅၁<br>က ခ | ၃၆ ၃၆<br>၃၈ ၃၈<br>က ခ |

## ၃။ နာမ်သည် ရုပ် အား ကျေးဇူးပြုသော (၁) ပစ္စည်း

▸▸ နာမ်သည် ရုပ်အား၊ တစ်ပါးဆိုတာ၊ ပစ္ဆာဇာတ၊ မှတ်ကြစေရာ။

၈၅
၅၂
ဧကဇ၊ ဒွိဇ
တိဇ၊ စတုဇ
ရုပ်များ

## ၄။ ရုပ်သည် နာမ် အား ကျေးဇူးပြုသော (၁) ပစ္စည်း

▸▸ ရုပ်သည် နာမ်အား၊ တစ်ပါးဆိုတာ၊ ကောင်းစွာမှီး၊ ပစ္စည်း ပုရေဇာ။

| ဝတ္ထုပုရေဇာတ | ဝတ္ထာရမ္မဏပုရေဇာတ | အာရမ္မဏပုရေဇာတ |
|---|---|---|
| ၈၅<br>၅၂<br>၆ | ၄၃<br>၄၄<br>ဟဒယ | ၅၆<br>၅၀<br>၁၈ |

## ၅။ ပညတ်၊ နာမ်၊ ရုပ် က နာမ် အား ကျေးဇူးပြုသော (၂) ပစ္စည်း

▸▸ ပညတ် , နာမ်ရုပ် ၊ သရုပ်သုံးဖြာ ၊ နာမ် အားပြု၊ အာ , ဥ နှစ်ဖြာသာ။

| ၁။ အာရမ္မဏ | ၂။ ဥပနိဿယ | (က)အာရမ္မဏူပနိဿယ | (ဂ)ပကတူပနိဿယ |
|---|---|---|---|
| ၈၉ \| ၈၉<br>၅၂ \| ၅၂<br>၂၈ နိဗ္ဗာန် ပညတ် \| | (ခ) အနန္တရူပနိဿယသည် အနန္တရပစ္စည်း နှင့်တူ၏။ | ၈၄ \| ၂၈<br>၄၇ \| ၄၅<br>၁၈ နိဗ္ဗာန် \| | ၈၉ \| ၈၉<br>၅၂ \| ၅၂<br>၂၈ ပညတ် \| |

## ၆။ နာမ် ရုပ် က နာမ်ရုပ် အား ကျေးဇူးပြုသော (၉) ပစ္စည်း

▸▸ ဓိ , သ , အဉ် , နိ ၊ ဟာ , ဣ , ဝိပ္ပါ ၊ အတ္ထာ , အဝိဂတ ၊ ပေါင်းကြ နဝဓာ။

| | | | |
|---|---|---|---|
| ၁။ အဓိပတိ | (က) အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ နှင့်တူ၏။ | (ခ)သဟဇာတာဓိပတိ | ၁ \| ၅၂<br>၃ \| ၅၁<br>\| သာဓိပတိစိတ္တဇရုပ် |
| ၂။ သဟဇာတ | ၈၉ \| ၈၉<br>၅၂ \| ၅၂<br>\| က ခ | \|<br>\|<br>၄ \| ၄ · ၂၄ | ၁ \| ၁<br>၃ \| ၃<br>ဟဒယ \| ဟဒယ |
| ၃။ အညမည | ၈၉ \| ၈၉<br>၅၂ \| ၅၂<br>\| | \|<br>\|<br>၄ \| ၄ | ၁ \| ၁<br>၃ \| ၃<br>ဟဒယ \| ဟဒယ |
| ၄။ နိဿယ | ၁။ သဟဇာတနိဿယ ... သဟဇာတ ပစ္စည်းနှင့်တူ၏။<br>၂။ ပုရေဇာတနိဿယ<br>(က) ဝတ္ထုပုရေဇာတနိဿယ ... ဝတ္ထုပုရေဇာတ နှင့်တူ၏။<br>(ခ) ဝတ္ထာရမ္မဏပုရေဇာတနိဿယ ... ဝတ္ထာရမ္မဏပုရေဇာတ နှင့်တူ၏။ | | |

| | |
|---|---|
| ၅။ အာဟာရ | (က) ရုပ်အာဟာရ   (ခ) နာမ်အာဟာရ   |
| ၆။ ဣန္ဒြိယ | (က) ပုရေဇာတိန္ဒြိယ (ခ) ရူပဇီဝိတိန္ဒြိယ (ဂ) သဟဇာတိန္ဒြိယ       |
| ၇။ ဝိပ္ပယုတ္တ | ၁။ သဟဇာတဝိပ္ပယုတ်    <br>၂။ ပုရေဇာတဝိပ္ပယုတ်<br>(က) ဝတ္ထုပုရေဇာတဝိပ္ပယုတ် ... ဝတ္ထုပုရေဇာတ နှင့်တူ၏။<br>(ခ) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ် ... ဝတ္ထာရမ္မဏပုရေဇာတနှင့်တူ၏။<br>၃။ ပစ္ဆာဇာတ ဝိပ္ပယုတ် ... ပစ္ဆာဇာတ နှင့်တူ၏။ |
| ၈။ အတ္ထိ | ၁။ သဟဇာတတ္ထိ ... သဟဇာတ ပစ္စည်း နှင့်တူ၏။<br>၂။ ပုရေဇာတတ္ထိ ... ပုရေဇာတ ။<br>(က) ဝတ္ထုပုရေဇာတတ္ထိ<br>(ခ) ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ<br>(ဂ) အာရမ္မဏ ပုရေဇာတတ္ထိ<br>၃။ ပစ္ဆာဇာတတ္ထိ ... ပစ္ဆာဇာတ ။<br>၄။ အာဟာရတ္ထိ ... ရုပ်အာဟာရ ။<br>၅။ ဣန္ဒြိယတ္ထိ ... ရူပဇီဝိတိန္ဒြိယ ။ |
| ၉။ အဝိဂတ | အတ္ထိ ပစ္စည်း နှင့် အလုံးစုံ တူ၏။ |

**ပဋ္ဌာန်းဆိုင်ရာတို့သည် ...**

(က) **ပစ္စယုဒ္ဒေသ** အားဖြင့် ဟေတု ၊ အာရမ္မဏ .. စသည်ဖြင့် ၂၄ ပါးရှိ၏။
(ခ) **မျိုး** ။ အာရမ္မဏမျိုး၊ သဟဇာတမျိုး.. ။ ၉ ။
(ဂ) **ခေါင်းဆောင်ပစ္စည်း** ။ အာရမ္မဏ, သဟဇာတ.. ။ ၈ ။
(ဃ) **ပစ္စည်းအချုပ်** ။ အာ , ဥ , ကံ , အတ် ဟူ၍ ၄ ။
(င) **တရားအချုပ်** ။ နာမ် , ရုပ် , ပညတ် ။ ၃ ။

**ခေါင်းဆောင် (၈) ပစ္စည်း**

■ အာရမ္မဏ၊ သဟဇာတ ၊ ဥပနိဿယ ၊ ဝတ္ထုပုရေဇာတ ၊ ပစ္ဆာဇာတ ၊ နာနာက္ခဏိက ကမ္မ၊ ရုပ်အာဟာရ ၊ ရူပဇီဝိတိန္ဒြိယ အားဖြင့် (၈) ပစ္စည်း။

## မျိုးပစ္စည်း (၉) မျိုး

▸▸ ဆယ့်ငါး သဟ၊ ရှစ်ဝ . အာ နှင့်၊ ခုနစ်ဖြာ နန်၊ ခြောက်တန် ဝတ္ထု၊ လေးခု ပစ္ဆာ၊ သုံးဖြာ ဟာရော၊ တယော က္ကန္ဒြိ၊ ဒွိ ပကတူ၊ တစ်ခုမူ ကမ်၊ မျိုး ကိုးတန် ဆောင်ရန် နှုတ်တက် အာဂုံတည်း။

| | | | |
|---|---|---|---|
| ၁ | အာရမ္မဏမျိုး | ၈ ပစ္စည်း | အာ . အဓိ . နိဿ၊ ဥ . ပု . ဝိပ်၊ နောက်ပိတ် အတ် . အဝိ။ |
| ၂ | သဟဇာတမျိုး | ၁၅ ။ | ဟေ . မိ . သဟံ၊ အည် . နိ . ကမ်၊ ဝိပ်ံ . ဟာ . က္ကန် . ဈာန်။ မဂ် . သမ် . ဝိပ် . အတ်၊ အဝိ မှတ်၊ သဟ ဆယ့်ငါးတန်။ |
| ၃ | အနန္တရမျိုး | ၇ ။ | နန်–နန် ဥပ ၊ အာသေဝ နှင့်၊ ကမ္မ နတ္ထိ ၊ ဝိကိုထည့်။ |
| ၄ | ဝတ္ထုပုရေဇာတမျိုး | ၆ ။ | နိ . ပု . က္ကန္ဒြိ ၊ ဝိပ် . အတ္ထိ၊ အဝိ . ဝတ္ထုခြောက်။ |
| ၅ | ပစ္ဆာဇာတမျိုး | ၄ ။ | ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ |
| ၆ | ရုပ်အာဟာရမျိုး | ၃ ။ | ရုပ်အာဟာရ၊ အတ္ထိ၊ အဝိဂတ |
| ၇ | ရူပဇီဝိတိန္ဒြိယမျိုး | ၃ ။ | ရူပဇီဝိတိန္ဒြိယ၊ အတ္ထိ၊ အဝိဂတ |
| ၈ | ပကတူပမျိုး | ၂ ။ | ပကတူပနိဿယ၊ နာနာက္ခဏိက ကမ္မ |
| ၉ | ကမ္မမျိုး | ၁ ။ | နာနာက္ခဏိက ကမ္မ |

# အာရမ္မဏမျိုး (၈) ပစ္စည်း

▸▸ အာ . အဓိ . နိဿ၊ ဥ . ပု . ဝိပ်၊ နောက်ပိတ် အတ် . အဝိ။

| | | | | | |
|---|---|---|---|---|---|
| ၁ | အာရမ္မဏ | | အာဓိ | အာပု | ဝတ္ထာ |
| ၂ | အဓိပတိ | အာရမ္မဏာဓိပတိ | အာဓိ | | |
| ၃ | နိဿယ | ဝတ္ထာရမ္မဏပုရေဇာတနိဿယ | | | ဝတ္ထာ |
| ၄ | ဥပနိဿယ | အာရမ္မဏူပ နိဿယ | အာဓိ | | |
| ၅ | ပုရေဇာတ | ဝတ္ထာရမ္မဏပုရေဇာတ | | | ဝတ္ထာ |
| | | အာရမ္မဏ ပုရေဇာတ | | အာပု | |
| ၆ | ဝိပ္ပယုတ္တ | ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ | | | ဝတ္ထာ |
| ၇ | အတ္ထိ | ဝတ္ထာရမ္မဏပုရေဇာတတ္ထိ | | | ဝတ္ထာ |
| | | အာရမ္မဏ ပုရေဇာတတ္ထိ | | အာပု | |
| ၈ | အဝိဂတ | ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတ | | | ဝတ္ထာ |
| | | အာရမ္မဏ ပုရေဇာတ အဝိဂတ | | အာပု | |
| | | တစ်အုပ်စုစီ၌ ပါဝင်သော ပစ္စည်းပေါင်း | ၃ | ၄ | ၆ |

## အာရမ္မဏာ ဓိပတိ သရုပ်ခွဲ

| | | | |
|---|---|---|---|
| (အလေးအမြတ်ပြုအပ်သော) | ဒေါ ၂၊ မော ၂၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ် လောကီ စိတ် .. ၇၆<br>ဒေါ်စတုက်၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၇၊ ကျွဲ နိပ္ဖန္နရုပ် ၁၈ | (အလေးအမြတ်ပြုတတ်သော) | လောဘမူ ၈ |
| | လောကီ ကုသိုလ် ၁၇ | | မဟာ ကု ဝိပ် ၄ |
| | အရဟတ္တမဂ်ကြဉ် ဂုသိုလ် ၂၀၊ အောက်ဖိုလ် ၃၊ နိဗ္ဗာန် | | မဟာ ကု သံ ၄ |
| | အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန် | | မဟာ ကြိ သံ ၄ |
| | နိဗ္ဗာန် | | လောကုတ္တရာ ၈ |

| အုပ်စုခွဲ | ပစ္စည်း | | | ပစ္စယုပ္ပန် |
|---|---|---|---|---|
| အာရမ္မဏ | စိတ် - ၈၉၊ စေ - ၅၂၊ ရုပ် - ၂၈၊ နိဗ္ဗာန်၊ ပညတ် | | | စိတ် - ၈၉၊ စေ - ၅၂ |
| အာဓိ | ဒေါ ၂၊ မော ၂၊ ဒုက္ခသဟဂုတ်ကာယ | | | လောဘမူ ၈၊ မဟာကုသိုလ် ၈၊ |
| | ဝိညာဏ်ကြဉ် စိတ် .. | ၈၄ | ၂၈ | မဟာကြိယာ ၄၊ လောကုတ္တရာ ၈ |
| | ဒေါစတုက်၊ ဝိစိကိစ္ဆာကြဉ် စေ .. | ၄၇ | ၄၅ | (ဒေါစတုက်၊ ဝိစိ၊ အပ္ပမညာကြဉ်) |
| | ဣဋ္ဌ နိပ္ဖန္နရုပ် ...... | ၁၈ | | |
| | (အလေးအမြတ်ပြုအပ်သော) | နိ | | (အလေးအမြတ်ပြုတတ်သော) |
| အာပု | | | ၅၆ | ကာမစိတ် ၅၄၊ အဘိညာဉ်ဒွေး |
| | | | ၅၀ | အပ္ပမညာဒွေး ကြဉ် |
| | ပစ္စုပ္ပန် နိပ္ဖန္နရုပ် .. | ၁၈ | | |
| ဝတ္ထု | | | | (မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉ |
| | စုတိစိတ်မှ ပြန်၍ ရေသော် | | ၄၃ | တဒါရုံ ၁၁၊ အဘိညာဉ်ဒွေး)နှင့် |
| | ၁၇ ချက်မြောက်သော | | ၄၄ | ယှဉ်ဖက် စေတသိက် ၄၄ |
| | စိတ်နှင့် အတူ ဥပါဒ်သော .. | ဟဒယ | | |

## သဟဇာတမျိုး (၁၅) ပစ္စည်း

▸▸ ဟေ . ဓိ . သဟံ၊ အဉ် . နိ . ကမ်၊ ဝိပံ . ဟာ . ဣန် . ဈာန်။
မဂ် . သမ် . ဝိပ် . အတ်၊ အဝိ မှတ်၊ သဟ ဆယ့်ငါးတန်။

### သဟကြီး (၄) ပစ္စည်း

▸▸ သ . နိ . အတ္ထိ ၊ အဝိဂတ ၊ ဤလေးဖြာ ၊ မဟာသဟဇ။

| | | | |
|---|---|---|---|
| ၁ | သဟဇာတ | | |
| ၂ | နိဿယ | ... | သဟဇာတနိဿယ |
| ၃ | အတ္ထိ | ... | သဟဇာတတ္ထိ |
| ၄ | အဝိဂတ | ... | သဟဇာတအဝိဂတ |

| | |
|---|---|
| ၈၉ | ၈၉ |
| ၅၂ | ၅၂ |
| | က<br>ခ |

| | |
|---|---|
| | |
| | |
| ၄ | ၄ . ၂၄ |

| | |
|---|---|
| ၁ | ၁ |
| ၃ | ၃ |
| ဟဒယ | ဟဒယ |

## သဟလတ် (၄) ပစ္စည်း

▸▸ အညာ . ဝိ . သမ် ၊ ဝိပ် လေးတန် ၊ မဖွဲ့သဟာဇ။

| အညမည | ဝိပါက |
|---|---|
| ၈၉ \| ၈၉<br>၅၂ \| ၅၂<br><br>— \| —<br>— \| —<br>၄ \| ၄<br><br>၁ \| ၁<br>၃ \| ၃<br>ဟဒယ \| ဟဒယ | ဝိပါက်စိတ် ၃၆ \| ၃၆<br>နာမက္ခန္ဓာ ၃၈ \| ၃၈<br>\| ကခ (ဝိညတ်ကြဉ်) |
| **ဝိပ္ပယုတ္တ (သဟဇာတဝိပ္ပယုတ္တ)** | **သမ္ပယုတ္တ** |
| ၇၅ \|<br>၅၂ \|<br>\| ကခ<br><br>ပဥ္စဝေါပဋိသန္ဓေ \| ပဥ္စဝေါပဋိသန္ဓေ<br>— \| —<br>ဟဒယ \| ဟဒယ | ၈၉ \| ၈၉<br>၅၂ \| ၅၂<br>\| |

## သဟယယ် (၇) ပစ္စည်း

▸▸ ဟေ . ဓိ . ဟာ . ကံ ၊ ဣန် . မဂ် . ဈာန် ၊ မှတ်ရန် ယယ် သဟာ။

| ဟေတု | အဓိပတိ (သဟဇာတာဓိပတိ) | ကမ္မ (သဟဇာတကမ္မ) | အာဟာရ (နာမ်အာဟာရ) |
|---|---|---|---|
| \| ၇၁<br>၆ \| ၅၂<br>\| ကခ သဟိတ် | ၁ \| ၅၂<br>၃ \| ၅၁<br>\| သာဓိပတိစိတ္တဇရုပ် | \| ၈၉<br>၁ \| ၅၁<br>\| ကခ | ၁ \| ၈၉<br>၂ \| ၅၂<br>\| ကခ |
| **ဣန္ဒြိယ (သဟဇာတိန္ဒြိယ)** | **ဈာန** | **မဂ္ဂ** | |
| ၁ \| ၈၉<br>၇ \| ၅၂<br>\| ကခ | \| ၇၉<br>၅ \| ၅၂<br>\| ကခ | \| ၇၁<br>၉ \| ၅၂<br>\| ကခ သဟိတ် | |

## အနန္တရမျိုး (၇) ပစ္စည်း

▸▸ နန်-နန် ဥပ၊ အာသေဝ နှင့်၊ ကမ္မ နတ္ထိ၊ ဝိ ကိုထည့်၊ ခွန် ရှိ အနန်မျိုး။

| | | |
|---|---|---|
| ၁ | အနန္တရ | ရှေးရှေးစိတ် ၈၉ \| ၈၉ နောက်နောက်စိတ်<br>၅၂ \| ၅၂ |
| ၂ | သမနန္တရ | |
| ၃ | ဥပနိဿယ (အနန္တရူပနိဿယ) | |
| ၄ | နတ္ထိ | |
| ၅ | ဝိဂတ | |
| ၆ | အာသေဝန | အဆုံးဇောကြဉ် ရှေးရှေးလောကီဇော ၄၇ \| ၅၁<br>၅၂ \| ၅၂<br>ပ.ဇောဖိုလ်ဇောကြဉ် နောက်နောက်ဇော |
| ၇ | ကမ္မ (အနန္တရကမ္မ) -ဝါ- နာနာက္ခဏိက ကမ္မ တစ်စိတ် | မဂ် ၄ ခု စေတနာ ၄ \| ၄<br>\| ၃၆<br>မဂ္ဂါနန္တရ ဖိုလ်ဇော |

## ဝတ္ထုပုရေဇာတမျိုး (၆) ပစ္စည်း

▸▸ နိ . ပု . ဣန္ဒြိ ၊ ဝိပ် . အတ္ထိ၊ အဝိ . ဝတ္ထုခြောက်။

| | | |
|---|---|---|
| ၁ | နိဿယ (ဝတ္ထုပုရေဇာတနိဿယ) | ဆ ဝတ္ထု ရုပ် ၆ \| ၈၅<br>\| ၅၂<br>ပဋိသန္ဓေအခါ အရူပဝိ ၄ ကြဉ် |
| ၂ | ပုရေဇာတ (ဝတ္ထုပုရေဇာတ) | |
| ၃ | ဝိပ္ပယုတ္တ (ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ) | |
| ၄ | အတ္ထိ (ဝတ္ထုပုရေဇာတတ္ထိ) | |
| ၅ | အဝိဂတ (ဝတ္ထုပုရေဇာတအဝိဂတ) | |
| ၆ | ဣန္ဒြိယ (ပုရေဇာတိန္ဒြိယ) | မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောပဉ္စဝတ္ထု ၅ \| ၁၀<br>\| ၇<br>ပဉ္စဝိညာဏ် |

## ပဏ္ဍာဇာတမျိုး (၄) ပစ္စည်း

▸▸ ပဏ္ဍာ . ဝိပ် . အတ်၊ အဝိ မှတ်၊ လေးရပ် ပဏ္ဍာမျိုး။

| | | |
|---|---|---|
| ၁ | ပဏ္ဍာဇာတ | (ပဋ္ဌဝေါအခါ အရူပ ဝိ ၄ ကြည့် ပ ဘဝင် စသော နောက်ဖြစ်သော နာမက္ခန္ဓာ ၄ ပါး) ၈၅ / ၅၂ — ဌီသို့ ရောက်နှင့်သော ဧကဇ . ဒွိဇ . တိဇ . စတုဇ ရုပ်များ |
| ၂ | ဝိပ္ပယုတ္တ ... ပဏ္ဍာဇာတဝိပ္ပယုတ္တ | |
| ၃ | အတ္ထိ ... ပဏ္ဍာဇာတတ္ထိ | |
| ၄ | အဝိဂတ ... ပဏ္ဍာဇာတအဝိဂတ | |

## ရုပ်အာဟာရမျိုး (၃) ပစ္စည်း

| | | |
|---|---|---|
| ၁ | အာဟာရ ... ရုပ်အာဟာရ | စတုသမုဋ္ဌာနိက ဩဇာရုပ် ၁ — ၂၈ ကလာပ်တူ ဩဇာ ကြည့်သော / ကလာပ်တူ-ပြား / စတုသမုဋ္ဌာနိကရုပ်များ |
| ၂ | အတ္ထိ ... ရုပ်အာဟာရတ္ထိ | |
| ၃ | အဝိဂတ ... ရုပ်အာဟာရအဝိဂတ | |

## ရူပဇီဝိတိန္ဒြိယမျိုး (၃) ပစ္စည်း

| | | |
|---|---|---|
| ၁ | ဣန္ဒြိယ ... ရူပဇီဝိတိန္ဒြိယ | ရုပ်ဇီဝိတိန္ဒြေ ၁ — ၉ ရုပ်ဇီဝိတိန္ဒြေ ကြည့် ကလာပ်တူ ကမ္မဇ ရုပ်များ |
| ၂ | အတ္ထိ ... ရူပဇီဝိတိန္ဒြိယတ္ထိ | |
| ၃ | အဝိဂတ ... ရူပဇီဝိတိန္ဒြိယအဝိဂတ | |

## ပကတူပမျိုး (၂) ပစ္စည်း

| ဥပနိဿယ (ပကတူပနိဿယ) | ကမ္မ(နာနာက္ခဏိက ကမ္မ) |
|---|---|
| ဗလဝဖြစ်သော ၈၉ \| ၈၉ / ၅၂ \| ၅၂ / ၂၈ / ပညတ် | အတိတ် . ဗလဝ ကု.အကုစေတနာ ၃၃ — ၃၆ ဝိပါက် / ၃၈ နာမက္ခန္ဓာ |

# ကမ္မမျိုး (၁) ပစ္စည်း

■ ကမ္မ (နာနာက္ခဏိက ကမ္မ)

| | |
|---|---|
| အတိတ် . ဒုဗ္ဗလ<br>ကာမ ကု . အကု<br>စေတနာ | အတိတ် . ဗလဝ + ဒုဗ္ဗလ<br>ကာမ ကု . ရူပကု . အကု<br>စေတနာ |
| (— \| ၂၃ ကာမဝိပါက်)<br>(၂၀ \| ၃၃ နာမက္ခန္ဓာ) | (၂၅ \| —)<br>(— \| ကဋတ္တာရုပ်) |

## သဟပုရေ မိဿက

■ ရသော ပစ္စည်း ... နိဿယ၊ အတ္ထိ၊ အဝိဂတ။

ပစ္စည်း
ပစ္စယုပ္ပန်
} ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၂၁။ စေတသိက် ၅၂ပါး ။ အစိတ်စိတ် - နာမက္ခန္ဓာ ။ ဝုဋ္ဌော , မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု တို့သည် အချင်းချင်း ကျေးဇူးပြုကြ၏။

| | |
|---|---|
| ၃၃ | ၃၃ |
| ၅၂ | ၅၂ |
| ဟဒယ | ဟဒယ |

## ပစ္ဆာဟာရ မိဿက

■ ရသော ပစ္စည်း ... အတ္ထိ၊ အဝိဂတ။

ပစ္စည်း = ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၂၁။ စေတသိက် ၅၂ပါး ။ အစိတ်အပေါင်း နာမက္ခန္ဓာ ။ ဝုဋ္ဌော , မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဋ္ဌီသို့ ရောက်သော သြဇာ။

ပစ္စယုပ္ပန် = ဝုဋ္ဌော , မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ ရောက်သော တိဇ စတုဇကာယ။ (ကာလတူ တစ်ပြိုင်နက် တပ်ကောင်း၏။)

| | |
|---|---|
| ၃၃ | |
| ၅၂ | |
| သြဇာ | တိဇ စတုဇ |

## ပစ္ဆာဇာတိန္ဒြိယ မိဿက

■ ရသော ပစ္စည်း ... အတ္ထိ ၊ အဝိဂတ။

ပစ္စည်း = ပဋိသန္ဓေကာလ၌ဖြစ်ကုန်သော အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၂၁။ စေတသိက် ၅၂ပါး ။ အစိတ်အပေါင်း နာမက္ခန္ဓာ ။ ဝဋ္ဋော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဋ္ဌီသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေ။

ပစ္စယုပ္ပန် = ဝဋ္ဋော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ ရောက်သော ကမ္မဇကာယ။

| ၃၃ | |
|---|---|
| ၅၂ | |
| ရုပ်ဇီဝိတ | ကမ္မဇရုပ် |

## (၄) ပစ္စည်းဖြင့် ပစ္စည်းအားလုံး သိမ်းကျုံးပုံ။

▸▸ **အာ , ဥ , ကံ , အတ်** ၊ လေးရပ် ဤတွင် ၊ အကုန်ဝင်၊ ကုန်စင် ခွဲစိတ်ဖြာ။

| **အကျဉ်းချုပ် ၄ ပစ္စည်း** | | | **အကျုံးဝင်သော မျိုး ပစ္စည်းများ** | | |
|---|---|---|---|---|---|
| ၁ | အာရမ္မဏ | | အာရမ္မဏမျိုး | ၈ | ပစ္စည်း |
| ၂ | ဥပနိဿယ | အနန္တရူပနိဿယ | အနန္တရမျိုး | ၇ | ။ |
| | | ပကတူပနိဿယ | ပကတူပမျိုး | ၂ | ။ |
| ၃ | ကမ္မ | နာနာက္ခဏိက ကမ္မ | ကမ္မမျိုး | ၁ | ။ |
| ၄ | အတ္ထိ | သဟဇာတတ္ထိ | သဟဇာတမျိုး | ၁၅ | ။ |
| | | ဝတ္ထုပုရေဇာတတ္ထိ | ဝတ္ထုပုရေဇာတမျိုး | ၆ | ။ |
| | | ပစ္ဆာဇာတတ္ထိ | ပစ္ဆာဇာတမျိုး | ၄ | ။ |
| | | ရုပ်အာဟာရတ္ထိ | ရုပ်အာဟာရမျိုး | ၃ | ။ |
| | | ရူပဇီဝိတိန္ဒြိယတ္ထိ | ရူပဇီဝိတိန္ဒြိယမျိုး | ၃ | ။ |

## (၂၄) ပစ္စည်းကို ကာလအားဖြင့် ဝေဖန်ပုံ။

▸▸ ပစ္စုပ္ပန် ဆယ့်ငါး၊ တိတ်ကား ငါးလီ၊ ယင်းကိုမှီ၊ တစ်လီ ပစ္စယ။
ကာလသုံးပါး၊ ဝိမုတ်ထား၊ သုံးပါး ပစ္စယ။

**ပစ္စုပ္ပန် (၁၅) ပစ္စည်း**

■ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

▸ (ဥပါဒ်၊ ဋ္ဌီ၊ ဘင် အားဖြင့် ပစ္စုပ္ပန် အခိုက်၌ ထင်ရှားရှိခိုက်သာလျှင် ပစ္စည်းတပ်၏။)

**အတိတ် (၅) ပစ္စည်း**

■ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။

▸ (ရှေးရှေးစိတ်သည် ချုပ်ပြီး၍ အတိတ်ဖြစ်မှ နောက်စိတ်ဖြစ်ဖို့ ကျေးဇူးပြုသည်။)

**အတိတ် + ပစ္စုပ္ပန် (၁) ပစ္စည်း**

■ ကမ္မ (ဒွိကာလိက ပစ္စည်း) သဟဇာတကမ္မ သည် ပစ္စုပ္ပန်။
နာနာက္ခဏိက ကမ္မ သည် အတိတ်။

**ကာလ ၃ ပါး + ကာလဝိမုတ် (၃) ပစ္စည်း**

■ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ။

## (၂၄) ပစ္စည်းကို ဇနက၊ ဥပတ္ထမ္ဘက အားဖြင့် ဝေဖန်ပုံ။

▸▸ ဖြစ်စေ ငါးကောက်၊ ပံ့ထောက် ဇက၊ ဌာရသ၊ ဇန ကောပထပ်။

၁။ ဖြစ်ရုံသာ ဖြစ်စေတတ်သော ဇနက ပစ္စည်း ၅ ပါး

■ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။

၂။ ဖြစ်ကား မဖြစ်စေ၊ ထောက်ပံ့ရုံသာ ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက ပစ္စည်း ၁ ပါး

■ ပစ္ဆာဇာတ။

၃။ ဖြစ်လည်းဖြစ်စေ၊ ထောက်လည်း ထောက်ပံ့တတ်သော ဇနကောပတ္ထမ္ဘက ပစ္စည်း ၁၈ ပါး

■ ကျန်သော (၁၈) ပစ္စည်း။

## (၂၄) ပစ္စည်းကို ဘုံအားဖြင့် ဝေဖန်ပုံ။

▸▸ ဗဟိဒ္ဓ ၌ ၊ ငါး၀ , အလွန် ၊ ခွန် ကေဝေါ ၊ စတုဝေါတုံ ၊ ကေဝီကြုံ ၊ လုံးစုံ ပဋ္ဌဝေါ။

■ ကေဝေါကာရဘုံ၌ရ ၇ ပစ္စည်း = သဟဇာတ၊ အညမည၊ နိဿယ ၊ ကမ္မ၊ ဣန္ဒြိယ၊ အတ္ထိ ၊ အဝိဂတ ။

■ စတုဝေါကာရ ။ ၂၁ ။ = (ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ )ကြဉ် ၂၁ ပစ္စည်း။

■ ပဋ္ဌဝေါကာရ ။ ၂၄ ။ = အလုံးစုံသော ပစ္စည်းများ။

■ ဗဟိဒ္ဓ ဉတုဇ ရုပ်၌ရ ၅ ။ = သဟဇာတ၊ အညမည ၊ နိဿယ ၊ အတ္ထိ ၊အဝိဂတ။

အချုပ်အားဖြင့် ...

■ ကာလ ၃ ပါး၌လည်း ဖြစ်ကုန်သော၊ ကာလ ၃ ပါးမှလည်းလွတ်ကုန်သော၊

■ အဇ္ဈတ္တ သန္တာန် ၌လည်း ဖြစ်ကုန်သော၊ ဗဟိဒ္ဓ သန္တာန် ၌လည်း ဖြစ်ကုန်သော၊

■ သင်္ခတ တရားလည်း ဖြစ်ကုန်သော ၊ အသင်္ခတ တရားလည်း ဖြစ်ကုန်သော ၊

■ **ပညတ် ၊ နာမ် ၊ ရုပ်** တို့၏ အစွမ်းအားဖြင့် (၃) မျိုး ပြားကုန်သောတရားတို့သည် ...

■ **ပဋ္ဌာန်း ပစ္စည်း** အားဖြင့် (၂၄) ပါး ပစ္စည်းတရား မည်ကုန်၏။

▸ တေကာလိကတရား = စိတ် ၊ စေတသိက် ၊ ရုပ်။

ကာလဝိမုတ်တရား = နိဗ္ဗာန် ၊ ပညတ်။

အဇ္ဈတ္တ = မိမိသန္တာန် ၌ ဖြစ်သော စိတ် ၊ စေတသိက် ၊ ရုပ်။

ဗဟိဒ္ဓ = သူတစ်ပါးသန္တာန် ၌ ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ် နှင့် နိဗ္ဗာန်။

သင်္ခတ = ကံ စသောအကြောင်းတို့ ပြုစီမံအပ်သော စိတ်၊ စေတသိက်၊ ရုပ်များ။

အသင်္ခတ = နိဗ္ဗာန် ၊ ပညတ်။

### ❁ ပညတ် ၊ နာမ် ၊ ရုပ် တို့တွင်လည်း..

၁။ **ရုပ်** = ရုပ် ၂၈ ပါး ဟူသော ရူပက္ခန္ဓာ တည်း။

၂။ **နာမ်** = စိတ်၊ စေတသိက် ဟူသော နာမ်ခန္ဓာ ၄ ပါး နှင့် နိဗ္ဗာန် ။
(ဤ ၅ ပါး ကို အရူပ ဟုလည်းကောင်း၊ နာမ် ဟုလည်းကောင်း ဆို၏။)

၃။ **ပညတ်** = (က) အပြားအားဖြင့် သိစေအပ်သော အတ္ထပညတ် နှင့်
(ခ) အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ် ဟူ၍ ၂ ပါးပြား၏။

# ပညတ်

(က) အတ္ထပညတ် = ဆိုင်ရာ နာမပညတ်ဖြင့် သိစေအပ်၊ ခေါ်ဝေါ်အပ်သော အနက်သဘော ဖြစ်သော ဝတ္ထုဟူသမျှကို အတ္ထပညတ် ဟုခေါ်၏။

(ခ) သဒ္ဒပညတ် = အနက်ကို သိစေတတ်သော (ဝါ) သိကြောင်း၊ ခေါ်ဝေါ်ကြောင်း ဖြစ်သော အမည်နာမ ဝေါဟာရ (တည်းဟူသော နာမပညတ်) တို့ကို သဒ္ဒပညတ် ဟုခေါ်၏။

■ ပုံစံအားဖြင့် ... "နွား" ဟူသောအမည်သည် "နွား" ဟုဆိုအပ်သော သတ္တဝါ၏ပုံစံ အနက်သဘောကို သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်၏။ "နွား" ဟူသော အနက်သဘောကား "နွား" ဟုဆိုလိုက်သော သဒ္ဒပညတ်ဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ် မည်၏။

## အတ္ထပညတ်

၁။ **သဏ္ဍာန ပညတ်** ... ပထဝီ စသော မဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကို အစွဲပြု၍ ခေါ်ဝေါ် ပညတ်အပ်သော မြေ၊ တောင်၊ မြစ် စသည်။

၂။ **သမူဟ ပညတ်** ... သစ်၊ မြေစိုင်၊ ချည် အစရှိသော အဆောက်အဦတို့၏ စုဝေးသော အခြင်းအရာကို အစွဲပြု၍ ခေါ်ဝေါ် ပညတ်အပ်သော အိမ်, ရထား, လှည်း, အိုး, ပုဆိုး စသည်။

၃။ **ဇာတိ ပညတ်** ... ခန္ဓာငါးပါးအပေါင်းကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော ယောကျ်ား, ပုဂ္ဂိုလ်, လူ, နတ် စသည်။

▶ သတ္တ ပညတ် (သို့) ဥပါဒါ ပညတ် ဟုလည်း ခေါ်၏။

၄။ **ဒိသာ ပညတ်** **(ကာလ ပညတ်)** ... လ, နေ, နက္ခတ် တို့၏ ဝင်ထွက်မှုကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော၊ အရှေ့၊ အနောက် (ဒိသာ)၊ နံနက်, ည (ကာလ) စသည်။

၅။ **အာကာသပညတ်** ... တွေ့ထိ၍ မရကောင်းသော ဟင်းလင်းပြင် အာကာသ ကို အစွဲပြု၍ ခေါ်ဝေါ် ပညတ်အပ်သော တွင်း၊ လိုဏ်၊ အပေါက် စသည်။

၆။ **နိမိတ် ပညတ်** ... ပွားများအားထုတ်အပ်သော ဘာဝနာ အစဉ်အားဖြင့် ထင်လာသော အခြင်းအရာကို အစွဲပြု၍ ခေါ်ဝေါ် ပညတ်အပ်သော ကသိဏ်းနိမိတ်၊ အသုဘနိမိတ်၊ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂ နိမိတ် စသည်။

- မြေ ၊ တောင် ၊ လူ ၊ နတ် စသည့် ပညတ်တို့မှာ ပရမတ်အားဖြင့် ထင်ရှားမရှိကြပေ။
- မြေဆိုသည်မှာ အဋ္ဌကလာပ်ရုပ်များသာတည်း။
- လူ ၊ နတ် ဆိုသည်မှာလည်း ရုပ် ,နာမ် မျှသာတည်း။
- ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ...
  ပရမတ္ထ၏ အရိပ်အယောင်၊ အတု ဟူသော အခြင်းအရာဖြင့်
  စိတ် , စေတသိက် တို့၏ အာရုံဖြစ်၍ ဖြစ်သော အတ္ထပညတ်ကို ..
- ထိုထိုသို့သော အခြင်းအရာကို စွဲ၍ ၊ ထောက်၍ ၊ အကြောင်းပြု၍
- ထိုထိုသို့သော အခြင်းအရာဖြင့် ကြံဆအပ်သည်ဖြစ်၍
  ကောင်းစွာ ပြောဆို ရေတွက် အပ်၏။ အများက အညီအမျှ သဘောတူ အသိအမှတ်ပြု
  သမုတ်အပ်၏။ ခေါ်ဝေါ် သုံးစွဲ အပ်၏။ အပြားအားဖြင့်လည်း သိစေအပ်၏။
- ထို့ကြောင့် အတ္ထပညတ် ဟုဆိုအပ်၏။
- ဤပညတ်ကား အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့် အတ္ထပညတ် မည်၏။

သဒ္ဒပညတ်

**နာမ , နာမကမ္မ အမည်ရကြပုံ**

အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ် သည် ...

၁။ အနက်သို့ ညွှတ်တတ်သော အမည် ဖြစ်သောကြောင့် **နာမ** မည်၏။

၂။ အနက်သို့ ညွှတ်တတ်သည်ဖြစ်၍ ပြုအပ်သောအမည် ၊ မှည့်ခေါ်အပ်သော အမည် ဖြစ်သောကြောင့် **နာမ ကမ္မ** မည်၏။

၃။ ထိုအမည်သည်ပင်လျှင် (ရှေးလူကြီးသူမတို့) ထားအပ် ဆောင်ထားအပ်သောကြောင့် **နာမ ဓေယျ** မည်၏။

၄။ (မရွတ်ဆိုမီ တိမ်မြုပ်ငုပ်နေသော အဖြစ်မှ) ထုတ်ဖော်၍ ရွတ်ဆိုအပ်သောကြောင့် **နိရုတ္တိ** မည်၏။

၅။ အနက်ကို ထင်ရှားပြတတ်သောကြောင့် **ဗျဉ္ဇန** မည်၏။

၆။ (ပုဂ္ဂိုလ်တို့သည်) အနက်သို့ ရှေးရှု ရွတ်ဆိုအပ်သောကြောင့် **အဘိလာပ** မည်၏။

## သဒ္ဒပညတ် (၆) မျိုး

၁။ **ဝိဇ္ဇမာန ပညတ်** ... ပရမတ်အားဖြင့် ထင်ရှားရှိသော သဒ္ဒပညတ်။
(ပုံစံ ... ရုပ်၊ ဝေဒနာ )

၂။ **အဝိဇ္ဇမာန ပညတ်** ... ပရမတ်အားဖြင့် ထင်ရှားမရှိသော သဒ္ဒပညတ်။
(ပုံစံ ... ဘူမိ - မြေကြီး၊ ပဗ္ဗတ - တောင် )

၃။ **ဝိဇ္ဇမာနေန၊ အဝိဇ္ဇမာန ပညတ်** ... ပရမတ်အားဖြင့် ထင်ရှားရှိ၊ ထင်ရှားမရှိသော သဒ္ဒပညတ်။
(ပုံစံ ... ဆဠာဘိညော - အဘိညာဉ်၆ပါးရပုဂ္ဂိုလ်)

၄။ **အဝိဇ္ဇမာနေန၊ ဝိဇ္ဇမာန ပညတ်** ... ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ထင်ရှားရှိသော သဒ္ဒပညတ်။ (ပုံစံ ... ဣတ္ထိသဒ္ဒေါ - မိန်းမအသံ )

၅။ **ဝိဇ္ဇမာနေန၊ ဝိဇ္ဇမာန ပညတ်** ... ပရမတ်အားဖြင့် ထင်ရှားရှိသော အနက်နှစ်ရပ်ကို ရောစပ်၍ သိစေတတ်သော သဒ္ဒပညတ်။
(ပုံစံ ... စက္ခုဝိညာဏ် )

၆။ **အဝိဇ္ဇမာနေန၊အဝိဇ္ဇမာန ပညတ်** ... ပရမတ်အားဖြင့် ထင်ရှားမရှိသော အနက်နှစ်ရပ်ကို ရောစပ်၍ သိစေတတ်သော သဒ္ဒပညတ်။
(ပုံစံ ... ရာဇပုတ္တော - မင်း၏ သားတော် )

### ပညတ် (၂) မျိုးကို သိပုံနှင့် နာမပညတ် ဖြစ်လာပုံ

အသံတစ်ခုကို ကြားရာ၌ ...

၁။ ထိုစကားသံ (ပစ္စုပ္ပန် သဒ္ဒါရုံ) ကို အစဉ်လိုက်၍ဖြစ်သော **သောတဝိညာဏဝီထိ** သည် ပထမ ဖြစ်၏။

၂။ ထို့နောက် ထိုအသံ (အတိတ် သဒ္ဒါရုံ) ကိုပင် အာရုံပြု၍ ရှေးဝီထိနောက်သို့ အစဉ်လိုက်၍ဖြစ်သော **တဒနုဝတ္တက မနောဒွါရ ဝီထိ** ဖြစ်၏။

၃။ ထိုဝီထိတို့၏ အခြားမဲ့၌ အမည် နာမ၊ နာမပညတ် (ဝါ) သဒ္ဒပညတ်ကို အာရုံပြု၍ သိသော မနောဒွါရဝီထိ **( နာမဂ္ဂဟဏ ဝီထိ )** သည် ဖြစ်၏။

၄။ ထို့နောက်မှ သဒ္ဒပညတ်မှ သိစေတတ်သောကြောင့် (အနက်ဒြပ်) အတ္ထပညတ်ကို အာရုံပြု၍ သိသော မနောဒွါရဝီထိ **( အတ္ထဂ္ဂဟဏ ဝီထိ )** သည် ဖြစ်၏။

■ ထိုသို့အားဖြင့် အတ္ထပညတ် (အနက်) တို့ကို အပြားအားဖြင့် သိစေတတ်သော ဘူမိ . ပဗ္ဗတ . ရုပ် . ဝေဒနာ အစရှိသော အမည်ဟု ဆိုအပ်သော နာမပညတ်တို့ကို သတ္တဝါ အပေါင်း၏အမှတ် လောကသင်္ကေတ အဖြစ်သို့ ကျရောက်လာအောင် ကမ္ဘာဦးသူ ပညာရှိတို့သည် တစ်စ တစ်စ စီစဉ်လျက် တီထွင်ဖန်ဆင်းခဲ့ကြပေသည်။

■ တဒါနုဝတ္တက မနောဒွါရ ဝီထိ၏ အခြားမဲ့၌ နာမဂ္ဂဟဏ ဝီထိ ဖြစ်သည်ဟု ဆိုသော်လည်း "စာအုပ်" စသော အသံများကို ကြားရာ၌ကား "စာ" ဟူသော အသံနှင့် "အုပ်" ဟူသော အသံ နှစ်ရပ်ပေါင်းကို ပေါင်းစပ် အာရုံပြုသော "သမူဟဂ္ဂဟဏ အနု ဗန္ဓက မနောဒွါရဝီထိ " ဖြစ်ပြီးမှ နာမဂ္ဂဟဏ ဝီထိ ဖြစ်၏။

■ နာမဂ္ဂဟဏ ဝီထိ နှင့် အတ္ထဂ္ဂဟဏ ဝီထိ တို့တွင်လည်း နားထောင်သူ (ကြားရသူ) သုဏန္တပုဂ္ဂိုလ် မဟုတ်ဘဲ ပြောဆိုသူ ဝဒန္တပုဂ္ဂိုလ် ဖြစ်ပါက အတ္ထဂ္ဂဟဏ ဝီထိ အလျင် ဖြစ်ပြီး နာမဂ္ဂဟဏ ဝီထိ က နောက်မှ ဖြစ်၏။ (မြင်ခြင်း၊ နံခြင်း၊ အရသာသိခြင်း၊ တွေ့ထိခြင်း ကိစ္စတို့၌လည်း အတ္ထဂ္ဂဟဏ ဝီထိ ဖြစ်ပြီးမှ နာမဂ္ဂဟဏ ဝီထိ ဖြစ်၏။)

■ မြင်ရ ကြားရသည်တို့မှာ ပရမတ်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ တို့ ဧကန်ဖြစ်သော်လည်း နာမ်ဓာတ် (အသိ) အချို့လှည့်စား၍ သတ္တဝါတို့ သန္တာန်၌ ပညတ်များသာ ထင်ရှား ပေါ်လွင်သည်ကို သိနိုင်ပါသည်။

**သစ္စာ (၂) ပါး**

၁။ **ပရမတ္ထ သစ္စာ** ... စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရားတို့၏ မိမိတို့သဘော၌ မှန်ကန်မှုသည် ပရမတ္ထ သစ္စာ မည်၏။

၂။ **သမ္မုတိ သစ္စာ** ... ပညတ်တို့၏ မိမိတို့ ပညတ်နယ်၌ မှန်ကန်မှု သဘောသည် သမ္မုတိသစ္စာ မည်၏။

**ပစ္စည်းပိုင်းပြီး၏**

# ကမ္မဋ္ဌာန်းပိုင်း

## ဘာဝနာ

လွန်စွာအကျိုးများသဖြင့် မိမိတို့ သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားကို "ဘာဝနာ" ဟုခေါ်သည်။ ထိုဘာဝနာကို မိမိသန္တာန်၌ ဖြစ်လာအောင် ၊ ပွားများလာအောင် အားထုတ်မှုကို ဘာဝနာ ပွားသည်ဟု ခေါ်ရသည်။

## ဘာဝနာ (၂) မျိုး

**၁။ သမထ ဘာဝနာ**

နီဝရဏတရားတို့ကိုလည်းကောင်း၊ ဝိတက်စသော အောက်အောက် ဈာန်အင်္ဂါများကိုလည်းကောင်း၊ ငြိမ်သက်စေနိုင်သော သမာဓိကို သမထ ဘာဝနာ ဟု ခေါ်သည်။ တရားကိုယ်မှာ လောကီကုသိုလ် ၊ ကြိယာ စိတ်များ၌ ရှိသော သမာဓိ ခေါ် ဧကဂ္ဂတာ စေတသိက်တည်း။ ဤသမထ ဘာဝနာ ကို အားထုတ်လျှင် မဟဂ္ဂုတ်ဈာန်များကို ရနိုင်၏။

**၂။ ဝိပဿနာ ဘာဝနာ**

တေဘူမက ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ရှုတတ်သော ဉာဏ်ပညာကို ဝိပဿနာ ဘာဝနာ ဟု ခေါ်သည်။ တရားကိုယ်မှာ မဟာကုသိုလ်၊ မဟာကြိယာ စိတ်များ၌ ရှိသော ပညိန္ဒြေ စေတသိက်တည်း။ ဤဝိပဿနာ ဘာဝနာကို ပွားများလျှင် မဂ်၊ ဖိုလ် ကို ရနိုင်၏။

## ကမ္မဋ္ဌာန်း

(ကမ္မသ + ဌာန် = ကမ္မဋ္ဌာန်) ကမ္မသ = ဘာဝနာ ကို ပွားများအားထုတ်မှု၏၊ ဌာန် = တည်ရာ အာရုံသည်၊ ကမ္မဋ္ဌာန် = ကမ္မဋ္ဌာန်း မည်၏။ ဤစကားအရ သမထဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်း စသည်များနှင့် ဝိပဿနာ ဘာဝနာ၏ အာရုံဖြစ်သော ရုပ်နာမ်တရား စသည်များသည် ကမ္မဋ္ဌာန်း မည်ကြ၏။ (ဤကား အာရုံ ကမ္မဋ္ဌာန်း တည်း။)

(တစ်နည်း) နောက်နောက်အားထုတ်မှု၏ တည်ရာဖြစ်သော ရှေးရှေးအားထုတ်မှုကို ကမ္မဋ္ဌာန်း ဟုခေါ်၏။ (ဤကား အာရမ္မဏိက ကမ္မဋ္ဌာန်း တည်း။)

■ ဘာဝနာ ၂ မျိုး ပြားခြင်းကြောင့် ဘာဝနာကံ၏ ဖြစ်ရာဖြစ်သော ကမ္မဋ္ဌာန်းလည်း **သမထ ၊ ဝိပဿနာ** အားဖြင့် ၂ မျိုး ပြား၏။

# သမထ ကမ္မဋ္ဌာန်း

**(က) ခေါင်းစဉ် (၇) ပါး အပြား ၄၀**

၁။ ကသိုဏ်း ၁၀ ပါး
၂။ အသုဘ ၁၀ ပါး
၃။ အနုဿတိ ၁၀ ပါး
၄။ အပ္ပမညာ ၄ ပါး
၅။ အာဟာရေပဋိကူလသညာ ၁ ပါး
၆။ စတုဓာတု ဝဝတ္ထာန် ၁ ပါး
၇။ အာရုပ္ပ ၄ ပါး

■ သမထကမ္မဋ္ဌာန်းစုစုပေါင်း (၄၀)

**(ခ) စရိုက် (၆) ပါး**

မိမိသန္တာန်၌ အလွန်အကဲ မပြတ်မလပ်ဖြစ်သော (အဖြစ်များသော) ပင်ကိုယ်ပကတိ တရားသဘောသည် စရိုက်မည်၏။ (ဝါ) ပင်ကိုယ်ရိုးရာ သူတကာ ဖြစ်နေကျထက် လွန်ကဲ ပိုမို၍ အဖြစ်များသော သဘောသည် စရိုက်မည်၏။

၁။ ရာဂစရိုက် = ရာဂကြီးမှု၊ ကာမဂုဏ် လိုက်စားလွန်းမှု။
၂။ ဒေါသစရိုက် = ဒေါသကြီးမှု၊ နေရာတိုင်းလိုလို စိတ်တိုနေတတ်မှု။
၃။ မောဟစရိုက် = ထုံထိုင်းဖျင်းအ . မှု၊ အသိဉာဏ်နည်းမှု။
၄။ သဒ္ဓါစရိုက် = ကြည်ညို သဒ္ဓါ လွန်ကဲမှု။
၅။ ဗုဒ္ဓိစရိုက် = အသိဉာဏ် ထက်မြက်မှု၊ ရင့်ကျက်မှု။
၆။ ဝိတက်စရိုက် = အတွေးအကြံများမှု ။

**(ဂ) ဘာဝနာ (၃) ပါး**

၁။ ပရိကမ္မ ဘာဝနာ
၂။ ဥပစာရ ဘာဝနာ
၃။ အပ္ပနာ ဘာဝနာ

**(ဃ)နိမိတ် (၃) ပါး**

၁။ ပရိကမ္မ နိမိတ်
၂။ ဥဂ္ဂဟ နိမိတ်
၃။ ပဋိဘာဂ နိမိတ်

■ ဘာဝနာ ၃ ပါး ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဘာဝနာဘေဒ အခန်း၌ လည်းကောင်း၊
■ နိမိတ် ၃ ပါး ။ ဂေါစရဘေဒ ။ ကြည့်ပါ။

## ၁။ ကသိုဏ်း (၁၀) ပါး

ကသိဏ သဒ္ဒါသည် အလုံးစုံဟူသော အနက်ကို ဟော၏။ ထိုပထဝီ (မြေသားဒြပ်ပိုင်း) စသော အာရုံတို့သည် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ ၊ နှံ့သော အဖြစ်ဖြင့် အလုံးစုံ (တစ်ပြိုင်နက်) ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အာရုံဖြစ်၍ ကသိုဏ်း ဟုခေါ်ရသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ပထဝီ | ကသိုဏ်း | = | မြေ | | ကသိုဏ်း | ဘူတကသိုဏ်း ၄ ပါး |
| ၂။ | အာပေါ | ॥ | = | ရေ | | ॥ | |
| ၃။ | တေဇော | ॥ | = | မီး | | ॥ | |
| ၄။ | ဝါယော | ॥ | = | လေ | | ॥ | |
| ၅။ | နီလ | ॥ | = | ညို | သောအဆင်း | ॥ | ဝဏ္ဏကသိုဏ်း ၄ ပါး |
| ၆။ | ပီတ | ॥ | = | ရွှေ | ॥ | ॥ | |
| ၇။ | လောဟိတ | ॥ | = | နီ | ॥ | ॥ | |
| ၈။ | ဩဒါတ | ॥ | = | ဖြူ | ॥ | ॥ | |
| ၉။ | အာကာသ | ॥ | = | ကောင်းကင်အပေါက် | | ॥ | |
| ၁၀။ | အာလောက | ॥ | = | အလင်းရောင် | | ကသိုဏ်း | |

►► မြေ ရေ မီး လေ ၊ ညို ရွှေ နီ ဖြူ ၊ ပေါက်လင်းဟူ ၊ ဆယ်ဆူ ကသိဏ။

## ၂။ အသုဘ (၁၀) ပါး

၁။ ဥဒ္ဓုမာတက = သေပြီးသည့်နောက်၌ ဖူးဖူးရောင်သော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၂။ ဝိနီလက = ညိုမည်းသောအဆင်းရှိသော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၃။ ဝိပုဗ္ဗက = ယိုစီးသောပြည်ရှိသော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၄။ ဝိစ္ဆိဒ္ဒက = ထက်အောက်နှစ်ရပ် မစပ်မိအောင် ဖြတ်အပ်ပြီးသော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၅။ ဝိက္ခာယိတက = ခွေး စသည် ကိုက်ခဲအပ်သော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၆။ ဝိက္ခိတ္တက = လက်၊ ခြေ၊ ခေါင်း၊ ကိုယ် ဖရိုဖရဲ ထိုထိုကြဲသဖြင့် ပစ်လွှင့်ထားအပ်သော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၇။ ဟာတဝိက္ခိတ္တက = ဓား ၊ လှံ တို့ဖြင့် အစိတ်စိတ်မွှာနေအောင် ညှဉ်းပန်းနှိပ်စက်ပြီး ပစ်ထားအပ်သော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၈။ လောဟိတက = သွေးများ ယိုထွက်လျက် တစ်ကိုယ်လုံး ပေ ,လိမ်းကျံနေသော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၉။ ပုဠုဝက = ပိုးလောက်တို့ဖြင့် ပြည့်သော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

၁၀။ အဋ္ဌိက = အရိုးစုမျှသာ ဖြစ်သော စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

▸▸ ရောင် , ညို , ပြည် , ဖြတ် ၊ ခဲအပ် , ပစ်ထား ၊ ဓားဖြတ်ပစ်ရေး၊
သွေးယို , ပိုးစု ၊ အရိုးစု ၊ ဆယ်ခု အသုဘ။

## ၃။ အနုဿတိ (၁၀)ပါး

အဖန်ဖန်ထပ်၍ အောက်မေ့ဆင်ခြင်မှုကို အနုဿတိ ဟုခေါ်သည်။

၁။ ဗုဒ္ဓါနုဿတိ = မြတ်စွာဘုရား၏ ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်း။

၂။ ဓမ္မာနုဿတိ = တရားတော်၏ ။ ။

၃။ သံဃာနုဿတိ = သံဃာတော်၏ ။ ။

၄။ သီလာနုဿတိ = မိမိ၏ သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

၅။ စာဂါနုဿတိ = မိမိ၏ စွန့်ကြဲခြင်း ဒါနဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

၆။ ဒေဝတာနုဿတိ = နတ်တို့ကို သက်သေအရာ၌ထား၍ နတ်တို့၏ သဒ္ဓါစသော ဂုဏ်နှင့် တူသော မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

၇။ ဥပသမာနုဿတိ = နိဗ္ဗာန်၏ ငြိမ်းအေးခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

၈။ မရဏာနုဿတိ = သေခြင်းတရားကို အဖန်ဖန်အောက်မေ့လျက် သတိသံဝေဂရခြင်း။

၉။ ကာယဂတာသတိ = ဆံပင်စသော ၃၂ ကောဋ္ဌာသတို့ကို အာရုံပြုသော သတိတရား။

၁၀။ အာနာပါနဿတိ = ထွက်သက် , ဝင်သက်ကို အောက်မေ့သော သတိတရား။

▸▸ ဗုဒ္ဓ , ဓမ္မာ ၊ သံ , သီလာ နှင့် ၊ စာဂါ , ဒေဝါ ၊ ဥပသမာ ၊
မရဏာ နှင့် ၊ ကာယဂတာ ၊ အာနာပါ ၊ ဆယ်ဖြာ နုဿတိ။

■ ဤ ဗုဒ္ဓါနုဿတိ စသည်၌ သတိ သည် အာရမ္မဏိက တရားတည်း။
အာရုံကမ္မဋ္ဌာန်းကား ဘုရားဂုဏ်တော် စသည်ဖြစ်၏။

## ၄။ အပ္ပမညာ (၄) ပါး

တစ်ယောက်၌ဖြစ်စေ အများ၌ ဖြစ်စေ၊ ဤ၍ ဤမျှ ဟု အတိုင်းအရှည် ပမာဏမထား မခွဲခြားဘဲ သတ္တဝါ ပညတ်၌ ဖြစ်သောတရားကို "အပ္ပမညာ" ဟုခေါ်သည်။

၁။ မေတ္တာ = အတိုင်းမသိသော သုခိတ ‚ ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံ ပြု၍ ကောင်းစေလိုခြင်း၊ အမျှချစ်ခြင်း သဘော။

၂။ ကရုဏာ = အတိုင်းမသိသော ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံ ပြု၍ သနားခြင်း သဘော။

၃။ မုဒိတာ = အတိုင်းမသိသော သုခိတ သတ္တဝါ ပညတ်ကို အာရုံ ပြု၍ ဝမ်းမြောက်ခြင်း သဘော။

၄။ ဥပေက္ခာ = အတိုင်းမသိသော သုခိတ ‚ ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံ ပြု၍ လျစ်လျူရှုခြင်း သဘော။

►► မေ ‚ က ‚ မု ‚ ဥ၊ ပွားများမှု၊ လေးခု ပမညာ။

■ ဤ မေတ္တာ စသည်တို့မှာ အာရမ္မဏိက ကမ္မဋ္ဌာန်း တို့တည်း။
အာရုံကမ္မဋ္ဌာန်း တို့မှာ အသီးသီးသော သတ္တဝါ ပညတ် တို့ ဖြစ်ကြ၏။

■ ဤလေးပါးကို ကျင့်သုံးသော သူသည် မြတ်သောနေခြင်း ဖြစ်သောကြောင့် ... **ဗြဟ္မဝိဟာရ တရား** ဟုလည်းကောင်း၊ သတ္တဝါများအပေါ် မေတ္တာ စသည် ပွားများနေခြင်းကြောင့် မချောက်သွေ့ဘဲ စိုပြေနေ၍ **ဗြဟ္မစိုရ် တရား** ဟုလည်းကောင်း ခေါ်ကြ၏။

## ၅။ အာဟာရေ ပဋိကူလသညာ (၁) ပါး

အစာအာဟာရ၊ စားသောက်ဖွယ်တို့ကို အာရုံပြု၍ စက်ဆုပ်ဖွယ်ဟု ထင်မှတ်လာအောင် ရှုတတ်သော သညာကို အာဟာရေ ပဋိကူလ သညာ ဟုခေါ်သည်။

►► အာဟာရ တွင်၊ ရွံဖွယ်လျှင်၊ မှတ်ထင် ဇော် သညာ။

■ သညာ သည် အာရမ္မဏိက၊ အာရုံကမ္မဋ္ဌာန်းမှာ စားအပ်သော အစာအာဟာရ။

## ၆။ စတုဓာတု ဝဝတ္ထာန် (၁) ပါး

ခန္ဓာကိုယ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးတို့ကို အာရုံပြု၍ ပိုင်းခြား ပွားများမှုသည် စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းမည်၏။

▸▸ ဓာတ်ကြီးလေးခု ၊ ပိုင်းခြားမှု ၊ စတုဓာတု ဝဝတ္ထာန် ။

■ ပိုင်းခြားတတ်သောဉာဏ် သည် အာရမ္မဏိက၊ အာရုံကမ္မဋ္ဌာန်းမှာ ဓာတ်ကြီး လေးပါး။

## ၇။ အာရုပ္ပ (၄) ပါး

အရူပဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်း ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | အာကာသာနဉ္စာယတန | = | ကသိုဏ်းကို ခွာ၍ ရအပ်သော အဆုံးမရှိသော ကောင်းကင်ပညတ် အာရုံ။ |
| ၂။ | ဝိညာဏဉ္စာယတန | = | အဆုံးမရှိသော ပဌမအရူပဝိညာဏ် တည်းဟူသော အာရုံ။ |
| ၃။ | အာကိဉ္စညာယတန | = | ပဌမာရုပ္ပဝိညာဏ်၏ တစိုးတစိမရှိခြင်းတည်းဟူသော နတ္ထိဘောပညတ် အာရုံ။ |
| ၄။ | နေဝသညာနာသညာယတန | = | (ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာ မရှိသည် မဟုတ်၊ ရှိသည်သာ ဖြစ်သော) .. တတိယာရုပ္ပဝိညာဏ် တည်းဟူသော အာရုံ။ |

■ အာရုပ္ပ ၄ ပါးသည် အာရမ္မဏိက၊ အာရုံကမ္မဋ္ဌာန်းမှာ ကောင်းကင်ပညတ်စသော အာရုံ ၄ ပါး။

| | | |
|---|---|---|
| **ပညတ် ကမ္မဋ္ဌာန်း (၂၈) ပါး** | = | ကသိုဏ်းပညတ် ၁၀၊ အသုဘ ၁၀၊ ကောဋ္ဌာသပညတ် ၁၊ အာနာပါန ၁၊ အပ္ပမညာ ၄၊ အာရုပ္ပ မှ ကောင်းကင်ပညတ် နှင့် နတ္ထိဘောပညတ်။ ပေါင်း (၂၈) ပါး။ |
| **ပရမတ္ထ ကမ္မဋ္ဌာန်း (၁၂) ပါး** | = | ကျန် အနုဿတိ ၈၊ သညာ ၁၊ ဝဝတ္ထာန် ၁၊ အာရုပ္ပ မှ ဝိညာဏ် ၂။ ပေါင်း (၁၂) ပါး။ |

# သပ္ပါယဘေဒ

စရိုက် ၆ ပါး နှင့် သင့်လျော် လျောက်ပတ်သော ကမ္မဋ္ဌာန်းကို ခွဲဝေပြသောအခန်းသည် သပ္ပါယဘေဒ မည်၏။

၁။ အသု , ကာယ ၊ ဆယ့်တစ်ဝ ၊ ရာဂ လျော်လှစွာ ။

၂။ အဆင်း , မည ၊ ရှစ်ဌာန ၊ ဒေါသ လျော်လှစွာ ။

၃။ အာနာပါန ၊ အလျော်ကျ ၊ မောဟ , ဝိတက် သာ ။

၄။ ဗုဒ္ဓ , ဓမ္မာ ၊ သံ , သီလာ နှင့် ၊ စာဂ , ဒေဝ ၊ ခြောက်မည်မှာ ၊ သဒ္ဓါ ရသည်သာ။

၅။ မရဏ နှင့် ၊ ဥပသမာ ၊ သညာတစ်တန် ၊ ဝ ဝတ္ထာန် ၊ လေးတန် ဗုဒ္ဓိ သာ ။

၆။ ပထဝီ , အာပေါ ၊ တေ , ဝါယော နှင့် ၊ အာလော , ကာသ ၊ အာရုပ္ပ ၊ မှတ်ကြ သဗ္ဗသာ။

| | | | ရာဂ | ဒေါသ | မောဟ | ဝိတက် | သဒ္ဓါ | ဗုဒ္ဓိ | သဗ္ဗ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကသိုဏ်း | ၁၀ | | ဝဏ္ဏ ၄ | | | | | ၆ |
| ၂ | အသုဘ | ၁၀ | ၁၀ | | | | | | |
| ၃ | အနုဿတိ | ၁၀ | ကာယ ၁ | | အာနာ ၁ | အာနာ ၁ | ဗုဒ္ဓ မှ ဒေဝ ၆ | မရဏ၊ ဥပ ၂ | |
| ၄ | အပ္ပမညာ | ၄ | | ၄ | | | | | |
| ၅ | သညာ | ၁ | | | | | | ၁ | |
| ၆ | ဝ ဝတ္ထာန် | ၁ | | | | | | ၁ | |
| ၇ | အာရုပ္ပ | ၄ | | | | | | | ၄ |
| | | | ၁၁ | ၈ | ၁ | ၁ | ၆ | ၄ | ၁၀ |

- ထိုကမ္မဋ္ဌာန်းတို့တွင်လည်း ကသိုဏ်း ၁၀ ပါးအတွက် ကသိုဏ်းဝန်းကို စီမံရာ၌ ...
- မောဟစရိုက် ရှိသူအား (နဂိုက တွေဝေနေသောကြောင့်) ကောက်နယ်တလင်းခန့် အရွယ် ကျယ်ပြန့်သော ကသိုဏ်းဝန်း နှင့် လျောက်ပတ်၏။
- ဝိတက်စရိုက် ရှိသူအား (နဂိုက ပျံ့လွင့်နေသောကြောင့်) တစ်ထွာနှင့် လက်လေးသစ်ခန့်ရှိ ခွက် , စကော အရွယ် ကျဉ်းငယ်သော ကသိုဏ်းဝန်း နှင့်သာ လျောက်ပတ်၏။

# ဘာဝနာဘေဒ

သုံးပါးသော ဘာဝနာဖြင့် ရသင့်ရထိုက်သော ကမ္မဋ္ဌာန်းကို ခွဲဝေပြသော အခန်းသည် ဘာဝနာဘေဒ မည်၏။

## ဘာဝနာ ၃ ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

**၁။ ပရိကမ္မဘာဝနာ** = ပထဝီ, ပထဝီ စသည်ဖြင့် နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ရှေးဦးစွာ ပွားများမှုကို ပရိကမ္မ ဘာဝနာ ဟုခေါ်သည်။ (အထက်ဖြစ်သော ဘာဝနာကို ပြုပြင်ပေးတတ်၍ ပရိကမ္မ မည်၏။)

▸▸ ရသောကမ္မဋ္ဌာန်း = ဤပရိကမ္မ ဘာဝနာ မှသာ အဆင့်ဆင့်တက်ကြရ၍ ကမ္မဋ္ဌာန်း ၄၀ လုံး၌ ပရိကမ္မ ဘာဝနာ ရအပ်သည်။

**၂။ ဥပစာရဘာဝနာ** = ဈာန် , မဂ် , ဖိုလ် တည်းဟူသော အပ္ပနာ ဘာဝနာ၏ အနီးအပါးဖြစ်သော ဘာဝနာအစဉ်ကို ဥပစာရ ဘာဝနာ ဟုခေါ်သည်။ (ဝါ) တဒင်္ဂပဟာန်အားဖြင့် နီဝရဏတို့ကို ခွာသည်မှစ၍ ဂေါတြဘူ အဆုံးရှိသော ကာမာဝစရ ဘာဝနာကို ဥပစာရ ဘာဝနာ ဟုခေါ်သည်။

▸▸ ရသောကမ္မဋ္ဌာန်း = ဗုဒ္ဓါနုဿတိ မှ မရဏာနုဿတိ ထိ ၈ ပါး၊ သညာ ၊ ဝ ဝတ္ထာန်၊ ပေါင်း ၁၀ ပါးသော ကမ္မဋ္ဌာန်းတို့ကို ပွားများရာ၌ ဥပစာရ ဘာဝနာ တိုင်အောင်သာရောက်၏။ အပ္ပနာ ဘာဝနာ သို့ မရောက် ။ (တစ်နည်းအားဖြင့် ကမ္မဋ္ဌာန်း ၄၀ လုံး ဥပစာရ ဘာဝနာ ရ၏။)

**၃။ အပ္ပနာ ဘာဝနာ** = ဆိုင်ရာအာရုံ၌ စွဲမြဲစွာ သက်ဝင်တည်နေသော ဈာန် , မဂ် , ဖိုလ် တရားများကို အပ္ပနာ ဘာဝနာ ဟုခေါ်သည်။

▸▸ ရသောကမ္မဋ္ဌာန်း = ဥပစာရ ဘာဝနာ အထိသာရသော ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းတို့မှ အပ၊ ကျန်ကမ္မဋ္ဌာန်း ၃၀ တို့၌ အပ္ပနာ ဘာဝနာ ရနိုင်၏။

❁ ဘုရားဂုဏ်တော်စသည်တို့ကား အသချေ်မက အလွန်များပြားကုန်၏။ ဂုဏ်တော်တစ်မျိုးတည်း၌ မတင်းတိမ်နိုင်၍ တစ်မျိုးပြီး တစ်မျိုး ဆင်ခြင်နေရကား၊ အာရုံအားဖြင့် များသွား၏။ ပရမတ်အာရုံ ဖြစ်၍လည်း နက်နဲ ခက်ခဲ၏။ ဤသည်တို့ကြောင့် အပ္ပနာသို့

မရောက်ဘဲ ဥပစာရ ဘာဝနာ သာ ဖြစ်နိုင်၏။ (နက်သောရေ၌ ထောက်၍ မမီသဖြင့် မြဲမြံသက်စွာ မတည်နိုင်သော လှေကဲ့သို့တည်း။)

☸ ပရမတ်အာရုံ ဖြစ်၍ နက်နဲသော်လည်း နိဗ္ဗာန် နှင့် အာရုပ္ပဈာန်တို့၏ အာရုံတို့ကား အပ္ပနာသို့ ရောက်၏။ အဘယ်ကြောင့်ဆိုသော် .. ဝိသုဒ္ဓိအစဉ်အားဖြင့် လည်းကောင်း၊ ဉာဏ်စဉ်အားဖြင့်လည်းကောင်း၊ အဆင့်ဆင့်တက်ခဲ့သော ဘာဝနာသည် လွန်စွာ အားရှိသဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ လောကုတ္တရာ အပ္ပနာသို့ ရောက်နိုင်၏။ အာရုပ္ပဈာန်တို့ကား အောက်အောက်ဈာန်၏ အာရုံကိုလွန်လျှင် အထက်ဈာန်ကို ရမြဲဖြစ်၍ အောက်အောက်အာရုံကို လွန်မြောက်နိုင်သော ဘာဝနာအစွမ်းကြောင့် အထက်ပရမတ် အာရုံကို အာရုံပြုကာ အပ္ပနာသို့ ရောက်နိုင်သည်။

**အပ္ပနာဘာဝနာသို့ရောက်သော ကမ္မဋ္ဌာန်း ၃၀ ကို ဈာန်ဖြင့် ဝေဖန်ပုံ**

- ■ အာရုပ္ပ ကမ္မဋ္ဌာန်း ၄ ပါးသည် ဆိုင်ရာ အရူပဈာန် အသီးသီးကို ရစေနိုင်၏။
- ■ ကျန် ကမ္မဋ္ဌာန်း ၂၆ ပါး သည် ရူပဈာန် တို့ကို အောက်ပါအတိုင်း ရကြကုန်၏။
- ▸ ကသိုဏ်း ၁၀ ပါးနှင့် အာနာပါန ကမ္မဋ္ဌာန်းတို့အားထုတ်လျှင် ရူပဈာန် ၅ ပါးလုံးရနိုင်၏။ ဝါ-ပဉ္စကဈာန် နှင့်ယှဉ်ကုန်၏။ (ဈာန် ၅ ပါးအပေါင်းကို ပဉ္စကဈာန် ဟုခေါ်သည်။)
- ▸ အသုဘ ၁၀ ပါး နှင့် ကာယဂတာသတိ သည် ပထမဈာန် သာရနိုင်၏။
- ▸ မေတ္တာ ၊ ကရုဏာ ၊ မုဒိတာ ၃ ပါးသည် စတုတ္ထဈာန်ထိ ရနိုင်၏။
- ▸ ဥပေက္ခာ ၁ ပါးသည် ပဉ္စမဈာန်သာ ရ၏။

| | | | ပ | ဒု | တ | စ | ပဉ္စ |
|---|---|---|---|---|---|---|---|
| ပဉ္စမဈာန်ထိရ | ၁၁ ပါး | ကသိုဏ်း ၁၀ ၊ အာနာပါနသတိ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| ပထမဈာန်သာရ | ၁၁ ပါး | အသုဘ ၁၀၊ ကာယဂတာသတိ | ၁၁ | | | | |
| စတုတ္ထဈာန်ထိရ | ၃ ပါး | မေတ္တာ . ကရုဏာ . မုဒိတာ | ၃ | ၃ | ၃ | ၃ | |
| ပဉ္စမဈာန်သာရ | ၁ ပါး | ဥပေက္ခာ | | | | | ၁ |
| ပေါင်းရူပဈာန်ရ | ၂၆ ပါး | | ၂၅ | ၁၄ | ၁၄ | ၁၄ | ၁၂ |

- ■ ပထမဈာန်သာရ ကမ္မဋ္ဌာန်းဆိုလျှင် (၁၁) ပါး၊ ပထမဈာန်ကို ရနိုင်သော ကမ္မဋ္ဌာန်းဆိုလျှင် (၂၅) ပါး၊ ဤကဲ့သို့ မှတ်ပါ။

▶▶ ကသိုဏ်းဆယ်ပါး၊ အာနာပွား၊ မှတ်သား ဈာန် ငါးဖြာ။
အသု ၊ ကာယာ၊ ဆယ့်တစ်ဖြာ၊ မှတ်ပါ ပထမဈာန်သာရ။
မေတ္တာ ၊ ကရုဏာ၊ မုဒိတာ၊ သုံးဖြာ စတုတ္ထဈာန်ထိ ရ။
ပဉ္စမဈာန်သာ၊ ဥပေက္ခာ၊ သေချာ မြဲမှတ်ပါ။

## ဂေါစရဘေဒ

ထင်မြင်သော အာရုံနိမိတ် ၃ ပါး နှင့် ဆိုင်ရာ ကမ္မဋ္ဌာန်းများကို ခွဲဝေပြသော အခန်းသည် ဂေါစရဘေဒ မည်၏။

### နိမိတ် (၃) ပါး

**၁။ ပရိကမ္မနိမိတ်** = ရှေးဦးစွာ ပွားများမှု ပရိကမ္မ ဘာဝနာ၏ ပထဝီကသိုဏ်းဝန်း စသော အာရုံများ။

**၂။ ဥဂ္ဂဟနိမိတ်** = ပရိကမ္မဘာဝနာ ရင့်သန်လာသောအခါ ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ စိတ်ထဲ၌ စွဲမြဲထင်ရှားနေသော ပထဝီကသိုဏ်းဝန်း စသော ကမ္မဋ္ဌာန်း အာရုံများ။

**၂။ ပဋိဘာဂနိမိတ်** = ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန်တူသော်လည်း (သန်လျက်အိမ် နှင့် သန်လျက်သည် ပုံသဏ္ဌာန် စသည်တို့၌ တူသော်လည်း များစွာ ကွာခြားသကဲ့သို့) ထို့ထက် အလွန့်အလွန် သန့်ရှင်းကြည်လင်သော၊ ဘာဝနာဖြင့်ပြီးသော ပထဝီကသိုဏ်းဝန်း စသော ပညတ်ကမ္မဋ္ဌာန်း အာရုံများ။ (ဥပစာရ ၊ အပ္ပနာဘာဝနာတို့၏ အာရုံလည်းဖြစ်၏။)

## နိမိတ် ၃ ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

■ ပရိကမ္မနိမိတ် နှင့် ဥဂ္ဂဟနိမိတ်ကို ကမ္မဋ္ဌာန်း (၄၀) လုံး၌ ပရိယာယ်အားဖြင့် ရထိုက်၏။ (ဤ၌ ကသိုဏ်း ၁၀၊ အသုဘ ၁၀၊ ကောဋ္ဌာသ၊ အာနာပါန။ ပေါင်း ၂၂ ပါး၌ နိမိတ် နှစ်ပါး လုံးကို မုချ ရထိုက်သော်လည်း ၊ ကျန် ဗုဒ္ဓါနုဿတိ စသည်တို့၌ကား ဘယ်အခိုက်မှာ ပရိကမ္မ နိမိတ် ၊ ဘယ်အခိုက်မှာ ဥဂ္ဂဟနိမိတ် ဟူ၍ အထင်အရှား ခွဲခြား၍မရ ။ အမှန်း အတားလောက်သာ ခွဲခြားနိုင်သဖြင့် ပရိယာယ်အားဖြင့်သာ ရထိုက်၏ ဟု ဆိုရသည်။)

- ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း ၁၀၊ အသုဘ ၁၀၊ ကောဋ္ဌာသ၊ အာနာပါန ။ ပေါင်း ကမ္မဋ္ဌာန်း (၂၂) ပါးတို့၌ ရအပ်၏။ ထိုကမ္မဋ္ဌာန်း ၂၂ ပါးတို့၌ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ နှင့် အပ္ပနာသမာဓိတို့ ဖြစ်ကုန်၏။

## ကမ္မဋ္ဌာန်း ၂၂ ပါး အတွက် ဘာဝနာ နှင့် နိမိတ် ကို တွဲစပ်ခြင်း

### ပရိကမ္မနိမိတ် နှင့် ပရိကမ္မဘာဝနာ

ကမ္မဋ္ဌာန်းကို စ၍ အားထုတ်သော ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်း စသည်တို့ကို မျက်စိဖြင့်ကြည့်၍ ပထဝီ, ပထဝီ ဟု အဖန်တလဲလဲ ပွားများရ၏။ ထိုသို့ပွားများသောအခါ မျက်စိဖြင့်ကြည့်၍ မြင်ရသော ပထဝီကသိုဏ်းဝန်းအာရုံစသည်တို့သည် ပရိကမ္မနိမိတ် မည်၏။ ထိုနိမိတ်ကို အာရုံပြု၍ အဖန်တလဲလဲ ပွားများသော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။ (ကာမာဝစရသမာဓိ ဘာဝနာ)

### ဥဂ္ဂဟနိမိတ် နှင့် ပရိကမ္မဘာဝနာ

ထိုပရိကမ္မနိမိတ် အာရုံသည်ပင် ကမ္မဋ္ဌာန်းပွားများသူ ယောဂီပုဂ္ဂိုလ်၏ မနောဒွါရ၌ ပကတိ မျက်စိဖြင့် မြင်ရသကဲ့သို့ စွဲမြဲထင်ရှားလာ၏။ ထိုသို့ စွဲမြဲထင်ရှားလာသော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။ ထိုနိမိတ်ကို အာရုံပြု၍ ဆက်လက်ပွားများနေသော ဘာဝနာသည် မူလ ပရိကမ္မ ဘာဝနာထက် ပို၍တည်ကြည်သော (သမာဓိအားကောင်းသော) ပရိကမ္မဘာဝနာ မည်၏။

### ပဋိဘာဂနိမိတ် နှင့် ဥပစာရဘာဝနာ

ဥဂ္ဂဟနိမိတ် ထင်ပြီးနောက် ထိုနိမိတ်ကိုပင် အာရုံပြု၍ ပရိကမ္မဘာဝနာ ဖြင့် အဖန်တလဲလဲ ပွားများသည်ရှိသော် ယောဂီပုဂ္ဂိုလ်၏ မနောဒွါရ၌ ဥဂ္ဂဟနိမိတ် နှင့် တူသော်လည်း ပို၍ သန့်ရှင်းစင်ကြယ်သော၊ ပရမတ္ထဓမ္မမှ လွတ်သော (ကသိုဏ်းဝန်း၌ဖြစ်သော)၊ ကသိုဏ်း အပြစ်မှလွတ်သော၊ ပညတ် ဟု ဆိုအပ်သော၊ ဘာဝနာကြောင့်ဖြစ်ပေါ်လာသော အာရုံ (ပဋိဘာဂနိမိတ် )သည် ကောင်းစွာဝင်၏။ ငြိမ်သက်စွာတည်နေ၏။ ထိုအခါ ပဋိဘာဂနိမိတ်သည် ကောင်းမွန်ပြည့်စုံစွာ ဖြစ်လေတော့၏။

ထိုပဋိဘာဂနိမိတ် ထင်သည်မှစ၍ နီဝရဏတည်းဟူသော ဘေးရန်ကို ပယ်ရှားတတ်သော ကာမာဝစရသမာဓိ ဟုဆိုအပ်သော ဥပစာရဘာဝနာလည်း ဖြစ်လေ၏။

ဥပစာရဘာဝနာဖြစ်လျှင် ကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတို့သည် ဝိက္ခမ္ဘန ပဟာန်အားဖြင့် ကင်းကွာပြီး ဝိတက်စသော ဈာန်အင်္ဂါ ၅ ပါးတို့သည် ဆိုင်ရာကိစ္စကို အထင်အရှား ရွက်ဆောင်ကြလေ၏။ ထို့ကြောင့် ဥပစာရဘာဝနာကို "ဥပစာရ ဈာန်" ဟုလည်း ခေါ်၏။

## ပဋိဘာဂနိမိတ် နှင့် အပ္ပနာဘာဝနာ (ရူပဈာန် ဖြစ်ပုံ)

ဥပစာရဘာဝနာဖြစ်ပြီးနောက် ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ဥပစာရသမာဓိဖြင့် ကောင်းစွာမှီဝဲအားထုတ်သော် ရူပါဝစရ ပထမဈာန်ဟု ဆိုအပ်သော အပ္ပနာဘာဝနာ ဖြစ်တော့၏။ (ဉာဏ်မထက်သောသူအား အပ္ပနာသို့ မရောက်သေးလျှင်လည်း ရအပ်ပြီးသော ပဋိဘာဂနိမိတ် ပျောက်ကွယ်မသွားအောင် အထူးစောင့်ရှောက်လျက် အဆက်မပြတ် အထပ်ထပ် အားထုတ်ရာ၏။)

## ဒုတိယဈာန် စသည် ဖြစ်ပုံ

ပထမဈာန်ကို ရပြီးနောက် ဒုတိယဈာန်စသည်ကို အလိုရှိသော ယောဂီသည် မိမိရအပ်ပြီးသောဈာန်ကိုပင် "ငါးတန်သော ဝသီဘော်" တို့ဖြင့် အတော်အစွမ်းသတ္တိရှိအောင် ပြုပြီး ဝိတက်စသော ရန့်ရင်းသော ဈာန်အင်္ဂါတို့ကို ပယ်ခြင်းငှာလည်းကောင်း၊ ဝိစာရ စသော သိမ်မွေ့သော ဈာန်အင်္ဂါ ဖြစ်ခြင်းငှာလည်းကောင်း၊ အဖန်တလဲလဲ ဆက်လက်အားထုတ်သော် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် တို့သည် အစဉ်အတိုင်း ထိုက်သည် အားလျော်စွာ ဖြစ်ကုန်၏။

## ဝသီဘော် (၅) ပါး

ဝသီဘော် = စွမ်းရည်သတ္တိရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အစွမ်းသတ္တိ။

၁။ အာဝဇ္ဇနဝသီဘော် = ဈာန်အင်္ဂါအသီးသီးကို လျင်မြန်စွာ ဆင်ခြင်ခြင်းငှာ စွမ်းနိုင်မှု။
(မနောဒွါရာဝဇ္ဇန်း၏ စွမ်းရည်)

၂။ သမာပဇ္ဇနဝသီဘော် = ဈာန်ဝင်စားလိုသော် လျင်မြန်စွာ ဝင်စားနိုင်စေခြင်းငှာ စွမ်းနိုင်မှု။

၃။ အဓိဋ္ဌာနဝသီဘော် = မိမိအလိုရှိသမျှ ကာလကြာအောင် ဈာန်အစဉ်ကို ထားခြင်းငှာ စွမ်းနိုင်မှု။

၄။ ဝုဋ္ဌာနဝသီဘော် = မိမိအလိုရှိသော အချိန်အတိအကျအတိုင်း ဈာန်မှ ထခြင်းငှာ စွမ်းနိုင်မှု။

၅။ ပစ္စဝေက္ခဏာဝသီဘော် = မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော၏ လျင်မြန်စွာ ဖြစ်စေခြင်းငှာ စွမ်းနိုင်မှု။ (ပစ္စဝေက္ခဏာဇော၏ စွမ်းရည်)

## ကမ္မဋ္ဌာန်း ၄၀ အတွက် ဘာဝနာ နှင့် နိမိတ် ကို တွဲစပ်ခြင်း

| နိမိတ် ၃ ပါး | ဘာဝနာ ၃ ပါး | ရအပ်သော ကမ္မဋ္ဌာန်း | |
|---|---|---|---|
| ပရိကမ္မ | ပရိကမ္မ | ကမ္မဋ္ဌာန်း ၄၀ လုံး ရအပ်၏။ | |
| ဥဂ္ဂဟ | ပရိကမ္မ | | |
| ဥဂ္ဂဟ ▶ | ဥပစာရ ▶ | ဗုဒ္ဓါ မှ မရဏ ၈၊ သညာ၊ ၀ ဝတ္ထာန် ▶ | ၁၀ |
| ဥဂ္ဂဟ ❀ | ဥပစာရ၊အပ္ပနာ ❀ | အပ္ပမညာ ၄၊ အာရုပ္ပ ၄ ❀ | ၈ |
| ပဋိဘာဂ | ဥပစာရ | ကသိုဏ်း ၁၀၊ အသုဘ ၁၀၊ ကာယဂတာသ၊ အာနာပါန | ၂၂ |
| ပဋိဘာဂ | အပ္ပနာ | | |

▶▶▶ အပ္ပနာသို့မရောက်သော ဗုဒ္ဓါနုဿတိ မှ မရဏာနုဿတိ ထိ ၈၊ သညာ၊ ၀ဝတ္ထာန်၊ ပေါင်း ၁၀ ပါးသော ကမ္မဋ္ဌာန်းတို့၌ ဘုရားဂုဏ်တော် အစရှိသည်တို့ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ပွားများရ၏။ (ပရိကမ္မ နိမိတ် နှင့် ပရိကမ္မ ဘာဝနာ)

▶▶ ထိုသို့ပွားများ၍ ထိုဂုဏ်တော်အာရုံတို့ကို ကောင်းစွာယူအပ်သည်ရှိသော် ပို၍တည်ကြည်ပြီး သမာဓိကောင်းသောဘာဝနာဖြစ်လာ၏။ (ဥဂ္ဂဟနိမိတ် နှင့် ပရိကမ္မဘာဝနာ)

▶ ထို့နောက် ဥပစာရဘာဝနာလည်း ဖြစ်လေတော့၏။ (ဥဂ္ဂဟနိမိတ် နှင့် ဥပစာရဘာဝနာ)

❀❀❀ အပ္ပနာသို့ ရောက်သော်လည်း ပဋိဘာဂနိမိတ်ကို မရကောင်းသော အပ္ပမညာ ၄ ပါး၊ အာရုပ္ပ ၄ ပါး၊ ပေါင်း ၈ ပါးသော ကမ္မဋ္ဌာန်းတို့၏ အပ္ပနာဘာဝနာသည် ဥဂ္ဂဟနိမိတ် ကိုသာ အာရုံပြုရ၏။

❀❀ ထိုကမ္မဋ္ဌာန်း ၈ ပါးမှ အပ္ပမညာတို့သည် သုခိတ . ဒုက္ခိတ သတ္တဝါပညတ်၌ ဖြစ်ကုန်၏။

## အရူပဈာန် ဖြစ်ပုံ

### ပထမ အရူပဈာန်

ရူပ ပဉ္စမဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် အရူပဈာန်ကို ရလိုသော် အာကာသ ကသိုဏ်းကြဉ်သော ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးသော ကသိုဏ်း (နဂိုမူလ မိမိ အာရုံယူထားအပ်သည့် ကသိုဏ်းတစ်ပါးပါး) ကို ဘာဝနာဖြင့် ပယ်ခွာရသည်။ တစ်နည်း ထိုအာရုံကို ဖျောက်ရသည် ၊ ထိုအာရုံမှ ခွာရသည်။ ဤသို့ ခွာဖန်များလတ်သော် မူလ ကသိုဏ်းဝန်းအစား ယင်းနှင့်ညီမျှသော အဆုံးမရှိသော ဟင်းလင်းပြင် ကောင်းကင်ပညတ် ပေါ်လာ၏။ ထိုကောင်းကင်ပညတ်ကို အာရုံပြု၍ "အနန္တော အာကာသော၊ အနန္တော အာကာသော " (ကောင်းကင်ပညတ်သည် ဥပါဒ် , ဌီ , ဘင် အားဖြင့် အဆုံးအပိုင်းအခြားမရှိ) ဟု ပွားများ ရသည်။ ပွားဖန်များလတ်သော် ပထမ အရူပဈာန် (အာကာသာနဉ္စာယတနဈာန်) သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်လေ၏။

### ဒုတိယ အရူပဈာန်

ထိုပထမ အရူပဈာန် (ပထမာရုပ္ပဝိညာဏ်)ကိုပင်လျှင် အဆုံးမရှိသည်၏ အစွမ်းဖြင့် "အနန္တံ ဝိညာဏံ၊ အနန္တံ ဝိညာဏံ " (အဆုံးမရှိသော ကောင်းကင်ကို အာရုံပြုသော ဝိညာဏ်) ဟု အဖန်တလဲလဲ ပွားများသော် ဒုတိယ အရူပဈာန် (ဝိညာဏဉ္စာယတနဈာန်) သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်လေ၏။

### တတိယ အရူပဈာန်

တတိယဈာန်သို့ တက်ရာ၌ ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြု၍ "နတ္ထိကိဉ္စိ၊ နတ္ထိကိဉ္စိ "ဟု ပွားဖန်များလတ်သော် တတိယအရူပဈာန် (အာကိဉ္စညာယတနဈာန်) သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်လေ၏။

### စတုတ္ထ အရူပဈာန်

စတုတ္ထဈာန်သို့ တက်ရာ၌ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ "သန္တမေတံ၊ ပဏီတ မေတံ " (ဤဝိညာဏ်သည် ငြိမ်သက်၏၊ မွန်မြတ်၏) ဟု ပွားဖန်များလတ်သော် စတုတ္ထ အရူပဈာန် (နေဝသညာနာသညာယတနဈာန်) သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်လေ၏။

# အဘိညာဉ်ခန်း

အလွန်အကျူး အထူးသိတတ်သော ရူပ ပဥ္စမဈာန်နှင့် ယှဉ်သောဉာဏ်ကို "အဘိညာ" ဟုခေါ်သည်။ ထိုဉာဏ်နှင့် ယှဉ်သော ပဥ္စမဈာန်စိတ်ကိုလည်း သဟစရဏ (တကွဖြစ်ဘက်) နည်းအရ "အဘိညာ" ဟုပင် ခေါ်နိုင်၏။

ပါရမီထူးရှိသူတို့ကား မဂ်ရရုံမျှ၊ ရူပ ပဥ္စမဈာန်ကို ရရုံမျှဖြင့် အဘိညာဉ်ကို ရနိုင်၏။ ပါရမီထူး မရှိသူတို့ကား ဈာန်ကိုးပါး (ရှစ်ပါး)လုံး၊ ကသိုဏ်း ၁၀ ပါးလုံး၌ ၁၄ ပါးသောနည်းတို့ဖြင့် အသားကျစွာ ပွားများအားထုတ် လေ့လာမှ ဈာနသိဒ္ဓိ တစ်မျိုးပေါက်ကာ အဘိညာဉ်ကို ရနိုင်ပေ၏။

## အဘိညာဉ် ဖြစ်ပုံ

▶▶ ပါဒကဈာန်၊ အဓိဋ္ဌာန် နှင့်၊ တစ်ဖန် ပါဒက၊ စတုတ္ထ၊ ကျတုံ အဘိညာဉ်။

၁။ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပ ပဥ္စမဈာန်ကို ဝင်စားရမည်။ (အဓိဋ္ဌာန်၏ အခြေခံ)

■ န ဒ မ ပ ဥ န ဂေါ ပဥ္စမဈာန်များစွာ ဘွင်

၂။ ထိုပဥ္စမဈာန်မှ ထပြီးနောက် လိုသောအရာအတွက် အဓိဋ္ဌာန်သောအားဖြင့် "သတံဟောမိ၊ သဿသံဟောမိ" စသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုရသည်။ (ငါသည် လူတစ်ရာကို ဖန်ဆင်းလို၏၊ လူတစ်ထောင်ကို ဖန်ဆင်းလို၏၊ စသည်ဖြင့် အဓိဋ္ဌာန်သော ကာမဇောဝါရ မနောဒွါရဝီထိ ဖြစ်၏။)

■ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

၃။ ထို့နောက် အဘိညာဉ်ပါဒက ရူပ ပဥ္စမဈာန်ကို ဝင်စားရပြန်၏။

■ န ဒ မ ပ ဥ န ဂေါ ပဥ္စမဈာန်များစွာ ဘွင်

■ အဘိညာဉ်၌ အလေ့အလာ မရသေးသူမှသာလျှင် ဤပါဒကဈာန်ကိုပြန်ဝင်စားရသည်။ အလေ့အလာရပြီးသူမှာ ဤပါဒကဈာန်ကို ဝင်စားရန် မလိုပေ။

၄။ ထို့နောက် အဘိညာဉ်ဝီထိဖြစ်ကာ အဘိညာဉ်ဇော တစ်ကြိမ်ကျသည်နှင့် တစ်ပြိုင်နက် အဓိဋ္ဌာန်ထားသော အရာလည်း ဖြစ်တော့၏။

■ န ဒ မ ပ ဥ န ဂေါ အဘိညာဉ်ဇော ၁ ကြိမ် ဘွင်

# အဘိညာဉ် (၇) ပါး

▸▸ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗ နှစ်ထွေ၊ စေတောပရိ၊ ပုဗ္ဗေနိဝါ၊ ယထာကမ္မံ၊ နာဂတံသ၊ ဤ သတ္တ၊ မှတ်ကြ အဘိညာ။

၁။ **ဣဒ္ဓိဝိဓ** = တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဉ်။

၂။ **ဒိဗ္ဗစက္ခု** = နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သေးငယ်သိမ်မွေ့သော အဆင်းများကို မြင်နိုင်သော အဘိညာဉ်။

၃။ **ဒိဗ္ဗသောတ** = နတ်တို့၏နားကဲ့သို့ ဝေးသောအသံ၊ သိမ်မွေ့သောအသံများကို ကြားနိုင်သော အဘိညာဉ်။

၄။ **ပရစိတ္တ ဝိဇာနန (စေတောပရိယ)** = သူတစ်ပါးတို့၏ စိတ်ဖြစ်ဟန်ကို သိနိုင်သော အဘိညာဉ်။

၅။ **ပုဗ္ဗေနိဝါသာနုဿတိ** = ရှေးကဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်တို့ကို ပြန်ပြောင်း အောက်မေ့ သိမြင်နိုင်သော အဘိညာဉ်။

၆။ **ယထာကမ္မူပဂ** = ကံအားလျော်စွာ ထိုထိုဘုံဘဝ၌ ဖြစ်ရသူများကို မြင်နိုင်စွမ်းသော အဘိညာဉ်။

၇။ **အနာဂတံသ** = နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော အကြောင်းအရာများကို သိမြင်နိုင်စွမ်းသော အဘိညာဉ်။

■ **အဘိညာဉ် ၅ ပါးဆိုလျှင်** = ယထာကမ္မူပဂ နှင့် အနာဂတံသ သည် ဒိဗ္ဗစက္ခု နှင့် မကင်းသဖြင့် ဒိဗ္ဗစက္ခု၌ သွင်းရသည်။

■ **အဘိညာဉ် ၆ ပါးဆိုလျှင်** = အထက်ပါ လောကီ အဘိညာဉ် ၅ ပါးတွင် လောကုတ္တရာ အဘိညာဉ်ဖြစ်သော အာသဝက္ခယအဘိညာဉ်ကိုထည့်ရသည်။

■ **အာသဝက္ခယအဘိညာဉ်** = အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်။

▸▸ စ သော ဣဒ် ပ၊ ပုဗ် ယ အ၊ သတ္တ အဘိညာ။
ငါးဖြာဖြစ်က၊ ယ နှင့် အ ကို၊ စ ၌သွင်းယူ။
ခြောက်မူ အာသဝက်၊ ထိုဝယ်စွက်၊ သုံးချက် နားလည်စေ။

## ကမ္မဋ္ဌာန်း ၄၀ ကို ဘုံအားဖြင့် အခွဲ

■ ကာမဘုံ (လူ့ဘုံ၌) ... ကမ္မဋ္ဌာန်း ၄၀ လုံးရ၏။

(နတ်ဘုံ၌) ... အသုဘ ၁၀၊ ကာယဂတာ ၁၊ အာဟာရ ၁။ ပေါင်း ၁၂ ပါးမှ ကြွင်းသော ကမ္မဋ္ဌာန်း ၂၈ ပါးရ၏။

■ ရူပဘုံ ... နတ်ပြည်၌ရ ၂၈ ပါးမှ အာနာပါန ၁ ကြဉ် ကမ္မဋ္ဌာန်း ၂၇ ပါးရ၏။
(အသညသတ်ကြဉ်)

■ အရူပဘုံ ... အာရုပ္ပ ၄ ပါးရ၏။

သမထ ကမ္မဋ္ဌာန်းပိုင်းပြီး၏

၀ ၀ ၀ ၀ ၀

## ဝိပဿနာ ကမ္မဋ္ဌာန်း

ဝိပဿနာကမ္မဋ္ဌာန်း၌ သိဖွယ်များ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (၁) | ဝိသုဒ္ဓိ | ၇ ပါး | (၃) | အနုပဿနာ | ၃ ပါး | (၅) | ဝိမောက္ခ | ၃ ပါး |
| (၂) | လက္ခဏာ | ၃ ပါး | (၄) | ဝိပဿနာဉာဏ် | ၁၀ ပါး | (၆) | ဝိမောက္ခမုခ | ၃ ပါး |

### (၁) ဝိသုဒ္ဓိ ၇ ပါး

၁။ သီလဝိသုဒ္ဓိ = သီလ စင်ကြယ်မှု။
၂။ စိတ္တဝိသုဒ္ဓိ = စိတ်ဓာတ် စင်ကြယ်မှု။
၃။ ဒိဋ္ဌိဝိသုဒ္ဓိ = အယူအစွဲ စင်ကြယ်မှု။
၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ = ယုံမှားမှု ၁၆ ပါးမှ လွန်မြောက်သည့် စင်ကြယ်မှု။
၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ = လမ်းမှန်လမ်းမှားကို သိမြင်နိုင်သည့် စင်ကြယ်မှု။
၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ = မဂ်သို့ ရောက်ကြောင်းကျင့်စဉ်ဟူသော ဉာဏ်အမြင် စင်ကြယ်မှု။
၇။ ဉာဏဒဿန ဝိသုဒ္ဓိ = မဂ်ဉာဏ်အမြင် ဟူသော စင်ကြယ်မှု။

## (၂) လက္ခဏာ ၃ ပါး

၁။ အနိစ္စလက္ခဏာ = သင်္ခါရတရားတို့၏ မမြဲခြင်း အမှတ်အသား။
၂။ ဒုက္ခလက္ခဏာ = ။ ဆင်းရဲခြင်း ။
၃။ အနတ္တလက္ခဏာ = ။ အစိုးမရခြင်း ။

## (၃) အနုပဿနာ ၃ ပါး

၁။ အနိစ္စာနုပဿနာ = သင်္ခါရတရားတို့ကို မမြဲဟု အဖန်ဖန် ရှုတတ်သောဉာဏ်။
၂။ ဒုက္ခာနုပဿနာ = ။ ဆင်းရဲဟု ။
၃။ အနတ္တာနုပဿနာ = ။ အစိုးမရဟု ။

## (၄) ဝိပဿနာဉာဏ် ၁၀ ပါး

အနုပဿနာဉာဏ်သည်ပင် သမ္မသန စသည်အားဖြင့် ဝိပဿနာဉာဏ် ၁၀ ပါး ဖြစ်၏။

၁။ သမ္မသနဉာဏ်
၂။ ဥဒယဗ္ဗယဉာဏ်
၃။ ဘင်္ဂဉာဏ်
၄။ ဘယဉာဏ်
၅။ အာဒီနဝဉာဏ်
၆။ နိဗ္ဗိဒါဉာဏ်
၇။ မုစ္စိတုကမျတာဉာဏ်
၈။ ပဋိသင်္ခါဉာဏ်
၉။ သင်္ခါရုပေက္ခာဉာဏ်
၁၀။ အနုလောမဉာဏ်

## (၅) ဝိမောက္ခ ၃ ပါး

ဝိမောက္ခ = ကိလေသာတို့မှ လွတ်မြောက်သော မဂ်ဖိုလ်တရားများ။
သုညတဝိမောက္ခ ၊ အနိမိတ္တ ဝိမောက္ခ ၊ အပ္ပဏိဟိတ ဝိမောက္ခ။

## (၆) ဝိမောက္ခမုခ ၃ ပါး

ဝိမောက္ခ ၃ ပါးသို့ ဝင်ရောက်ရာ တံခါးပေါက် (အဝင်ဝ) သဖွယ်ဖြစ်သော ဝိပဿနာတရားသည် ဝိမောက္ခမုခ မည်၏။ ယင်းတို့မှာ သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာ တို့ဖြစ်ကြ၏။

# ဝိသုဒ္ဓိ ၇ ပါး

## ၁။ သီလဝိသုဒ္ဓိ

ပါတိမောက္ခသံဝရသီလစသော **စတုပါရိသုဒ္ဓိသီလ** စင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိ မည်၏။

### စတုပါရိသုဒ္ဓိသီလ ၄ ပါး

**၁။ ပါတိမောက္ခသံဝရသီလ**

- စောင့်ထိန်းသူကို အပါယ်ဒုက္ခ စသည်တို့မှ လွတ်စေ၍ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ တားမြစ်လျက်၊ ကာယကံ ၊ ဝစီကံကို ကောင်းစွာထားတတ်သော သီလဖြစ်သည်။ ရဟန်းတော်များအတွက် ၂၂၇ သွယ်သော သိက္ခာပုဒ်တော် အပေါင်းတည်း။
- ဤသီလကား **သဒ္ဓါ** ပြဋ္ဌာန်း၏။ သဒ္ဓါတရားဖြင့်သာ ဤသီလကို လုံခြုံစေနိုင်၏။

**၂။ ဣန္ဒြိယသံဝရသီလ**

- စက္ခုစသော ဣန္ဒြေ ၆ ပါးတို့ကို ရူပါရုံ စသည်တို့၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းသော သီလဖြစ်သည်။
- ဤသီလကား **သတိ** ပြဋ္ဌာန်း၏။ သတိမပြတ်ထားမှသာ ဣန္ဒြေကို စောင့်ရှောက်နိုင်၏။

**၃။ အာဇီဝပါရိသုဒ္ဓိသီလ**

- အသက်မွေးဝမ်းကြောင်း စင်ကြယ်ခြင်းဟူသော သီလဖြစ်သည်။ ဘုရားရှင် စက်ဆုပ်တော်မူသော ကုလဒူသန၊ အနေသန စသော မိစ္ဆာဇီဝတို့ကို ရှောင်ကြဉ်၍ စင်ကြယ်စွာ ရအပ်သော ပစ္စည်းဖြင့်သာ ခံယူသုံးစွဲ အသက်မွေးသော သီလတည်း။

- ကုလဒူသန = ပန်းပေးမှု၊ သစ်သီးပေးမှု စသည်ဖြင့် ဒကာ၊ ဒကာမတို့၏ စစ်မှန်သော ပင်ကိုယ်သဒ္ဓါတရားကို ဖျက်ဆီးမှု။
- အနေသန = ဒကာ၊ ဒကာမ တို့ အထင်ကြီး၍ ကြည်ညိုလာအောင် ဟန်ဆောင်မှု၊ ဗေဒင်ဟောမှု၊ ဆေးကုမှု စသည်ဖြင့် ပစ္စည်းရအောင် ရှာဖွေမှု။

- ဤသီလကား **ဝီရိယ** ပြဋ္ဌာန်း၏။ ဝီရိယနည်းသူသည် အလွယ်တကူရနိုင်သော မိစ္ဆာဇီဝ အမှုတို့ကို ပြုတတ်၏။ ဝီရိယရှိသူမှသာ မိစ္ဆာဇီဝအမှုတို့ကို ရှောင်နိုင်၍ ဤသီလကို စင်ကြယ်စေနိုင်၏။

## ၄။ ပစ္စယသန္နိဿိတသီလ

- စင်ကြယ်စွာ ရအပ်သော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲသော သီလဖြစ်သည်။
- ဤသီလကား **ပညာ** ပြဋ္ဌာန်း၏။ ပညာရှိသူမှသာ ပစ္စည်းလေးပါးတို့ကို သုံးစွဲရာ၌ ဆင်ခြင်နိုင်၏။

**အာဇီဝဋ္ဌမကသီလ** ဟုဆိုအပ်သော ကာယဒုစရိုက် ၃ ပါး၊ ဝစီဒုစရိုက် ၄ ပါး၊ မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်ခြင်းအပြင် အခြားကျင့်ကြံသင့်သော ဝတ်ကြီး၊ ဝတ်ငယ် ၊ ခုတင် ၁၃ ပါး တို့ကို ဖြည့်ကျင့်လျှင်လည်း တစ်နည်းအားဖြင့် သီလဝိသုဒ္ဓိ ဖြစ်သည်မည်၏။

ဤသို့ သီလဝိသုဒ္ဓိ ဖြစ်မှသာ စိတ္တဝိသုဒ္ဓိ ဖြစ်နိုင်ပေသည်။

## ၂။ စိတ္တဝိသုဒ္ဓိ

ဥပစာရ သမာဓိ ၊ အပ္ပနာသမာဓိနှစ်မျိုးနှင့် ယှဉ်သောစိတ်သည် နီဝရဏ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သဖြင့် စိတ္တဝိသုဒ္ဓိ မည်၏။

စိတ္တဝိသုဒ္ဓိ ဖြစ်ရန် သမထကမ္မဋ္ဌာန်း ၄၀ အနက် မိမိစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းတစ်ပါးပါးကို အနည်းဆုံး ဥပစာရ သမာဓိ ၊ စွမ်းနိုင်လျှင် အပ္ပနာသမာဓိ ဟူသော လောကီဈာန်ရအောင် အားထုတ်ရ၏။

စိတ္တဝိသုဒ္ဓိ ဖြစ်မှ ဒိဋ္ဌိဝိသုဒ္ဓိ စသော အထက်ဝိသုဒ္ဓိတို့ ပြည့်စုံစွာ ဖြစ်နိုင်ပေသည်။

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

ရုပ်တရား၊ နာမ်တရားတို့ကို လက္ခဏာ ၊ ရသ ၊ ပစ္စုပဋ္ဌာန် ၊ ပဒဋ္ဌာန် ဤလေးချက်ဖြင့် သိမ်းဆည်းဆင်ခြင်သုံးသပ်လျှင် ငါ . ငါ ဟူသော အတ္တဒိဋ္ဌိဟု အယူမှားမှု ၊ အမြင်မှားမှုမှ ကင်းလွတ်သော စင်ကြယ်သော အသိဉာဏ် (အသိမှန်) ဖြစ်လာ၏။

ထို စင်ကြယ်သော ဉာဏ်သည်ပင် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ ထိုဉာဏ်သည်ပင် နာမ် ၊ ရုပ်တို့ကို အမှန်အတိုင်း ပိုင်းခြား၍လည်းကောင်း၊ ကွဲပြားစွာ သိ၍လည်းကောင်း၊ **နာမရူပ ပရိဂ္ဂဟဉာဏ်** (တစ်နည်း) **နာမရူပ ပရိစ္ဆေဒဉာဏ်** ဟူ၍ခေါ်ကြသည်။

▸▸ လက္ခဏာ နှင့် ၊ ရသ . နှစ်ခု ၊ ပစ္စုပဋ္ဌာန် ၊ ပဒဋ္ဌာန် ၊ သိမ်းရန် နာမ်နှင့် ရုပ်။
လေးချက်ပိုင်ပိုင် ၊ ပိုင်းခြားနိုင်က ၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ် , ရုပ်တို့ကို အမှန်အတိုင်း ပိုင်းခြား၍သိပြီးနောက် ထိုနာမ် , ရုပ်တရားတို့၏ အကြောင်း ပစ္စယကို သိမ်းဆည်းဆင်ခြင်သော် ဖြစ်ကြောင်းတရားအမှန်ကို သေချာစွာ သိသဖြင့် ယုံမှားခြင်းတို့ကို လွန်မြောက်သည့် စင်ကြယ်သော အသိဉာဏ် ဖြစ်လာ၏။ ထိုယုံမှားသံသယကို လွန်မြောက်သည့် စင်ကြယ်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

ထို ဉာဏ်သည်ပင် နာမ် , ရုပ်တရားတို့၏ ဖြစ်ကြောင်းကို သိသော ဉာဏ်ဖြစ်၍ **ပစ္စယပရိဂ္ဂဟဉာဏ်** လည်းမည်၏။

▸▸ နာမ ရူပ ၊ သင်္ခါရ၏၊ ပဋိစ္စဓာတ် ၊ စက်ရဟတ်ကို ၊ အတတ်ထင်ထင် ၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား ၊ ဆယ့်ခြောက်ပါးနှင့် ၊ ရှစ်ပါးဝိစိ ၊ ဒိဋ္ဌိဖြာဖြာ ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

### ကင်္ခါယုံမှား (၁၆) ပါး

**အတိတ်ကာလ၌ ယုံမှားခြင်း ၅ ပါး**

၁။ (ဖြစ်ဖူးသလား) - ငါသည် အတိတ်က ဖြစ်ခဲ့ဖူးသလား။
၂။ (မဖြစ်လားနှင့်) - သို့မဟုတ် မဖြစ်ဖူး ဘူးလား။
၃။ (ငါ့အားဘယ်သူ) - အတိတ်က ငါသည် အဘယ်သို့သောသူ ဖြစ်ခဲ့လေသနည်း။ (မင်းလား , ပုဏ္ဏားလား)
၄။ (ခြင်းရာယူ) - အတိတ်က အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့သနည်း။ (ပိန်သလား၊ ဝသလား)
၅။ (ဘယ်သူဖြစ်၍ ဖြစ်သနည်း) - အတိတ်က အဘယ်သို့သောသူ ဖြစ်ပြီးမှ အဘယ်သူ ဖြစ်ခဲ့လေသနည်း။ (မင်းဖြစ်ပြီး ပုဏ္ဏားပဲ ဖြစ်ခဲ့သလား)

**ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆ ပါး**

၁။ (ဟုတ်လေသလား) - ယခုငါသည် ဟုတ်မှ ဟုတ်ရဲ့လား။
၂။ (မဟုတ်လားနှင့်) - မဟုတ်ဘဲများ ဖြစ်နေမလား။
၃။ (ငါ့အားဘယ်သူ) - ငါသည် ဘယ်လိုလူ ဖြစ်ပါသနည်း။
၄။ (ခြင်းရာယူ) - ယခုဘဝ ငါဆိုသော အရာသည် အဘယ်အခြင်းအရာဖြင့် ဖြစ်နေသနည်း။

၅။ (ဤသည်ဘယ်ကလာ) - ယခုဘဝ ငါသည် ဘယ်ဘဝက လာခဲ့သနည်း။
၆။ (ထိုသည်ဘယ်ကိုသွား) - ယခုဘဝမှသေလျှင် ဘယ်ဘဝသို့ လားရောက်မှာနည်း။

**အနာဂတ်ကာလ၌ ယုံမှားခြင်း ၅ ပါး**

၁။ (ဖြစ်လတ္တံ့လား) - ငါသည် အနာဂတ်၌ ဖြစ်ဦးမှာလား။
၂။ (မဖြစ်လားနှင့်) - မဖြစ်တော့ဘဲ ရပ်စဲသွားမှာလား။
၃။ (ငါ့အားဘယ်သူ) - အနာဂတ်၌ အဘယ်သို့သောသူ ဖြစ်မှာနည်း။
၄။ (ခြင်းရာယူ) - အနာဂတ်၌ ငါသည် အဘယ်အခြင်းအရာဖြင့် ဖြစ်မှာနည်း။
၅။ (ဘယ်သူဖြစ်၍ဖြစ်သနည်း) - အနာဂတ်၌ အဘယ်သို့သောသူ ဖြစ်ပြီးမှ အဘယ်သူ ဖြစ်ဦးမှာနည်း။

## ဝိစိကိစ္ဆာ (၈)ပါး

၁။ ဘုရား၌ ယုံမှားခြင်း။
၂။ တရား၌ ။
၃။ သံဃာ ။
၄။ သိက္ခာ သုံးပါး၌ ယုံမှားခြင်း။ (သီလ၊ သမာဓိ၊ ပညာ)
၅။ အတိတ်သံသရာ၌ ယုံမှားခြင်း။
၆။ အနာဂတ်သံသရာ၌ ယုံမှားခြင်း။
၇။ အတိတ်၊ အနာဂတ် နှစ်ရပ်၌ ယုံမှားခြင်း။
၈။ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။

## ၅ ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

လမ်းမှန်ဟုတ်သည် မဟုတ်သည်ကို ထင်ရှားစွာသိမြင်တတ်သော စင်ကြယ်သော အသိဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

■ နာမ်,ရုပ်တရားတို့၏ ဖြစ်ကြောင်းကို သိမ်းဆည်းပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုအကြောင်းနှင့်တကွ ဖြစ်ကုန်သော၊ အတိတ်စသည် ပြားကုန်သော၊ ဘုံသုံးပါး၌ဖြစ်သော၊ သင်္ခါရဟု ဆိုအပ်သော နာမ်၊ ရုပ်တရားတို့ကို ခန္ဓာအစရှိသော နည်းအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင် ရှုပွားရ၏။

■ **သမ္မသနဉာဏ်** = ဤသို့ နာမ်,ရုပ်တရားတို့ကို ခန္ဓာအစရှိသော နည်းအားဖြင့် အနိစ္စ ၊ ဒုက္ခ ၊ အနတ္တ ဟု ဆင်ခြင်သုံးသပ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

▸▸ ခန္ဓာဒိနည်း၊ ဖွဲ့စည်းပြီးခါ၊ သုံးဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။

- နာမ် ,ရုပ်တရားတို့၏ ကုန်ဆုံးပျက်ဆီးခြင်းအနက်သဘောကြောင့် ... အနိစ္စ
- 〃 ကြောက်မက်ဖွယ်ဘေးဖြစ်သောကြောင့် ... ဒုက္ခ
- 〃 အနှစ်သာရ လုံးလုံးမရှိသောကြောင့် ... အနတ္တ

ဟူ၍ သုံးသပ်ရာ၌ ...

**ကလာပသမ္မသန** နည်းအရ - ခန္ဓာတစ်စုတစ်စုကို အပေါင်းပြု၍ သုံးသပ်ရာ၏။

**အဒ္ဓါနသမ္မသန** 〃 - အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၌ဖြစ်သော ခန္ဓာဟူ၍ ဘဝ၌ ခွဲခြား၍လည်း သုံးသပ်ရာ၏။

**သန္တတိသမ္မသန** 〃 - တစ်ဘဝတည်း၌ပင် ခန္ဓာအစဉ် အမျိုးမျိုး ခွဲခြား၍လည်း သုံးသပ်ရာ၏။

**ခဏသမ္မသန** 〃 - အစဉ်တစ်မျိုးတည်း၌ပင် ဥပါဒ် , ဌီ , ဘင် ဟူသော ခဏ အားဖြင့်လည်း ခွဲ၍ သုံးသပ်ရာ၏။

ထိုသို့ သုံးသပ်ပွားများဖန်များသဖြင့် သမ္မသနဉာဏ်ရင့်သန်ပြီးသော ယောဂီသည် ထိုနာမ်ရုပ်တို့ကိုပင် အကြောင်းတရားနှင့်စပ်၍ အထပ်ထပ်သုံးသပ်ရ၏။ ထိုတွင် ရုပ်တရား၏ အကြောင်းသည် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့ဖြစ်၏။ စေတသိက် (နာမ်)တရားတို့၏ အကြောင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ တို့တည်း။ စိတ်(နာမ်)တရားတို့၏ အကြောင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမရူပ တို့တည်း။ ဤသို့ အကြောင်းနှင့်စပ်၍ နာမ်ရုပ်တို့၏ အဖြစ် အပျက်ကို ရှုဖန်များသော် ဖြစ်ခြင်း(ဥပါဒ်ခဏ) နှင့် ပျက်ခြင်း(ဘင်ခဏ)ကိုသာ ထင်ရှားစွာ သိသော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ (ဥဒယ = ဖြစ်ခြင်း၊ ဝယ = ပျက်ခြင်း)

■ **ဥဒယဗ္ဗယဉာဏ်** = ထိုသင်္ခါရတရား နာမ်ရုပ်တို့၏ အဖြစ် နှင့် အပျက်ကို ထင်မြင်စွာ ရှုတတ်သော ဉာဏ်သည်ပင် ဥဒယဗ္ဗယဉာဏ် မည်၏။

ထိုသို့ နာမ် , ရုပ်တရားတို့၏ ခဏ နှင့် စပ်သဖြင့် ဥပါဒ်ခဏ၊ ဘင်ခဏ ကိုသာ အာရုံပြုပြီး အဖန်တလဲလဲရှုဖန်များ၍ ဉာဏ်ရင့်သန်လာသောအခါ ထိုဉာဏ်၏ ညစ်နွမ်းကြောင်း ဘေးအန္တရာယ် ၁၀ ပါး ဖြစ်လာတတ်၏။

▸▸ ဖြစ်ပွားပျက်မှု၊ အာရုံရှု၊ ဥဒယဗ္ဗယဉာဏ်။

ဥဒယဉာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ် အန္တရာယ်။

## ဝိပဿနုပက္ကိလေသ ၁၀ ပါး (ဥပက္ကိလေသ ၁၀ ပါး)

၁။ **ဩဘာသ** = အလွန်ကြည်လင်သော ဝိပဿနာစိတ်၏ အစွမ်းကြောင့် အရောင်အလင်း ထွက်ပေါ်လာတတ်၏။

၂။ **ပီတိ** = ဝိပဿနာနှင့်ယှဉ်သော အလွန်ကျေနပ်နှစ်သိမ့်ဖွယ်ရာ ပီတိ ဖြစ်လာတတ်၏

၃။ **ပဿဒ္ဓိ** = ကိုယ်စိတ်တို့၏ ငြိမ်းချမ်းမှု၊ ကာယပဿဒ္ဓိ နှင့် စိတ္တပဿဒ္ဓိ တို့ ဖြစ်လာတတ်၏။

၄။ **အဓိမောက္ခ** = ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါ ဖြစ်လာတတ်၏။ (ဤသဒ္ဓါကား ယုံကြည်မှု မတ္တမဟုတ်ဘဲ စူးစိုက်သက်ဝင်ဆုံးဖြတ်တတ်သော ကြောင့် အဓိမောက္ခ အမည်တပ်ရ၏။ အဓိမောက္ခစေတသိက်ကားမဟုတ်။)

၅။ **ပဂ္ဂဟ** = ဝိပဿနာစိတ်ကို နောက်မဆုတ်နိုင်အောင် အားပေးချီးမြှောက်တတ်သော ဝီရိယလည်း ဖြစ်လာတတ်၏။

၆။ **သုခ** = မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် တစ်ကိုယ်လုံးကို ထုံမွှမ်း၍ ချမ်းမြေစေ သော သုခဝေဒနာလည်း ဖြစ်လာတတ်၏။

၇။ **ဉာဏ(ပုဒ္ဓိ)** = သင်္ခါရတရားတို့၌ ရှုလိုက်တိုင်း၊ ရှုလိုက်တိုင်း အဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိမြင်နိုင်သော ထက်မြက်သော အသိဉာဏ် (ပညာ)လည်း ဖြစ်လာတတ်၏။

၈။ **ဥပဋ္ဌာန** = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိတရားလည်း ဖြစ်လာတတ်၏။

၉။ **ဥပေက္ခာ** = ဖြစ်မှု၊ ပျက်မှု ဥဒယဗ္ဗယသဘော အလွန်ထင်နေရကား အသင့်အားဖြင့် ရှုစားတတ်သော တတြမဇ္ဈတ္တုပေက္ခာ နှင့် အာဝဇ္ဇနုပေက္ခာ နှစ်ပါးလည်း ဖြစ်လာတတ်၏။ (ဝိပဿနာဉာဏ်နှင့် ယှဉ်သော တတြမဇ္ဈတ္တတာ စေတသိက်ကို တတြမဇ္ဈတ္တုပေက္ခာ (ဝါ) ဝိပဿနုပေက္ခာ ဟူ၍ လည်းကောင်း၊ ထို၏ရှေ့သွား မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတနာ ကို အာဝဇ္ဇနုပေက္ခာ ဟူ၍လည်းကောင်း ခေါ်၏။)

၁၀။ **နိကန္တိ** = ကိလေသာဟူ၍ပင် မသိနိုင်လောက်အောင် ဝိပဿနာ၌ တွယ်တာ နှစ်သက်သော လွန်စွာသိမ်မွေ့သော တဏှာလည်း ဖြစ်လာတတ်၏။

ဤ ၁၀ ပါး၌ ရှေ့မှ ၉ ပါးသည် အကုသိုလ်တရားမဟုတ်၍ မုချဥပက္ကိလေသ ဟု မဆိုရ။ ဖလူပစာအားဖြင့်သာ ဥပက္ကိလေသ ဟု ခေါ်ရသည်။ နိကန္တိကား မုချ ဥပက္ကိလေသ တည်း။ ဥပစာအားဖြင့်လည်း ဥပက္ကိလေသ အမည်ရ၏။

ပရိယတ္တိ၌ မကျွမ်းကျင်သော ယောဂီတို့သည် ဤဥပက္ကိလေသ ၁၀ ပါးကို မဂ်ဟု ထင်မှတ်မှားတတ်ကြ၏။ အသိဉာဏ်နှင့် ပြည့်စုံသော ယောဂီတို့ကား ဤ ၁၀ ပါးသည် မဂ် မဟုတ်ကုန်ကြ၊ (လမ်းမှန် မဟုတ်ကြ)။ ဤ ၁၀ ပါးမှလွတ်သော ဝိပဿနာဉာဏ်သည်သာ အရိယာမဂ်ကို ရကြောင်း လမ်းမှန်ဖြစ်သည်ဟု ဉာဏ်အမြင် စင်ကြယ်သွား၏။

ထိုသို့ လမ်းမှန်ဟုတ်သည် မဟုတ်သည်ကို ထင်ရှားစွာသိမြင်တတ်သော စင်ကြယ်သော အသိဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

▸▸ အရောင် ပီတိ ၊ ပဿဒ္ဓိနှစ်ဖြာ၊ သဒ္ဓါ ဝီရိယ ၊ သုခ ဗုဒ္ဓိ ၊ နိကန္တိ နှင့်၊
သတိ ဥပေက္ခာ ၊ ဤဆယ်ဖြာ ၊ မှတ်ပါ အန္တရာယ်။

▸▸ ထိုဆယ်ချက်တွင်၊ မဂ်အထင်ကို ၊ ပယ်ထွင်ရှင်းကာ ၊ အလင်းသာ၊
မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မဂ်သို့ရောက်ကြောင်း စင်ကြယ်သော ဉာဏ်အမြင်သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏။ ဥပက္ကိလေသမှ လွတ်ပြီးသော ယောဂီ၏ ဆက်လက်တိုးတက် အားထုတ်သော ဥဒယဗ္ဗယဉာဏ် နှင့် ထိုမှတစ်ဆင့် လက္ခဏာယာဉ်တင်၍ ဝိပဿနာဉာဏ် အဆက်ဆက်အားဖြင့် လွန်စွာကြိုးကုတ်အားထုတ်သွားသော ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် တိုင်အောင် ဖြစ်သော ဝိပဿနာဉာဏ် ကိုးပါးတို့သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

### ❁ ဘင်ဉာဏ်

ဥပက္ကိလေသမှလွတ်ပြီးသော ယောဂီ၏ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသော် ဖြစ်ခြင်း၊ ပျက်ခြင်းတို့သည် အလွန်လျင်မြန်စွာ ထင်ကြကုန်၍ သင်္ခါတရားတို့၏ အပျက်ကိုသာ ဦးတည် ရှုမိ၏။ ထိုသို့ ဖြစ်ခြင်း (ဥဒယ) ကို လွတ်၍ ပျက်ခြင်း ၊(ဝယ) မျှသာ ရှုတတ်သော ဉာဏ်သည် ဘင်ဉာဏ် မည်၏။

▸▸ အပျက်ကိုသာ ၊ ရှုတုံပါ ၊ သညာ ဘင်ဉာဏ်။

## ဘယဉာဏ်

ဘင်္ဂဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အပျက်ကိုသာ ရှုဖန်များလတ်သော် ခန္ဓာ ငါးပါး သင်္ခါရတရားတို့၌ ကြောက်ရွံ့ထိတ်လန့်ဖွယ်ဟု သံဝေဂဖြင့် ထင်မြင်လာသောဉာဏ်သည် ဘယဉာဏ် မည်၏။

▶▶ အပျက်မြင်က ၊ ဘယမစ္ဆု ၊ ပျက်မှုခပင်း ၊ ဘေးသေမင်းဟု၊
ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေ ဘယဉာဏ်။

## အာဒီနဝဉာဏ်

ဘယဉာဏ်ဖြင့် ကြောက်မက်ဖွယ်သဘောကို သိမြင်မှု အားကြီးလတ်သော် ထိုရုပ်နာမ် ခန္ဓာ တို့၌ အားကိုးဖွယ်ရာ ဘာမျှ မရှိသည့် အဖြစ်ကို သိမြင် လာ၏။ သားရဲရှိသော ရုံ၊ ကျားရှိသော တောင်စောင်း၊ မိကျောင်း ရှိသောရေ၌ အပြစ်မြင်သကဲ့သို့ ရုပ်နာမ်တို့အပေါ်၌ အပြစ်ဟု ရှုတတ်သော (ကိုးရာ မရှိသည်၏ အဖြစ်ကို ရှုတတ်သော) ဉာဏ်သည်အာဒီနဝဉာဏ် မည်၏။

▶▶ ကြောက်ဖွယ်ခပင်း ၊ မြင်တုံလျှင်းက ၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊
ကိုးရာမရှိ ၊ ခက်မှန်းသိ ၊ အာဒီနဝဉာဏ်။

## နိဗ္ဗိဒါဉာဏ်

ရုပ်နာမ်သင်္ခါရတရားတို့၏ အပြစ်ကိုသာ မြင်နေ , ထင်နေသူ ယောဂီ၌ ထိုတရားတို့ အပေါ် မပျော်ရွှင်နိုင်ဘဲ ငြီးငွေ့လာ၏။ ထိုသို့ ငြီးငွေ့သော ဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်၏။

▶▶ ကိုးရာမမြင်၊ ခက်ပုံထင်က ၊ မရွှင်မလန်း ၊ စိတ်ကုန်ခန်း၍၊
မချမ်းမမြေ့၊ ငြီးငွေ့သောထွေ ၊ စိတ်အနေ ၊ မှတ်လေ နိဗ္ဗိဒါ။

## မုစ္စိတုကမျတာဉာဏ်

သင်္ခါရတရားတို့၌ ငြီးငွေ့အားသန်လာသောအခါ ထိုတရားတို့မှ လျင်မြန်စွာ လွတ်မြောက်လိုသော ဉာဏ် ဖြစ်လာသည်။ မြွေမိသော ဖား၊ လှောင်ထားသော ငှက်၊ ကွင်းမိသောသမင် လွတ်လိုသကဲ့သို့ သင်္ခါရနယ်မှ လွတ်ကင်းလိုသော ဉာဏ်သည် မုစ္စိတုကမျတာ ဉာဏ်မည်၏။

▶▶ ငြီးငွေ့အားသန် ၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုစ္စိတုကမျတာဉာဏ်။

### ❀ ပဋိသင်္ခါဉာဏ်

သင်္ခါရတရားတို့မှ လွတ်လိုသော ဆန္ဒပြင်းပြလာသောအခါ လွတ်ခြင်း၏ အကြောင်းကို ပြည့်စုံစေခြင်းငှာ ထိုတရားတို့ အပေါ်၌ နိစ္စ၊ သုခ၊ အတ္တ အားဖြင့် တစ်ဖန်ပြန်၍ မစွဲနိုင်အောင် ဘာဝနာ လေးဆယ် စသောနည်းအားဖြင့် လက္ခဏာယာဉ်သုံးချက်တင်ကာ ပြန်၍သုံးသပ်သောဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

▸▸ လွတ်လိုလှ၍၊ လွတ်ရတဲ့ငှာ၊ ဘာဝနာ လေးဆယ်၊
အကျယ်ဖြန့်ချိ၊ အားတိုက်ဘိ၊ ပဋိသင်္ခါဉာဏ်။

### ❀ သင်္ခါရုပေက္ခာဉာဏ်

လက္ခဏာယာဉ်တင်၍ အားတိုက်ရှုဖန်များသောအခါ သင်္ခါရတရားတို့၌ သာယာ နှစ်သက်ခြင်းလည်းမရှိ၊ ကြောက်မက်ဖွယ်ဟူ၍လည်း ဂရုမစိုက်ဘဲ အလယ်အလတ်အားဖြင့် လစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုဆင်ခြင်သော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

▸▸ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊
မတွယ်သမှု၊ လစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။

## မဂ်ရခါနီး စိတ်အစဉ်ဖြစ်ပုံ

ဤကဲ့သို့ ဝိပဿနာအစဉ်အတိုင်း ကြိုးစားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဝိပဿနာဉာဏ် ရင့်သန်လာသောအခါ အပ္ပနာဟူသော မဂ်စိတ် သည်အောက်ပါ အစဉ်အတိုင်း ဖြစ်တော့၏။ (တစ်နည်း) မဂ္ဂဝီထိ သည် ဆိုက်ရောက်တော့၏။

မဂ်ရခါနီး၌ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်အစဉ်ပြတ်ပြီး မနောဒွါရာဝဇ္ဇန်း စိတ်ဖြစ်၏။ ထို မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ (မန္ဒ၊ တိက္ခ ပုဂ္ဂိုလ် အားလျော်စွာ) ၂ ကြိမ် ၃ ကြိမ် ကုန်သော ဝိပဿနာစိတ်သည် အနိစ္စ အစရှိသော လက္ခဏာ တစ်ပါးပါးကို အာရုံပြု၍ ပရိကံ၊ ဥပစာ၊ အနုလုံ ဟူသော အမည်အားဖြင့် ဖြစ်ကုန်၏။

ထို ပရိကံ၊ ဥပစာ၊ အနုလုံ တို့သည်ပင် အနုလောမဉာဏ် မည်၏။ "ဥပစာရ သမာဓိဇော" ဟုလည်းခေါ်၏။

### ❁ အနုလောမဉာဏ်

ရုပ်နာမ်တရားတို့၌ အနိစ္စ၊ဒုက္ခ၊အနတ္တ ဟုရှုနေသဖြင့် ရှေ့ဉာဏ်ကိုးပါးနှင့်လည်း မဆန့်ကျင်၊ မဂ်ခဏ၌ ဖြစ်ပေါ်လတ္တံ့သော ဗောဓိပက္ခိယတရားများနှင့်လည်း လျော်စွာ ဖြစ်ပေါ်သော ပရိကံ ၊ ဥပစာ ၊ အနုလုံ ဟုအမည်ရသော ဝိပဿနာဉာဏ်သည် အနုလောမဉာဏ် မည်၏။

▸▸ မဂ်ရောက်လိုသော်၊ အဆော်အနှုး ၊ မဂ်လေးဦးအား၊
အထူးလျော်မှု ၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။

## ဝိပဿနာဉာဏ် (၁၀)ပါး

သမ္မသနဉာဏ် မှ အနုလောမဉာဏ် ထိဖြစ်သော ဉာဏ် ၁၀ ပါးကို ဝိပဿနာဉာဏ် ၁၀ ပါးဟု ခေါ်၏။

## ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

အနုလောမဉာဏ် နှင့် အနုလောမဉာဏ်၏ အနီးအပါး၌ဖြစ်သော ဝိပဿနာ၏ အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ် တို့ကို အပါယ်စသည်မှလည်းကောင်း၊ သင်္ခါရနိမိတ်မှ လည်းကောင်း ထ . ၍ "ဝုဋ္ဌာန" မည်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာ ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟုခေါ်ကြ၏။

### ❁ ဂေါတြဘူဉာဏ် ဖြစ်ပုံ

ပရိကံ၊ ဥပစာ၊ အနုလုံ ဟူသော အနုလောမဉာဏ်၏ နောက်၌ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်တို့၏ အနွယ်ကို နိပ်စက်လွှမ်းမိုး၍လည်းကောင်း၊ အရိယာအနွယ်သို့ သက်ရောက်စေ၍လည်းကောင်း ဖြစ်၏။

### ❁ အနုလောမဉာဏ် နှင့် ဂေါတြဘူဉာဏ် အထူး

ဤဉာဏ်တို့သည် မဂ္ဂဝီထိ တစ်ခုအတွင်းရှိ မဂ်၏ရှေ့အဖို့၌ ဖြစ်သော ဥပစာရ သမာဓိဇောချင်း တူကြသော်လည်း အနုလောမဉာဏ်သည် မောဟအမှောင်ကို ပယ်နိုင်၏၊ နိဗ္ဗာန်ကိုကား မမြင်နိုင်။ ဂေါတြဘူဉာဏ်ကား နိဗ္ဗာန်ကို မြင်နိုင်၏။ မောဟကိုကား မပယ်နိုင်ပေ။ ဤသို့အားဖြင့် ထူးလေ၏။

❁ ဂေါတြဘုဉာဏ်သည် မဂ်ဉာဏ်၏ အာဝဇ္ဇန်းအရာ၌ တည်သဖြင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၌လည်း မဝင်၊ အထက်၌ ဖြစ်သော ဉာဏဒဿန ဝိသုဒ္ဓိ၌လည်း မဝင်ပေ။ ဝိပဿနာ၏ အလျဉ်၌ ကျသဖြင့် ဝိပဿနာဉာဏ်ကား ဖြစ်ပြီး သီးခြား ဂေါတြဘုဉာဏ်ဟု အမည်တပ်ရပေသည်။

## ၇ ။ ဉာဏဒဿနဝိသုဒ္ဓိ

သီလဝိသုဒ္ဓိမှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အထိ (၆)ပါးသော ဝိသုဒ္ဓိအစဉ်ဖြင့် ပွားရ၍ ရအပ်သော မဂ်ဉာဏ်လေးပါးသည် သစ္စာလေးပါးကို သိတတ်ပြီး စင်ကြယ်သော နိဗ္ဗာန်ကို မြင်နိုင်သောကြောင့် ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

## မဂ်စိတ်ဖြစ်ပုံ

ဂေါတြဘုစိတ်၏ အခြားမဲ့၌ မဂ်စိတ်သည် ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေလျက် ဖြစ်ပေါ်လာ၏။

ဆီမီးသည် မီးစာကို လောင်ခြင်း၊ အမှောင်ကို ပယ်ခြင်း၊ အလင်းကို ဖြစ်စေခြင်း၊ ဆီကို ကုန်စေခြင်း စသော လေးချက်ကို တစ်ပြိုင်နက် ပြီးစေသကဲ့သို့ မဂ်စိတ်သည်လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပေါ်လာစေခြင်း ဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေ၏။

▸▸ သိ ‚ ပယ် ‚ ဆိုက် ‚ ပွား ၊ လေးပါးအချက် ၊ တစ်ပြိုင်နက် ၊ မဂ်၏ ကိစ္စတည်း။

▸▸ မဂ်စိတ်တစ်ခု၌ ကိစ္စ (၄) ချက်ရှိရာ မဂ်လေးပါးအတွက် ကိစ္စ (၁၆) ချက်ရှိ၏။

## မဂ္ဂဝီထိ



## ဖိုလ်စိတ်ဖြစ်ပုံ

မဂ်စိတ်ဖြစ်သည်၏ အခြားမဲ့၌ မဂ်၏ အကျိုးဖြစ်သော ဖိုလ်စိတ်သည် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ဆက်၍ ဖြစ်၏။ မဂ်၏ အခြားမဲ့၌ ကျသော ဖိုလ်ဖြစ်၍ မဂ္ဂါနန္တရဖိုလ် ဟုခေါ်၏။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

မဂ္ဂဝီထိပြီးနောက် ဘဝင်ကျ၍ ဘဝင်ပြတ်သည့်အခါ (တစ်နည်း) ထိုဘဝင်ကိုဖြတ်၍ မိမိရသည့် မဂ် , ဖိုလ် စသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဖြစ်၏။ ယင်းဝီထိရှိ မဟာကုသိုလ် (သို့) မဟာကြိယာဇောနှင့်ယှဉ်သော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ဟုခေါ်သည်။

## ပစ္စဝေက္ခဏာဝီထိ (၅) မျိုး

| | | | | | |
|---|---|---|---|---|---|
| ၁။ | ရအပ်ပြီးသော | မဂ် | ကို ဆင်ခြင်သော | ဝီထိ။ | ကောန်ဆင်ခြင်၏။ |
| ၂။ | ။ | ဖိုလ် | ။ | ဝီထိ။ | |
| ၃။ | ။ | နိဗ္ဗာန် | ။ | ဝီထိ။ | |
| ၄။ | ပယ်ပြီးသော | ကိလေသာ | ။ | ဝီထိ။ | အနေကန်ဆင်ခြင်၏။ |
| ၅။ | ကြွင်းကျန်သော | ကိလေသာ | ။ | ဝီထိ။ | |

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည် ပစ္စဝေက္ခဏာ (၅) ဝီထိလုံး အသီးသီး ရနိုင်၏။ ရဟန္တာပုဂ္ဂိုလ်သည် ကြွင်းကျန်သောကိလေသာ မရှိသောကြောင့် ပစ္စဝေက္ခဏာ (၄) ဝီထိသာ ရနိုင်၏။ ထို့ကြောင့် ပစ္စဝေက္ခဏာ (၁၉) ဝီထိ ရှိ၏။

▸▸ မဂ် , ဖိုလ် , နိဗ္ဗာန်၊ ပယ် , ကြွင်းကျန်၊ နှစ်တန် ကိလေသာ။
အစဉ်သမူ၊ အမြင်ရှု၊ ငါးခု ဝေက္ခဏာ။

## ဝိသုဒ္ဓိ ၇ ပါး၏ မူလ , သရီရ , သီသ အခွဲ

၁။ သီလဝိသုဒ္ဓိ နှင့် စိတ္တဝိသုဒ္ဓိ သည် အရင်းမူလ ဖြစ်သော ဝိသုဒ္ဓိ နှစ်ပါး ဖြစ်သည်။

၂။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တို့သည် မဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိဖြစ်ရန် နီးစွာသော အကြောင်းရင်းဖြစ်၍ ကိုယ်သဖွယ် ဖြစ်သောကြောင့် သရီရ ဝိသုဒ္ဓိ (ကာယ ဝိသုဒ္ဓိ ) မည်၏။

၃။ ဉာဏဒဿနဝိသုဒ္ဓိ သည် ဦးခေါင်းပမာ ထိပ်ဆုံးဖြစ်သောကြောင့် သီသဝိသုဒ္ဓိ မည်၏။

| | | | | | |
|---|---|---|---|---|---|
| | | **ဝိသုဒ္ဓိ (၇)ပါး** | | | |
| | သီလ၏ စင်ကြယ်ခြင်း | | ၁ | သီလဝိသုဒ္ဓိ | မူလ |
| | ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ | | ၂ | စိတ္တဝိသုဒ္ဓိ | မူလ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု | ၁ | နာမရူပပရိစ္ဆေဒဉာဏ် | ၃ | ဒိဋ္ဌိဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု | ၂ | ပစ္စယပရိဂ္ဂဟဉာဏ် | ၄ | ကင်္ခါဝိတရဏဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၃ | သမ္မသနဉာဏ် | ၅ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၄ | ဥဒယဗ္ဗယဉာဏ် (နု / ရင့်) | ၅ / ၆ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ / ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၅ | ဘင်္ဂဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၆ | ဘယဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၇ | အာဒီနဝဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၈ | နိဗ္ဗိဒါဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၉ | မုစ္စိတုကမျတာဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး | ၁၀ | ပဋိသင်္ခါဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး / ဝုဋ္ဌာန | ၁၁ | သင်္ခါရုပေက္ခာဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| ရုပ်နာမ်သင်္ခါရ အာရုံပြု / ဝိပဿနာဉာဏ်(၁၀) ပါး / ဝုဋ္ဌာန | ၁၂ | အနုလောမဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | သရီရ |
| နိဗ္ဗာန် အာရုံပြု | ၁၃ | ဂေါတြဘူဉာဏ် | | ဝိသုဒ္ဓိ အစဉ်မှလွတ် | လွတ် |
| နိဗ္ဗာန် အာရုံပြု | ၁၄ | မဂ်ဉာဏ် | ၇ | ဉာဏဒဿနဝိသုဒ္ဓိ | သီသ |
| နိဗ္ဗာန် အာရုံပြု | ၁၅ | ဖိုလ်ဉာဏ် | | | |
| | ၁၆ | ပစ္စဝေက္ခဏာဉာဏ် | | | |
| | | **ဉာဏ်စဉ် (၁၆)ပါး** | | | |

# ဝိမောက္ခဒေသနာ

## ဝိမောက္ခ

ဆန့်ကျင်ဘက် ကိလေသာတို့မှ လွတ်သောကြောင့် မဂ်နှင့် ဖိုလ်သည် ဝိမောက္ခ မည်၏။

## ဝိမောက္ခမုခ

ဝိမောက္ခ မည်သော မဂ်,ဖိုလ် တို့၏ အကြောင်းတရားဖြစ်သော (ဝါ) ဝိမောက္ခ မည်သော မဂ်,ဖိုလ် သို့ ဝင်ရာ တံခါးပေါက်သဖွယ်ဖြစ်သော သုညတာနုပဿနာ စသော ဝိပဿနာတရား ၃ ပါးတို့သည် ဝိမောက္ခ မုခ မည်ကြ၏။

### ၁။ သုညတာနုပဿနာ

ခန္ဓာ၌ ကိုယ်မဟုတ်၊ အနှစ်သာရမရှိဟု အဖန်ဖန်ရှုတတ်သော **အနတ္တာနုပဿနာ** သည် ခန္ဓာ၌ ကိုယ်ဟူ၍စွဲလမ်းသော အတ္တတို့ကို ဆိတ်သုဉ်းစေသော (စွန့်စေသော)ကြောင့် သုညတာနုပဿနာ မည်သော ဝိမောက္ခ မုခဖြစ်၏။

### ၂။ အနိမိတ္တာနုပဿနာ

ခန္ဓာ၏ မမြဲခြင်းကို အဖန်ဖန်ရှုတတ်သော **အနိစ္စာနုပဿနာ** သည် ခန္ဓာ၌ သညာ၊ စိတ္တ၊ ဒိဋ္ဌိ အားဖြင့် စွဲယူသော ဝိပလ္လာသနိမိတ်ကို ပျောက်အောင် ဖျက်ဆီးစေသော (စွန့်စေသော)ကြောင့် အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခ မုခဖြစ်၏။

### ၃။ အပ္ပဏိဟိတာနုပဿနာ

ခန္ဓာ၏ ဆင်းရဲခြင်းကို အဖန်ဖန်ရှုတတ်သော **ဒုက္ခာနုပဿနာ** သည် ကာမ၊ ရူပ၊ အရူပ ဘဝတို့၌ တပ်နှစ်သက်သော ပဏိဟိတ ဟူသော တောင့်တခြင်းတဏှာကို ပျောက်အောင် ဖျက်ဆီးစေသော (စွန့်စေသော)ကြောင့် အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခ မုခဖြစ်၏။

▸▸ အနိစ္စဟု၊ ရှုလေသူ၊ မှတ်ယူ သဒ္ဓါမွန်။ (သဒ္ဓိန္ဒြေလွန်ကဲသူသည် အနိစ္စဟုအရှုများ၏)

▸▸ ဒုက္ခဟူဘိ၊ ရှုလေ့ရှိ၊ သမာဓိ ကဲ၍လွန်။ (သမာဓိန္ဒြေ ။ ဒုက္ခ ။ )

▸▸ အနတ္တသာ၊ ရှုသူမှာ၊ ပညာထက်မြက်ချွန်။ (ပညိန္ဒြေ ။ အနတ္တ ။ )

# မဂ် , ဖိုလ်တို့၏ ဝိမောက္ခ အမည်ရပုံများ

## ၁။ ဝိပဿနာ ဂမန ဝသေနနည်း

မဂ်သို့ရောက်ကြောင်းဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ...

၁။ **အနတ္တ** ဟု ရှုပါက ရအပ်သော မဂ်နှင့် မဂ္ဂါနန္တရဖိုလ်တို့သည် **သုညတဝိမောက္ခ** အမည်ရကြ၏။

၂။ **အနိစ္စ** 〃 〃 〃 **အနိမိတ္တဝိမောက္ခ** 〃

၃။ **ဒုက္ခ** 〃 〃 〃 **အပ္ပဏိဟိတဝိမောက္ခ** 〃

ဤနည်းအရ ဖလသမာပတ္တိ ဝီထိမှ ဖိုလ်တရားသည်လည်း သမာပတ် မဝင်စားမီက ရှုပွားရသော ဝိပဿနာအားလျော်စွာ ဝိမောက္ခ အမည်ရကြ၏။ မိမိရခဲ့သော မဂ်၏အစွမ်းဖြင့် အမည် မရအပ်ပေ။ (မဂ်ရခဲ့စဉ်က အနတ္တဟု ရှု၍ သုညတမဂ်ဖြစ်စေကာမူ ဖလသမာပတ် ဝင်စားခါနီး၌ အနိစ္စဟု ရှုပါက ယင်းဖိုလ်စိတ်များသည် အနိမိတ္တဝိမောက္ခ သာဖြစ်၏။)

## ၂။ အာရမ္မဏ ဝသေနနည်း

မဂ် ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် သုညတ မည်၏။ အနိမိတ္တ ၊ အပ္ပဏိဟိတ လည်း မည်၏။ ထို့ကြောင့် အာရုံ၏ အစွမ်းအားဖြင့် မဂ် ဖိုလ် တို့သည် သုညတ ၊ အနိမိတ္တ၊ အပ္ပဏိဟိတ ဝိမောက္ခ ဟူ၍ အမည် (၃) မျိုးလုံးကို တစ်ပြိုင်နက် ရကြသည်။

## ၃။ သရသ ဝသေနနည်း

မဂ် ဖိုလ် တို့သည် ပင်ကိုယ်အားဖြင့် ရာဂ အစရှိသည်တို့မှ ဆိတ်၏။ ရူပနိမိတ် အစရှိသော အာရုံမှ ကင်း၏။ ကိလေသာဟူသော တောင့်တခြင်းလည်း မရှိပေ။ ဤသို့လျှင် မိမိ၏ ပင်ကိုယ်သဘော (ဂုဏ်အစွမ်း) ဖြင့်လည်း သုညတ ၊ အနိမိတ္တ၊ အပ္ပဏိဟိတ ဝိမောက္ခ ဟူ၍ အမည် (၃) မျိုးလုံးကို ရကြ၏။

# ပုဂ္ဂလဘေဒ

## ၁။ သောတာပန်

(သောတ = အရိယာမဂ်တည်းဟူသော ရေအလျဉ်သို့ ၊ အာပန္န = ရောက်သူ)

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်ခြင်းကြောင့် အပါယ်လေးပါးသို့ ကျရောက်ခြင်းမှ ကင်းလွတ်၍ ကာမဘုံ၌ ၇ ကြိမ်သာ ပဋိသန္ဓေနေသောသူသည် သောတာပန်ပုဂ္ဂိုလ် မည်၏။

(ရူပဘုံ ၊ အရူပဘုံ တို့၌ကား ၇ ကြိမ်ထက် ပိုလွန်၍လည်း နေကောင်း၏။)

**သောတာပန် (၃) မျိုး**

(က) ဧကဗီဇီသောတာပန် = ကာမဘုံ၌ပဋိသန္ဓေ ၁ကြိမ်သာနေပြီး ရဟန္တာဖြစ်မည့်သူ။

(ခ) ကောလံကောလသောတာပန် = အမျိုးကောင်းတစ်မျိုး မှ တစ်မျိုးသို့ ကူးပြောင်း၍ ပဋိသန္ဓေနေသူ။ (ကာမဘုံ၌ ၂ ကြိမ် မှ ၆ ကြိမ် တိုင်အောင် ပဋိသန္ဓေ ရဟန္တာဖြစ်မည့်သူ။)

(ဂ) သတ္တက္ခတ္တုပရမသောတာပန် = ကာမဘုံ၌ ၇ ကြိမ် ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်မည့်သူ။

## ၂။ သကဒါဂါမ်

သကဒါဂါမိမဂ်ဖြင့် ရာဂ ၊ ဒေါသ ၊ မောဟ တို့ကို ခေါင်းပါးအောင် ပြုတတ်သောကြောင့် ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေသောသူသည် သကဒါဂါမ်ပုဂ္ဂိုလ် မည်၏။

## ၃။ အနာဂါမ်

အနာဂါမိမဂ်ဖြင့် ကာမရာဂ နှင့် ဗျာပါဒ တို့ကို အကြွင်းမဲ့ ပယ်ခြင်းကြောင့် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာသောသူသည် အနာဂါမ်ပုဂ္ဂိုလ် မည်၏။

(အနာဂါမ်ပုဂ္ဂိုလ် စုတေလျှင် အထက် ရူပ ၊ အရူပဘုံတို့၌သာ ဖြစ်ထိုက်၏။)

## ၄။ ရဟန္တာ (ကိလေသာအားလုံးမှ ကင်းဝေးသူ)

အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ခြင်းကြောင့် ကိလေသာ အာသဝတို့ လုံးဝ ကင်းရှင်းစင်ကြယ်သော ၊ လောက၌ မြတ်သော အလှူကို ခံထိုက်သောသူသည် ရဟန္တာပုဂ္ဂိုလ် မည်၏။

■ ရဟန္တာပုဂ္ဂိုလ် သည် ကိလေသာ အညစ်အကြေးမှ လုံးဝကင်းရှင်းပြီးဖြစ်၍ ရဟန္တာပုဂ္ဂိုလ်တို့အား လှူဒါန်းပူဇော်ခြင်း၏ အကျိုးသည် အထက်သန်ဆုံး၊ အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်ရာ အလှူခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် (အဂ္ဂဒက္ခိဏေယျ) ဖြစ်တော်မူသည်။

■ ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာဟူ၍ မြူမျှ မကျန်ဘဲ ကင်းသည်ဖြစ်၍ မည်သည့်ဘုံဘဝသို့မျှ ပဋိသန္ဓေအားဖြင့် မလားရောက်တော့ဘဲ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဖြင့် ဒုက္ခချုပ်ငြိမ်း၍ ပရိနိဗ္ဗာန် ပြုတော့၏။

## သမာပတ္တိဒေသ

၁။ ဖလသမာပတ္တိ ၂။ နိရောဓသမာပတ္တိ

### ၁။ ဖလသမာပတ္တိ

အရိယာပုဂ္ဂိုလ်တို့၌ မိမိ၏ဆိုင်ရာဖိုလ်စိတ်များကို အလိုရှိသလောက် အစဉ်မပြတ်ဖြစ်နေစေမှုကို ဖလသမာပတ် ဝင်စားသည်ဟု ခေါ်၏။

လောက၌ နတ်တို့သည် နတ်စည်းစိမ်ကို ခံစားသကဲ့သို့ ၊ မင်းတို့သည် မင်းစည်းစိမ်ကို ခံစားသကဲ့သို့၊ အရိယာ ဖလဋ္ဌာန် ပုဂ္ဂိုလ် တို့သည်လည်း မျက်မှောက်သော ကိုယ်၏ အဖြစ်၌ လောကုတ္တရာချမ်းသာကို ခံစားလိုသောကြောင့် အလိုရှိတိုင်းသော ခဏ၌ ကာလအပိုင်းအခြားကိုပြု၍ ဖလသမာပတ် ဝင်စားတော်မူကြ၏။

ဖလသမာပတ် သည် ဝိပဿနာ ပညာဘာဝနာ၏ အကျိုးထူးသာဖြစ်၍ လောကီဈာန်ရမှု နှင့် မဆိုင်ရကား လောကီဈာန် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အရိယာတို့သည် မိမိ၏ရအပ်ပြီးသော ဖိုလ်ကို ဝင်စားနိုင်ကြသည်။

ဖလသမာပတ် ဝင်စားပြီးနောက် ရည်ရွယ်ရင်း အချိန်စေ့၍ ဖိုလ်စိတ်အစဉ်ရပ်ကာ ဘဝင်စိတ်ဖြစ်ပေါ်လာခြင်းကို ဖလသမာပတ် မှ ထခြင်းဟု ခေါ်၏။

### ၂။ နိရောဓ သမာပတ္တိ

စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာရောက်နေခြင်းကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်၏။

## ဝင်စားနိုင်သော ပုဂ္ဂိုလ်များ

နိရောဓသမာပတ်ကို ကာမ၊ ရူပ ပဉ္စဝေါကာရဘုံများမှ လောကီစျာန်သမာပတ် ရှစ်ပါး၊ ကိုးပါး ရကြသည့် အနာဂါမ် နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြသည်။

နိရောဓသမာပတ်သည် အရိယာမဂ် ပညာ၏ အကျိုးအာနိသင်ဖြစ်၏။ သောတာပန် နှင့် သကဒါဂါမ်တို့ မဝင်စားနိုင်ရခြင်းမှာ နိရောဓ ဖြစ်လောက်အောင် ပြည့်စုံလုံလောက်သော သမာဓိအား မရှိသေး၍ဖြစ်သည်။

## ဝင်စားရခြင်း အကျိုး

နိရောဓသမာပတ်ကို ဝင်စားကြခြင်းသည် သင်္ခါရတရားတို့၌ သံဝေဂဉာဏ်ဖြင့် ငြီးငွေ့တော်မူကြ၍ သင်္ခါရတို့မှ ကင်းတန်သမျှ ကင်းလျက် မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေခြင်း အကျိုးငှာ ဖြစ်သည်။

## သမာပတ် ဝင်စားပုံ

နိရောဓသမာပတ် ဝင်စားလိုသော် ရူပါဝစရ ပထမစျာန်ကို ရှေးဦးစွာ ဝင်စားရ၏။ ထိုပထမစျာန်မှ ထပြီးသောအခါ စျာန်အတွင်း၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့် ဝိပဿနာရှုရ၏။ ဤနည်းအတိုင်း စျာန်ဝင်စားခြင်း၊ ဝိပဿနာရှုခြင်း ဟူသော သမထ၊ ဝိပဿနာ အစုံကို ဒုတိယစျာန်မှ အာကိဉ္စညာယတနစျာန်တိုင်အောင် ဖြစ်စေပြီး ထိုစျာန်မှ ထ သော် နေဝသညာနာသညာယတနစျာန် မဝင်စားသေးဘဲ ပုဗ္ဗကိစ္စ ၄ ပါးကို ပြုရ၏။

## ပုဗ္ဗကိစ္စ (၄) ပါး

### ၁။ နာနာဘဏ္ဍာအဝိကောပန

ကိုယ်နှင့်မစပ် သီးခြားထားသော ပရိက္ခရာ ၊ ကျောင်း စသည်တို့ကို မိမိ သမာပတ်ဝင်စားနေခိုက် ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ပြုခြင်း။

### ၂။ သံဃပဋိမာနန

သံဃာက အလိုရှိ၍ ခေါ်သော် တမန်ရဟန်း မရောက်မီ ကြိုတင်၍ သမာပတ်မှ ထ ရပါလို၏ဟု အဓိဋ္ဌာန်ပြုခြင်း။ (သံဃာ၌ ရှိသေသောအားဖြင့် ပြု၏။)

**၃။ သတ္တုပက္ကောသန**

မြတ်စွာဘုရားက အလိုရှိ၍ ခေါ်သော် တမန်ရဟန်း မရောက်မီ ကြိုတင်၍ သမာပတ်မှ ထရပါလို၏ဟု အဓိဋ္ဌာန်ပြုခြင်း။ (ဘုရားရှင်၌ ရှိသေသောအားဖြင့် ပြု၏။)

**၄။ အဒ္ဓါ ပရိစ္ဆေဒ**

ခုနစ်ရက်အတွင်း ကမ္မဇရုပ်ကို ဖြစ်စေတတ်သော အသက်၏ တည်ခြင်းကို ကြည့်ရှုခြင်း။ (ကာမဘုံသားတို့၌ ကဗဠီကာရ အာဟာရ ကိစ္စရှိခြင်းကြောင့် တစ်ကြိမ်လျှင် ခုနစ်ရက်အထိသာ ဝင်စားနိုင်၏။ ရူပပြဟ္မာတို့ကား အလိုရှိသမျှ ကာလကြာရှည်စွာ ဝင်စားနိုင်၏။)

ဤသို့ ပုဗ္ဗကိစ္စ (၄)ပါးကို ပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရ၏။

**နိရောဓသို့ ဆိုက်ရောက်ခြင်း**

ထို နေဝသညာနာသညာယတနစျာန် ဇော ၂ ကြိမ် စောပြီးသည်၏ အခြားမဲ့၌ စိတ်အစဉ်သည် ပြတ်ပြီး (စိတ်၊ စေတသိတ်၊ စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းတည်းဟူသော) နိရောဓသို့ ဆိုက်ရောက်သွား၏။

**နိရောဓ သမာပတ်မှ ထခြင်း**

အဓိဋ္ဌာန်ထားသော ကာလစေ့၍ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ဖြစ်ပေါ်လာခြင်းကို နိရောဓ သမာပတ်မှ ထသည်ဟု ခေါ်၏။ ထိုအခါ၌ အနာဂါမ်ဖြစ်က အနာဂါမိဖိုလ်ဇောတစ်ကြိမ်၊ ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇော တစ်ကြိမ် စောပြီးနောက် ဘဝင်ကျလေတော့၏။ ထို့နောက်မှ မိမိဖိုလ်ကို ပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဖြစ်၏။

**နိရောဓ သမာပတ္တိဝီထိ**

■ န ဒ မ ပ ဥ န ဂေါ နေဝစျာန်ဇော၂ကြိမ် **နိရောဓ** ဖိုလ် ဘွင်

**ဝိပဿနာ ကမ္မဋ္ဌာန်းပိုင်းပြီး၏**

## တိုက်တွန်းခြင်း ဥယျောဇဉ်

သာသနာတော်၏ ပဋိပတ်အကျင့်တရား အရသာများဖြစ်သော ဈာန်၊ မဂ်၊ ဖိုလ် တရားတို့ကား အထွတ်အထိပ်သို့ရောက်အောင် ချမ်းသာမှု အပေါင်းကို ပေးစွမ်းနိုင်၏။ ငြိမ်းအေးမှု အပေါင်းကို ပေးစွမ်းနိုင်၏။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လေးသင်္ချေ နှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ပါရမီများ ဖြည့်ကျင့်ဆည်းပူးပြီး သတ္တဝါ ဝေနေယျတို့အား မဟာကရုဏာဖြင့် ဤထူးမြတ်သော ပဋိပတ်အရသာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားတို့ကို ခံစားစေခြင်း အလို့ငှာ တရားဓမ္မတို့ကို ဟောကြားညွှန်ပြ ဆုံးမခဲ့ရာ ရဟန်းရှင်လူ ပုဂ္ဂိုလ်အပေါင်းတို့သည် ပြခဲ့ပြီးသော သမထ၊ ဝိပဿနာ ဘာဝနာနှစ်ရပ်တို့ကို ပဋိပတ်အကျင့်တရား၏ ထူးမြတ်သော အကျိုးအလို့ငှာ မိမိတို့ သန္တာန်၌ ထုံမွှမ်းလျက် ပွားများအားထုတ်သင့် ကြပေသည်။

**ကမ္မဋ္ဌာန်းပိုင်းပြီး၏**

## ကျမ်းကိုးစာရင်းများ

၁။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ အခြေပြုသဒ္ဒါဖြိုဟ်၊ သဒ္ဒါဖြိုဟ်ဘာသာဋီကာ၊ ဝိထိနှင့် သုံးချက်စု။

၂။ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်။

၃။ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်အဖြေစကားပြေကျမ်း။

၄။ မအူပင်၊ လက်ခုပ်ပင်၊ သထုံ သာသနာ့ရောင်ခြည်အဖွဲ့များ၏ နာယကဆရာကြီး ဦးထွန်းတင် နှင့် မစိုးရိမ်ဆရာကြီး ဦးထွန်းတင် တို့၏ သင်တန်းပို့ချချက်များနှင့် ဇယားများ။

၅။ အင်းစိန်ရွာမဆရာတော်ဘုရား အရှင်တိလောကာဘိဝံသ၏ သင်တန်းပို့ချချက်များနှင့် ဇယားများ။

၆။ ဋီကာကျော် မြန်မာပြန်။

၇။ ဗားကရာဆရာတော်ဘုရားကြီး၏ အဘိဓမ္မတ္ထသင်္ဂဟ ပါဠိ နိဿယ။

## ဝိုင်းဝန်းမြှုစုကြပါစို့

ရေမြင့်လျှင် ကြာတင့်သည်သို့
ပဋိပတ် မြတ်ရိက္ခာအစဉ်ဖြိုးစေဖို့
ပရိယတ် ရွှေစာကွင်းမှာ
သီလပျိုး ခင်းကြစို့လေး။ ။

ခန့် (စက်မှုတက္ကသိုလ်)